www.burmeseclassic.com



www.burmeseclassic.com

လမင်းမိုမို

ရုပ်သေးလေးရဲ့ရာဇဝင်

**ပထမအကြိမ်၊ ၂၀၁၅ ဧပြီလ**

ဖြန့်ချိရေး

**မိပုရားစာအုပ်တိုက်**

**ဖုန်း – ၀၉၅၀၀၁၉၈၃**

မျက်နှာဖုံး

**Lလင်း**

အုပ်ရေ

**၅၀၀**

တန်ဖိုး

**၁၀၀ ကျပ်**

**ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်၊ အမှတ်(၅/ခ)၊ ဧယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ အမှတ်(၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။**

လမင်းမိုမို ၈၉၅.၈၃

ရုပ်သေးလေးရဲ့ရာဇဝင် လမင်းမိုမို၊ ရန်ကုန်။

တကောင်းစာအုပ်တိုက်၊ ၂၀၁၅

၂၈၈–စာ၊ ၅ x ၇ လက်မ။

ရုပ်သေးလေးရဲ့ရာဇဝင်

www.burmeseclassic.com

# လမင်းမိုမို



ရုပ်သေးကလေးရဲ့
ရာဇဝင်

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ပွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



နာမည်ကြီး မူကြိုကျောင်းတစ်ကျောင်းရဲ့ ကျောင်းဆင်းချိန် မွန်းလွဲနှစ်နာရီခွဲ သုံးနာရီအချိန်လောက်မှာ ကျောင်းဝင်း ခြံဝင်းကျယ်ထဲ ကျောင်းကြိုမိဘတို့ရဲ့ကားများ ဝင်ကာထွက်ကာ။ မိဘတို့သည် ကျောင်းအဆောက်အအုံထဲမှ တစ်သုတ်ပြီးတစ်သုတ်ခွဲကာ လွှတ်ပေးနေသော ကလေးတွေထဲ ကိုယ့်ကလေး ပါလာပြီလား မျှော်ကာ မျှော်ကာ။

ကျောင်းအဆောက်အအုံထဲက ထွက်လာသော ဖြူဖြူစင်စင် ပြုံးပြုံးရွှင်ရွှင် မျက်နှာနှင့် ကလေးတို့အကြားတွင် မျက်နှာလေးမဲ့ကာ မဲ့ကာ တရှုံ့ရှုံ့ရှိုက်ကာ ထွက်လာသော ကော်ပတ်ရုပ်ကလေးလို လှပသည့် ကလေးမလေးတစ်ယောက်။ သူကလေးရဲ့လက်ကို တင်းတင်းဆုပ်ဆွဲကာ အတင်းကပ်လိုက်လာသူက ကောင်ကလေးတစ်ယောက်။ ကောင်မလေးက ကြောက်ကြောက်ရွံ့ရွံ့ဟန်မူရာလေးနှင့် သူ့လက်ကို မရဲတရဲ ရုန်းကာ ရုန်းကာ။

ကောင်ကလေးက ကောင်မလေးလက်ကို မလွှတ်ပါချေ။ ကောင်မလေးက တခြားတစ်ဖက် ရုန်းကွေ့မည်ပြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးက သူဦးတည်ရာဆီ ကောင်မလေး ပါလာအောင် သူ့ဘက် ပြန်ဆွဲလိုက်ပြန်သည်။ ကလေး ဆယ့်လေးငါးယောက် လျှင် တစ်ဦးကျ ကွပ်ကဲကာ ထိန်းကာ ပါလာသော ဆရာမ လေးသည်လည်း သူတို့နှစ်ယောက်အဖြစ်ကို အမှတ်တမဲ့ မျက်စိ ရှမ်းကာ နေပုံရသည်။

"ပါပါ ... ပါပါ"

ကောင်ကလေးက ရှေ့လှမ်းလှမ်းမှ မိဘတစ်စုထဲ ရပ်နေသော သူ့အဖေကို ခုန်တဆွဆွနှင့် လှမ်းအော်ခေါ်လိုက် ကာ ကောင်မလေးလက်ကိုဆွဲ၍ သူ့အဖေထံသို့ ပြေးလေသည်။

"ဟင့်အင်း ... ဟင့်အင်း ... အီး ဟီး"

ကောင်မလေးသည် ကောင့်လေးဆွဲပြေးရာနောက် တတောက်တောက်နှင့် ခလုတ်တိုက် ဟပ်ထိုးလဲမလို အားချင်း မမျှ ကောက်ကောက်ပါသွားရင်းက ရှိုက်ရုံမက အော်၍ငိုလေ သည်။ နောက်နားရောက်နေသည့် ကောင်မလေးရဲ့ မေမေသည် သူ့သမီးကို ကောင်ကလေးဆွဲ၍ ပြေးနေသည်ကို အံ့အားတသင့် နားမလည် ကြည့်နေမိရာက ရှေ့ကိုတိုးဇွေ့ ထွက်လာသည်။

"ပါပါရေ"

"သား ... ဟော့ကောင် ... ဖြည်းဖြည်း ... လဲကုန်မယ်"

"ပါပါရေ ... ဒီမှာ"

"ဘာလဲသား ... ဘာဖြစ်လို့လဲ၊ သား အတင်းမဆွဲနဲ့လေ၊ သူငယ်ချင်းက နာနေပြီထင်တယ် ငိုနေပြီ ဟကောင်ရ၊ မင်း ဘာပြောမလို့လဲ"





"သမီးလေး"

"မေမေ ... အီး ဟီး"

ကောင်မလေးရဲ့မေမေက ကလေးနှစ်ယောက်ထံ ခါးကိုင်းကာ သူ့သမီးလေးကို မျက်ရည်လေးသုတ်ကာ ပခုံးပုတ် နှစ်သိမ့်ကာနှင့် ကောင်ကလေးကိုလည်း အံ့အားတသင့် ကြည့် မိသည်။ သမီးလေးလက်ကို မလွှတ်တမ်း တအားဆွဲထားသည့် ကောင်ကလေးရဲ့ မျက်နှာမှာ ရန်လိုဟန် တစိကလေးမရှိ။ အသားဖြူဖြူ ပါးရဲရဲကလေးတွင် သွားကျိုးလေးပေါ်အောင် ရယ် မောမြူးရွှင်နေကာ ...

"ပါပါ ... သူ့ကို အိမ်ခေါ်သွားမယ်နော်"

"ဟေ"

"ဟင်"

"သားတို့ သူ့ကို အိမ်ခေါ်သွားရအောင်လေ ပါပါ"

"ဟင့်အင်း ... ဟင့်အင်း ... လိုက်ဘူး ... အီးဟီး ... မေမေ"

"ဟ ... ဘာဖြစ်လို့လဲ သားရ၊ လက်လွှတ်လိုက်ပါဦး၊ နာနေပါဦးမယ် သားရယ်၊ သူငယ်ချင်းက ငိုနေပြီလေ"

ကောင်မလေး မေမေသည် သူ့သမီးလေးကို ကျော ပွတ် ခေါင်းပွတ်ရင်း ...

"သမီးလေး မငိုနဲ့ ... မငိုနဲ့၊ သားက သမီးရဲ့သူငယ်ချင်း ထင်တယ်၊ ဘာဖြစ်လို့လဲ သား၊ သားကို သူ ဘာလုပ်လို့ လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးက မျက်လုံးဝိုင်းဝိုင်းတောက်တောက်ကလေးများ အရည်လည်ကာ သွားကျိုးလေးဖြီးကာ အားရပါးရပြုံးရယ်ရင်း ...

"သူ ဘာမှမလုပ်ပါဘူး၊ သားက သူ့ကို အိမ်ခေါ်သွားချင်လို့"

"ဟင် ... ဘာဖြစ်လို့ ခေါ်သွားချင်တာလဲ သားရဲ့"

"သူ့ကို ချစ်လို့၊ သူက အရုပ်ကလေးလိုပဲ၊ နော် ပါပါနော်၊ ခေါ်သွားမယ်နော်၊ ခေါ်သွားပါ"

ကောင်မလေး မေမေမှာ အံ့အားသင့်ရာက ရယ်ရမလို ပြုံးရမလို ဘာပြောရမှန်း မသိအောင် ဖြစ်ရလျက် ကောင်ကလေးဖေဖေကတော့ တစ်ဖက်က သားအမိကို အလွန်ပင် အားနာရကာ ...

"ဟေ့ကောင် ... မင်းကတော့ စံပဲကွာ"

"ပါပါ ... သူ့မျက်လုံးက အရုပ်မျက်လုံးလိုပဲနော်၊ သူက ချစ်စရာလေး ... ဟီး ဟီး"

"ဟင့်အင်း ... မလိုက်ဘူး ... အီး ... ဟီး ... မေမေ ... သမီးကို အတင်းခေါ်နေပြီ၊ မလိုက်ချင်ဘူး အီး ဟီး"

"အေးပါ သမီးရယ် ... မလိုက်ရပါဘူး၊ မငိုနဲ့ သမီး၊ သမီး သူငယ်ချင်းက သမီးကိုချစ်လို့ စ,တာပါ သမီးလေးရယ်၊ မငိုရဘူးလေ ... နော်၊ သားရယ် သူက ကြောက်တတ်လို့ပါ၊ သား တကယ်ခေါ်သွားမလား ထင်ပြီး ကြောက်နေတာ"





"သားက တကယ်ခေါ်သွားမှာ"

"အား ... အီး ဟီး ဟီး"

"ဩော် ... သမီးကလည်းကွယ် မငိုပါနဲ့၊ ဒါ ငိုစရာလား၊ ငါ့သမီးလေးက ကြောက်တတ်လိုက်တာ လွန်ရော"

"ဟေ့ကောင် ... လွှတ် လွှတ်၊ လက်ကိုလွှတ်ပေးလိုက်တော့၊ အိမ်ခေါ်သွားလို့ ဘယ်ရမလဲ သားရဲ့၊ သူ့မှာလည်း အိမ်ရှိတယ်လေ၊ ဒါက သူ့မေမေ၊ တော်ကြာ သားကို အန်တီက စိတ်ဆိုးလာပါဦးမယ်၊ လက်ကိုလွှတ်တော့ မင်းကလည်း"

"အို ... စိတ်မဆိုးပါဘူး၊ ကလေးဆိုတော့ စိတ်ထဲရှိတာ ပြောတာပေါ့ရှင်၊ သားရယ် ... သားက လက်ဆွဲထားလို့ သူက ကြောက်နေ ငိုနေတာ၊ လက်လေး ခဏလွှတ်လိုက်နော်၊ ဒါမှ သူက အငိုတိတ်မှာ"

ကောင်ကလေးက ကောင်မလေးရဲ့လက်ကို အင်တင်တင် နှမြောတသပုံနှင့် မလွှတ်ချင် လွှတ်ချင် လွှတ်ပေးလိုက်ရှာပါသည်။ လက်လွှတ်သွားသည်နှင့် သူ့အမေဘက်လှည့်ကာ မီရာကိုဖက် မျက်နှာအပ်လျက် ကောင်မလေးက ရှိုက်ကြီးတငင် ငိုလေလျှင် ကောင်ကလေးက ဝမ်းနည်းစိတ်မကောင်းသလို ငေးကြည့်နေရှာသည်။ သူ့မျက်စိထဲတွင် အရုပ်ကလေးနှယ် ချစ်စရာကောင်းလှသော ဤကောင်မလေးကို အိမ်အထိပါလာအောင် အတင်းဆွဲခေါ်လို့ ရရင်လည်း ခေါ်ခဲ့ချင်သည်။ ဝယ်လို့ရရင်

www.burmeseclassic.com



တောင် ပါပါ့ထံက ပိုက်ဆံတောင်းကာ အပိုင်ဝယ်လာခဲ့ချင်သည် သာပင်။

“အားနာလိုက်တာဗျာ၊ သားက တစ်ဦးတည်းသော သားဆိုတော့ အဖော်မင်တဲ့သဘော ရှိပါတယ်၊ သူ့မျက်စိထဲ သမီးလေးကို အရုပ်ကလေးလို ထင်နေတာ ခင်နေတာ ကြောင့် ဖြစ်မှာပါ”

“အို … နားလည်ပါတယ်ရှင်၊ သမီးလေးကလည်း တစ်ဦးတည်းသော သမီးပါ၊ ဒါပေမဲ့ သူက လူကြောက်တယ်၊ မူကြိုစတက်တဲ့ နေ့ကဆို ပြန်လိုက်မယ် ဆိုပြီး ငိုနေတာ မနည်းချော့မော့ထားခဲ့ရတာ၊ နောက်တော့လည်း ခင်သွားပါလိမ့်မယ်”

“သား … အိမ်ခေါ်သွားလို့တော့ မရဘူး သားရဲ့နော်၊ နောက်နေ့ ကျောင်းလာရင် တွေ့ရမှာပဲဟာ၊ ကျောင်းမှာပဲ တူတူကစားပေါ့ သားရဲ့၊ ကျောင်းဆင်းရင်တော့ ကိုယ့်အိမ်ကိုယ် ပြန်ရမှာပေါ့၊ နောက် သားက အဲလိုမျိုး လုပ်နေရင် သမီးလေးက မင်းကိုလန့်ပြီး မခင်ဘဲ နေလိမ့်မယ်၊ အဲလို နောက်ကို ဗွတ်တရွတ် မလုပ်ရဘူးနော်၊ မတော်တဆ ချော်လဲရင် နာကျင်သွားရင် ဘယ်လိုလုပ်မလဲ သားရဲ့”

“သူက ချစ်စရာကောင်းလို့ပါ ပါပါ”





ကောင်မလေး မေမေသည် မအောင့်နိုင်တော့ဘဲ သဘောတကျ ရယ်မောမိတော့ကာ …

“သားလေးကလည်း ချစ်စရာလေး၊ နောက်နေ့ကျ အတူတူ ကစားနော် သား၊ အခုတော့ အန်တီတို့ အိမ်ပြန်လိုက်ဦးမယ်”

“မနက်ဖြန်လည်း သူလာမှာလား”

“လာမှာပေါ့ သားရဲ့၊ ကျောင်းဖွင့်တဲ့ရက် နေ့တိုင်းလာမှာပေါ့၊ ကဲ … သွားတော့မယ်နော် သားလေး”

ကောင်ကလေးရဲ့ မျက်နှာလေးက ခုနလို မလန်းရွှင်တော့ဘဲ နှုတ်က တိုးတိုးနှင့် …

“နက်ဖြန်ကျရင် သူ့အတွက် ချောကလက် ယူလာမှာ”

✤ ✤ ✤

ကားနားရပ်ကာ ဟိုဟိုဒီဒီမျှော်ကာ ရှာဖွေနေသော ဒရိုင်ဘာဦးလေးကြီးသည် အဝေးကနေ ရွှင်မြူးစွာ ပြေးလာသော ကောင်လေးကိုမြင်မှ ကားတံခါးကို ကြိုဖွင့်ထားပေးလိုက်ရင်း …

“သား … နောက်ကျလိုက်တာ၊ မင်း ဘယ်ရောက်နေလဲ လို့ကွာ”

“အာ … ဦးလေးအောင်ကလည်း နောက်မကျပါဘူး ဟိုဘက်နား ခဏလေး သွားနေတာ … ဟဲ ဟဲ ဟဲ”



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအောင်က ကားကို စက်နှိုးမောင်းထွက်ရင်း...

"ဘယ်နားသွားနေတာလဲ၊ မင်း ကျောင်းထဲက ထွက်လာတာရော ဟုတ်ရဲ့လား သား၊ ကျောင်းကော တက်ရဲ့လား"

"အား ... ဦးလေးအောင်ကလည်းဗျာ၊ ခုမှ ကျောင်းစဖွင့်တာ သုံးရက်ပဲ ရှိသေးတာ၊ ကျောင်းမတက်ဘဲ ကျောင်းပြေးစရာလား၊ သားကကော ကျောင်းပြေးတတ်တဲ့သူလား"

"အေးလေ ... ဒါပေမဲ့ တခြား အဝေးကြီးက ပြေးလာတော့"

"ဟိုကောင်မလေးက ဟိုးဘက်မှာ ရပ်ထားတဲ့ သူ့ကားဆီသွားတာ၊ သားက သူ့နောက်ကလိုက်ပြီး သူ့ကို ဘယ်သူလာကြိုလဲ၊ ဘယ်ကားနဲ့ပြန်လဲ လိုက်ကြည့်တာပါ ဦးလေးအောင်ရ"

"ဟော့ကောင် သား၊ ဘယ်ကောင်မလေးလဲ၊ မင်းကလည်းကွာ၊ ဘယ်ကောင်မလေးကို လာကြိုတဲ့ ကားအထိ လိုက်ကြည့်နေတာလဲ၊ သားနော်၊ မင်း ခုမှ ကိုးတန်းပဲ ရှိသေးတာ"

"ကိုးတန်းဆိုတော့ သား ဆယ့်ငါးနှစ်ထဲ ဝင်နေပြီလေ ဦးလေးအောင်ရ၊ ဟား ဟား"

"ဘာတွေ ဒီလောက် မြူးရွှင်နေတာတုံး သားရာ၊ ဘယ်ကောင်မလေးများတွေ့ပြီး ဒီလောက် ပါးစပ်မစိနိုင်အောင် ဖြစ်နေလဲ မသိပါဘူး၊ မင်းတော့"





"အဟား ဟား ... ဦးလေးအောင် ဘာမှမသိပါဘူး၊ ပါပါ သိတယ်၊ ပါပါရော၊ ပါပါ ဒီနေ့ စောစောပြန်ရမှာလား၊ ခု တစ်ခါတည်း ပါပါ့ကို ဝင်ကြိုမလား"

"မင်းပါပါ ဒီနေ့ နောက်ကျမယ်၊ အစည်းအဝေးရှိတယ်၊ ခု တစ်ခါတည်း မကြိုရဘူး၊ ဖုန်းဆက်မှ သွားကြိုရမယ်"

"အာ ... ပါပါ့ကို ပြောစရာရှိပါတယ်ဆိုမှ"

ကောင်ကလေးက ကားထိုင်ခုံမှာ ကိုယ်ကိုလျှော၍ မီလိုက်ကာ နားမှာ သူ့ MP3 လေးကို နားကြပ်တပ်၍ သီချင်းနားထောင်ရင်း လန်းလန်းဆန်းဆန်း လိုက်ပါလာပါသည်။ ခြံဝင်းလေးထဲ ကားဝင်လာကာ ရပ်တန့်လိုက်ပြီးနောက် တစ်ထပ်တိုက်ပြားလေးထဲ အပြေးဝင်လာသော ကောင်ကလေးသည် ဧည့်ခန်းထမင်းစားခန်းနေရာတို့၌ အပုံတိုက် ရှုပ်ပွနေသော ပစ္စည်းပစ္စယနှင့် သားရေသေတ္တာ၊ ထင်းရှူးသေတ္တာတို့ကို မြင်လျှင် ...

"ဒေါ်ကြီး ... ဒါတွေက ဘာဖြစ်လို့ ရှုပ်ပွနေတာလဲ"

"ပစ္စည်းတွေ ထည့်သိမ်းနေတာလေ သားရေ၊ အချိန်က သိပ်မကျန်တော့ဘူး၊ တစ်နေ့ပြီးသလောက် သိမ်းထားမှ၊ သွား ... သားလေး သရက်သီးလေး ဖျော်ပေးထားတာ သောက်ပြီး ရေချိုး၊ ခဏနေ ဆရာကြီးလာတော့ ထမင်းစားရအောင်"

"နေပါဦး ဒေါ်ကြီးရ၊ အချိန်က ဘာကိုမကျန်တော့တာလဲ ဘာလုပ်မှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားပါပါ ပြောင်းရွှေ့ရလိမ့်မယ်"

"ဗျာ ... တကယ်လား"

ကောင်ကလေးမျက်နှာလေးက ညှိုးလျော်သွားပါသည်။

✣ ✣ ✣

"ပါပါ ... သား ရန်ကုန်မှာ ကျန်ခဲ့လို့ မရဘူးလားဟင်"

ပါပါက ထမင်းကို အားရပါးရ စားနေရာမှ တအံ့တသြနှင့် ...

"ဘယ်လိုလုပ် ရမလဲ သားရဲ့၊ ပါပါနေတဲ့ နေရာမှာ ငါ့သားနေမှ ရမှာပေါ့"

"ဒီလိုလေ ပါပါ၊ ပါပါပဲ ပြောင်းသွားပြီး သားက ဦးလေးအောင်တို့ ဒေါ်ကြီးတို့နဲ့ ဒီအိမ်မှာပဲ နေခဲ့လို့ ရတာပဲလေ၊ ဦးလေးအောင်က ကျောင်းကြို ကျောင်းပို့ ဒေါ်ကြီးက သားကို ချက်ကျွေးမှာပေါ့"

"ဘာဖြစ်လို့ အဲဒီလို လုပ်ရမှာလဲ သားရဲ့၊ ဒီကြားထဲ မင်းပါပါနဲ့တူတူ စစ်ကိုင်း၊ မုံရွာလည်း လိုက်နေခဲ့ဖူးပြီပဲ၊ ရောက်စခနပဲလေ၊ ပြီးတော့ သူငယ်ချင်းအသစ်ရပြီး သားပျော်သွားတာပဲလေ၊ နောက် နှစ်နှစ် သုံးနှစ်နေတော့ ရန်ကုန် ပြန်ရောက်လာရတာပဲ မဟုတ်လား သားရဲ့"





"အခုက မြစ်ကြီးနားကိုဆိုတော့ အဝေးကြီးပဲ ပါပါ"

"ဝေးတာနီးတာက ဘာထူးခြားလို့လဲ၊ ဘာနဲ့ ဝေးတာကိုပြောတာလဲ သားရဲ့၊ မင်းဒေါ်ကြီးရော ဦးလေးအောင်ရော လိုက်ရမှာပဲလေ"

ဦးလေးအောင်က ပါပါ့ ထမင်းပန်းကန်ထဲ ထမင်းထပ်ဖြည့်ထည့်ပေးနေရင်း ...

"ဆရာကြီးသားက ကျွန်တော်တို့ ရန်ကုန်ကျန်ခဲ့မယ်ထင်ပြီး ကျွန်တော်တို့နဲ့ ဝေးသွားမှာကို စိုးရိမ်နေတာတော့ မဟုတ်တာ သေချာတယ် ... ဟီး ဟီး"

"ပြောပါဦး သားရဲ့၊ သား ဘာကြောင့် မလိုက်ချင်တာလဲဆိုတာ"

"ပါပါ"

"အင်း"

ကောင်ကလေးက ဖြူဖြူဝင်းဝင်း နဖူးပြင်အနိမ့်က စိမ်းစိမ်းမည်းမည်း မျက်ခုံးတန်းညို့ညို့လေးကို လက်ညှိုးလေးနှင့် ကုတ်ရင်းက ...

"သားလေ ... ဟိုကောင်မလေးကို ပြန်တွေ့ပြီ ... ဟဲဟဲ"

"ဘယ်ကောင်မလေးလဲ"

"အာ ... ပါပါကလည်း၊ မူကြိုတုန်းက ကောင်မလေးပေါ့"

"ဟင် ... ဟုတ်လား၊ ကျောင်းမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပါပါ၊ သူ ဒီနှစ်မှ ဒီကျောင်းကို ပြောင်းလာတယ်၊ သားနဲ့ အတန်းခွဲချင်းတော့ မတူဘူး၊ သားက သူ့ကို မြင်မြင်ချင်း မှတ်မိပါတယ်၊ သူသေချာရဲ့လားလို့ သားကြည့်နေတာ နှစ်ရက်ရှိပြီ၊ သူက ရုပ်မပြောင်းဘူး ပါပါ၊ ခုထိ အရုပ်လေးလိုပဲ၊ ပါးလေးက ဖောင်းပြီး ပန်းရောင်လေး ဖြစ်နေတုန်းပဲ၊ အဟား ဟား"

ပါပါက သူ့သားကို သဘောတကျ ပြုံးကြည့်မိကာ ...

"ဩော် ... ဩော် ... သူကရော မင်းကို မှတ်မိလား"

"မှတ်မိတယ် ထင်တယ် ပါပါ၊ သားသူတို့အတန်းဝနားသွားတော့ သူလည်း သားကို ကြည့်နေတယ်"

"အမယ်လေး ... ဆရာကြီးသားကတော့ မလွယ်ဘူး"

"ဟာ ... ဒေါ်ကြီးကလည်း၊ ဒေါ်ကြီးတို့က သား မူကြိုတုန်းက ဒီအိမ်မှာ မရှိသေးလို့၊ အဲဒီကောင်မလေးကို ပါပါလည်း ချစ်တာ၊ ဒေါ်ကြီးတို့ မြင်လည်း အရမ်းချစ်မှာ"

"အင်းပါ ... အင်းပါ သားရယ်၊ အခုမှ မြင်ဖူးရင်လည်း သားရော ဆရာကြီးရော ချစ်တဲ့သူဆိုရင် ဒေါ်ကြီးတို့က လည်း ချစ်မှာပေါ့"

"ဟုတ်တယ်လေ၊ ဒေါ်ကြီးတို့ အဲဒီလို ချစ်လို့ရအောင်လေ၊ သား ရန်ကုန်မှာပဲ ဒေါ်ကြီးတို့နဲ့ နေခဲ့ရင် မဖြစ်ဘူးလား ပါပါ၊ ဟင် ... ဟင် ... ပါပါ"





ပါပါက ပြုံးကာ သားဖြစ်သူရဲ့ ဦးခေါင်းဆံပင်များပေါ် တစ်ချက် နှစ်ချက် ချစ်စနိုး ပုတ်လိုက်ရင်း ...

"သားကလည်းကွာ၊ အဲဒီကောင်မလေးကို တွေ့ချင် မြင်ချင် တစ်ကျောင်းတည်း တက်ချင်တာနဲ့ပဲ ပါပါနဲ့ခွဲပြီး သားက နေမလို့လားကွ"

ကောင်ကလေးက အားနာ အဖြေခက်သွားသလို မျက်နှာလေးနှင့် ...

"အဲဒီလိုတော့ မဟုတ်ပါဘူး ပါပါ၊ သူ့ကိုလည်း ခုမှပြန်တွေ့ရတော့ ..."

"သားက ပါပါနဲ့ ခွဲနေနိုင်တာလား"

ကောင်ကလေးက အဖြေပေးဖို့ခက်ကာ မျက်နှာလေး ငြိမ်သက်သွားပါသည်။

"ပါပါက သားနဲ့ ခွဲမနေနိုင်ဘူး သားရဲ့၊ ပါပါ့မှာ သားတစ်ယောက်ပဲ ရှိတာလေ၊ အပြင်မှာ အလုပ်တာဝန်တွေ ဘယ်လောက်များများ အိမ်ပြန်ရောက်ရင် သားကိုတွေ့လိုက်တော့မှ ပါပါ အမောပြေတာလေ သား၊ ပါပါတာဝန်ထမ်းဆောင်သမျှ တပ်တွေထဲ မင်းလိုက်နေခဲ့တာချည်းပဲလေ သားရာ၊ သား အတူတူမရှိဘဲ ဟိုးအဝေးကြီးမှာ ပါပါ တစ်ယောက်တည်း ဘယ်လိုနေမလဲ သားရဲ့၊ ပါပါ မနေနိုင်ဘူး"

ကောင်ကလေးက ပါပါ့မျက်နှာကို ကရုဏာသက်သလို အပြစ်မကင်းသလို တစ်ချက်ကြည့်ကာ တွေဝေနွတ်ခွေး



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။ ပါပါက မျက်နှာမကောင်းရှာပါ။ ဦးလေးအောင်က သူ့ဆရာကြီး မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ ...

"သားကလည်း ... နောက်နှစ်နှစ်,သုံးနှစ် စသဖြင့်ရှိရင် ဆရာကြီးလည်း ပြန်ရွှေ့လာရဦးမှာပါပဲ၊ သားတက္ကသိုလ်တက်ချိန်လောက် ဖြစ်မှာပေါ့၊ အဲဒီကျရင် အဲဒီကောင်မလေးနဲ့ ပြန်ဆုံနိုင်သေးတာပဲလေ၊ ပျောက်သွားနိုင်တာမျိုးမှ မဟုတ်တာ၊ သား နာမည်သိမယ်၊ မိဘတွေကိုသိမယ်၊ လိပ်စာတွေ ဘာတွေလည်း သိထားမယ်ဆိုရင် ပြန်မဆုံစရာ မတွေ့စရာ အကြောင်းမှ မရှိတာ၊ သားမရှိပဲတော့ ဆရာကြီးတစ်ယောက်တည်း ဘယ်လိုနေမလဲ"

ဦးလေးအောင်ရဲ့ တွန်းတွန်းတိုက်တိုက် စကားကလည်း ကောင်ကလေးကို ပိုမိုတွေဝေစေပါသည်။ ဟုတ်ပါသည်။ ပါပါ့မှာ သူတစ်ယောက်ပဲရှိသလို သူ့မှာလည်း ပါပါတစ်ယောက်တည်း ရှိတာလေ။ ရှိရင် မာမီ ခေါ်ရမလား မေမေ ခေါ်ရမလားပင် မသိလိုက်ရသော သူ့မိခင်ဟာ သူ့ကို မွေးဖွားချိန်မှာပင် ကွယ်လွန်ခဲ့ရသည် မဟုတ်လား။

အမေရယ်လို့လည်းမရှိ ရပ်ဆင်းသွင်ပြင်ရယ်လို့လည်း ဓာတ်ပုံကလွဲရင် မမြင်ဘူးလိုက်ရကာ သံယောဇဉ်ဆိုတာဟာ သူတို့သားအဖနှစ်ဦးထဲ၌သာ ဒီဘက်မှဟိုဘက် ဟိုဘက်မှဒီဘက် ကူးလူးယှက်နွယ်ရစ်ပတ်ကာ အပြန်အလှန် ချည်နှောင်ရတာ။





ရုတ်တရက်သော မြူးထူးရင်ခုန်မှုနှင့် မူကြိုတုန်းက ကောင်မလေးကို ပြန်အတွေ့မှာ သူမနှင့် ခင်မင်ရင်းနှီး တွေ့ဆုံဆက်ဆံချင်သော ဆန္ဒက တစ်ဟုန်ထိုး ပြင်းပြခဲ့ပေမယ့် သေသေချာချာ တွေးတော့လည်း အဲဒီကောင်မလေးကြောင့် ပါပါ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာကိုတောင် ပါပါနှင့်အတူမလိုက်ဘဲ ခွဲခွာကျန်ရစ်မည်ဆိုတာက သင့်မြတ်လျော်ကန်သော အတွေးမဖြစ်နိုင်ပြန်ပါ။

မူကြိုကျောင်းမှာ နှစ်နှစ်တက်ခဲ့တဲ့ ကာလလုံးလုံး သူ ချစ်ခင်ခဲ့ရသော ကောင်မလေးဟာ တကယ်တမ်း ကျောင်းတက်ကြတော့ ဘယ်ကျောင်းကို ရောက်သွားတယ်မသိ ကွဲကွာခဲ့ကြရတာ ဖြစ်လေရာ ဥမမယ်စာမမြောက် ဟိုမရောက် ဒီမရောက် ခင်မင်မှုကလေးဟာ ပြောပလောက်တယ်တော့ မဆိုသာ။ မူကြိုမှာတုန်းကတော့ ပထမတစ်နှစ်လုံး သူ့ကို အလကားနေရင်း ကြောက်လန့်နေခဲ့သော ကောင်မလေးဟာ သူနှင့်လည်း မဆော့ကစား။ သူ့ကို မရဲတရဲ ခိုးကြည့်နေတာလောက်မျှသာပင်။

မူကြိုနောက်တစ်နှစ်မှာတော့ ကောင်မလေးက သူ့ကို အရှိန်အကြောက်လျော့လာကာ နည်းနည်းပါးပါး ပြန်လည်ခင်မင်ပုံရသည်။ ကောင်ကလေးမှာတော့ အိမ်ကပါလာတဲ့ မုန့်မုန့်သမျှကို မစားရက် မသောက်ရက်နှင့် ကောင်မလေးကိုသာ မျက်နှာလုပ်ပြီး ကျွေးပစ်တတ်သည်သာ။ နောက်တစ်နှစ်မှာတော့ ကောင်မလေးကလည်း သူ့ရဲ့မုန့်တချို့တလေကို ကောင်ကလေးကို ခွဲကျွေးဖော် ရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုနှင့် ချစ်ခင်ရင်းနှီးမယ် မကြဲသေးခင် မူကြို ကာလနှစ်နှစ်တာက ကုန်ဆုံးသွားခဲ့ကာ သူငယ်တန်းတက်ဖို့ ကျောင်းအပ်ကြတော့ ကောင်မလေးဟာ ဘယ်ကျောင်းကိုရောက်သွားတယ် မသိ၊ သူနှင့် ထပ်မံမတွေ့တော့တာ ကိုးနှစ်လုံးလုံးပင်။ ထိုကိုးနှစ်စလုံးတွင် ကောင်မလေးကို အမြဲသတိရနေတယ်တော့ မဟုတ်ပေမယ့် သူမနှင့် ခပ်ဆင်ဆင် မိန်းကလေးတွေတွေ့လျှင် ကောင်ကလေး မြူးထူးလှုပ်ရှား ပျာယာခတ်ကာ ကောင်မလေးများလားဟု စူးစမ်းချဉ်းကပ်ရတာ အမောပင်။ မဟုတ်မှန်းသိတော့လည်း သူ ရင်မောသလိုလေး ဟာတာတာ ဖြစ်သွားမြဲပင်။

ဒီနှစ်တော့ ကျောင်းကို ပြောင်းလာတဲ့ ကျောင်းသူသစ်ကလေးတစ်ယောက် အင်မတန် ဆွဲလှတယ်ဟု သူတို့ကောင်ကလေးတွေအကြား သတင်းစကား ပျံ့နှံ့ပြီးသော် သူလည်းအများနည်းတူ ကျောင်းသူသစ်ရဲ့အတန်းနား တစေ့တစောင်း သွားချောင်းရိုခဲ့တာ။ ကောင်မလေးကိုမြင်လျှင် ပထမနေ့ကတည်းက သူအံလွန်ပျော်မြူး ရွှင်လန်းသွားမိကာ ရင်တွေတောင် ခုန်လာပါသည်။

"ဟေ့ကောင်တွေ၊ အဲဒါ မူကြိုတုန်းက ငါ့ငယ်ကျွမ်းဆွေပဲ၊ မင်းတို့ တစ်ယောက်မှ မရိုးသားမယ် မကြံနဲ့၊ အားလုံး လက်ရှောင်ထား"





သူ့သူငယ်ချင်းတွေကို ကောင်ကလေးက ရယ်ဟဟ ကြေညာခဲ့သည်။ သူငယ်ချင်းတွေကတော့ သူ့ကို ဟားတိုက်ကြပေသည်။ လှောင်ပြောင်ကြပေသည်။ သူကလည်း ရောနှောရယ်မောကာ နှစ်ရက်လုံးလုံး စာကောင်းကောင်း မသင်သေးသော ကျောင်းဖွင့်ရက်မို့ ကောင်မလေး အတန်းနားသာ တရစ်သီသီ ရှိနေခဲ့တော့သည်။

"သားရယ် ... မကျန်ခဲ့ပါနဲ့၊ ပါပါနဲ့တူတူ လိုက်ခဲ့ပါကွာ၊ နောင် ရန်ကုန်ပြန်ရောက်တဲ့အခါကျရင် သားရဲ့ကောင်မလေးကို ပါပါ ကိုယ်တိုင်ပါ ဝိုင်းရှာပေးပါ့မယ်၊ ဒီကောင်မလေးနဲ့ ပြန်ဆုံခွင့်ရအောင် ပါပါလည်း ကူညီပေးပါ့မယ် ငါ့သားရာ"

ကောင်ကလေးသည် မချင့်မရဲ မချိပြုံးကလေးနှင့်သာ သက်ပြင်းကလေးကျိတ်၍ ရှိုက်ခဲ့ရပါသည်။

✤ ✤ ✤

"ရွတ် ... ရွတ်"

မုန့်ဈေးတန်းထဲက ကြာဆံချက်ဆိုင်ရှေ့ ရပ်စောင့်နေသော ကောင်မလေးသည် နောက်နားက မပြီးနိုင်အောင် "ရွတ်"နေသော ကောင်ကလေးကို မသိမသာလေးလှည့်၍ မျက်စောင်းလေး မပီမပြင် ခဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးသည် သူ့ကို နောက်ပြောင်ကာ နောက်ကနေ အတင်းဝိုင်းတွန်းနေကြသော သူငယ်ချင်းတစ်အုပ်ကြောင့် ရှေ့ကို အရှိန်လွန်တိုက်မိမလိုဖြစ်လိုက် မနည်းဘရိတ်အုပ်လိုက်၊ နောက်ပြန်ဆုတ်လိုက်။ ရယ်မောသံ နောက်ပြောင်သံတွေနှင့် ဝရုန်းသုန်းကား ဖြစ်နေသော သူတို့အုပ်စုကို ကောင်မလေးက မုန့်ဈေးတန်းထဲ ဝင်လာကတည်းက ရိပ်မိပြီးပုံပင်။

"ဟိတ် ... ရွှတ်၊ ဟိတ် ကောင်မလေး"

ကောင်မလေးက မျက်စောင်းလှည့် ရွယ်လိုက်ပြန်ကာ ကောင်မလေးနံဘေးမှာပါသော အဖော်သူငယ်ချင်းမလေးကတော့ ဆတ်ခနဲလှည့်၍ ...

"ဟဲ့ ... နင်တို့ ဘယ်လိုဖြစ်နေကြလဲ၊ သရုပ်ပျက်လိုက်တာ"

"ဟင်း ဟင်း ... အဟဲ ဟဲ"

"ဘဝရှင်နော်၊ ငါ တီချယ် ဒေါ်ခင်စောလှနဲ့ တိုင်လိုက်မယ်"

ကောင်မလေးနံဘေးက နီလာဟန်သည် ကောင်ကလေးနှင့် ခြောက်တန်း ခုနစ်တန်း ရှစ်တန်း တန်းခွဲတူတူတက်ခဲ့သူဖြစ်၍ ကောင်ကလေးကို ကောင်းကောင်းသိပေသည်။ ဒီနှစ်မှသာ ရမှတ်နည်းပြီး အေခန်းကနေ ဘီခန်းကို ရောက်သွားတာမို့ ကောင်ကလေးကို တရင်းတနှီး လှည့်ဟောက်လိုက်တာပင်။

"ငါ ဘာလုပ်လို့လဲ"





"နောက်ကနေ တရွှတ်ရွှတ်နဲ့ ဘာဖြစ်နေတာလဲ"

"ငါ သူ့ကို နှုတ်ဆက်မလို့ပါ၊ ငါနဲ့ သူကသိပြီးသားပါ"

"နင်ကသာ သိနေ၊ သူက သိပုံလည်း မရပါလား၊ သူငယ်ချင်းဆိုရင် သူ ဒီလိုနေပါ့မလား၊ လှည့်နှုတ်ဆက်မှာပေါ့"

"ငါတို့ကွဲသွားတာ ကြာပြီဟ၊ အဲဒါကြောင့် သူ မမှတ်မိဘူးလားလို့ပါ"

"ဘယ်တုန်းက ကွဲသွားတာလဲ"

"မူကြိုတုန်းက"

"ဝါး ဟား ဟား ဟား"

နီလာဟန်ပင် ကောင်ကလေးရဲ့ သူငယ်ချင်းတွေနှင့်အတူ မထိန်းနိုင်အောင် ရောရယ်မိသွားရင်း ...

"နင် အလကား လာနောက်နေတာ မဟုတ်လား ဘဝရှင်"

"ငါ မနောက်ပါဘူး၊ မယုံရင် နင့် သူ့ကိုမေးကြည့်"

"ဟုတ်လား ညဖူးညို၊ နင်က ဘဝရှင်နဲ့ သိတာလား"

ကောင်မလေးက မသိမသာလေး ငဲ့ကြည့်လာပါသည်။ ထူထဲမည်းခဲကာ လှိုင်းအနွယ်ကြီးတွေ ဖြစ်နေသော ဆံပင်အုံကြီးကို အားလုံးစုကာ နောက်နားအပေါ်ဘက်ကျကျမှာ မြင့်မြင့်ကလေး စည်းနှောင်ထားသောကြောင့် ခေါင်းအငဲ့တွင် တစ်ပေခန့်ရှည်သော ထိုဆံနွယ်စုက ဝဲခနဲ ရှေ့တစ်ဖက်ကို အိကျသွားသည်။ တစ်ခြမ်းစောင်းလေး ပေါ်လာသော ကောင်မလေးရဲ့ပါးပြင်နှင့် နှုတ်ခမ်းဖူးကလေးတို့သည် ပန်းနုရောင်ဖျော့ဖျော့နှင့် ချောချောမွတ်မွတ် ထွတ်ထွတ်ကလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးက ကောင်မလေး ဘာဖြေလိုက်မည်ကို အသက်ပင်မရှူမိဘဲ စိုက်ကြည့်နားစွင့်နေမိပါသည်။

"မသိဘူး မဟုတ်လား၊ တွေ့လား၊ သိရင် သူ ဘယ်ဒီလိုနေပါ့မလဲဟဲ့ ဘဝရှင်ရဲ့"

"တကယ်ပါဟ ... သူ သိပါတယ်၊ သူ မေ့နေလို့ ဖြစ်ရင်ဖြစ်မယ်၊ မမှတ်မိဘူးလား မသိဘူး၊ ငါ ... ငါ နင့်ကို နေ့တိုင်း မုန့်ကျွေးတယ်လေဟာ၊ နင်က မုန့်တော့ယူစားပြီးတော့ စကားတော့ မပြောဘူးလေ"

"ဟီ ဟီ"

"ခိ ခိ"

"ဒါပေမဲ့ နောက်တစ်နှစ်ကျတော့ နင်လည်း ငါ့ကို မုန့်တွေ ပြန်ယူလာကျွေးပါတယ်၊ ဟုတ်တယ်နော်"

"ဟော့ကောင် ဘဝရှင်ရာ၊ မုန့်ကျွေးတာကနေ မတက်တော့ဘူးလား"

"ဟော့ကောင် ရဲသွေး၊ နေစမ်းပါ၊ မုန့်ကျွေးတာပဲရှိတာကိုးကွ၊ တခြားအကြောင်းမှ သိပ်မရှိတာ၊ သူက ငယ်ငယ်ကတည်းက စကားသိပ်မပြောဘူး၊ ဟုတ်တယ်နော်"

"ကဲ ... ကဲ ... ဘဝရှင်၊ နင် နောက်နေတာပဲ ဖြစ်မယ်၊ တော်တော့ ... ဖယ်တော့၊ ကြားဆံချက်ကလည်း မရတော့ဘူးလား မသိဘူး၊ လူအရမ်းတိုးတာပဲ၊ လာဟာ၊ ညဖူး၊ ဒီနေ့ စားမနေပါနဲ့တော့၊ ရှေ့မှာ ဒီလောက်ရောင်းနေရင်





နောက်ပွဲတွေကျ ရေနွေးထိုးတော့မှာဟ၊ မကောင်းတော့ဘူး"

နီလာဟန်က ကောင်မလေးရဲ့လက်ကိုဆွဲကာ လှည့်ထွက်ဖို့ ပြင်လိုက်သည်။ မျက်လုံးဝိုင်းလေးနှင့် မခုတ်တတ်တဲ့ ကြောင်ဖြူမလေးနှင့်တူသော ကောင်မလေးသည် ဘာစောဒကမှ မတက်ဘဲ နီလာဟန့်နောက်က အသာတကြည် လိုက်ပါမည့်ဟန်ပြင်သည်။ လှည့်လာစိုက်မှာ ကောင်ကလေးကို ဖျတ်ခနဲ မျက်တောင်ကြီးတွေဝဲအောင် စူးစူးစိုက်စိုက် ကြည့်လိုက်ပါသေးသည်။

"နင် မှတ်မိတယ် မဟုတ်လား၊ နင် မှတ်မိပါတယ်"

"ကဲ ... တော်ပါတော့ဆို ဘဝရှင်ရယ်"

"ငါ သူနဲ့ စကားခဏ ပြောချင်လို့ပါဟ၊ ကျောင်းမှာကလွဲရင် တခြားလည်း ပြောစရာနေရာ မရှိဘူး၊ ပြီးတော့နောက်နေ့ နောက်နေ့တွေလည်း ငါပြောဖို့ အဆင်မပြေတော့ဘူးဟ၊ ငါ ကျောင်းထွက်ရတော့မှာမို့လို့ပါ"

နီလာဟန် ဆွဲခေါ်ရာနောက် လိုက်ပါဟန်ပြင်နေသော ကောင်မလေးရဲ့ခြေလှမ်းတို့က ဘီလပ်မြေကိုင်လိုက်သလို ခဲခဲမတ်မတ် လုံးဝရပ်တန့်သွားပါသည်။

"လုပ်ပြန်ပြီ၊ ထွင်ပြန်ပြီ၊ နင်က ဘာကိစ္စ ကျောင်းထွက်ရဦးမှာတုန်း၊ ခုမှ ကျောင်းဖွင့်တာ တစ်ပတ်ရှိသေးတာကို"

"တကယ်ပါဟ နီလာဟန်ရ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ကောင်ကလေးရဲ့မျက်နှာကို စေ့စေ့ကြည့်လာပါသည်။ စူးစိုက်တဲ့ မျက်ဝန်းအကြည့်က ကောင်ကလေး ဘာကြောင့် ကျောင်းထွက်ရမည်ကို အံ့အားတသင့် စူးစမ်းအဖြေရှာနေပုံ အထင်းသား။

"ငါ့အဖေ မြစ်ကြီးနားကို တာဝန်နဲ့ ပြောင်းရမယ်၊ အဲဒီတော့ ငါလည်း ကျောင်းထွက်ပြီး မြစ်ကြီးနားကို ပါပါနဲ့ တူတူလိုက်သွားရတော့မှာပေါ့ဟာ၊ အခုက ကျောင်းတက်လို့ရနေသေးလို့ ငါ ကျောင်းကို လာနေတာပါ၊ ရှေ့အပတ်ကျရင် ပါပါ ကျောင်းထွက်လက်မှတ် လာထုတ်တော့မှာဟ"

"ဟင် ... ဆရာမကြီးသတော့ ပူဆွေးတော့မှာပဲ၊ ဆရာမကြီးက နင့်ကို ငါတို့ကျောင်းက ဆယ်တန်း All D ထွက်ဖို့ စာရင်းထဲ မျှော်မှန်းထားတာလေ"

"ငါလည်း ဘယ်တတ်နိုင်မလဲဟာ၊ ခုမှ ရုတ်တရက် သိရတာ၊ ပြောင်းဖို့ရက်ပိုင်းပဲ လိုတော့တာ၊ အဲဒါကြောင့်"

ကောင်ကလေးက ကောင်မလေးရဲ့ မျက်နှာလေးကို စေ့စေ့ကြည့်ရင်း ...

"ငါ နင့်ကို မနှုတ်ဆက်လိုက်ရမှာစိုးလို့ အခုလာနှုတ်ဆက်တာပါ၊ ငါကတော့ နင့်ကို ပထမဆုံးနေ့က မြင်မြင်ချင်းကတည်းက မှတ်မိတယ်၊ နင်က ငယ်ငယ်က မျက်နှာလေး မပြောင်းဘူးလေ၊ နင်လည်း ငါ့ကို မှတ်မိလိမ့်မယ် ထင်





ပါတယ်၊ မမှတ်မိသေးရင် တစ်ခုအစဖော်ပေးမယ်လေ၊ စိတ်မဆိုးနဲ့၊ မူကြိုတုန်းက ကျောင်းဆင်းရင် နင့်ကို အိမ်ခေါ်သွားမယ် ဆိုပြီး အတင်းလက်ဆွဲဆွဲပြီး ပြေးတဲ့ 'ဘဝရှင်'ဆိုတဲ့ ကောင်ကလေးက ငါလေ"

ကောင်မလေးရဲ့ နှုတ်ခမ်းကလေးက ပြုံးတော့မလိုလေး လှုပ်ရှားတွန့်ကွေးသွားကာ မျက်လွှာလေး ချလိုက်ပါသည်။

"ငါ မှတ်မိပါတယ်"

"ဟာ ...၊ တကယ်နော်၊ ဟေး ... ပျော်လိုက်တာ၊ နင် တကယ်မှတ်မိတယ်နော်၊ တွေ့လား၊ ငါ ညာပြောတာ နောက်တာ မဟုတ်ပါဘူးဆို၊ ငါ သူ့ကို မေ့ကိုမမေ့တာ တကယ်ပြောတာ"

ကောင်မလေး မျက်နှာလေးက ပန်းသွေးရဲရဲလေး ဖြစ်လာပါသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကဲ ... ကဲ ... သွားလေသူ ဦးအောင်မင်းနိုင်ကို ရည်စူးပြီး ရေစက်ချ အမျှပေးဝေရအောင်၊ အားလုံး ရေစက်ခွက်ကိုင်ကြပါ၊ လိုက်ဆို"

ရှေ့ဆုံးအတန်း၌ ပုံ့ပုံ့ကလေး ဒူးတုပ်ထိုင်နေသူ ညဖူးညိုသည် ထုံပေပေယောင်နနကလေးနှင့် ဟိုကြည့် ဒီကြည့် လုပ်နေခိုက် နံဘေးမှာ ထိုင်နေသော မမနုက ညဖူးညို လက်ထဲသို့ ရေစက်ချဖို့ ငွေကရားကလေးကို လာထည့်ပေးလိုက်လျှင် ညဖူးက အများနည်းတူ ဘုန်းဘုန်း ရှေ့ကရွတ်ချပေးသမျှ လိုက်ဆိုရင်း ကရားထဲမှ ရေစက်တို့ကို အောက်က ငွေဖလားလေးထဲ ဖြည်းဖြည်းချင်း ငုံ့ချနေလိုက်ပါသည်။

မနက် မျက်နှာသစ်ပြီးကတည်းက ဘာမှမလိမ်းမကျံ ထားသော ညဖူးညိုရဲ့မျက်နှာကလေးက ဖူးပြည့်ကာ ပါးပြင်ကလေးတွေက ကြွေရောင်ပြောင်လက်တောက်နေသည်။ နှုတ်ခမ်း





ဆိုးဆေးမရှိသော နှုတ်ခမ်းဖူးကလေးက အနည်းငယ် ခြောက်သွေ့ကာ အရေခွံအဖတ်ကလေးများပင် ထနေပါသည်။

ဆံနွယ်ထူထူအုပ်ကြီးကို ဖြစ်ကတတ်ဆန်း ပင့်တင်ကာ ကျားပါးစပ်တစ်ခုနှင့် ညှပ်တင်ထား၍ မျက်နှာကလေးရော လည်တိုင်ကလေးပါ ရှင်းလင်းနေသည်။ ဇာတွန့်လေးတွေ အနည်းငယ်ပါသော အဖြူဆွတ်ဆွတ် ဘလောက်စ်ပွပွကလေးနှင့် အဖြူခံပေါ် မီးခိုးဖျော့ဖျော့ အပွင့်နုပ်ကျဲကျဲအဆင် ချည်လုံချည်လေး ဝတ်ထား၍ နဂိုအသားဖြူသော ညဖူးညိုရဲ့ အသွင်သဏ္ဌာန်မှာ ဖြူဖပ်ဖြူရော်ကလေး ဖြစ်နေပါသည်။

နံဘေးက ကျိတ်၍ရှိုက်သော အသံတချို့ ခပ်အုပ်အုပ် ထွက်လာသည်။ ညဖူးသည် ငိုဖို့လည်းမလွယ် ရှိုက်ဖို့လည်း မလွယ်ကူသော ခံစားချက်တစ်မျိုးနှင့် ဟုန်၍ ထုံ၍ နေလေသည်။ သူမဘဝ၏ အချိုးအကွေ့များလှသော အပြောင်းအလဲတို့ကို တစ်ခါတစ်ရံတွင် နားမလည်အောင် ဖြစ်နေမိတတ်သည်။

Why me ? ။ ဘာကြောင့် သူမကိုမှလဲ။ အဲဒီ အတွေးသည် သူမ၌ အခါများစွာ ခေါင်းထဲရောက်တတ်သော အတွေးပင်။ ကဲ ... အခုရဲ့နောက်ရော။ ဘာတွေဖြစ်ဦးမလဲ။ ဖြစ်လိုက်စမ်း။ ငယ်စဉ်ကတည်းက အေးဆေးတာထက်ပင်ပိုကာ အေးစက်တယ်လို့ပင် ဆိုနိုင်သော သူမရဲ့စရိုက်သဘာဝအတိုင်း ဘာကိုမှ သိပ်မမှုလှတော့ဘဲ ဝမ်းလည်းမနည်းသလို ဖြစ်နေသည်။

ဘုန်းဘုန်းများ ဆွမ်းစားပြီးလျှင် လူပရိသတ်တို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာသည်။ တစ်ယောက်လာတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ညဖူးညိုကို တစ်ကြိမ် နှုတ်ဆက်ကြသည်ဖြစ်၍ ဗိုက်ဆာနေသော်လည်း ကိုယ်တိုင် ထမင်းဖြောင့်ဖြောင့် မစားနိုင်ဘဲ နှုတ်ဆက်သူတို့ကို အလိုက်အထိုက် စကားပြန်ပြောနေရပြန်လေသည်။

မမကြီးသည် သွေးတွေ တိုးနေတဲ့အပြင် ဆီးချိုတွေပါတက်ကာ အတော်လေး နွမ်းနယ် နေမကောင်းဖြစ်နေ၍ ဖုန်းဆက် ဆရာဝန်ပင့်ကာ မမကြီးကို သူ့အခန်းဆီ တွဲခေါ်သွားကြတာ မြင်ရသည်။ မမကြီးကို သနားမိပါသည်။ သို့သော် မမကြီးအနား၌ ညဖူးညို မနေလိုပေ။ အချိန်ပြည့် တအိအိ တရှိုက်ရှိုက် ဖြေမဆည်နိုင် ငိုကြွေးနေကာ ဘယ်တုန်းက ဘယ်လိုဆိုသည့် ရှေးဟောင်းနှောင်းဖြစ်တို့ကို တဖွဖွ တရရ ပြန်လည်ပြောဆိုကြေကွဲနေတတ်၍ မမကြီးအနား၌နေလျှင် စိတ်နှလုံးများ နောက်ကျိကာ ညဖူး ခေါင်းတွေ ကိုက်တက်လာရတတ်၍ပင်။

ကိုကိုလတ်ရဲ့ဇနီး မမဆင့်က အားလုံးကို စီမံခန့်ခွဲညွှန်ကြားပြောဆိုနေပါသည်။ မမဆင့်သည် တက္ကသိုလ်က ဆရာမတစ်ဦးပီပီ သူများစကား နာခံရတာထက် သူ့စကားကို နာခံစေခြင်း၌ မွေ့လျော်သူ ဖြစ်သည်။ မျက်နှာထားက နဂိုနေပင် ထန်ထန်တင်းတင်းကလေးဖြစ်ကာ လေသံက လူချမ်းသာ ပဒေသရာဇ်ဟန်ဆန်သည်။ သူ့အနားနေလျှင်လည်း “ဒီဟာလေးစားလိုက်”၊ “ဒါကိုကုန်အောင်သောက်လိုက်တော့”၊ “အနွေးထည်ဝတ်ထားလိုက်ဦး”စသည်ဖြင့် တစ်ခုမဟုတ် တစ်ခုတော့ စီစဉ်ညွှန်ကြားချက်တွေ ပေးနေတတ်လေရာ မမဆင့် အနားသွားရမည့်အရေး ညဖူးညို စိတ်တွေကျဉ်းကျပ်လှပေသည်။





ကိုကိုလေးရဲ့ဇနီး မမနုကတော့ သူတစ်ပါးကို လွန်လွန်ကဲကဲ ဂရုစိုက်တတ်သူဖြစ်သည်။ သူ့အကျင့်ကိုက လူကြီးကိုဖြစ်စေ လူငယ်ကိုဖြစ်စေ ဘာလေးလုပ်ပေးရမလဲ၊ အောက်သက်ကြေကြေ ပြုစုယုယချင်သူမျိုး ဖြစ်သည်။ ပုံမှန်အချိန်တွေမှာပင် တိုက်ဆိုင်ကြုံကြိုက်တဲ့သူကို ရေငွေ့ပေးတာ၊ အရိုးထွင်ပေးတာ၊ ခုံဆွဲပေးတာ စသည်ဖြင့် ဘယ်သူ့ကိုမဆို သွက်သွက်လက်လက် လုပ်ကိုင်ပေးလိုက်ရမှ ကျေနပ်သည်။ တစ်စုံတစ်ယောက် နေထိုင်မကောင်းဖြစ်လျှင် စိတ်ပါလက်ပါ ဇက်ကြောဆွဲပေး ခြေဆုပ်လက်နယ်ပြုပေး အချိန်မှန် ဆေးတိုက် စသည်ဖြင့် ဂရုကိုစိုက်တတ်တဲ့ဗီဇ ဖြစ်သည်။

ခုဆိုလျှင် ညဖူးညိုသည် မမနုရဲ့ အရိပ်တကြည့်ကြည့် မျက်ဝန်းများအောက်၌ နေရထိုင်ရ ခက်နေသည်။ မမနု မျက်ဝန်းများမှာ ညဖူးညို မှုံမှေ့စစ်လဲသွားမလား၊ လဲသွားလျှင် အဆင်သင့် ဖေးပွေ့နိုင်ဖို့ ပြင်ထားသည့် အရိပ်အရောင်မျိုးနှင့်ဖြစ်သည်။ ညဖူးညို ငိုလျှင် ရင်ခွင်ထဲ ဆွဲဖက်ထွေးပိုက်လိုက်ဖို့ ပြင်ထားပုံနှင့်ဖြစ်သည်။ သို့သော် ညဖူးက ငိုလို့လည်းမရ မူးမေ့လည်း မလဲ၍ သူ အံ့အားသင့်နေပုံရသည်။

ဘယ်လိုပင်ဖြစ်စေ မမနုသည် အားလုံးထဲမှာ ညဖူးညိုနှင့် အသက်အရွယ်မကွာဆုံးဖြစ်၍ သူ့ကို ညဖူး ခင်မင်အားကိုးသည်။ အသက်မကွာဆုံး သူသည်ပင်လျှင် ညဖူးညိုထက် ဆယ့်သုံးနှစ်ကြီးလေရာ အခါခပ်သိမ်း အရာအားလုံးမှာတော့ ညဖူးညို



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်အတွေးတို့ကို ထပ်တူကိုယ်ချင်းစာနိုင်မည် မထင်ပေ။ သို့သော် အနီးစပ်ဆုံးတော့ နားလည်နိုင်လိမ့်မည်ဟု အားကိုးခင်မင်မိသည်မှာ မမနုကိုပင်။

အဘွားအရာ မဟုတ်သော်လည်း ဟိုးအရင်ကတည်းက ညဖူးက ဘွားဘွားဟုသာ နှုတ်ကျိုးခေါ်ငင်နေမိ၍ ခုထိ ဘွားဘွားပဲ ဖြစ်နေသော ဒေါ်မြနန္ဒာကိုတော့ ဤရက်တွေအတွင်း စိတ်ငြိမ်ဆေး အိပ်ဆေးများနှင့် နာ့စ်တစ်ယောက် ဘေးမှာထားကာ စောင့်ရလေသည်။ ဘွားဘွား အလွန်အမင်း စိတ်ထိခိုက်သွားကာ အိပ်ရာထဲ ဗုန်းဗုန်းလဲ နလံမထူတော့မှာ အားလုံးစိုးရိမ်နေကြရပေမယ့် ဘွားဘွားခမျာ အလွန်အမင်း စိတ်ထိခိုက်ရန်ပင် အင်အားရှိပုံမရပေ။

ငိုသည်ပင်လျှင် အသံသာထွက်၍ ညည်းညူ ငိုသံထွက်နေပြီး မျက်ရည်ထွက်မလာနိုင်လောက်အောင် အားအင်ကုန်ခန်းနေသည်။ ဘာအစားမှ မဝင်၍ မနက်ည ဒရစ်ပ်လိုင်းချိတ်ထားရလေသည်။ တရားလည်း ထွက်မနာနိုင်၊ ဘုန်းကြီးလည်း ဆွမ်းမကပ်နိုင်ပေ။ ရက်လည်ကိစ္စအတွက် ပင့်ထားသော ဘုန်းဘုန်းသည် ဘွားဘွားတို့ အစဉ်အဆက် ကိုးကွယ်ကာ မြေကိုလှူ ကျောင်းပါဆောက်ပေးထားသော ဘုန်းကြီးအရင်းအချာဖြစ်၍ ဘွားဘွားကို အမေကဲ့သို့ အဒေါ်ကဲ့သို့ အစ်မကြီးကဲ့သို့ လေးစားမေတ္တာသက်ဝင်သူဖြစ်ရာ သူ့ကျောင်းဒကာမကြီးအတွက် စိုးရိမ်မကင်း ဖြစ်နေရှာပါသည်။





အတွေးတွေနှင့် ထမင်းကို တလုတ်စားလိုက် ငေးမောလိုက် ရှိနေသော ညဖူးညီကို အရိပ်အခြည်မပြတ် ကြည့်နေသော မမနုက အနားရောက်လာသည်။

"ညညလေး ဝင်အောင်စားနော်၊ စားရမယ်နော်၊ ရအောင်မျိုချနော် ညီမလေး"

ညဖူးက ပါးစပ်ထဲက ထမင်းလုတ်ကို မြန်မြန်မျိုချရင်း ခေါင်းညိတ်ပြရသည်။ ဗိုက်က ဆာနေတာမို့ စားလို့ဝင်ပါသည်။ ညဖူး စားပွဲဝိုင်းမှာ ကောင်းပေ့ညွှန့်ပေ့ ဆီဥထောပတ်အဖူးအဦးတို့သာ ဂရုတစိုက် လာချပေးထားကြ၍ အားလုံးကလည်း စားလို့ကောင်း အရသာရှိနေပါသည်။ ထမင်းစားနေ့သူမို့သာ တလုတ်ချင်း စားနေတာဖြစ်ပြီး စားလို့ကတော့ ဝင်ပါသည်။

မမနုက ဒီလိုလာပြောတော့ "ငါ ဘာကြောင့် စားလို့ဝင်နေပါလိမ့်၊ တကယ်ဆို ဆို့နင့်ကာ စားမဝင် မျိုမကျဖြစ်နေရမှာ မဟုတ်လား"ဟု အပြစ်မကင်း တွေးမိကာ ထမင်းထပ်ယူချင်သေးတဲ့လက်ပင် တွန့်ရပြီး ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ပျက် အံ့ဩနေမိပြန်လေသည်။

"စား ... ညီမလေး ... စား၊ ခုန ထမင်းက နည်းနည်းလေးထည့်ထားတာ မဟုတ်လား၊ ထပ်ထည့်ဦး၊ နည်းနည်းကလေးနော်၊ နည်းနည်းကလေးပဲထပ်ထည့်၊ နော် ... ထည့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မမနုက ညဖူးရဲ့ပန်းကန်ထဲ ထမင်းအုပ်ထဲက ဇွန်းကြီးဖြင့် တစ်ဇွန်းပြေပြေကလေး ထပ်ထည့်လိုက်ပါသည်။ သူချော့ထည့်ပေးနေရတာနှင့် တန်အောင် ညဖူးက ကမန်းကတန်း မစားဘဲ ခဏစောင့်ကာ ငြိမ်နေရသည်။ ဘယ်လို ကမောက်ကမ ဖြစ်ပုံပါလိမ့်နော်။

ဝမ်းနည်းဘူးလား ... နည်းတာပေါ့။ မငိုချင်ဘူးလား ... ငိုချင်တာပေါ့ ... ငိုလည်း ငိုခဲ့တာပဲပေါ့။ ခုတော့ ဖြေဆည်နိုင်နေသည်မှာ ကိုယ့်ဘဝအကြောင်း ကိုယ်စိတ်ပျက်အံ့အားသင့်လှ၍ လူက ဟုန်နေလို့ပါ။ အရမ်းကြီး မပူဆွေးဘူးလားဆိုတော့ အဲသလိုကြီးတော့ မပူဆွေးဘူး ထင်သည်။ ရှေ့ဆက် ငါဘာလုပ်ရပါ့မလဲ၊ ငါ ဘာများဖြစ်မလဲဆိုသည့် အတွေးကသာ ခေါင်းကို ပူစေသည်။

ငါ့ဘဝအကြောင်းကဲ ဘာကြောင့် ဒီလောက် ဆိုးရပါလိမ့်ဟု နားမလည်နိုင်အောင် ရင်နာနာနှင့် တွေးနေမိသည်။ အနီးဆုံး ပတ်သက်သူတွေ အားလုံးဟာ ညဖူးညို့ ဘဝထဲက စောစီးဆောလျင်စွာ ထွက်ခွာကုန်ကြသည်မှာ ဘယ်လို ကံတရားအကြောင်းကြောင့်များပါလဲ။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်တုန်းကတော့ ပဲခူးက နာမည်ကြီးလှတယ်၊ မှန်လှတယ်ဆိုသည့် ဗေဒင်ဆရာမတစ်ယောက်ထံမှာ ညဖူးညို့ ဗေဒင်မေးခဲ့ဖူးပါသည်။ ဗေဒင်လက္ခဏာဆိုတာ





တွေကို ယုံကြည်တယ်လည်း မဟုတ် မယုံကြည်ဘူးလည်း မဟုတ်၊ စိတ်ဝင်တစား မရှိလှပေမယ့် အဲဒီတုန်းကတော့ သူငယ်ချင်းဖြစ်သူ နီလာဟန်နှင့် စောယုတို့ တိုက်တိုက်တွန်းတွန်းခေါ်လွန်း၍ ပါသွားခဲ့ဖူးတာ ဖြစ်လေသည်။

"ဟိုးဘဝဘဝဟောင်းတွေက သိုက်ကြိုးအဆက်က မပြတ်ဘူး၊ အဲဒီ ဘဝဟောင်းတွေက ပတ်သက်ပိုင်ဆိုင်သူတွေက သမီးဘေးမှာ ချစ်သူခင်သူ သံယောဇဉ်ကြီးသူတွေ ရှိနေတာကို မနှစ်သက်တဲ့သဘော။ ချစ်တဲ့သူတွေနဲ့ ခွဲခွာရကိန်း အမြဲပါတယ်၊ သေကွဲမဟုတ်ရင် ရှင်ကွဲ၊ ရှင်ကွဲမဟုတ်ရင် သေကွဲ၊ အနားမှာ ကြာကြာတော့ ပေးနေမှာ မဟုတ်ဘူး"

ကြည့်စမ်း ...။

အခုမှ ပြန်လည်သတိတရ တွေးမိသောအခါ ညဖူးကျောထဲက စိမ့်လာအောင် ကြောက်လန့်သွားမိလေသည်။ ဗေဒင်မှန်လွန်းနေတဲ့ သဘောလား။ အဲသလိုမျိုး ရှိသလား။ ညဖူးညို့ ငိုင်ငေးနေမိဆဲ၊ အနားကို နီလာဟန်နှင့် စောယုတို့ ရောက်လာကာ တစ်စားပွဲတည်း ဝင်ထိုင်လိုက်ကြပါသည်။ ငိုင်နေတဲ့ညဖူးရဲ့လက်ကလေးများကို တစ်ဖက်တစ်ချက် ဆုပ်ကိုင်လိုက်ကြသည်။

"ငါတို့ နေ့တစ်ဝက်ပဲ ခွင့်ရတယ်၊ ဒါကြောင့် ခုမှရောက်တယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး နီလာ ... ရပါတယ်၊ ရက်လည်နေ့ပဲဟာယ် သိပ်လည်း အရေးမကြီးတော့ပါဘူး၊ နင်တို့ရုံးဖွင့်ရက်ကြီး ဟာ မလာရင်လည်း မလာပါနဲ့တော့လို့ ငါပြောသားပဲ"

"ဒါပေမဲ့ လာချင်တယ်လေဟာ၊ ငါကတော့ နေ့တစ်ဝက် လူစားထိုးပေးခဲ့တာ၊ ငါ့သူငယ်ချင်း တစ်ယောက်ကို နောက် မှ သူ့ရက်မှာ ပြန်အစားထိုး ဆင်းပေးလိုက်မယ်၊ နင်ခုမှ စားတာလား"

"အင်း ... နင်တို့လည်း တစ်ခါတည်း ငါနဲ့ တူတူဝင်စား"

"အေး"

နီလာဟန်နှင့် စောယုတို့ဟာ ညဖူးညို ကိုးတန်း ဆယ်တန်းကတည်းက ခင်မင်ခဲ့သော သူငယ်ချင်းဟောင်းများ ဖြစ်ပါသည်။ ဆယ်တန်းအောင်ပြီးတဲ့နောက် ညဖူးက စင်ကာပူ မှာ Business Management နှင့် ပတ်သက်၍ ကျောင်းသွားတက် ဖြစ်ခဲ့သည်ဖြစ်၍ သူတို့နဲ့ နှစ်အတန်ကြာ ကွဲကွာခဲ့သည်။ စင်ကာပူ မှာ ကျောင်းပြီးတော့လည်း ညဖူးက အလုပ်ဝင်လုပ်ဖြစ်နေခဲ့ပါ သေးသည်။

စင်ကာပူမှာ နေခဲ့တာ စုစုပေါင်း ခြောက်နှစ်၊ ဒီကို ပြန်ရောက်ခဲ့တာကတော့ နှစ်နှစ်လောက် ရှိခဲ့ပါပြီ။ ပြန်ရောက် ပြီးကတည်းက ညဖူးသည် ဒီမိသားစုကြီးရဲ့ စီးပွားရေးလုပ်ငန်း စုကြီးထဲမှာ သက်ဆိုင်ရာ သင့်တင့်ရာကဏ္ဍ၌ပင် ဝင်ရောက်လုပ်





ကိုင်ဖြစ်ခဲ့၍ သူမတွင် လုပ်ဖော်ကိုင်ဖက်နှင့် လက်အောက်ငယ်သား ဝန်ထမ်းရယ်လို့သာ ပတ်သက်ရတာ ရှိတော့ပြီး သူငယ်ချင်းရယ် လို့ အသစ်မရှိတော့ပါ။ လုပ်ငန်းပိုင်းဆိုင်ရာနှင့် မိသားစုချင်း ဆက်စပ်ရာ မိတ်ဆွေဆိုတာမျိုးတွေတော့ ရှိပေမယ့်လည်း ဒီလို မိတ်ဆွေတွေကတော့ နှလုံးသားချင်းဖွင့်လှစ်ပေါင်းလို့ ရတာတွေ မဟုတ်။

တကယ်တမ်း စဉ်းစားလိုက်တော့ ညဖူး ဘဝတွင် ရင်ဖွင့်ပေါင်းသင်းရင်းနှီးရသူ မရှိလုနီးပါးနည်း၍ အထီးကျန်လှပါ ပေသည်။ ခုနကအတွေးကို သတိတရ တွေးမိတော့လည်း သူငယ်ချင်း အပေါင်းအသင်းပင်လျှင် ရင်နှင့်ရင်း၍ သံယောဇဉ် တင်းတင်းချစ်လို့ ကောင်းပါ့မလား သင့်ပါ့မလား စိုးရိမ်ထိတ်လန့် မိပြန်လေသည်။

"စောယု"

"ဟင် ... ညဖူး ... ဘာလဲ"

"ငါ့ကို တစ်ခါ နင်တို့ ပဲခူးက ဗေဒင်ဆရာမဆီခေါ်သွား တာ၊ နင်နဲ့သိတာ မဟုတ်လား"

"ငါနဲ့သိတယ် ဆိုတာထက် ငါတို့မိသားစုတွေ ဆွေမျိုး တွေ မကြာခဏ မေးဖူးနေကျ ဖြစ်နေတော့ ခဏ ခဏ ရောက် မျက်မှန်းတန်းပြီး ရင်းနှီးသလို ဖြစ်နေတာပါ၊ နင် ဘာလုပ်ချင်လို့လဲ ညဖူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နည်းနည်းအေးအေးဆေးဆေး ဖြစ်သွားရင် အဲဒီ ဆရာမဆီ တစ်ခါလောက် ထပ်သွားချင်သေးတယ်၊ အရင် တစ်ခါက သူပြောခဲ့တာတွေ မှန်များ မှန်သလားလို့ ထင် လာလို့ သူ့ကို ထပ်မေးချင်သေးတယ်"

"ရတာပေါ့၊ နင် သွားနိုင်တဲ့နေ့သာ ပြောလိုက်လေ၊ ငါ တို့နှစ်ယောက် အားအောင်ကြည့်ချိန်းပြီး သုံးယောက်တူတူ သွားတာပေါ့"

ညဖူးက ခေါင်းလေး အသာအယာ ညိတ်လိုက်ပါ သည်။ ချစ်တဲ့သူငယ်ချင်းတွေ ရောက်လာမှပဲ စိတ်ကမခိုင်သလို ဖြစ်ကာ ချည့်နဲ့အားငယ်ပြီး မျက်ရည်တွေ အိခနဲ လည်လာသည်။ ခဏအကြာမှာတော့ စားလက်စ ထမင်းပန်းကန်ထဲ မျက်ရည်ပူ တစ်စက်က ပေါက်ခနဲ ကျဆင်းလေသည်။

✤ ✤ ✤



(၂)

ဘဝရှင်က ခုတင်ခြေရင်းက ချာတ်ကိုဖြုတ်ကာ ဖတ်ရင်း ခုတင်ပေါ်က အမေကြီးကို ချိုသွန်းဝင်းပ ပြုံးပြလိုက်ပါ သည်။

"ကဲ ... အမေကြီး၊ ခုနက ကျွန်တော့်ကို တ,နေတယ်ဆို၊ ကျွန်တော် မအားသေးလို့ လာလို့မရတာ၊ အခုရောက်ပြီ ပြော၊ အမေကြီး ကျွန်တော့်ကို ဘာပြောချင်တာလဲ၊ ဘာ တွေပူဆာမလို့လဲ"

ခုတင်ပေါ်မှ လူနာအမေကြီးက ဘဝရှင်ရဲ့စကား ကြောင့် ရှက်ပြုံးပြုံး ဖြစ်သွားပါသည်။

"ပူဆာမလို့ မဟုတ်ပါဘူး ဆရာလေးရယ်"

"ဒါဆို ဘာလဲ ပြော"

"ဟွာလေ ... ကျွန်မ ဒီပိုက်ကြီးက နေမထိ ထိုင်မသာနဲ့ တံတွေးမျိုတောင် ထစ်နေသလိုပဲ ဆရာရယ်၊ ဒါကြီးဖြုတ် ပေးပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား … တံတွေးမျိုတာတောင် ထစ်နေတယ် ဟုတ်လား၊ တော်တော်ဆိုးတဲ့ ပိုက်ကြီးပဲ"

သူ့နောက်ကပါသော သူနာပြုတချို့က ပြုံးစိ ပြုံးစိ ဖြစ်ကြသည်။ လူနာရောင်းဒ်လှည့်နေရတာဖြစ်၍ ပထမတစ်ခေါက် သူ အားလုံး အသင့်စစ်ဆေးကြည့်ရှုနိုင်ရန်ပါ။ သူ့ဆရာကြီး တကယ်ရောင်းဒ်တဲ့အခါ အားလုံးအတိအကျ ပြောပြနိုင်ကာ အချိန်ကုန်လည်း သက်သာစေရန်ဖြစ်သည်။

ဘဝရှင်ရဲ့ ဇွဲစပ်သေချာမှု တိကျရေရာမှုတို့ကြောင့် သူ ဘယ်ဆေးရုံ ဘယ်ဝါ့ဒ်ရောက်ရောက် ဆရာကြီး ဆရာမကြီး တွေ သူ့ကို အားကိုးချစ်ခင်ကြကာ တော်တန်ရုံကို သူကြည့်လိုက်ဖို့ မျက်နှာလွှဲရကြသည်။ မျက်နှာလွှဲရအောင်လည်း ဘဝရှင်က ဘာအမှားအယွင်း လိုအပ်ချက်မှ မရှိအောင် ဂရုလည်းစိုက်၍ လုပ်စရာရှိသမျှ သူသာ ကျုံးကုန်း အောက်ခြေသိမ်း လုပ်ထားတတ်ပါသည်။ ထို့ကြောင့် သူရှိနေလျှင် သူ့ရဲ့ဆရာကြီး ဆရာမကြီးတို့ စိတ်ဖိစီးမှုများ စိတ်ပင်ပန်းသက်သာပါသည်။ ဒါကြောင့် သူ့အထက်လူတွေလည်း သူ့ကိုချစ်ကြသည်။

လုပ်ဖော်ကိုင်ဖက် သူနာပြုဆရာမကြီး ဆရာမလေး တွေလည်းပဲ ဘဝရှင်ကို အင်မတန်မှ ချစ်ခင်ကြပါသည်။ သူ့ အလုပ် ကိုယ့်အလုပ် မခွဲခြား သူအားလပ်နေလျှင် သူများအလုပ် တာဝန်ကိုပါ ကူညီလုပ်ကိုင်ပေးနေတတ်သည့်အပြင် သူကပင် ဆရာမတွေကို မုန့်ဝယ်ကျွေးလိုက်၊ လက်ဖက်ရည်တိုက်လိုက်၊





အိတ်စိုက်တတ်သေးသဖြင့် သူ့အပေါ်ဆိုလည်း ဆရာမကြီးငယ် မရွေး ရင်းနှီးရိုကျိုးကာ မေတ္တာရှိကြသည်။

လူနာတွေနှင့်ဆိုလည်း အများဆုံး ထိတွေ့ရသည်မှာ ဆရာဝန်ကြီးတွေမဟုတ်။ ဘဝရှင်တို့လို ဆရာဝန်ငယ်တွေ ဖြစ်သည်။ ဘဝရှင်ရဲ့ ချောသန့်ဖြူစင်ဝင်းပနေတတ်သော မျက်နှာဟာ အမြဲထာဝရလည်း ပြုံးချိုနေတတ်၍ ဘဝရှင်ရှိလေရာ ဝါ့ဒ်ထဲရောက်လာသမျှ လူနာအားလုံးသည် ကိုယ်၏ကျန်းမာခြင်း းချို့ယွင်းသော်လည်း စိတ်၏ချမ်းသာခြင်းကတော့ ပြီးပြည့်စုံကြလေသည်။

လူနာဟူသည် ဆရာဝန်နှင့် တရင်းတနှီး ပြောဆိုဆက်ဆံခွင့်ရလျှင် ဆရာဝန်ရဲ့ ဂရုစိုက်အကြည့်တစ်ချက် အကြင်နာစကားတစ်ခွန်းရလျှင် ရောဂါတစ်ဝက်သက်သာလေသည်ဖြစ်ရာ သူတို့အပေါ် တရင်းတနှီး ဂရုစိုက် ကြင်နာသော ဘဝရှင်ကို အင်မတန်မှ မြတ်နိုးချစ်ခင်ကြပေသည်။

"ဆရာရယ် … ဒါကြီးဖြုတ်ချင်လို့ပါတော်"

"အမေကြီးရယ် … ဖြုတ်လို့မရသေးပါဘူး၊ ကဲ … အမေကြီး ပြော၊ အမေကြီး အခု လေလည်ပြီလား၊ အီးပေါက်လား"

"အယ် … မလည်ပါဘူး ဆရာလေးရယ်၊ မပေါက်ပါဘူး"

"ဟော … လေမလည်ဘူး အီးမပေါက်ဘူးဆို ဒီနှာခေါင်းပိုက် ဘယ်ဖြုတ်လို့ ရဦးမလဲ၊ အမေကြီး တကယ်လေလည်ပြီဆိုမှ ဆရာမတွေကိုပြော ဖြုတ်ပေးလိမ့်မယ်၊ ပိုက်ဖြုတ်ချင်လို့လေလည်ပါပြီလို့ ညာမပြောရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလား ... ဆရာလေးရဲ့"

"အဲလို အမေကြီးရဲ့၊ ကဲ ... တခြား ဘာဖြစ်သေးလဲ၊ ဗိုက်ချုပ်ရိုးက နာလား ယားလား ပြော၊ ပိုက်တော့ ဖြတ်မပေးနိုင်သေးပေမယ့် ဗိုက်တော့ ကုတ်ပေးမယ်လေ၊ အမေကြီးယားရင်"

ဆရာမတွေ တခိခိရယ်မောကြ၍ လူနာအမေကြီးမှာ ရှုံ့မဲ့မဲ့နှင့် မျက်ရည်လည်အောင် ကျိတ်အောင့်ရယ်မောပါသည်။ အူအတက်ခွဲထားတဲ့လူနာ၊ ဗိုက်ချုပ်ရိုးနှင့်မို့ သူ့မှာ အားပါးတရလည်း ဖွင့်မရယ်မောရဲ။

"ကဲ ... ဒါဆို သွားမယ်၊ တစ်ခုခုလိုရင်ပြော၊ ပိုက်ဖြုတ်ပေးဖို့တော့ ဆရာမတွေ တစ်ယောက်ပြီး တစ်ယောက် ဂျီမတိုက်ရဘူးနော်"

ဘဝရှင်က ရယ်ရယ်မောမောနှင့် နောက်ခုတင်တစ်ခုဆီ ကူးသွားပါသည်။ လူနာတို့နှင့် တရင်းတနှီး မေးမြန်းပြောဆိုတတ်သော နောက်နောက်ပြောင်ပြောင် နေတတ်သော ဘဝရှင် ရောင်းဒ်လှည့်လျှင် ဝါ့ဒ်တစ်ခုလုံး အပြုံးပွင့်တွေ ရယ်သံတွေနှင့် ပေါ့ပေါ့ပါးပါး ရှိလှသည်။ တစ်ဝါ့ဒ်လုံး လှည့်ပတ်ကြည့်ရှုစစ်ဆေးပြီးသွားလျှင်တော့ ဘဝရှင်က သူ့ရဲ့နားနေရာ အခန်းဆီ ပြန်ဝင်လာခဲ့ပါသည်။

"ဆရာ မောသွားပြီလား၊ ထမင်းစားတော့မလား ဆရာ"

"စားတာပေါ့ မဂျင်းရယ်"





သူနှင့် မောင်နှမလိုပင် ခင်မင်ရင်းနှီးနေသော ထဘီပြာဝတ် သူနာပြုက ဘဝရှင်ရဲ့စားပွဲပေါ်က ဘုံဒေါင်ရှည်လေး ဆောင့်အဝတ်အိတ်လေးထဲက ထမင်းချိုင့်ကို ထုတ်ယူရင်း ...

"ဒီနေ့ ဆရာ့ဒေါ်ကြီးက ဘာတွေချက်ထည့်ပေးလိုက်လဲ မသိဘူး"

"ဒီနေ့ ဘာဟင်းမှ မပါဘူး မဂျင်းရေ၊ ဒေါ်ကြီးဖျားနေလို့ ဘာမှဝင်မချက်နဲ့လို့ ပြောထားတာ၊ နားခိုင်းထားတာနဲ့ ဦးလေးအောင်ချက်တဲ့ ထမင်းအဖြူထည်ပဲ တစ်ချိုင့်ထည့်လာတယ်"

"ဩော် ... တုတ်ကွေးလား ဆရာ"

"တုတ်ကွေး မဟုတ်ဘူး၊ လက်ကို ငါးကျည်းရိုးစူးတာ ဘယ်သူမှ မပြောဘဲ ပစ်စလက်ခတ် ထားတာလေ၊ အနာရင်းပြီး အဖျားတက်လာတာ၊ ဒီလက်နဲ့ပဲ ချက်ပြုတ်လုပ်ကိုင်နေတော့ မသန့်တာ တစ်ခုခုကနေ အင်ဖက်ရှင်ဝင် အနာရင်းသွားတာပေါ့၊ မနေ့ညနေကမှ သိလို့ သူ့အနာကို ပြည်ဖောက်ထုတ်၊ ယူဇောထည့်ပြီး ဒရက်စင် လုပ်ပေးထားရတယ်၊ မနေ့ညက အဖျားတွေတက်နေတာ၊ ဒီမနက်တော့ အဖျားနည်းနည်းကျသွားပါပြီ"

"ဒါဆို ဆရာ့ ဘာမှာပေးရမလဲ၊ ဦးကြိုင် အပြင်သွားတာ လသာလမ်းဘက်က ပြန်လာမှာ၊ တရုတ်တန်းကနေ တစ်ခုခု ဖုန်းဆက်မှာလိုက်ရင် အတော်ပဲ ဆရာ၊ ကျွန်မ အခု ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အခေါက်ကင်တစ်ပွဲလောက် မှာလိုက်ပါဗျာ မဂျင်း"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဆရာမက ဖုန်းလှမ်းဆက်ကာ အခေါက်ကင် မှာပြီးသော် ...

"နို့မို့ ကျွန်မဟင်းနဲ့ ကျွေးပါတယ်၊ ဒီနေ့ ဟင်းမကောင်းလို့ ကြက်ဟင်းခါးသီးနှပ် တစ်မျိုးပဲပါလို့ ဆရာရေ"

"ဟာ ... ကြက်ဟင်းခါးသီးနှပ် ဒီလောက်ကောင်းတာ၊ ကျွန်တော် အရမ်းကြိုက်တယ်၊ အနံ့လေးတောင် ရလာသလိုပဲဗျာ၊ အခေါက်ကင်နဲ့ လဲစားပါဗျာ ... နော်"

"အမယ်လေး ... ဆရာ စားချင် ကျွေးပါတယ်နော်၊ လဲစရာ မလိုပါဘူး၊ လာပေးပါ့မယ် ဆရာရယ်၊ ကြိုက်တယ်ဆို ဝမ်းသာမှာ"

"ကိုစိုးရောဗျ မဂျင်း"

"ဆရာစိုး ... ဒီနေ့ အိုတီဝင်တဲ့ထဲ ပါတယ်၊ ခဏနေ လာတော့မယ် ဆရာ၊ ပြီးရင်တော့ ပြေးမလား မသိဘူး၊ ဓနိးက မွေးရက်ဖြစ်နေပြီ၊ ဒီနေ့ ဆေးရုံတက်မယ်ဆိုလား"

"ဟုတ်တယ်ဗျ၊ အဲဒါကြောင့် ဒီည အရေးပေါ်ကို ဆရာစိုး ဂျူတီ ကျွန်တော် ယူပေးထားတယ်၊ မမဝါကို အာလ်ထရာဆောင်း မရိုက်ထားဘူးတဲ့၊ မွေးမှ သိချင်လို့တဲ့၊ ကျွန်တော်က သမီးလေး ဖြစ်ပါစေဆိုလို့ ဆရာစိုး အီးပိတ်





သွားပုံပဲ၊ သူက သားလေး လိုချင်တာကိုး၊ ဟား ဟား... ကိုစိုးရော မမဝါရော ရုပ်က ဘိုဆန်ဆန် ချောချောတွေဆိုတော့ သမီးလေးမွေးရင် ဘိုမရုပ်လေးလို ထွက်လာမှာ ချစ်စရာလေး၊ အဲဒါကြောင့် သမီးလေး ဖြစ်စေချင်တာပါ"

"ဟင် ... ဆရာက ထူးထူးဆန်းဆန်း၊ သမီး မိန်းကလေး ကြိုက်ရတယ်လို့၊ သူများချည်း အားကျမနေနဲ့လေ ဆရာ၊ မိန်းမယူတော့လေ၊ ပြီးရင် ဘိုမရုပ်လို သမီးချောချောလေး မွေး၊ ဆရာက မွေးတဲ့ကလေးဆို ဘယ်လောက်များ ချောလိုက်မလဲ"

"ဟား ဟား ... ကလေးနေနေသာသာ ကျွန်တော်က ဘယ်သူ့ယူရမှာလဲ မဂျင်းရယ်၊ မုန့်ဆီကြော်စားဖို့အရေး နှုတ်ခမ်းပဲ့လေး ဆေးထည့်ပါရစေဦး"

"အေးလေ ... အဲဒါ ပြောတာ ဆရာကလည်း၊ ဆရာက ကျောင်းတုန်းတည်းက ခုထိ ရည်းစားမရှိဘူးလို့ မစန္ဒာက ပြောပြလို့ အံ့ဩနေတာ၊ မိန်းမစွံရမယ့်ဟာ"

"ဟား ဟား ဟား ... မဂျင်းရယ်၊ ကျွန်တော့်မင်းသမီးလေးက ဘယ်နားရောက်နေမှန်းမသိ ပျောက်နေလို့ပါဗျာ၊ အဟင်း ဟင်း"

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ဒီညမှ အတော်အမှုပွေတဲ့ည။

ညဦးက စက်ဘီးစီးသူကို ကားဝင်တိုက်တဲ့ ကေ့စ်။ စက်ဘီးစီးလာသူ အဘိုးကြီး အရေးပေါ်ရောက်ပြီး မကြာခင်ဆုံးသွားပါသည်။ အသက်မလုလိုက်နိုင်။ နောက်တစ်ခါ သိမ်ကြီးဈေးရှေ့ ရန်ပွဲကေ့စ်။ နှစ်ဖက်ရိုက်နှက်ကြတဲ့အတွက် ထိပ်ပေါက်ခေါင်းကွဲလူနာတွေ ရဲနှင့်အတူ တစ်သုတ်ရောက်လာသည်။ ဒါတွေပြီးတယ်မှ မကြာသေး ပုစွန်တောင်မှာဖြစ်တဲ့ ဓားထိုးမှုတဲ့။

နောက်ပြောင်ရာက ရန်ဖြစ်ပြီး ဓားနဲ့ထိုးတဲ့ကေ့စ်။ အရွယ်လေးတွေက နှစ်ဆယ်ကျော်။ ကိုယ့်ထက်တောင် ငယ်ဦးမည်။ လက်ရဲဇက်ရဲ ရှိလိုက်ကြတာပါလား။ အသက်ကလေးနှစ်ဆယ်ကျော်မှာ လူတစ်ယောက်ကို ဒေါသစိတ်နှင့် ဓားနှင့်ထိုးရဲလောက်အောင် ဘယ်လိုအမိုက်မှောင်စိတ်နှင့် သွေးရဲဝံ့ပါလိမ့်။ ဤမျှ ဒေါသစိတ် မထိန်းနိုင်အောင် ဘယ်လိုဖိစီးမှုမျိုးတွေက လှုံ့ဆော်တွန်းပို့ခဲ့ပါလိမ့်။

အရေးပေါ်မှာ ဂျူတီကျတိုင်း တရားသံဝေဂတွေ ရသည်။ တကယ်တော့ အရေးပေါ်မှမဟုတ်။ ခုခေတ်ကြီးမှာ





ဘယ်နေရာမဆို ယူတတ်ရင် တရားသံဝေဂ ရစရာတွေချည်းသာ ပြည့်နှက်နေသည်။ ဒေါသ လောဘ မောဟ အာဃာတတို့ဟာ ခုခေတ်လူသားတို့အပေါ် အတော်ဖိစီး လွှမ်းခြုံနေသည်။ စိတ်ကို နည်းမျိုးစုံ ဖောက်ခွဲဖွင့်ထုတ်ကြခြင်းတွေနှင့် အနိဋ္ဌာရုံတွေ များလာတဲ့ခေတ်။

အသက်ပင် ငယ်သေးသော်လည်း ဒီကိစ္စတွေနှင့် မကြာခဏ ကြုံတွေ့ကြားနာ ထိတွေ့နေရသည်ဖြစ်၍ ဘဝရှင်သည် တမျှော်တခေါ် ဖြန့်ကျက်စဉ်းစား တရားရရနေတတ်ပေသည်။

"ထောက်ကြံ့မှာ ခရီးသည်တင်ယာဉ်နဲ့ အိမ်စီးကား ဂျိန်းတာတဲ့၊ ကိုးယောက် လာပါတယ်"

အပြင်ဘက်က အရေးပေါ်ဌာနဝန်ထမ်း ကိုမြင့်အော်သံကျယ်ကျယ်။

ဓားဒဏ်ရာလူနာနှင့် လက်စမသတ်သေးသော ဒေါက်တာဘဝရှင်နှင့် ဒေါက်တာဉာဏ်လင်းအောင်မှာ ရုပ်တွေ မှုန်မဲ့ပြီး ခေါင်းတွေပင် ကိုက်တက်သွားသလိုပင်။

"အေး ... ဂျိန်းကြ ... ဂျိန်းကြ၊ ငါ့ခွီးတဲ့ပဲ၊ လက်နဲ့ကုလို့ အပတ်မလည်တော့ဘူး၊ စက်နဲ့ကုမှ ရတော့မယ်"

ကိုဉာဏ်လင်းအောင်ရဲ့ ညည်းသံကြီးက ခြေကုန်လက်ပန်းကျကျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ … သန်းခေါင်တောင် မရောက်သေးဘူး၊ ဒီညတော့ ဘယ်လို မိုးလင်းရမယ်တောင် မသိပါဘူး ဗျာ"

အပြင်မှာတော့ အော်ဟစ်သံတွေ ညည်းညူသံတွေ ကျယ်လောင်ဆူညံနေသည်။ ခရီးသည်တင်ကားဖြစ်၍ လူနာနှင့် အတူ အဖော်အပေါင်းတွေပါ တစ်ပြုံတစ်မ ပါလာသေးရာ အရင်ရှိနှင့်သော လူတွေနှင့် အရေးပေါ်ဌာန တစ်ခုလုံး ဆူညံ ရှုပ်ယှက်ခတ် ကျပ်တောက်သွားပါတော့သည်။

ညည်းသံ … ညူသံ … လောဆော်သံ … မေးသံ ဖြေသံ … အော်သံ … ငေါက်သံ … ကြိမ်းမောင်းသံ … ငိုယိုသံ တွေ ရောနှောကျယ်လောင်ကာ ဒီနေရာလေးဟာ ငရဲအသေးစား ကလေးတစ်ခုနှယ် ပွက်လောထနေတော့သည်။

"ကိုယ် ကြည့်နေတယ်၊ ဟိုးဘက်တစ်လက ကိုယ်နဲ့ မောင်ရှင် အတူတူ တွဲကျတုန်းကလည်း ဒီညလိုပဲ၊ အမှု ပွေတဲ့ ခရမ္မဇာတ်ကား ရိုက်ရပြီးပြီ၊ နောက်တစ်ခါ ကိုယ်ရယ် မောင်ရှင်ရယ် တွဲမကျမှ ဖြစ်မယ်"

"ဟုတ်တယ်ဗျာ၊ အမှန်က ဒီည ကိုဉာဏ်ရယ် ကိုစိုးရယ် တွဲကျမယ့်ည၊ ကျွန်တော်က သေမယ့်နှစ် စစ်ထဲရောက်တာ ဗျ"

"မင်းစကားပုံက ဆိုင်ကော ဆိုင်လို့လား"





"သိဘူးဗျာ၊ ကျွန်တော် ထွက်လိုက်ဦးမယ်"

အပြင်ဘက်မှာ နေရာနှင့် လူနှင့်မမျှ ရှုပ်ယှက်ကျပ် တောက်နေသည်။ ဒဏ်ရာရသူတို့ဟာ သူ့အရင်ခေါ်ပါ ငါ့အရင် ခေါ်ပါနှင့် အော်ကာ ညည်းကာ ရှိကြသည်။ အရေးပေါ်ဌာနက ဘျားသူနာပြု မသူနာပြုတို့ဟာလည်း သူတို့လုပ်နိုင်အားနှင့် လူ အုပ်နှင့် မမျှ၍ လိပ်ပတ်မလည်။

နာကျင်နေသော ဝေဒနာရှင်ကလည်း သူ့ကိုချက် ချင်းသယ်ဆောင်ခေါ်ယူ ပြုစုကုသပေးစေလိုသည်။ ပြုစုကုသပေး ရမည့် တာဝန်ရှိဝန်ထမ်းတို့မှာလည်း ရှိတဲ့လူအင်အားနှင့် လူနာ မျှရတဲ့ကြားထဲ လူနာရှင်တွေရဲ့ တစ်ယောက်တစ်ပေါက် တိုးလျှိုး ဘောင်းပန်ခြင်း၊ ဟိန်းဟောက်ဒေါသထန်ခြင်းတွေအကြား စိတ်ရှုပ် ညည် ဆွဲမဆန့်နိုင်တော့အောင် ဦးနှောက်ခြောက် ချာလပတ်ယမ်း ရသည်။

"ဒီမှာခင်ဗျာ … လူနာမဟုတ်တဲ့သူတွေ ထွက်ပါ … လူနာ မဟုတ်တဲ့သူတွေအားလုံး ထွက်ပေးပါ၊ ဒီနေရာမှာ လူနာနဲ့ တာဝန်ရှိသူလောက်ပဲနေပါ၊ ခင်ဗျားတို့ ဒီလိုတိုးဝှေ့ပြီး တစ်ယောက်တစ်ပေါက် လုပ်နေရင် ကျွန်တော်တို့ ကုသမှု နှောင့်နှေးအောင် အနှောင့်အယှက် ဖြစ်စေပါတယ်၊ ဒါဆို ရင် လူနာတွေမှာပဲ အကျိုးမဲ့ပါတယ်၊ အားလုံးထွက်ပေး ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝရှင်က အသံကိုမြင့်၍ အော်သည်။ လူနာ့အဖော်တို့က ထွက်မပေးချင်ကြ။ လက်ခုပ်ကိုတီး၍တီး၍ ထပ်ခါထပ်ခါ အော်မှ စုစုပုပ်ပုပ် မကျေမချမ်းနှင့် စလိုးမိုးရှင်း ခြေလှမ်းမျိုးတွေနှင့် နောက်ဆုတ်တယ်ဆိုရုံ ဆုတ်ကြသည်။

လူနာတွေထဲ သေလောက်တဲ့လူနာ မပါပါ၊ အကျိုးအပဲ့ အပေါက်အပြဲမျှသာဖြစ်၍ အသက်အန္တရာယ် ဘယ်သူမှ မစိုးရိမ်ရ။ ထောက်ကြံ့ကပါလာတဲ့ လူနာတင်ယာဉ်မှ ဝန်ထမ်း၊ အတူလိုက်ပါလာသော ယာဉ်ထိန်းရဲတို့နှင့် လူနာစာရင်းမှတ်တမ်း စသည်တို့ယူကာ လူနာတွေကို တစ်ယောက်ချင်း ဒဏ်ရာဝေဒနာ အနေအထား အကြမ်းဖျဉ်း စစ်ဆေးနေရင်းက မိန်းကလေးလူနာ တစ်ယောက်အလှည့်တွင် ...

"ခင်ဗျား ဘာဖြစ်တာလဲ၊ ဘယ်နေရာ ဘာဒဏ်ရာ ထိခိုက်လဲ"

"ဟို ... ကျွန်မကားကို ဟိုဘတ်စ်ကားက နောက်က ဆောင့်တိုက်တာဆိုတော့ မျက်နှာရှေ့ကိုငိုက်ပြီး ရိုက်တော့ နဖူးကွဲသွားတာပါ"

"နဖူးက ဒဏ်ရာပဲလား၊ တခြားနေရာရော ခြေ ... လက်"

"ခြေတွေ လက်တွေ ဘာမှမဖြစ်ပါဘူး"

"တခြားရော"

"ဒီရင်ခေါင်းလောက်နေရာကတော့ ဆောင့်မိလို့ နည်းနည်း အောင့်နေပါတယ်"





"စမ်းမယ်နော် ... ဖိကြည့်မယ် နာလား ပြော"

ဘဝရှင်က လူနာမိန်းကလေးရဲ့ ဝမ်းဗိုက်အထက် ရင်ခေါင်းစပ်နေရာနား လက်နှင့် ဖိနှိပ်စမ်းသပ်သည်။

"နည်းနည်းတော့ အောင့်တယ်"

မိန်းကလေးက ရှုံ့မဲ့ကာ ဆိုသည်။ ဘဝရှင်က နဖူးဒဏ်ရာကို သေချာကြည့်ရင်း ...

"နဖူးကဒဏ်ရာက ဘာမှမဖြစ်လောက်ဘူး၊ ချုပ်ဖို့ မလိုလောက်ဘူး၊ မူးသလား အန်ချင်တာရှိလား"

"မရှိပါဘူး"

"မရှိရင် ဆရာမ ဒီမှာ သူက ဓာတ်မှန် အာလ်ထရာ ဆောင်းရိုက်ဖို့ လိုမယ်၊ ဟုတ်ပြီနော် ... ဒီဆရာမနဲ့ ဆက်လုပ်မယ်"

လူနာကို တစ်ပါတည်း ငုံ့ပြောရင်း နံဘေးက နောက်တစ်ယောက်ထံ ကူးမည်ပြင်လျှင် ...

"ဆရာ ... ဟို ... နာမည်က ဘဝရှင်များလား"

"အာ ... ဟုတ်ပါတယ်ခင်ဗျ"

"အယ် ... ဘဝရှင်၊ ငါ စောယုလွင်ပါ၊ ဟိုဟာလေ ... ခုနစ်တန်းလား၊ ရှစ်တန်းလားတုန်းက တို့တွေ တစ်တန်းတည်းပဲ"

"ဟင် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... စောယုလွင်လေ၊ နင် မမှတ်မိဘူးထင်တယ်၊ ဒါပေမဲ့ နင်က နီလာဟန်နဲ့တော့ ခင်တယ် မဟုတ်လား"

"နီလာဟန် !၊ အား ... နီလာဟန် သိတယ် ... သိတာပေါ့၊ သြော် ... အေး ... မှတ်မိပြီ၊ နင်က နီလာဟန်နဲ့ တွဲတာပဲ၊ စောယုလွင် ... အေး ... မှတ်မိပြီ၊ ဟာ ... နင့် ကားနဲ့ တိုက်တာလား"

"အေးဟ ... ဟုတ်တယ်၊ ငါတို့က ပဲခူးက ပြန်လာတာ၊ မြို့ထဲပြန်အဝင် နောက်ကျတာလေ၊ ငါတို့ကားကို ဟိုခရီးသည်တင်ကားက ဘရိတ်ပေါက် နောက်ကဆောင့်ပြီး ဘေးကို ကွေ့သွားပြီး လမ်းဘေးတက်ပြီး သစ်ပင်ကိုဆက်တိုက်တာ၊ ငါတို့ကားက ဆောင့်လှုပ်သွားရုံလောက်ပဲ၊ ဘာမှမဖြစ်လို့ တော်သေးတာ၊ ကားပေါ်မှာ နီလာဟန်လည်း ပါတယ်၊ နီလာဟန်တောင် အခု အပြင်ဘက်မှာ ရှိလိမ့်မယ်၊ ခုနက သူ နင့်ကို မတွေ့လို့ ဖြစ်လိမ့်မယ် ဘဝရှင်၊ နင် ဆရာဝန် ဖြစ်နေတာကို"

"အေးဟ ... အဟဲ၊ နင့်ဗိုက်ထဲ ဆောင့်မိသွားတယ်ဆိုတာတော့ စိတ်ချရအောင် ဓာတ်မှန်တွေ ဘာတွေ ရိုက်ကြည့်ရမယ်၊ တခြား ဘာမှစိုးရိမ်ဖို့ မရှိပါဘူး၊ နီလာဟန်ရော ဘာဖြစ်သွားသေးလဲ"





"သူ ဘာမှမဖြစ်ဘူးဟ၊ ညဖူးညိုလည်း ကားပေါ်ပါသေးတယ်၊ သူလည်း ဘာမှမဖြစ်ဘူး"

"ဘယ်သူ ... ! ! ဘယ်သူ ပါသေးတယ်"

"ညဖူးညို"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၃)

"ပါပါရေ ... ပါပါ"

"........."

"ပါပါရေ ... ပါပါ"

ကားရပ်သံနှင့် တစ်ပြိုင်တည်း ပထမတစ်ခွန်း အော်သံ၊ နောက်တော့ အိမ်ထဲပြေးဝင်လာတဲ့ လူနှင့်အတူ နောက်တစ်ခွန်းက ကပ်ပါလာသည်။ ဧည့်ခန်းမှာထိုင်ကာ ဖုန်းပြောနေတဲ့ ပါပါက ဘဝရှင်ကို လက်ဝါးတစ်ဖက် ခဏကာပြထားတာမို့ ဘဝရှင်သည် ပါပါနှင့် မလှမ်းမကမ်းမှာ ခုန်တဆွဆွ မရိုးမရွ ဖြစ်နေပါသည်။

"သားလေး ... မုန့်ဟင်းခါး ချက်ပေးထားတယ်၊ စားပြီး ရေနွေးလေးနဲ့ ရေချိုးပြီး အိပ်လိုက်တော့ နားလိုက်တော့၊ သား နှစ်ဆယ့်လေးနာရီလုံး ဂျူတီဝင်ထားရတာ မဟုတ်လား"





"ဒေါ်ကြီး ဘာတွေ ထချက်နေတာတုံး၊ မုန့်ဟင်းခါးလေး လေး,ငါးပွဲ ဝယ်လိုက်ပြီးရော၊ နေလည်းမကောင်းပဲနဲ့"

"အမယ်လေး ... မနေ့မနက်က မင်းက နားဆိုလို့ နားရတာပါ သားရယ်၊ နေ့လယ်တည်းက လုံးလုံးအဖျားကျ၊ ဆေးတွေကြောင့် ချွေးတွေ ဘာတွေထွက်၊ ရေမိုးချိုးပစ်လိုက်ပြီး ညနေကျ လူကောင်းအရှင်း၊ ဒေါင်ဒေါင်ကိုမြည်လို့"

ဒေါ်ကြီးက ဘဝရှင်လက်ကိုဆွဲယူကာ သူ့နဖူးမှာ ကပ်ပေးလိုက်သည်။ အေးနေတာကို သက်သေထူတဲ့သဘော။ ဒေါ်ကြီးက ဘဝရှင်ကို သူ့သားကလေး အရင်းတစ်ယောက်နှယ် ချစ်လှပေသည်။

"ဒါဆိုလည်း ပြီးတာပဲ"

"ဘာတဆွေ့ဆွေ့ ခုန်နေတာလဲ၊ ဘာဖြစ်လာလို့တုံး၊ ဆရာကြီး ဖုန်းပြောနေသေးတာကို၊ မုန့်ဟင်းခါး စားနှင့်လေ"

"အာ ... ပါပါ့ကို ပြောပြီးမှပဲ စားတော့မယ်"

ဦးလင်းရှင်သည် စိတ်မဖြောင့် လက်မဖြောင့်နှင့် သားကိုကြည့်လိုက် ဖုန်းကိုပြောလိုက် လုပ်နေရာက "ဒါပဲဗျာ၊ နောက်မှ တွေ့မယ်"ဟု စကားကို ဖြတ်ချလိုက်ကာ ထိုင်ရာမှထ, လိုက်ရင်း ...

"ဘာဖြစ်လာလို့လဲ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဟဲ ... ပါပါ ... ဟဲ ဟဲ"

"ဟော့ကောင် ... မင်းအသက်အရွယ်က အပြင်ကနေ ပါပါရေ ... ပါပါရေ တကြော်ကြော်အော်ပြီး ပြေးလာရမယ့် အရွယ်လည်း လွန်မြောက်ပါပြီကွာ၊ ဘာတွေ ဒီလောက် ပျော်လာသလဲ ငါ့သား၊ တစ်ခုခုတော့ တစ်ခုခုပဲ ဘာလဲ"

"ပါပါ ... သား ဟိုကောင်မလေးကို ပြန်တွေ့ပြီ"

ဦးလင်းရှင်ရဲ့ မျက်ခုံးမည်းမည်းကြီး နှစ်ဖက်က စုံပင့်တက်သွားပါသည်။ နှစ်ပေါင်း အတော်ကြာသော်လည်း ဒီလိုစကားမျိုး သူ့သားနှုတ်က ဆင်တူထွက်ခဲ့ ပြောခဲ့ဖူးတာကို ချက်ချင်းပဲ အမှတ်ရသွားသည်ဖြစ်၍ "ဘယ်ကောင်မလေးလဲ" ပြန်မေးစရာ မလိုတော့ပါ။

ဆရာဝန်တောင်ဖြစ်ပြီး အသက်နှစ်ဆယ့် ခြောက်နှစ်ထဲ ရောက်နေတဲ့ သူ့သားဟာ အဲဒီကောင်မလေးကို ပြန်တွေ့တဲ့အဖြစ်အပျက်အပေါ် ဆယ့်ငါးနှစ်သားတုန်းကအတိုင်း ပျော်ရွှင် ခုန်ပေါက်နေသေးတာကိုသာ ဆန်းကြယ် အံ့အားသင့်ကာ သဘောတကျ ကြည်နူးစိတ်တစ်မျိုးကိုလည်း ခံစားလိုက်ရလျက် သူ့မျက်နှာပါ ပြုံးမြသွားရပါသည်။

"ဟုတ်လား ... ဟား ဟား ... ငါ့သားက ခုထိ ဒီလောက်တောင် ပျော်တုန်းလားကွာ၊ ပါပါတောင် သဘောကျသွားပြီ"

"အရမ်းပျော်တာပဲ ပါပါ၊ ဒီတစ်ညလုံး တစ်မှေးတောင် မငိုက်ရဘူး၊ နာရီဝက်လောက်တောင် အနားမရဘူး၊ အရေး





ပေါ်လူနာတွေ များလွန်းလို့ ဖယ်စက်သလို အလုပ်ရှုပ်တဲ့ တကယ့် ဘလက်ခ်နိုက်ကြီး ပါပါရ၊ ဒါပေမဲ့ သား လုံးဝ မပင်ပန်းဘူး၊ သန်းခေါင်မရောက်ခင်ကတည်းက လူက လန်းနေတာ ခုထိလည်း လန်းဆန်းနေတာပဲ ... ဟား ဟား"

"နေစမ်းပါဦး သားရာ၊ အဲဒီကောင်မလေးကို ညကတွေ့ လာတာဆိုတော့ သူက အရေးပေါ် ရောက်လာတာလား၊ ဘာဖြစ်လို့လဲ"

သားအဖနှစ်ယောက်သား ထမင်းစားပွဲမှာ ဝင်ထိုင်ကာ ဒေါ်ကြီး ပြင်ဆင်ပေးတဲ့ မုန့်ဟင်းခါးကို အားရပါးရ စားကြရင်းက ဘဝရှင်က ပါပါ့ကို ဇာတ်ကြောင်းတွေ ပြန်လှန်ပြော ပြပါသည်။ ပါပါက စိတ်ဝင်တစား နားထောင်ပေးပါသည်။

"ဒါနဲ့ သူကရော သားကို မှတ်မိလား"

"အာ ... မှတ်မိတာပေါ့ ပါပါရာ"

ဘဝရှင်လေသံက ဂုဏ်ယူသံကြီးနှင့် အားပါးတရ ပင်။

"သားက အထဲမှာ နည်းနည်းပါးပါး အခြေအနေကောင်းမှ အပြင်ဘက်ကို ထွက်နိုင်တာ၊ အဖော်ပါလာတဲ့သူတွေ ဘာတွေကို အပြင်ထွက်ခိုင်းထားတာကိုး၊ အပြင်မှာက ဖုန်းဆက်ကြ၊ အကြောင်းကြားကြနဲ့ အိမ်ကမိသားစုတွေပါ လိုက်လာကြတာ လူတွေက ရှုပ်ယှက်ခတ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ အပြင်ဘက်ကို ထွက်ထွက်ချင်း ဒီလောက်များပြားတဲ့ လူအုပ်ရှုပ်ရှုပ်ထဲမှာ ညဖူးညိုကို အရင်ဆုံး လှမ်းမြင်သလို "ဆရာဝန် ထွက်လာပြီ"ဆိုပြီး ဆူဆူညံညံ အုတ်အုတ်ကျက်ကျက်မှ အသံလေးကွေ့စဲ၊ လူလေးတွေရှိကာ သူ့ဘက်လှည့်ကြည့်လိုက်ကြတဲ့ သူတွေထဲ အပါအဝင်ဖြစ်တဲ့ ညဖူးညိုဟာ ဘဝရှင်ကို ငေးမောကြည့်နေရာမှ နှုတ်ခမ်းကလေး ပွင့်ဟလာခဲ့သည်။

ညဖူးညိုကို အစ်မကြီး တစ်ယောက်က ပခုံးလေးမှ ပိုက်ပိုက်ထွေးထွေး ဖက်ထားကာ ညဖူးညို့ရဲ့ မျက်နှာကလေးဟာ နွမ်းနယ်လွန်းအား ကြီးနေခဲ့သည်။ သို့ပေမဲ့ အဲဒီနွမ်းနယ်နေတဲ့ မျက်နှာကလေးမှ မျက်ဝန်းအစုံဟာ ရုတ်ခြည်းတောက်ပလက်ဖြာလာကာ နှုတ်ခမ်းလေးက ပွင့်ဟဟနှင့်။ လက်ကလေးတစ်ဖက်ကတော့ ကတုန်ကယင် မြှောက်တက်လာကာ ဘဝရှင်ထံ လက်ညှိုးကလေး ညွှန်ရောင်ပြုနေလေသည်။

ဘဝရှင်က လူတချို့ကို ဖြတ်ကျော်လာခဲ့ပြီး ညဖူးညိုရဲ့ရှေ့ဘက်ကို စိတ်လှုပ်ရှားစွာ ရောက်ရှိလာချိန်တွင် ...

"နင် ... ဘဝရှင် မဟုတ်လား"

ညဖူးညိုထံမှ စတင်ထွက်ကျလာတဲ့ စကားသံ။

"သူက သားကို တွေ့တွေ့ချင်းပဲ လက်ညှိုးထိုးပြီး နင် ဘဝရှင် မဟုတ်လားလို့ အရင်မေးတာ ပါပါ"

"ဟား ဟား ... အေးပါကွာ၊ မင်း တော်တော်ပျော်သွားမှာပေါ့"





"အဟား ဟား ... ပါပါကလည်း၊ သား ဆေးကျောင်းလာတက်ကတည်းက သူ့ကိုရှာတာလေ၊ သူ စင်ကာပူထွက်သွားတယ်လို့ သတင်းကြားခဲ့ရတာလေ၊ နောက်တစ်ခါ သူ ဟိုမှာ အလုပ်ဝင်နေတယ်လို့ ကြားရပြန်ရော၊ အဲဒီတော့ သား မျှော်လင့်ချက်တွေ လျော့ကုန်တာပေါ့ ပါပါရာ၊ တစ်နေ့နေ့တော့ ဒီကို ခဏဖြစ်ဖြစ် အပြီးဖြစ်ဖြစ် ပြန်တော့လာကိုလာဦးမှာပဲ၊ ဖူးစာရေစက်ပါရင် ပြန်ကိုဆုံရလိမ့်မယ်လို့သား တွေးထားလိုက်တာလေ"

"အေးပါ ... အေးပါ၊ တခြား ဘာတွေထူးခြားသေးလဲ သားရဲ့"

"ဘာမှ ထူးထူးခြားခြား မရှိပါဘူး ပါပါရာ၊ နီလာဟန်ဆိုတာ သားနဲ့ပိုခင်တဲ့ ကောင်မလေး၊ သူလည်း ပါလာတော့ သူနဲ့က စကားပိုပြောဖြစ်တာပေါ့၊ ညဖူးညိုက အစကတည်းက အရမ်းစကားနည်းတာလေ၊ အခုလို စိတ်တွေရှုပ်ပြီး လန့်လည်းလန့်ထားရတဲ့အချိန် ပိုတောင်ဆိုးတာပေါ့၊ သူ့အစ်မတွေကလည်း ခေါ်လို့ရရင် ပြန်ခေါ်သွားချင်ကြပြီ၊ ရဲကလည်း ပြန်ခွင့်ပြုလိုက်တာနဲ့ ဒဏ်ရာရတဲ့ စောယုလွင်ကိုခေါ်ပြီး ပြန်သွားကြတယ်၊ စောယုလွင်ကလည်း ဘာမှ သိပ်မဖြစ်ပါဘူး၊ အခြေအနေကောင်းတယ်"

"ဟင် ... သားက ကောင်မလေးနဲ့ ဘာမှ သေသေချာချာ မပြောဖြစ် မမေးဖြစ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ပြန်တွေ့တွေ့ချင်းလည်းဖြစ် သူလည်း စိတ်ရှုပ်နေတော့ လိပ်စာတွေ ဘာတွေ ဟိုဟိုဒီဒီတွေ လျှောက်မေးနေဖို့ အချိန်မတန်သေးဘူးပေါ့ ပါပါရ၊ ဖုန်းနံပါတ်တော့တောင်းထားလိုက်ပါတယ်၊ ဒါတောင် ဖုန်းနံပါတ်တောင်းနေတာ သူ့အစ်မက သိပ်သဘောမကျဘူးလား မသိဘူး"

"သူ့အစ်မရင်းလား"

"အဲဒါ သားမသိဘူး ပါပါရဲ့၊ သူ့ရဲ့မိဘညီအစ်ကိုမောင်နှမ သူ့မိသားစုအကြောင်း သား ဘာမှသိတာမှ မဟုတ်တာ၊ သူနဲ့တော့ အသက်နည်းနည်းကွာမယ်၊ ဒါတွေနောက်မှ သူနဲ့တိုက်ရိုက်ဖြစ်ဖြစ် နီလာဟန့်ကိုဖြစ်ဖြစ်မေးလို့ရပါတယ် ပါပါရဲ့၊ အခု အရေးကြီးတာက သူ့ကိုပြန်တွေ့ပြီး ဘယ်နည်းနဲ့မဆို ရှာဖို့လွယ်ကူသွားတဲ့ လမ်းကြောင်းတွေရှိပြီ၊ စောယုနွယ်ရဲ့လိပ်စာတော့ ယူထားလိုက်တယ်လေ၊ ဘယ်လိုပဲဖြစ်ဖြစ် ညဖူးညိုကို သား ဆက်သွယ်ဖို့ အလွယ်လေး"

"ဒီကြားထဲ အဲဒီကလေးမနှစ်ယောက်နဲ့ရော သား မတွေ့ဘူးလား"

"စောယုနွယ်ကို သေချာမသိဘူး၊ နီလာဟန်ကိုတော့အဆက်အစပ် ရှိမယ်ထင်တဲ့သူတွေ၊ သားနည်းနည်းပါးပါးမေးကြည့်သေးတယ်၊ အဝေးသင်တက္ကသိုလ်ပဲ တက်တယ်ထင်တယ်လို့ ပြောကြတယ်၊ သူတို့လည်း ဘယ်တွေရောက်





ဘာတွေလုပ်နေလဲ နောက်မှ ပြန်မေးကြည့်ရမယ် ပါပါရဲ့၊ အရေးကြီးတာက သား သူ့ကို ပြန်တွေ့ပြီ၊ အဲဒါပဲ ... ဟား ဟား"

ဘဝရှင်က ထိန်းချုပ်မရအောင် အူမြူးလျက်ရှိပါသည်။ သူ့ရင်တွေဟာ ခုချိန်ထိ ခုန်နေတုန်းပင်။ သူ ရင်တွေခုန်သွားသလို ညဖူးညိုလည်း စိတ်တွေလှုပ်ရှားနေခဲ့တာ သေချာသည်။ သိသိသာသာ တုန်လှုပ်နေတာ။ ဒါဟာ ကားတိုက်မှုဖြစ်ခဲ့လို့ တစ်ခုတည်းကြောင့် မဟုတ်နိုင်ပါ။ သူ့ကိုတွေ့မှ ထူးထူးခြားခြား ထပ်မံတုန်လှုပ်သွားတာပါ။ သူ သေချာသိပါသည်။

ဒါဆို ဒီကြားထဲ အတောအတွင်း နှစ်ကာလတွေမှာ သူ့ကို ညဖူးညို သတိတရ အမှတ်တရ ရှိခဲ့လေသလား။ ဆောက်ပလက်ဖြာသွားခဲ့တဲ့ မျက်လုံးကလေးများဟာ အံ့သြဖွယ်ကောင်းသည်။ အဲဒီထဲမှာ ဆို့နစ်လှိုက်လှဲခြင်း အရိပ်အရောင်တချို့လည်း ပါသည်။ ပါသည်လို့ ထင်သည်။ အဲဒါ ဘာ့ကြောင့်လဲ။ သူ့ကို မျှော်လင့်ရှာဖွေနေခဲ့လို့များ ရုတ်တရက်အတွေ့မှာ ဝမ်းနည်းဝမ်းသာ ဖြစ်သွားတာလား။ သူနဲ့ထပ်တူလေ။

"သားရယ် ... ထပ်ထည့်စမ်းပါဦး၊ အစားကို ဂရုတစိုက်အားရပါးရ စားစမ်းပါ၊ ပြန်တွေ့တယ်ဆို ပြီးရောပေါ့ ဒီထက် ဘာပိုလို့လဲ"

"အာ ... ဒေါ်ကြီးကလည်း အများကြီးပိုတာ၊ ပိုလာဦးမှာ၊ တကယ်လို့များ ဟိုတုန်းကတွေလို အိမ်ကိုများ မလော်



www.burmeseclassic.com

www.burmeseclassic.com



တဆယ်ပေါ့လေ သူ ဖုန်းဆက်တာမျိုး ရှိလာခဲ့ရင် ဒေါ်ကြီး အရင်ကောင်မလေးတွေလို ဘုကန့်လန့်တွေပြောပြီး ချမပစ်နဲ့နော်၊ အရင်က ဒါမျိုးတွေ ဒေါ်ကြီး ကြိုက်တာလုပ်၊ သားဘာမှမပြောဘူး၊ အခု ညဖူးညိုက ဒါတွေနဲ့ မတူဘူးနော်"

"အလိုတော်"

ဒေါ်ကြီးက သဝန်တိုစွာ ရေရွတ်ချင်း သူ့ရင်ဘတ်သူ ဖိနေပါသည်။

✣ ✣ ✣



(၄)

ဘုရားရှိခိုးပြီး ဆင်းလာခဲ့သော ညဖူးညိုသည် ထမင်းစားခန်းဘက်ဆီ လျှောက်လာခဲ့သည်။ ကြီးမားရှည်လျားလှသော အနက်ရောင် ဂရင်းနိုက်ကျောက်စားပွဲကြီးမှာ အိမ်က မိသားစုတွေ လူစုံနေသလောက် ရှိပုံရလျက် စကားသံတွေလည်း တစ်ယောက်တစ်ပေါက် ခပ်အုပ်အုပ် ထွက်ပေါ်နေသည်။

အိမ်မှာက မိသားစုပေါင်းများစွာ စုရုံးနေကြတာဖြစ်၍ ဒီလိုနေဖို့ရာဟာလည်း ဘွားရဲ့အလိုဆန္ဒဖြစ်သည်။ အားလုံးဟာ ကိုယ်ပိုင်ခြံမြေတွေ အိမ်တွေ ပိုင်ဆိုင်ကြသော်လည်း ငှားတန်ငှား၍ ဒီအိမ်မှာသာ စုနေကြတာ ဖြစ်ပါသည်။ တစ်ထပ်မှာ Sq feet ၂၅၀၀ ကျော်ရှိတဲ့ သုံးထပ်တိုက်ကြီးမှာ သူတို့အားလုံးနေဖို့ရာ နေရာလည်း ခုထိတော့ လုံလုံလောက်လောက်ပင်။

ထမင်းစားခန်း ခန်းမကျယ်ကြီးထဲ ချိုးဝင်လိုက်လျှင် ထိပ်ဆုံးခုံမှာ ဝှီးချဲနှင့် ထိုင်နေသော ဘွားကို တွေ့တာမို့ ညဖူးက ဘွားအနား ဦးစွာကပ်သွားကာ ဘွားပခုံးကိုဖက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွား ... နေကောင်းလား၊ အောက်ထိဆင်းစားနေတယ်၊ ဘွား မျက်နှာလည်း လန်းတယ်နော်၊ ဒီမနက် ပရက်ရှာ ကောင်းလား ဘွား"

"သမီးလေး ... ည"

ဘွားက လှည့်ကြည့်ကာ ညဖူးလက်ကို ဆုပ်ကိုင်လိုက်သည်။ ဘွားရဲ့ဗိုးချဲနောက်က ဘွားအတွက် အချိန်ပြည့် အိမ်မှာထားပေးသော သူနာပြုဆရာမက ...

"ပရက်ရှာ ကောင်းပါတယ် ညည၊ တစ်ရာ့သုံးဆယ် ခုနစ်ဆယ်"

"သမီး ခုနပဲ ဘွားမေးနေတာ၊ သမီး ဘုရားရှိခိုးနေတယ် ဆိုလို့၊ လာ ... ဘွားနားထိုင်"

ဤအိမ်တွင် ထမင်းဝိုင်းရှိ ခုံများမှာ အသက်အရွယ်နှင့် ဝါစဉ်အလိုက် မသိမသာ သတ်မှတ်ချက်ရှိပြီးဖြစ်ရာ မမကြီးရဲ့သားတွေဖြစ်သော ကျော်ကျော်တို့ မော်မော်တို့က ဟိုးဘက်အစွန်မှာ ဖြစ်သည်။ မမဆင့်တို့ မမနု ကလေးတွေဟာလည်း ဟိုးတစ်ဖက်စွန်ထိပ်မှာပင်။

ဘွားရဲ့ဘယ်ဘက်ကပ်လျက် ချိူးထားသော ခုံမှာ မမကြီး ထိုင်နေ၍ ဘွားက ညဖူးကို သူ့ရဲ့ညာဘက်ကပ်လျက် ခုံသို့ ညွှန်ပြလိုက်တာ ဖြစ်သည်။ ဒီမနက်မှ ဘွား အောက်ဆင်းစားတာ။ နာရေးကိစ္စ ပြီးကတည်းက ဘွားခမျာ မစားနိုင်မသောက်နိုင် အတော်ဂရုတစိုက် ပြုစုစောင့်ရှောက် ထားရတာ





မို့ အမြဲတမ်း အပေါ်ဆုံးထပ် အခန်းထဲကိုသာ စားစရာသောက်စရာ ဗန်းကြီးဗန်းငယ်နှင့် ပို့ရပါသည်။ ခုတစ်ကြိမ်ဟာ ပထမဆုံးအကြိမ် အောက်ပြန်ဆင်းတာပင်။

"ထိုင်လေ ... ညလေး၊ ထိုင် ... ထိုင်"

"ညလေးဖို့ ဒင်မ်ဆမ်းကို ပူပူလေးနွေးပြီး ယူလာပါဟေ့"

ဒီမနက်ဘရိတ်ဖတ်စ်ဟာ အိမ်က Cook ရဲ့စပယ်ရှယ် ဒင်းမ်ဆမ်းမ် ဖြစ်ပေမည်။ ကိုကိုလတ်နှင့် ကိုကိုလေးရဲ့ပြိုင်တူအပြောကြောင့် ဝင်ထိုင်ဖို့ တုံ့နှေးနေသော ညဖူးညိုက ...

"ဘွား ... ည ဟိုဘက်နားမှာပဲ"

"အို ... ဒီမှာထိုင်ပါ ညဖူးရယ်"

"ထိုင်လိုက်ပါ ညဖူးရယ်၊ ဘာမှ စိတ်ထဲတစ်မျိုးမဖြစ်နဲ့၊ မမဆင့်တို့ အားလုံးက မေမေနဲ့တစ်စိတ်တစ်ဝမ်း၊ မေမေကြည်ဖြူရင် ကြည်ဖြူပြီးသား၊ ဝါစဉ်ကိုလည်း လက်ခံနားလည်ပြီးသားပဲ၊ တစ်ခုပဲ ရှိပါတယ်"

မမဆင့်ရဲ့စကားကြောင့် ညဖူးလည်း မထိုင်ဖြစ်သေးဘဲ အားလုံးကလည်း မမဆင့်ထံ ငုံ့ကြည့်ကြပါသည်။

"ဘယ်လိုမှ သဘောမထားနဲ့နော် ညဖူး၊ ဆင့်ဆင့်စကားမှားရင် မေမေလည်း ခွင့်လွှတ်နော်၊ ဟိုလေ ... ညဖူးက ဘယ်လိုပဲဖြစ်စေ လူကြီးအရာမှာ နေရတော့မယ့်သူဆိုတော့ အခု ဝင်ထိုင်ရတဲ့နေရာနဲ့ လိုက်လျောညီထွေရှိအောင်လေးပါ၊ အခုဝတ်ထားတဲ့ ဂါဝန်တိုအစား လူကြီးလိုပေါ်



www.burmeseclassic.com

www.burmeseclassic.com



တမင်ကို ရင့်အောင်ချပြီး နေထိုင်ဝတ်စား ပြင်ဆင်ဖို့လို လာပြီ ညီမလေး၊ ဆင့်ဆင့် ပြောတာ မှန်ပါရဲ့လား မေမေ"

ညဖူးသည် ဒူးလေးနှစ်လုံးပေါ်အောင် ဒူးအထက်နားလေး ရောက်နေတဲ့ အိမ်နေရင်း ချည်ထည်ဂါဝန်အဝါနုအပွင့်လေးရဲ့အောက်နား ခပ်ကားကားလေးကို လက်နှစ်ဖက်နှင့် ဆုပ်လိုက်မိကာ ကိုယ်ကိုယို့ရုံမလို ပြေး၍ အဝတ်လဲရမလို ကယောင်ကတမ်း ဖြာများသွားရပါသည်။ မမဆင့် ဒါမျိုးပြောတာ အသုဘရဲ့နောက်မှာ နှစ်ကြိမ်တောင် ရှိခဲ့ပြီ။

"အင်း ... သမီး ဆင့်ဆင့် ပြောတာ မမှားပါဘူးလေ၊ ကဲ သမီး ... ထိုင် ထိုင်"

ဘွားက လက်ဆွဲထိုင်ခိုင်းလိုက်၍ ညဖူးက ကတ္တီပါဖုံနီညိုရောင် တပ်ထားသော ကျွန်းကုလားထိုင် မတ်မတ်မှာ ခပ်ယို့ယို့ ဝင်ထိုင်လိုက်ပါသည်။ စိတ်ထဲမတော့ မထိုင်ချင်ပါ။ ထိုင်ကို မထိုင်ချင်ပါ။ ကျော်ကျော်တို့ မော်မော်တို့နားပဲ ပြေးထိုင်လိုက်ချင်သည်။ တကယ်တော့ ကျော်ကျော် မော်မော်တို့နှင့်မှ ညဖူးက သက်တူရွယ်တူ နီးပါးတွေ မဟုတ်လား။ ကျော်ကျော်က ညဖူးထက် ခြောက်လကြီး၍ မော်မော်က ညဖူးထက် သုံးနှစ်ငယ်ပါသည်။

"ညဖူးဘက် ငရုတ်ဆော့စ် ချပေးပါ"





ကိုကိုလေးက မလှမ်းမကမ်းမှာ ဆော့စ်လုပ်ဖို့ အသင့်ရှိသော အိမ်ရဲ့အလုပ်သမား ကျင်ကျင်ကို လှည့်ပြောလိုက်သည်။ ညဖူးနှင့် မလှမ်းလှသော နေရာမှ ကိုကိုလတ်ကလည်း သူ့ရှေ့နားမှာရှိတဲ့ Tabasco pepper sauce ပုလင်းလေးကိုယူကာ ညဖူးရှေ့က ဆော့စ်ပန်းကန်လေးကို မှောက်ရာမှလှန်လျက် ကိုယ်တိုင်သေချာထည့်ပေးလိုက်ပါသည်။ ကျင်ကျင် လာချတဲ့ ငရုတ်ဆီပန်းကန်ငယ်၊ ကိုကိုလတ် ထည့်ပေးတဲ့ ဆော့ပန်းကန်ငယ်၊ မြမြတို့ အေးခတို့ အသီးသီး လာချကြတဲ့ ဒမ်ဆမ်နှီးခွက်ကလေးများငယ်နှင့် ညဖူးညီရှေ့ ဖွယ်ဖွယ်ရာရာ ဖြစ်သွားကာ အငွေ့လေးတွေ တထောင်းထောင်းနှင့် စားချင်စဖွယ် ဖြစ်လေရာ ညဖူးဗိုက်မှ တကျုတ်ကျုတ် မြည်လာသည်။

ညကလည်း ထမင်းဝိုင်းမှာ ညဖူး ထမင်းမဝ။ သူတို့အားလုံးရဲ့ တတွတ်တွတ် လက်သုံးစကားဟာ "ညလေး ... ညဖူး ... ဝင်အောင်စားနော်၊ မဝင်လည်းမျိုချ စားရမယ်၊ စားနော် ညီမလေး၊ ကိုယ့်ကျန်းမာရေး အရေးကြီးတယ်၊ မစားချင်ဘူး မလုပ်နဲ့ စားနော်၊ နည်းနည်းလေးတော့ စားလိုက်ကွယ်" ဆိုတာချည်းပါပင်။

ထိုအခါ များများစားချင်နေသော ညဖူးမှာ နှိုက်ဖို့နှင့်ရုက်လက်ခက်ကာ မျိုချဖို့ နင်ရတော့သည်။ စောင့်ကြည့်နေသူများရှေ့၌ ထမင်းစားရသည်မှာ မလွတ်မလပ် စနောင့်စနင်းနှင့် မစားရဲ မသောက်ရဲ ရှိတော့ကာ နည်းနည်းပါးပါး စားပြီးဆော်လိုက်ရသည်မှာ ဘယ်လောက်တောင် ကြာပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း လူအများစုံရာရှေ့။ ဗိုက်ကတကျွတ်ကျွတ်။ ညဖူးညိုသည် တူကလေးနှင့် ဝက်သားဆေးဘဲဥပေါင်း တစ်တုံးကိုယူကာ ပါးစပ်ထဲထည့်ပြီး မပြီးနိုင်အောင် ဖြည်းဖြည်းချင်းဝါးနေရသည်ကို ကိုယ့်ကိုယ်ကိုယ်ပင် ရှက်လာပါသည်။ စားမဝင်သလို နှင်နေရမယ် မဟုတ်လား ညဖူးရယ်။

"ကိုယ် ... ညဖူးကို ကော်ဖီလေးထည့်ပြီး ကမ်းပေးလိုက်ပါဦး"

မမဆင့်ရဲ့ စီမံခန့်ခွဲသံကြောင့် သူ့အစား သူငုံ့စားနေသော ကိုကိုငယ်က ကယောင်ကတမ်းထ,ကာ ကော်ဖီကရားမှ ကော်ဖီတစ်ခွက် ငှဲ့ထည့်ပါသည်။ ကြားမှာ လူခြားနေ၍ ကိုကိုငယ်က မတ်တတ်ထရပ်ကာ လှမ်းပေးတဲ့ ကော်ဖီပန်းကန်ကို ကိုကိုလတ်က တစ်ဆင့်ယူကာ ညဖူးရှေ့ ချလိုက်ပါသည်။

"ဟုတ် ... ရပါတယ် ကိုကိုလတ်"

"များများစား၊ များများစား"

"ဟုတ်"

"မေမေ ... ဆင့်ဆင့် ပြောထားတာလေး ဘယ်လိုသဘောရလဲဟင်"

"ဘာလဲ သမီး"

"ညဖူးကို ဒီဘက်ကုမ္ပဏီရုံးမှာ မဟုတ်တော့ဘဲ အခုအသစ်ဖွင့်တဲ့ ကလင်းနစ်မှာပဲ အုပ်ချုပ်ဖို့ ပြောင်းလိုက်ရင် ဘယ်လိုလဲလို့လေ"





ညဖူးညိုက မမဆင့်ကိုတစ်လှည့် ကိုကိုလတ်ကိုတစ်လှည့် ဘွားကိုတစ်လှည့် မျက်စိသူငယ်နှင့် ကြည့်လိုက်ပါသည်။ ဘွားက စဉ်းစားနေဟန် ငြိမ်နေသည်။

"ဒီဘက်မှာ ဘာပဲဖြစ်ဖြစ် ညဖူးအတွက် အမှတ်ရစရာ သတိရစရာတွေ၊ အများကြီး ဖြစ်နေမှာလေ မေမေ၊ စိတ်သစ် လူသစ် နေရာသစ်မှာ ညဖူးအတွက် ပိုပြီးသက်သောင့်သက်သာ ရှိမလားလို့ပါ"

တကယ်တော့ ဒေါ်ဆင့်ဆင့်သည် ညဖူးညိုသာ ဆေးခန်းဘက် ပြောင်းရွှေ့လျှင် သူသာ စိတ်သက်သောင့်သက်သာ အရှိဆုံး ဖြစ်ပေမည်။ တစ်အိမ်လုံး ဝိုင်းဝန်းသနားကာ ဖူးဖူးမှုတ်သဲသဲလှုပ်ဖြစ်နေကြသော ညဖူးညိုကို သူ့ရဲ့ခင်ပွန်းသည် ကိုကိုလတ်ကပါ ညဖူး ညီမလေးနှင့် ဂရုစိုက်လွန်းမက စိုက်လွန်းနေတာကို အတော် နှလုံးရောဂါရချင်နေပြီဖြစ်သည်။

ရှေ့တင် လူကိုယ်တိုင် ဂရုစိုက်တာတင် မကဘဲ ကွယ်ရာမှာပါ သက်ပြင်းတချချ ခေါင်းခါခါ လည်ခါခါနှင့် "ညဖူးလေးကွာ သနားပါတယ်၊ ဂရုစိုက်ပါ ဆင့်ဆင့်ရာ"နှင့် နှတ်တဖွဖွ။ တစ်ခွန်းတလေဆို ဘယ်လိုမှ မနေပါ။ ခုတော့ နေ့စဉ်နဲ့အမျှ။ ဒေါ်ဆင့်ဆင့် နားကလောကာ မခံစားနိုင်တော့ဘာ အမှန်။

ကိုကိုလေးလည်း ဘာမှမထူး။ အဲဒီအတိုင်းပင်။ သို့သော် နုနုကတော့ သူ့လို ဟိုးအရှည်ကို တွေးမျှော်မြင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံမရ။ သဘောကောင်းသလိုလိုနှင့် ထူတူတူ နုံတုံတုံ နိုင်တယ်ဟု နုနုကို သတ်မှတ်ထားတာဖြစ်သည်။ ဟိုးအရှည်သဖြင့်မှာ ဘာမှ မဖြစ်ပါဘူးပဲထား၊ အဆိုးဆုံး ဖြစ်မည်လို့လည်း ဆင့်ဆင့်က ထင်မြင်နေတာမျိုးတော့ မဟုတ်။ ကိုယ့်ကိုထက် ဂရုစိုက် ကိုယ့်ကို ထက် အကြင်နာပို သည်းသည်းလှုပ်နေတာကို လတ်တလောမှာ ပင် ရင်ထဲကလိကလိ ဖြစ်လှပြီ။

ရုံးချုပ်ကြီးမှာက အရင်ကတည်းက ကိုကိုကြီးနှင့် ကိုကိုလတ် အတူတူထိုင်တာ ဖြစ်ခဲ့သည်။ ကိုကိုလေးနှင့် နုနုက ငွေလွှဲနှင့် ရွှေလုပ်ငန်းကို တာဝန်ယူသည်။ ကိုကိုငယ်က ကားရှိုးရွမ်း။ ဆင့်ဆင့်က တက္ကသိုလ်မှာ အလုပ်ဝင်နေဆဲမို့ အိမ်ရဲ့ စီးပွားရေးလုပ်ငန်းတွေထဲ မပါဝင်ပါ။ ဒီတော့ အခုဆို ရုံးချုပ်မှာ ကိုကိုလတ်နှင့် ညဖူးညို့ နှစ်ယောက်သာ ရှိတော့မည်မို့ ညဖူးကို တခြားတစ်နေရာရာ ရွှေ့ပြောင်းစေလိုခြင်းဟာ ဆင့်ဆင့်အဖို့ အရေးကြီးဆန္ဒ ဖြစ်သည်။

ဆေးခန်းသစ်ကြီးဟာ ဖွင့်လှစ်ပြီးတာ မကြာသေး။ ခေါင်းဖျားမှ ခြေအဆုံး အလုံးစုံ အမျိုးမျိုး စစ်ဆေးနိုင်သော စက်ကိရိယာများနှင့် အဆင့်မြင့်ခာတ်ခွဲခန်း ပါဝင်သော ပိုလီကလင်းနစ်ကြီး ဖြစ်သည်။ အတွင်းလူနာ မထားသော်လည်း စပါယ်ရှယ်လစ်မျိုးစုံ ဦးရေစုံလင်များပြားလှသော ဆေးခန်းကြီးပါ။ ဒါကို ရုံးချုပ်ကပဲ တွဲအုပ်ချုပ်နေတာကနေ ညဖူးညို့ကို သီးသန့်စီမံခန့်ခွဲစေလျှင် အသင့်တော်ဆုံးဟု ဒေါ်ဆင့်ဆင့်က ယူဆသည်။





"သမီးလေးက အလုပ်ခွင် ပြန်ဝင်ချင်တဲ့ဆန္ဒ ရှိသေးရဲ့လား"

"ညု ပြန်ဝင်ချင်ပါတယ် ဘွား၊ ပြီးတော့ မမဆင့် ပြောသလို ကလင်းနစ်မှာလည်း လုပ်ချင်ပါတယ် ဘွား"

ညဖူးညို့၏ ရပ်တည်ရှင်သန်ရေးသည် ဤမိသားစုကြီးပေါ်၌သာ တည်မှီနေသည်။ ဤမိသားစုဝင်များ တစ်ဦးတစ်ယောက်မျှရဲ့ အငြိုငြင်ကိုလည်း ညဖူး မခံယူရလို့။ မိသားစုဝင်ထဲက ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ ဆန္ဒကိုမဆို နာခံလိုက်လျောဖို့ ညဖူး အသင့်ရှိသည်။ အဲဒီ အပြင် ...။

ဆေးခန်းဆိုတာ ဆရာဝန် ဆိုတာနှင့် အပတ်သက်ဆုံးသော နေရာဌာနတစ်ခုပင်။ ဆရာဝန်ဆိုသည်မှာ ညဖူးအတွက် ဘယ်တုန်းကမှ တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်တယ်ရယ်လို့ ခံစားရဖူးပေမယ့် ခုတော့ "ဆရာဝန်"ဆိုသည့် ပညတ်အမည်တစ်ခုနှင့် ကိုယ်နှင့် အမျိုးတော်သလို စပ်ဆိုင်သလို ညဖူး ခံစားနေရသည်။ "ဆရာဝန်"ဆိုသည့် စကားလုံးလေး တစ်လုံးကိုပင် သံယောဇဉ်တွယ်ကာ ဆေးခန်းဆိုတာသည် ကိုယ်နှင့်ပတ်သက်ဆက်နွယ်ဖွယ် နေရာဒေသတစ်ခုကဲ့သို့ အလိုအလျောက် ရင်းနှီးစိတ်ဝင်နေလေသည်။

"ဒါဆို သိပ်အဆင်ပြေတာပေါ့၊ ဆင့်ဆင့် ပြောသလို လုပ်ကြတာပေါ့၊ အားလုံးရော သဘောတူကြလား"



www.burmeseclassic.com

www.burmeseclassic.com



"တူပါတယ် မမေ၊ ညဖူးလည်း ဆန္ဒရှိတော့ ကောင်းပါတယ်"

အားလုံးထံမှ တညီတညွတ်တည်း ဤသဘောသာ ထွက်လာခဲ့၍ ဒေါ်ဆင့်ဆင့်ရဲ့ မျက်နှာကလည်း ကျေနပ်ကြည်လင်သွားပါသည်။

"အစောပိုင်းကာလတွေမှာ ကိုယ်လည်း ရှီးရှမ်းက ခဏ တဖြုတ်ခွာပြီး ညဖူးလေး လိုတာရှိရင် ကူညီပေးလိုက်ပေါ့"

အားလုံးက ဆင့်ဆင့် စကားကြောင့် ဆင့်ဆင့်ထံ လှမ်းကြည့်ကြပါသည်။

✤ ✤ ✤



(၂)

YKKO ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်လျှင် ညဖူး မောင်းလာသော ကားရဲ့အရှိန်က ရုတ်တရက်နှေးကာ တုံ့သွားပါသည်။ ကားထဲမှ ဆိုင်းဘုတ်ကိုငေးကာ မျှော်ကြည့်ရင်း ဗိုက်ထဲက ချက်ချင်းပင် သံစုံမြည်သလို ခံစားလာရသည်။ အံ့သြစရာကောင်းတဲ့ အဖြစ်သနစ်။ စိတ်ပျက်ဖို့လည်း ကောင်းလိုက်တာ။

ညဖူးသည် ကြာကြာမစဉ်းစားဘဲ အနီးတစ်ဝိုက်၌ ပါကင်နေရာရှာကာ ကမန်းကတန်းပင် ကားကို ပါကင်ထိုး ရပ်လိုက်ပါသည်။ ညနေသုံးနာရီခွဲ နေစွယ်မကျိုးသေးဘဲ ပူဆဲနေရှိန်ကြောင့် တပ်ထားတဲ့ နေကာမျက်မှန်ကို ဆိုင်ထဲအထိ မချွတ်တမ်း တပ်လာခဲ့ပါသည်။ မမဆင့် စကားကြောင့် ဝတ်ဆင်ဖို့ ကြိုးစားလေ့လျင့်ရသော မြန်မာဝတ်စုံနှင့်။ ချင်းလုံချည်ဆင် တော်ဝင်ပြာရောင်နှင့် အပေါ်က ချည်သားရင်ဖုံးလက်ပြတ်အနက် အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ဖြူဆွတ်သော ညဖူး အသားရောင်နှင့် ဝင်းဝင်း ထင်းထင်း ဟပ်နေပါသည်။

ဆယ်တန်းအထိ ကလေးလိုနေ ကလေးလို ဝတ်ဆင်တုန်း။ ဆယ်တန်းအောင်တော့လည်း စင်ကာပူကို ရောက်သွားခဲ့၍ လုံချည်တွေ ရင်စေ့ရင်ဖုံးတွေနှင့် ညဖူး မရင်းနှီးခဲ့။ ဂါဝန်တိုလေးတွေ ဘောင်းဘီတိုကလေးတွေသာ စင်ကာပူသက်တမ်းတစ်လျှောက် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ခဲ့ပါသည်။ ညဖူးမှာ များပြားသော အထည်အဝတ်တို့ဟာ အဲဒါမျိုးတွေချည်း။ ခုချိန် မတိုင်မီထိလည်း ဘယ်သူကမှ ဒါကို ပိတ်ပိတ်ပင်ပင် မရှိခဲ့။ ခုတော့လည်း မတူတော့ဘူးပေါ့လေ။

"အစ်မ ... ဘယ်မှာထိုင်မလဲ"

"ရှင်"

"အပေါ်ထပ်လား အောက်ထပ်ပဲ ထိုင်မလား"

"ဪ ... ဘယ်မှာဖြစ်ဖြစ် ရပါတယ်"

"တစ်ယောက်ပဲလား အစ်မ၊ ချိန်သည်လာဖို့ ရှိသေးလား"

"ဟင့်အင်း မရှိတော့ဘူး၊ အစ်မတစ်ယောက်ပဲ၊ အောက်မှာပဲ ထိုင်လိုက်မယ်၊ ဒီနားပဲ"

ညဖူးက အောက်ထပ် ဘယ်ဘက်နားက နေရာလေးတစ်နေရာကို ရွေးချယ်ထိုင်လိုက်ပါသည်။ မိန်းကလေးဝန်ထမ်းလေး ယူလာသော မီနူးကတ်ထူထူကြီးကို ငုံ့ကြည့်ဖတ်ရင်း စားချင်တာတွေက များလှသည်။ တစ်ယောက်တည်း အစီအစဉ်





ခရို ရုတ်တရက် စားချင်စိတ်နှင့် ဆိုင်ထဲရောက်ကာ ထိုင်နေမိဘာကို ကိုယ့်ကိုယ်ကိုယ် ခိုးစားနေသလို နေရင်း ထိုင်ရင်း အခြောက်တိုက် ရုက်တက်တက်ဖြစ်ကာ နေကာမျက်မှန်ကြီးကို ခဖြုတ်ပေ။

"ဝက်ဆာတေး၊ ငါးကင်၊ ဝက်ကုပ်သားကင်သုပ်၊ ပုစွန်အစိမ်းသုပ်၊ အသဲအမြစ်ကင်၊ ကညွတ်ကြော်၊ ကြက်ခြေထောက်ဟင်းချို"

ညဖူး ရွတ်သွားတာတွေကို လိုက်ရေးမှတ်ရင်း ဆောင်မလေးက ဇဝေဇဝါ လှမ်းကြည့်လာသည်။ အဖော်လည်း ခပါဘူးဆိုသေး၊ ထပ်လာစရာလည်း မရှိဘူးဆိုသေး၊ မှာတဲ့အမျိုးအမည်တွေက ဤသွယ်လျသော ခန္ဓာကိုယ်လေးနှင့်မှမလိုက်။ ဆောင်မလေး အကြည့်ကြောင့် ညဖူးက အနည်းငယ် ရှက်တွန့်သွားပါသည်။

"ရပြီ ... ရပြီ ... ဒါပဲ"

"ထမင်းယူမလား အစ်မ"

"ဟင့်အင်း ... ထမင်းမယူတော့ဘူး၊ ဒါပဲပေးပါ"

စားချင်လွန်းလို့သာ။ ဒါတွေကုန်အောင် မနည်းတော့ စားရမှာ။

နောက်ထပ် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်တွင်တော့ ညဖူးမှာထားသည့် အစားအသောက်တို့ဟာ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ရောက်လာပါသည်။ အမယ်လေး... မွှေးလိုက်တာ။ အူတွေတောင် လှုပ်လာပြီ ထင်ရပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ညဖူးသည် တူနဲ့နှိုက်လိုက်၊ ဇွန်းနဲ့ခပ်လိုက်၊ အဆင်ပြေသလို အားရပါးရ စားရာမှ ဟင်းရည်ထဲက ကြက်ခြေထောက်ကိုတော့ တူနှင့်ညှပ်၍ အဆင်မပြေလေရာ လက်နှင့်ပဲကိုင်၍ကိုက်လေသည်။ အမယ်လေး ... အရသာ ရှိလိုက်တာ။ ဘေးကလူတွေကို အားမနာရဘဲ အားပါးတရ ခုလိုမစားရတာ ဘယ်လောက်ကြာပြီလဲ။ ဒီထဲမှာ ကိုယ့်ကို သိသူလည်း မရှိတဲ့အပြင်လူလည်းရှင်းသေးချိန်ဖြစ်သည်။ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုသော မြိန်ရှက်ခြင်းနှင့် ညဖူး စိတ်တိုင်းကျ ထင်တိုင်းကြဲနေပါသည်။

ကြေးအိုးဆီချက် ပါဆယ်မှာထားပြီး စားပွဲတစ်ခုမှာ ဝင်ထိုင်စောင့်နေသော ဘဝရှင်သည် ညဖူးညိုကို မမျှော်လင့်ဘဲမြင်ကာ တအံ့တသြ ငေးမော ကြက်သေ,သေနေမိလေသည်။ နေကာမျက်မှန်ကြီး မချွတ်ဘဲ အသားကုန်တွယ်နေသည့် မြင်ကွင်းကို ယုံပင်မယုံကြည်နိုင်အောင် ရှိနေသည်။ သူ့ရုပ်ကလေးနဲ့ သူစားနေတာနဲ့ ဆက်စပ်လို့တောင် မရပါလား။ ခုနစ်ရက် ခုနစ်လီဥပုသ်ကထွက်လာတာလား၊ ထမင်းဘယ်နှနပ်လွတ်ခဲ့လို့လဲ မသိနိုင်အောင် ဗလုံစီအောင် စားနေတာ။

ကြည့်ရင်းက ရင်တွေလည်းခုန်၊ ပျော်လည်းပျော်၊ ရယ်လည်းရယ်ချင်ကာ ဘဝရှင်က ပြုံးစိစိ ဖြစ်လာရပါသည်။ လက်ထဲက ဖုန်းလေးနှင့်လည်း ဘာမပြော ညာမပြော တိတ်တိတ်ကလေး ဓာတ်ပုံခိုးရိုက်လိုက်မိသေးသည်။ အဲဒီနောက် ထိုင်နေရာ စားပွဲမှ ထ,လာကာ ညဖူးညိုရဲ့ စားပွဲနံဘေးရပ်လျက် ...





"ညဖူးညို"

"ရှင်"

ညဖူးသည် ခိုးစားတုန်း လူမိသလို အူကြောင်ကြောင်ရုပ်လေးနှင့် ကြက်ခြေထောက်ကို လက်တစ်ဖက်မှ ကိုင်ထားရင်း တန်းလန်းက ဘေးကလူကို အလန့်တကြား မော့ကြည့်လိုက်မိပါသည်။

"ဟင် ... နင် ... နင် ... ဘ ... ဘဝ ..."

"ဟီး ဟီး ဟီး"

ဘဝရှင်က မအောင့်နိုင်ဘဲ ရယ်ချလိုက်မိကာ ခုံဘစ်လုံး ဆွဲထုတ်၍ တရင်းတနှီးပဲ ထိုင်ချလိုက်ပါသည်။ ညဖူးညိုဒုံခံဟန်ပန်က ချစ်ဖို့ကောင်းလိုက်တာပင်။ စားပွဲပေါ် တံတောင်ထောက်၍ မေးစေ့ကို လက်ဖဝါးနှစ်ခွက်ထဲထည့်ရင်း ဘဝရှင်က ညဖူးညိုကို စိုက်စိုက်ကြီး ကြည့်နေလိုက်ပါသည်။ လူက ပြုံးစိစိ။

ညဖူးသည် ပရမ်းပတာ တအားခုန်ပေါက် လှုပ်ရှားသွားသော ရင်ခုန်ခြင်းကြောင့် လက်ထဲက ကြက်ခြေထောက်ကို ချို့ကပန်းကန်ပြားလေးထဲ လွှတ်ချလိုက်ကာ ...

"နင် ... ဘယ် ... ဘယ်လို ရောက်လာတာလဲ"

"ငါက ကြေးအိုးဆီချက် လာဝယ်တာဟ၊ ပါပါတို့ အိမ်သားတွေ စားဖို့လေ၊ ငါ စစ်တီးမှာ့ထံမှာ ဈေးလာဝယ်ရတာ၊ ငါ အော့ဖ်နေ့ဆိုရင် အိမ်အတွက် ဈေးဝယ်ပေးရတယ်၊ လိုအပ်တာလေးတွေပေါ့၊ အဲဒီက ထွက်လာပြီး ကြေးအိုးဆီချက် ဝင်ဝယ်တာ၊ နင့်ကို လှမ်းတွေ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဆက်စားလေ ညဖူးညို၊ ငါ ရောက်လာလို့ အားမနာပါနဲ့၊ ဒါပေမဲ့ မျက်မှန်ကြီးတော့ ဖြုတ်ထားလိုက်ပါဟာ၊ နင်ကလည်း"

ညဖူးက ပေရေနေသော လက်နှစ်ဖက်ကို ဦးစွာသုတ်ဖို့ တစ်ရှူးကို လက်ချောင်းလေးနှစ်ချောင်းတည်းနှင့် လှမ်းနှိုက်သည်။

"ငါပဲ ချွတ်ပေးလိုက်တော့မယ်"

ဘဝရှင်က ညဖူး မျက်နှာပေါ်က နေကာမျက်မှန်မည်းမည်းကို ရဲရဲတင်းတင်း ရင်းရင်းနှီးနှီးပင် လှမ်းဖြုတ်ကာ စားပွဲအစွန်မှာ ချထားလိုက်သည်။ မျက်မှန်ချွတ်မှ ပေါ်လာသော ရှက်မျက်ဝန်းကလေးတွေက ဘဝရှင်ကို မျက်စောင်းထိုးသလိုလေး မျက်လွှာကို ဝဲလိုက်ပါသည်။

"အဟင်း ဟင်း၊ နင် ဘယ်လိုဖြစ်တာလဲဟင်၊ သွားရင်းလာရင်း အရမ်းဗိုက်ဆာလို့ ထင်တယ် ... အဟင်း၊ စားလေ ... စားပါ"

သူတို့နှစ်ယောက်သည် ဆေးရုံအရေးပေါ် ညကြီးမင်းကြီး ဆုံတွေ့ပြီးတဲ့နောက် ခုထိ ဆယ်ရက်ကျော်အတွင်း ထပ်လည်းမတွေ့ အဆက်အသွယ်လည်း မရှိခဲ့။ တကယ်တော့ သူတို့အကြားတွင် မူကြိုနှစ်နှစ်တာသော အရေးမပါ ချောက်တီးချောက်ချက်အရွယ်၏ ရင်းနှီးမှတ်မိမှုမျိုးသာ ခိုင်ခိုင်မာမာရှိကာ





ကိုးတန်းကျောင်းဖွင့်စမှာပင် ဘဝရှင် နယ်ပြောင်းရသည်ဖြစ်၍ ပြောင်းခါနီး အချိန်လေး ကျောင်းမှာ လေး,ငါးရက် ဆုံတွေ့လိုက်ရသည့် အနေအထားမျှသာ။

အဲဒီနောက် နှစ်ပေါင်းအတော်ကြာမှ အရေးပေါ်မှာ ညကြီးမင်းကြီး မှောင်ကြီးမည်းကြီးထဲ ခဏတဖြုတ် ပြန်လည်ဆုံတွေ့ရတဲ့အခါ အံ့ဩလိုက်လှဲသော ဆန်းကြယ်သည့် ဆက်သွယ်မှုတစ်မျိုးနှင့် တစ်ဦးကိုတစ်ဦး စိမ်းသက်မနေခဲ့တာပါ။ အဲဒီနောက်မှာ အခု ...။ သို့သော် နှစ်ယောက်လုံး ရင်ထဲတွင် သူတို့အသီးသီးသည် ခိုင်မြဲသော သံယောဇဉ်ကြိုးတစ်ချောင်းနှင့် တစ်ယောက်တစ်ဖက် တုပ်နှောင်ခံထားရပြီးသား ငယ်ကျွမ်းဆွေဆွေလို ခံစားချက်က စီးစီးပိုင်ပိုင် ခိုင်ခိုင်မာမာ ရှိလှသည်။

"နင်ရော စားပါလား"

"ဟင့်အင်း ... ငါ မစားတော့ဘူးဟ၊ ငါ ဂျူ့စ်တစ်ခုခုတော့ မှာလိုက်မယ်၊ နင်ရော ဘာသောက်ဦးမလဲ"

"ငါ ကျောက်ကျောအမည်း"

ခုနကတည်းက မိန္နူးမှာတွေ့ပြီး သောက်ဖို့စိတ်ကူးထားပြီးသားမို့ ညဖူးညိုက ခပ်သွက်သွက်ပဲ ဖြေလိုက်သည်။ ဘဝရှင်က ရယ်မောလိုက်ရင်းက ကျောက်ကျောအမည်းနှစ်ခွက်မှာလိုက်လေသည်။

မထူးတဲ့အတူတူ ညဖူးသည် ရှုံ့ဆုတ်မနေတော့ပါ။ ဘေးလက်စလည်း ဖြစ်နေပြီမို့ ခုနကလောက် အလောသုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အစားအသောက်တွေကို ခပ်မှန်မှန်ပဲ ပြန်စားသောက်နေလိုက်ပါသည်။ စားလိုက် ... ကျောက်ကျောရည်လေး သောက်လိုက်။

"ဘယ်သူမှလဲ မပါဘဲ နင် ဒါတွေ တစ်ယောက်တည်းစားဖို့ မှာထားတာ ? ?"

"ငါ ဗိုက်ဆာနေလို့ပါ ဘဝရှင်ရယ်"

"မနက်စာ ခုထိ မစားရသေးဘူးလား"

"စားပြီးပြီ ... ဝ,အောင်မစားရလို့ပါ"

"ဟင် ... အဟီး ဟီး၊ ကဲ ... စား ... စား၊ ငါ နင့်ကို ပြန်တွေ့ရတာ အရမ်းပျော်တာပဲ ညဖူးညို၊ ဒီတစ်ကြိမ် ခုလိုပုံစံမျိုးနဲ့ တွေ့ရတာ ပိုတောင်ပျော်တယ်၊ ငါက ဟိုလေ၊ နင့်ကို တောက်လျှောက်သတိရနေတာ၊ တကယ် အရမ်းသတိရတာ၊ အရမ်းတွေ့ချင်တာ၊ ငါ ရန်ကုန်ကို ဆေးတက္ကသိုလ် လာပြန်တက်တော့ နင့်ကို ငါစုံစမ်းသေးတယ်၊ နင် စင်ကာပူသွားပြီလို့ သိရတယ်၊ ဒီထက်လည်း ငါ မစုံစမ်းနိုင်တော့ဘူးလေ၊ ဒါပေမဲ့ ငါက အရမ်းတွေ့ချင်နေတာဆိုတော့ တစ်နေ့နေ့တော့ မလွဲမသွေ နင့်ကို ငါ ပြန်တွေ့ကို တွေ့ရမှာလို့ စိတ်ထဲမှာ ယုံပြီးသေချာနေမိတယ်"

"အင်း"

"နင် ငါ့ကို ချက်ချင်းမှတ်မိသားပဲနော်၊ အရေးပေါ်မှာ တွေ့တော့ နင်က ငါ့ကို စခေါ်တာနော်၊ ပျော်စရာကြီး"





ညဖူးက ဘဝရှင်ကို မျက်လုံးလေးဝင့်ကာ ကြည့်လိုက်ပါသည်။ နင်ပဲ ပြောတော့။ ငါ မပြောတော့ပါဘူး ဘဝရှင်ရယ်။ ငါလည်း ရန်ကုန်ပြန်ရောက်ရောက်ချင်း နင့်သတင်းကို ရဲတရဲ မသိမသာ မေးမြန်းစုံစမ်းမိသေးတယ် ဆိုတာလေ။ ခေါင်းစားချင်တော့ပါဘူးဟာ။ ကိုယ့်ဘဝဟာ ဘယ်လိုက ဘယ်လိုဘာဖြစ်သွားတယ်မှန်းတောင် မသိတော့တဲ့အတွက် ကံဇာတ်ဆရာစီမံရာရယ်လို့ ကြားဖူးနားဝရှိတဲ့အတိုင်းတွေးပြီး အလိုက်သင့်မျှောနေခဲ့လိုက်တော့တာပါပဲ။

စင်ကာပူမှာ ရှိနေတဲ့အထိ ညဖူးညိုရဲ့ အခန်းထဲမှာ ဘဝရှင်နဲ့ အတော်ဆင်တဲ့ ထိုင်းရုပ်ရှင်မင်းသားရဲ့ပုံကို ကပ်ထားတာ နင် သိဖို့မလိုအပ်တော့ပါဘူး။ ဖေဖေ စတင်မကျန်းမာချိန်ကစပြီး ကိုယ့်ဘဝကို ကြိုးကိုင်စီမံမည့်သူဆိုတာ ရှိကိုရှိနေပါလား၊ ရှိနေတာကတောင်မှ အကြီးအကျယ် ကံကောင်းလို့ပါလားလို့ တဖြည်းဖြည်း နားလည်လက်ခံလာရတဲ့တိုင် ဘဝကပေးလာသော ပုံစံခွက်ထဲ ညဖူးညို အသားတကျ ဖြစ်လို့မရသေး။

မျိုသိပ်ခဲ့ရတဲ့ ခံစားချက်တွေ၊ ချိုးနှိမ်ထားခဲ့ရတဲ့ စိတ်တွေ မေ့ပစ်ခဲ့လိုက်ရတဲ့ ဆန္ဒတွေ၊ အလိုတူလိုက်ရတဲ့ ဖြစ်သင့်တာတွေ ဒုံးဒုံးချလိုက်ရတဲ့ မတတ်နိုင်ခြင်းတွေ၊ အားမတန်လို့ လျှော့လိုက်ရတဲ့မာန်တွေ၊ ခါးသီးပူလောင်ခဲ့တဲ့ မျက်ရည်စက်တွေ။ ဒါတွေနဲ့ တစ်စ တစ်စ ပုံစံကျလာခဲ့ကာ အခုတော့ နေသားတကျ ဖြစ်နေလိုက်ကာမှ ညဖူးညိုဟာ လူအဖြစ်မှ ရုပ်သေးရုပ်လေးအဖြစ်တောင် ပြောင်းလဲသွားခဲ့ပြီ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းနှစ်လောက်က မှုကြို့တုန်းကတည်းက လန့်ကြောက်ချစ်ခင်ရတဲ့ ကောင်ကလေးကို ပြန်အတွေ့မှာ ခုနစ်ခဲ့ရတဲ့ ရင်ခုန်သံတို့ကို မှတ်တောင်မမှတ်မိချင်တော့ပါ။ အဲဒီ ကိုးတန်းနှစ်ဦးစ အချိန်ကာလ ရက်သတ္တတစ်ပါတ်လောက်ကလေးဟာ ညဖူးညို ဘဝတစ်သက်တာမှာ ဦးစွာနှင့် နောက်ဆုံးသော ရင်ခုန်သံ ဆူညံရက်များပင် ဖြစ်ပါသည်။ နွေးသိမ့်လှိုက်ဖိုကာ တစိမ့်စိမ့် ငြိမ့်ညောင်းယစ်မူးဖွယ်သော ရင်ခုန်ရခြင်း အသည်းနှလုံးတို့တုန်ယင်ရခြင်းကို ဤတစ်ကြိမ်ကပြီးလျှင် မခံစားရဖူးတော့တာ ဒီနေ့ ဒီအချိန်အထိပေါ့။

ဟိုတစ်ည အရေးပေါ်မှာတော့ အထိတ်တလန့်ဖြစ်ခဲ့ရတာအတွက် လူက စိတ်နဲ့ကိုယ် မကပ်လေရာ ဘဝရှင်ကို မြင်တွေ့လိုက်ရတဲ့ အံ့အားသင့်ခြင်း၌ လှိုက်လှဲသော အံ့သြဝမ်းသာမှုသာ ပါဝင်ခဲ့ပါသည်။ ရင်ခုန်သံမြန်ဖို့ရာ အခြေအနေမပေးခဲ့ပါ။ အခုတော့ နှစ်ယောက်တည်း တစ်စားပွဲ မျှော်လင့်မထားဘဲ အတူထိုင်နေရကာ သူက ညဖူးကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေတယ်လေ။

ညဖူးညို ... နင်ဟာ ဘာလဲ၊ ကိုယ့်ကိုယ်ကိုယ်သိ။

မသိစိတ်ရဲ့ ကြည်နူးယစ်မျှူးမှုကို သိစိတ်က ထိုသို့လျှင် ပြန်လည်ထိန်းချုပ် အမိန့်ထုတ်လိုက်တဲ့အခါ ...

"ကဲ ... ငါသွားတော့မယ်"

ညဖူးညိုက ရုတ်တရက် ဇွန်းကိုချကာ ပြောလိုက်ပါသည်။





"ဟင် ... နင်ကလည်း၊ ရုတ်တရက် ညဖူးညိုရယ်၊ ဘာလဲ သွားစရာရှိတာ သတိရသွားလို့လား၊ ဒါတွေလည်း သေချာ မကုန်သေးဘူးလေ"

"ကုန်တာ မကုန်တာတွေ ဘာညာတွေ ငါ စိတ်မဝင်စားပါဘူး ဘဝရှင်ရယ်၊ အခု ငါ ပြန်ရတော့မယ်လို့ ငါ့စိတ်က ပြဋ္ဌာန်းဆုံးဖြတ်လိုက်တယ်၊ ဒီတော့ ငါ ပြန်မယ်ပေါ့ ရွှတ် ... ရွှတ်"

ညဖူးက ဝိတ်တာလေးကို တစ်ဆက်တည်း လှမ်းခေါ်သည်။

"တစ်မျိုးကြီးပဲ၊ ရုတ်တရက် ထပြီးတော့"

ဘဝရှင်က သူများ ဘာလုပ်မိပါလိမ့်၊ ရူးရူးရဲရဲ ပြူးပြူးပြဲပြဲ ခေါ်တောလို ကြည့်မိသွားတာများလား။ ဘာအပြစ်ကျူးလွန်မိသွားပြီလဲ အလန့်တကြားပင် စဉ်းစားရင်းက ...

"ငါ ... ငါ ရှင်းလိုက်မယ် ညဖူးညို"

"နင်က ငါစားထားတာတွေ ဘာဖြစ်လို့ ရှင်းရမှာလဲ"

"မဟုတ်ဘူးလေ၊ ငါတို့သူငယ်ချင်းတွေပဲ၊ ရင်းနှီးပြီးသားပဲ၊ တစ်ယောက်စားတာ တစ်ယောက်က ရှင်းလိုက်လို့လည်း ဘာမှအရေးမကြီးဘူးမို့လား"

"ဒါဆိုလည်း နင့်ပါဆယ် လေးပွဲပါ ငါရှင်းလိုက်ပါ့မယ်"

"ဟင် ... အဲလို မဟုတ်ဘူးလေ"

"ဘာဖြစ်လို့လဲ၊ အတူတူပဲပေါ့၊ နင်ရှင်းလို့ရရင် ငါလည်း ရှင်းလို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အဲဒါပေါ့၊ ဒါပေမဲ့ စားလက်စကနေ ရုတ်တရက်ဟာ၊ ဘာဖြစ်လို့လဲ၊ ငါလာထိုင်လို့ နင်စားရသောက်ရတာ အနှောင့်အယှက်များ ဖြစ်သွားလား၊ အဲဒါဆို ဆောရီးပါဟာ"

"အို ... နင် လာထိုင်ထိုင်ချင်း ငါ ထသွားတာမှ မဟုတ်တာ ဘဝရှင်ရယ်၊ ငါ အလုပ်လေးတွေ ရှိသေးလို့ပါ"

"ထင်သားပဲ၊ အလုပ်တွေ ရုတ်တရက် သတိရသွားပုံပဲလို့၊ ဒါနဲ့ နင် အခု ဘာလုပ်နေလဲဟင် ညဖူးညို"

"ငါ '......' Clinic မှာ လုပ်တယ်"

"ဩော် ... ဟိုတလောကမှ ဖွင့်တာလေ ... နော် ... ငါသိတယ်၊ အဲဒီမှာ နင် ဘာလုပ်နေတာလဲ"

"ငါ ... MD "

"ဟား ... သာပါတယ်ဟာ ... အဟင်း ဟင်း"

"ဘာသာတာလဲ"

"ဝမ်းသာတယ်လို့"

ဘဝရှင်က ညဖူးညိုရဲ့ မျက်နှာလေးကို အပြုံးတွေ တထွေးကြီးနှင့် သွားခါနီးလေး မခွဲနိုင် မခွာရက် မျက်တောင်မခတ် တရစပ် ကြည့်နေမိပါသည်။ ဒီတစ်ခါတော့ ထပ်မံပျောက်ဆုံးကွဲကွာစရာ အကြောင်းမရှိလို့ ဘဝရှင် ထင်သည်။ ယုံလည်းယုံပါသည်။





ညဖူးညိုနှင့် ဘဝရှင်သည် ဝိတ်တာလာပေးတဲ့ ဘောက်ချာလေးနှစ်စွက်ကို အလုအယက်နှင့် ရအောင်ယူကြရင်း နောက်ဆုံးတော့ ဘဝရှင်လက်ထဲပဲ ထိထိမိမိ ရောက်သွားပါသည်။ ညဖူးညိုက ငွေရှင်းရင်း အချိန်မျိုး၌ပင် ပြုံးမြမြလေး ချိုလွင်လှတဲ့ ဘဝရှင်ရဲ့မျက်နှာချောချောကလေးကို သူ့အလစ်မှာ အကြာကြီး ငေးစိုက်ကြည့်မိသည်။ ဖေဖေစပြီး မကျန်းမာခဲ့တဲ့ လွန်ခဲ့တဲ့နှစ်များတွေတုန်းက သူ ဒီလို ဆရာဝန်တစ်ယောက် ဘယ်ဖြစ်ပါဦးမလဲ။ မိုခိုအားကိုးနိုင်ဖွယ်ရာ မားမားမတ်မတ် ဘဝတစ်ခုမျိုး သူ ဘယ်ရပ်တည်နိုင်ဦးမလဲ။ ရပ်တည်နိုင်နေလျှင်တောင် "ဘဝရှင်... နင့်ကို ငါအားကိုးပါရစေဟာ"လို့ ပြောလို့မှ မရနိုင်တဲ့ မိန်းမဘဝဟာ ...။

အခုတော့ သူဟာ ဆရာဝန်တစ်ယောက်။ နင့်ကို ဂျူတီကုတ်ဖြူဖြူနဲ့ လည်ပင်းမှာ နားကျပ်လေးချိတ်ပြီး မြင်လိုက်ရတုန်းက ငါ ဝမ်းသာဂုဏ်ယူလိုက်တာ တအားပါပဲ ဘဝရှင်ရယ်။

"ငါလည်း ဝမ်းသာပါတယ်ဟာ"

"အမ် ... ဘာကို ဝမ်းသာတာလဲ"

"နင် ဆရာဝန်တစ်ယောက် ဖြစ်နေတာကိုလေ"

"နီးစပ်ရာ ရင်းနှီးသူထဲမှာ ဆရာဝန်ရှိတာ သတိရနော်၊ နေမကောင်းဖြစ်ရင်လည်း ငါ့ဆီ ဆက်ဆက်ဖုန်းဆက်ပြောနော်၊ ဆေးမထိုးပါဘူး ... အဟင်း ဟင်း၊ နင့်အဖေတို့ အမေတို့ မိသားစု ကျန်းမာရေးကိစ္စ လိုအပ်တာရှိလည်း ငါ့ကို ပြောနော် ညဖူးညို"



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ချစ်စနိုး ကျီစယ်နေသလို လေသံမျက်နှာပေးလေးနှင့် ပြောနေတဲ့ ဘဝရှင်မျက်နှာက အပူပင်သောကကင်းကာ လန်းဆန်းရွှိုမြလိုက်တာ။ ညဖူးညိုက နှုတ်ခမ်းစွန်းလေး လှုပ်ရုံ တွန့်ရုံ ပြုံးတယ် မမည်သော မျက်နှာလေးနှင့် တိုးတိတ်စွာ ...

"ငါ့မှာ အဖေရော အမေရော မရှိတော့ပါဘူး ဘဝရှင်ရယ်"

✣ ✣ ✣



## (၆)

ပါပါနှင့် ဦးလေးအောင်က ဆရာတပည့်ပီသစွာ လိုက်ဖက်ညီကြပါသည်။ နှစ်ယောက်လုံး အပင်တွေ စိတ်ဝင်စားကြသည်။ အပင်ဆိုရင် အသီးသီးတဲ့ အပင်ကြီးဖြစ်ဖြစ် အရွက်လှတဲ့အပင်ဖြစ်ဖြစ်၊ အပွင့်ပွင့်တဲ့အပင်ဖြစ်ဖြစ်၊ ဘာမဆို သူတို့စိတ်ဝင်တစား ဝါသနာကြီးစွာ စိုက်ကြသည်။ ဘဝရှင်ကတော့ အပင်တွေကို ဝါသနာတကြီး စိတ်ဝင်စားလှတယ် မဟုတ်သော်လည်း ပါပါတို့ ဦးလေးအောင်တို့ကို ကူညီသောအားဖြင့်တော့ အားလပ်ချိန်မှာ ဆွတီးဆွတ ဝင်ပါတတ်ပေသည်။

အခုလည်း သဇင်တိုင်ကြီးတွေ နံဘေးမှာ ဖင်ထိုင်ခုံပုကလေးတွေနှင့် သူတို့သုံးယောက် သစ်ခွအိုးကလေးတွေနှင့် တက်ညီလက်ညီ အလုပ်များနေကြပါသည်။

"ပါပါ ... ဒါ ... သားအိုးလေးနော်"

ပါပါက သူ့နံဘေး ပလုံစီနေသော သစ်ခွအိုးတွေမှ အခက်အလက်တွေကိုကျော်ကာ ဘဝရှင်ထံကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

အတက်တွေ အမြစ်တွေထွက်၊ အိုးကျပ်လာတဲ့ သစ်ခွအိုးတွေကို အပင်ခွဲကာ အိုးသစ်တွေထဲ ထည့်သိုနေတာဖြစ်သည်။ ဘဝရှင်က သူကိုယ်တိုင် တစ်ပင်ခွဲယူကာ အုန်းဆံတို့ မီးသွေးခဲတို့နှင့် ညှပ်ဖိ၍ အိုးသစ်ထည့်ထားသော သစ်ခွအိုးလေးကို သံကြိုးကိုင်းတပ်ဆင်နေရင်းမှ ...

"အဟင်း ဟင်း ... သားကိုယ်တိုင် လုပ်ထားတာလေ ပါပါ"

"ဟိုးအရင်ကလည်း မင်းကိုယ်တိုင် လုပ်တာတွေ ရှိတာပဲ"

"ဒါပေမဲ့ ဒီတစ်အိုးကတော့ သစ်သားချောင်းအိုးရယ် အပင်လေးရယ် လိုက်ဖက်ပြီး ဖြစ်နေပုံလေးကိုက လှတာရယ်၊ ပြီးတော့ ဒီအိုးကနေ အပွင့်ပွင့်လာရင် သားလုပ်ချင်တာ လုပ်ရင်လုပ်မှာမို့ ကြိုပြောထားတာပါ"

"ဟား ဟား ဟား ... ငါ့သား၊ မင်း ဘယ်မိန်းကလေးကိုများ ချစ်နေတာလဲကွာ၊ ဟိုကောင်မလေးလား"

ဘဝရှင်က နှုတ်ခမ်းကို လျားလျားစေ့၍ ပြုံးကာ မဖြေဘဲ နေပါသည်။ ဟိုကောင်မလေး ညဖူးညိုကလွဲလို့ ဘယ်သူများရှိမှာလဲ ပါပါရယ်။ သို့သော် ထုတ်ဖွင့်ဝန်မခံချင်လေရာ နှုတ်ဆိတ်ထားမိသည်။

"ဆရာကြီးသားကတော့ မလွယ်ပါဘူးဗျာ၊ ကောင်မလေး တစ်ယောက်ကို ချစ်တယ်ဆိုတာနဲ့ပဲ ပန်းပွင့်မယ့် အပင်





လေးကိုပါ ချစ်လာပုံထောက်ရင် နောင်ဆို ကျွန်တော်တို့ ခြံထဲ ပန်းရယ်လို့ ဝေဝေဆာဆာရှိမှာ မဟုတ်တော့ပါဘူး၊ ပြီးတော့ သူက ဆရာကြီးနဲ့ ကျွန်တော့်ကို ကူချင်လို့မှ မဟုတ်ဘဲကိုး၊ အကြံနဲ့ကိုး"

"ဟား ဟား ဟား"

"အာ ... ဦးလေးအောင်ကလည်း၊ ဒီလောက်ကြီးတော့ မဟုတ်ပါဘူး၊ ကျွန်တော် အစကတည်းကလည်း ဦးလေးအောင်နဲ့ပါပါ အပင်တွေပျိုးနေ လုပ်ကိုင်နေရင် ကူလုပ်နေကျပါဗျာ၊ အပင်တွေ ပြုစုတိုင်း ကောင်မလေး တစ်ယောက်အတွက်ကြောင့်ပဲတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါဖြင့် ပါပါနဲ့ ဦးလေးအောင် လုပ်နေကြတာကျတော့ရော"

"ဟ ... ငါတို့က ဝါသနာကိုပါလို့လုပ်တာ၊ အပင်တိုင်းကို ချစ်တာ၊ ဘာပင်မဆို သဘောကျတာကွ၊ မင်းက ဒီတစ်ပင်တည်းလေးကို မင်းအပင်ဆိုပြီး သတ်မှတ်ပြီး ဦးထားတာကိုက စိတ်ကူးယဉ်ဆန်နေတာ ဟား ဟား"

ဘဝရှင်က သံကြိုးချိတ်ဆွဲနေတာကို လက်စသတ်လိုက်ရင်း ...

"တော်ပြီဗျာ၊ ဘာပဲဖြစ်ဖြစ် ဒါ သားအပင်ပဲ"

အပင်လေးကို ဘဝရှင်က စင်အပေါ်ဘက် တန်းတစ်ခုမှာ လှမ်းချိတ်ဆွဲလိုက်ပါသည်။ ဒီအပင်က အဖြူရောင်သစ်ခွပွင့်ကလေး ပွင့်မှာလေ။ အသာလေး ဖြူဆွတ်ကာ ပါးက



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပန်းသွေးရောင်ရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နှာရွက်အထက်နားမှာ သစ်ခွပွင့်ဖြူဖြူလေး တစ်ပွင့်ပန်ထားလျှင် ဘယ်လောက်လှမလဲ။

"ပါပါ ... ရဲမင်းလာခေါ်မှာ၊ သား အပြင်ခဏ လိုက်သွားဦးမယ်"

"အေး ... အေး ... နောက်မကျဘူးမို့လား သား၊ ထမင်းပြန်စားမယ် မဟုတ်လား"

"စားမှာပါပါ၊ ခဏပါပဲ ဟိုနား ဒီနား၊ သား ရေသွားချိုးတော့မယ်"

နဂိုကပင် ရွှင်ပျသွက်လက်တဲ့ ဗီဇရှိတဲ့ ဘဝရှင်ဟာ ခုတလောမှာတော့ အလကားနေရင်းကို လူက ပေါ့ပါးမြူးထူးကာ နေပြီး ရေချိုးရင်း သီချင်းတစ်ပုဒ်ကို အကျယ်ကြီး ဆိုနေလိုက်ပါသေးသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သတိပြုမိသည်။ ဘယ်အချိန်များ အတောင်ပေါက်ပြီး ပျံတက်သွားမလဲပင်။

မတတ်နိုင်ဘူးလေ ပျော်တာကိုး။ မိုးလင်းလို့ အိပ်ရာကနိုးသည်နှင့် ညဖူးညို မျက်နှာကို ဖျတ်ခနဲ ချက်ချင်းပဲ မြင်ယောင်ကာ ပြုံးပြုံးကြီးနဲ့ သမ်းဝေမိတာမျိုး။ ဘာပဲလုပ်နေနေ ညဖူးညိုကို ဖျတ်ခနဲ ဖျတ်ခနဲ အချိန်တိုင်း သတိရမြင်ယောင်နေမိကာ သတိရတိုင်းလည်း သူ့မျက်နှာက ပြုံးသွားတတ်လျက် နှုတ်ကပင် တီးတိုးစကား တစ်ခွန်းလောက်ကို အနားမှာ သူမ,ရှိနေတဲ့အလား ရေရွတ်မိတတ်တာမျိုး။





လူတွေဟာ အချစ်နဲ့တွေ့ရင် ရူးတယ်ဆိုတာ ဒါမျိုးပဲ နေမှာပါ။ ဖုန်းထဲက ညဖူးညိုရဲ့ ဓာတ်ပုံလေးကို တစ်နေ့အခါ လေး,ငါးဆယ် ဖွင့်ကြည့်မိတတ်ကာ ကြည့်လိုက်မိတိုင်း ဟက်ဟက်ဟု အသံထွက်အောင် ချစ်စနိုး ရယ်မောမိတာ။ မျက်မှန်အနက်ကြီးနှင့် တစ်စုံတစ်ရာကို တူနှင့်ညှပ်စားနေတဲ့ ကိုးရိုးကားရား သဘာဝပုံမှာတောင်မှ သူမရဲ့ လှပမှု ချစ်စရာကောင်းမှုတို့က မပျောက်ပျက် မလျော့ပါးပေ။

"ချစ်တယ် ... ချစ်တယ်ဆိုတဲ့ ရိုက်ချက်များ
ရွှေနားတော်နားဆီ ပဲ့တင်မြည်ဟည်းလို့
ချစ်တယ် ... အရမ်းပဲ ချစ်နေပြီ ... ချစ်တယ် ... အရမ်းပဲ
ချစ်နေပြီ"

ဒီသီချင်းကိုတော့ ညည်းလွန်း ဆိုလွန်း၍ ရိန်းမိုးထက်ပင် ပိုင်နိုင်နေပြီလား၊ မပြောတတ်တော့ပါဘူး ... အဟက်ဟက်။

ခဏကြာလျှင်တော့ ဘဝရှင်သည် သူငယ်ချင်းရဲမင်း လာခေါ်သောကားပေါ်တွင် လိုက်ပါလာကာ ကော်ဖီဆိုင်လေးတစ်ခုတွင် ထိုင်မိကြသည်။ ကိုယ်တိုင်က အရက်ဘီယာမသောက်တတ်သူမို့ အရက်ဆိုင် ဘီယာဆိုင် ထိုင်တတ်တဲ့ သူငယ်ချင်းတွေနှင့် ဆိုလျှင်အသွားအလာ ကျဲတတ်ပါသည်။ ရှောင်လွှဲမရ တွေ့ကြရတော့လည်း ဘဝရှင်က ပေါ့ပေါ့ပါးပါး လိုက်ထိုင်ဖြစ်ကာ အမြည်းထိုင်စားနေလိုက်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းတက်စဉ်က အခင်ဆုံး သူငယ်ချင်း နှစ်ယောက် ရဲမင်းနှင့် ရဲသွေးတို့ ရှိခဲ့ရာ ရဲမင်း တစ်ယောက်နှင့် ကတော့ ပိုပြီးတွဲဖြစ်သည်။ ရဲသွေးက ပဲခူးတိုင်းထဲ ပို့စ်တင်ကျ တာဖြစ်၍ တော်ရုံ တန်ရုံ မတွေ့ဖြစ်တော့ဘဲရှိသည်။ ရဲမင်းက အမ်ဘီဘီအက်စ်ဘွဲ့ရပြီးသော်လည်း ဆရာဝန်အလုပ် မဝင်ဖြစ် ဘဲ ဆေးဝါးနှင့် ကျန်းမာရေး ဆက်စပ်ပစ္စည်းတွေ တင်သွင်းသည့် နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ပါသည်။ သူတို့နှစ်ယောက် ကတော့ အားရက်ချင်း တိုက်ဆိုင်လျှင် ညနေခင်းတွေ ဆုံတွေ့ တတ်မြဲ။

ခုတလောတော့ သူတို့ချင်းဆုံလျှင် သူက ညဖူးညို့ အကြောင်းတွေပြော၊ ရဲမင်းက ဟိုတယ်ကြီးတစ်ခုမှာလုပ်သည့် သူလိုက်နေတဲ့ ကောင်မလေးအကြောင်းကိုပြော။ နှစ်ယောက် အလုအယက် ပြောရသည်။ ဒီတစ်ရက်တော့ ဘဝရှင် ပြောပြသမျှ ကို ရဲမင်းက စိတ်ဝင်တစား နားထောင်ပေးရင်း ဘဝရှင်ကို အား မလို အားမရ ဖြစ်လာပါသည်။

“ဟေ့ကောင် ... မင်းနဲ့ ဒီကောင်မလေးက မမျှော်လင့်ဘဲ တွေ့လိုက် ဝေးသွားလိုက် ဆိုတဲ့ ဇာတ်ပါနေတာ မင်း သိပြီးသားပဲ၊ ခုတစ်ကြိမ် ပြန်တွေ့တာ မင်း ဘာဖြစ်လို့ အေးအေးဆေးဆေး လုပ်နေမှာလဲ၊ ထပ်ပြီး ပျောက်သွား ဝေးသွားစရာ မရှိဘူးလို့ ဘာအကြောင်းပြချက်နဲ့ ယူဆနေ တာလဲ၊ မြန်မြန်ပြောလိုက်တော့၊ ဒီကောင်မလေးကို မင်း





အခုမှ ပြန်တွေ့လည်း ချစ်နေတာ သေချာနေတာပဲ မဟုတ်လား”

“အေး ... ဒီတစ်ခါ ပြန်အတွေ့မှာ ချစ်နေတာ ပိုတောင် သိပ်ကိုသေချာသေးတယ်”

“ဒါဖြင့် ဘာလို့ အေးအေးဆေးဆေး လုပ်နေတာလဲ”

“ဟာ ... ပြန်တွေ့တာ တစ်လတောင် မပြည့်သေးဘူးလေ ကွာ”

“တစ်လမပြည့်သေးလို့ ဖွင့်မပြောချင်သေးလဲ တစ်နေ့နေ့ ပြောလာမယ်ဆိုတာ သူ သိထားအောင် ပြရမယ်လေ၊ သူ လည်း မင်းနဲ့ရွယ်တူပဲ ငယ်တော့တာမှ မဟုတ်ဘဲ၊ ဖုန်း လေးပြောလိုက် သွားလည်လိုက် အပြင်ကို ဒိတ်လေးထွက် ဖို့ခေါ်လိုက် လုပ်နေရမှာပေါ့၊ ဒီအတိုင်း အမှတ်မထင်တွေ့ မှ တွေ့ပါစေတော့လို့ ထားလို့မရဘူးလေ၊ စိတ်အေးလက် အေးနဲ့ ဘယ်လိုကောင်တုန်းကွာ”

“ငါ သူ့ကို ဘယ်လိုအပြင်ခေါ်ရမလဲ စဉ်းစားမရဘူးကွ၊ အကြောင်းပြချက် လိုတယ်လေ”

“ဘာအကြောင်းပြချက်မှ မလိုဘူး ဟေ့ကောင်၊ တစ်ခုခု သွားစားရအောင် ဒါပဲပေါ့၊ သူရှိတဲ့နေရာ ဥပမာ အိမ်ကိုပဲ ဖြစ်ဖြစ် အလုပ်ခွင်ကိုဖြစ်ဖြစ် ခဏ ခဏ သွားတွေ့လေ”

“အေးပါ”



www.burmeseclassic.com

www.burmeseclassic.com



“ဘာအေးပါလဲကွာ။ တော်တော်နေးတဲ့ကောင်ကွာ၊ အသက်အစိတ်ဆိုတာ မငယ်တော့ဘူး၊ ရည်းစားတောင်ရှိရင်ရှိနေတော့မှာကွာ”

“ဖွ ... လွှဲပါစေ ဖယ်ပါစေ”

“လွှဲဖယ်မနေနဲ့၊ အခု သွားရအောင် ... လာ ... ထ”

“ဟာ ... အခု ဘယ်ကိုသွားမှာလဲ”

“ဒီအချိန်ဆို စောသေးတာပဲ၊ သူထိုင်တယ်ဆိုတဲ့ Clinic မှာပဲ ရှိမှာပေါ့ကွ၊ လာ ... သွားမယ်”

“ဖြစ်ပါ့မလား ရဲမင်းရ”

“ဘာလို့ မဖြစ်ရမှာလဲ၊ ဒီလိုပဲ ဒီဘက်ရောက်လို့ ခဏဝင်တွေ့တယ်ဆိုပြီး ဝင်တွေ့လိုက်”

ဘဝရှင်က နဖူးကုတ် နားထင်ကုတ် ရယ်ကျဲကျဲ လုပ်နေရာမှ ရဲမင်း အတင်းဆွဲလွဲထ,လိုက်၍ ကော်ဖီဆိုင်ထဲက ထွက်လာရပါသည်။ ကားပေါ်ရောက်လျှင် အံ့ဩစရာကောင်းအောင်ပင် သူ့နှလုံးသားတို့က ရင်ဘတ်ထဲ သိသိသာသာ လာဆောင့်နေတဲ့အထိ ဒိန်း ... ဒိန်းနှင့် ခုန်လာသည်။ ခြေမကိုင်မိ လက်မကိုင်မိ သတ္တိမရှိသလို လန့်လာပါသည်။

ရဲမင်းကတော့ သူလည်းသိထားသည့် ဆေးခန်းကြီးတည်နေရာသို့ ကားကိုဦးတည်မောင်းသွားတော့ကာ ခဏတွင်းချင်းပဲ ဆေးခန်းကြီးရှေ့ ရောက်လာပါသည်။





“ကဲ ... သွား”

“ငါ ဘယ်လိုဝင်သွားရမှာလဲ၊ သူက ဆေးခန်းကြီးထဲ ဒီတိုင်းတော့ ဘယ်ရှိနေမှာလဲ”

“ဟောကောင် ... ထုံသလိုလို နုံသလိုလို လုပ်မနေနဲ့၊ ဆေးခန်းကြီးထဲက တစ်နေရာက သူ့ရုံးခန်းလိုမျိုးမှာ ရှိမှာပေါ့၊ ဖုန်းဆက်လိုက်၊ ကျွတ် ... ဘယ်လိုကောင်လဲကွာ”

ဘဝရှင်သည် ရင်တွေခုန် လက်ဖျားတွေအေးကာ ဖုန်းထုတ်၍ နှိပ်သောလက်ပင် တုန်နေပါသည်။ ခေါ်သံနှစ်ချက်လောက်နှင့် တစ်ဖက်က ဖုန်းကိုချက်ချင်းပဲ ကိုင်လိုက်ကာ ...

“ဟဲလို”

“ဟဲလို”

“ဟုတ် ... ပြောပါ”

“ဟဲလို ... ညဖူးညိုလား”

ဘဝရှင်သည် ရဲမင်းရှေ့ ရှက်လည်းနေပြန်ကာ အားပြင်ထွက်လိုက်သည်။

“အင်း ... ဟုတ်တယ်၊ ဘဝရှင် မဟုတ်လား၊ နင့်နံပါတ် ငါမှတ်ထားတယ်လေ၊ ပြောလေ”

“ဟို ... ဟိုလေ ... နင် အခု ဆေးခန်းမှာလား”

“အေး ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ”

“ငါလေ ...”

“ဘာလဲ ... နင် ရောက်နေလို့လားဟင်”



www.burmeseclassic.com

www.burmeseclassic.com



ညဖူးညို အသံလေးက အံ့အားတသင့် အလောသုံးဆယ်ကလေးနှင့် ဘယ်လိုအသံလေးမှန်းမသိ။ ချစ်ဖို့ကောင်းပါဘိ။

"အဟင်း ဟင်း ... နင် ဘယ်လိုလုပ် သိလဲ"

"မသိဘူးလေ ... နင် စကားပြောတာက တစ်မျိုးဖြစ်နေတော့ ငါ အလိုလို ထင်လိုက်တာ၊ နေဦး ... ငါ အခု အပေါ်ထပ် မှန်ပြတင်းက ကြည့်နေတယ်၊ ဩော် ... နင့်ကိုတွေ့ပြီ"

ဘဝရှင်သည် ခြောက်ထပ်ဆေးခန်းကြီးကို ယောင်ယမ်းမော့ကြည့်မိကာ ဘယ်မှန်ပြတင်းကနေများ ညဖူးညို ကြည့်နေပါသလဲ မှန်းဆမိသည်။ မှန်ချပ်တွေဆီ အလင်းပြန်နေကာ ဘာမှ သဲသဲကွဲကွဲ မမြင်ရပါ။ အဲလို မမြင်မကန်း မျှော်လင့်တကြီး မော့ကြည့်ရှာဖွေနေရတာကိုပင် ရင်တွေက ခုန်လာပြန်သည်။

"နင် ကိစ္စရှိလို့လား၊ တက်လာမလို့လား၊ ဒါမှမဟုတ် ဆင်းလာရမှာလား"

"ဟိုဟာပါ ... ဘာကိစ္စမှတော့ မရှိပါဘူးဟာ၊ ဒီနားက ဖြတ်လို့ ဒါ နင့်ဆေးခန်းပဲ ဆိုပြီး ခဏရပ်နှုတ်ဆက်တာပါ"

"ဩော် ... ငါက လန့်သွားတာပဲဟယ်၊ နင် ဘာများဖြစ်လို့ ဆေးခန်းလာတာလဲလို့လေ၊ နောက်မှ တွေးမိတယ်၊ နင်က ဆရာဝန်ပဲ၊ နေမကောင်းလို့ ဆေးခန်းလာတာတော့ မဟုတ်နိုင်ဘူးလို့"





"ငါ တက်လာလို့ ရမလားဟင် ညဖူးညို"

ဘဝရှင်ရဲ့ မရဲတရဲ လေသံတွင် ညဖူးညိုက ခေတ္တမျှ မင်သက်မိသလို ငေးငိုင်သွားမိပြီးမှ အခန်းထဲက မဟော်ဂနီရောင် သူ့ရုံးစားပွဲကြီးရဲ့ ဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်ကာ ခုံကို လှုပ်နဲ့ ဝေ့ယမ်းပြီး ဖုန်းပြောနေသော မော်မော့်ကို မသိမသာလေး ငဲ့ကြည့်လိုက်ပါသည်။

မော်မော်ဟာ လောလောဆယ် ဖိုင်နယ်ပါ့ထ်ဝမ်း တက်နေသော ဆေးကျောင်းသားလေး ဖြစ်သည်။ သူ့ရဲ့ဆေးကျောင်းဝိုင်းကျူရှင်က ဒီနားနဲ့ မလှမ်းမကမ်းမှာ ရှိသည်။ နီးနေလို့ပဲလား၊ ဆေးကျောင်းသားမို့ ဆေးခန်းနဲ့ ပတ်သက်ကာ စိတ်ဝင်စားမှုရှိလို့ပဲလား မသိ၊ မော်မော်က သူ့ကျူရှင်အပြီးတွေမှာ ညဖူးညိုထံ မကြာ မကြာ ဝင်လာလေ့ ရှိပါသည်။

ရုံးခန်းထဲ လာထိုင်ကာ ဟိုကြည့် ဒီကြည့် ဟိုဟာကိုင် ဒီဟာစပ်စု စကားတွေပြော လေဖောရင်ဖောနေ၊ အောက်ထပ်မှာ ဟိုဟိုဒီဒီ လျှောက်ပြီး စူးစမ်းလေ့လာရင် လေ့လာနေ၊ သူလည်း အပျင်းပြေ၊ ညဖူးညိုကိုလည်း အဖော်လာလာလုပ်ပေးနေတဲ့သဘော၊ ခဏ ခဏ ရောက်နေတတ်တာပါ။

"ငါ ဆင်းလာခဲ့မယ်နော်"

ညဖူးညိုက ဖုန်းကိုပိတ်ကာ ဖုန်းပြောနေတဲ့ မော်မော့်ကို ဘာမှ မပြောတော့ဘဲ ရုံးခန်းထဲက ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဖူးညိုက ဆင်းလာမည်ဆို၍ ဘဝရှင်သည် ဆံပင်သပ်လိုက်၊ အင်္ကျီဆွဲဆန့်လိုက်၊ ယောက်ယက်ခတ်သွားရပါသေးသည်။ သူ့ရုံးခန်းဆီ တက်လာမခိုင်းတာကိုလည်း သတိပြုမြွတွေးနေမိပါသည်။ ရုံးခန်းကို ယောကျ်ားလေးမိတ်ဆွေ လာစလည်စေချင်လို့များလား။ တွေးနေတုန်းပဲ ညဖူးညို ဆေးခန်းကြီးရဲ့ ပေါ်တီကိုမှ ထွက်လာသည်။

ချည်ထည်ရင်ဖုံးအင်္ကျီ နို့နှစ်ရောင်လက်တိုလေးနှင့် နို့နှစ်ရောင်ခံ အရောင်ဖျော့ဖျော့ ချည်ရိုက်လုံခြည်လေး ဝတ်ထားသော ညဖူးညို သဏ္ဌာန်လေးက ဖျော့တော့၍ ကလေးလေးလူကြီးအဝတ် ယူဝတ်ထားတာနှင့်များတောင် တူနေပါသည်။ ခြေလှမ်းတုတ်တုတ်လေးနှင့် လျှောက်လာတာကို ဘဝရှင်က ပြုံးရပ်ကာ ကြည့်နေမိသည်။

နင်က ချစ်ဖို့ကောင်းလိုက်တာ ညဖူးညိုရယ်။

"အလုပ်တွေ များနေလား ... အဟင်း ဟင်း"

"ဒီလိုပါပဲဟာ၊ ငါက ဒီဘက်ကို ပြောင်းထိုင်တာ မကြာသေးတော့ အလုပ်ကို အမီလိုက်နေရတယ်"

"အရင်က နင်က ဘယ်မှာလုပ်တာလဲဟင်"

"အရင်က '......'ရုံးချုပ်မှာလေ"

နာမည်ကြီး ကုမ္ပဏီတစ်ခုရဲ့ အမည်ကြောင့် ဘဝရှင်က အံ့အားသင့်ရသည်။ ဒီဆေးခန်းမှာ MD ဆိုတဲ့ ညဖူးညိုဟာ ဟိုအရင် အလုပ်နေရာမှာလည်း ဝန်ထမ်းသက်သက်တော့ မဟုတ်





တန်ရာ။ မူကြိုတုန်းကရော သူ့မိဘအနေအထားက အရမ်းကြီးမြင့်မားမိုးထိနေတဲ့ အဆင့်မျိုးမဟုတ်၍ အခုလို မြင့်မြင့်မားမားဖြစ်နေတဲ့ အခြေအနေတစ်ခုကို အံ့အားသင့်နေမိတာပါ။

"နင် ဒီနေ့ အော့ဖ်လား"

"ဟုတ်တယ်"

"ကဲ ... ပြောလေ"

"ဘာပြောရမှာလဲဟာ၊ အဟင်း ဟင်း ... ဒီလိုပဲ ဝင်လာတာပါဆို၊ ငါ့မှာ ထူးထူးခြားခြား ပြောစရာကိစ္စလည်း မရှိပါဘူး၊ နင်ရော နားရက်ရှိလားဟင်၊ ဘယ်ရက်အားလဲ"

"ငါက အားရက်နားရက် မရှိပါဘူးဟာ၊ နေ့တိုင်းတော့ လာရုံးထိုင်ရတာပဲ၊ ဒါပေမဲ့ မန်နေဂျာလည်း ခန့်ထားတော့ တစ်ခါတလေ အပြင်ထွက်ချင်လည်း ရပါတယ်၊ အချိန်ပြည့် နေနေတာတော့ မဟုတ်ဘူးပေါ့"

"ငါ တစ်ခါတလေပေါ့ အားတဲ့ရက် နင်လည်း ခဏတဖြုတ် အားတယ်ဆိုရင် တစ်ခုခု သွားစားကြရအောင်လို့ ဖိတ်ချင်လို့ပါ"

ညဖူးညိုက တစ်မျိုးလေး ဖြစ်သွားကာ ဘဝရှင်ကို ငေးတွေတွေလေး စိုက်ကြည့်နေပါသည်။ သူမရဲ့ အကြည့်ထဲမှာပါ တဲ့ ဘာမှန်းမသိသော အဓိပ္ပာယ်အရိပ်အယောင်တစ်မျိုးကို သတိ ထားမိကာ ဘဝရှင်က အနေခက်ခက် ရှက်တက်တက်လေးပြုံး နေ ...



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ ဘာမှမဟုတ်ပါဘူး၊ တစ်ခါတလေကျ နင်နဲ့ မတွေ့ပေမယ့် ငါ နင့်ကို သတိရရလာတတ်လို့ပါ ညဖူးညို"

✤ ✤ ✤



(၇)

ညဖူးသည် သူ့ရှေ့က လူကြီးအုပ်စုကို ဟိုလူ့ကြည့်ိုက်၊ ဒီလူ့ကြည့်လိုက် မျက်စိသူငယ်နှင့် လိုက်ကြည့်နေမိသည်။ အရေးကြီးတဲ့စကား ပြောမည်ဆိုပြီး ဘွားဘွားက စကားချီးနိဒါန်း းနေသည်မှာ အချိန်မနည်းတော့ပါ။ ရှည်လျားလှပါပြီ။ ပြော မျှတွေဟာလည်း ကိုယ်တိုင်ကြုံခဲ့ရတဲ့ ကိုယ့်ဘဝဖြတ်သန်းမှု င်လျှောက်သာမို့ ကိုယ်တိုင်သိပြီးသားတွေချည်းပင်။

အရေးကြီးတယ်ဆိုတဲ့ စကားက မလာသေး။ အဲဒါ ဘာလဲ။ သိချင်လှပါပြီ။

"ဘွားက သမီးလေးကို ဘယ်လောက်တောင် ချစ်တယ်ဆိုတာ သမီးလေး သိပြီးသား အထူးပြောနေစရာ မလိုတော့ပါဘူးနော်၊ ဘွားတို့ရဲ့စကားအပေါ်မှာ သမီးလေး နားလည်ပေးပြီး ဒါဟာ စေတနာစကား သက်သက်ဆိုတာ ယုံမှားသံသယ မရှိပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။

လုံးဝ ယုံမှားသံသယ မရှိပါပေ။ ဘွားဟာ ညဖူးညို ကို သွေးသားရင်းချာလို မချစ်ခင်ကတည်းက ညဖူးရဲ့ဖေဖေကို တူလို သားလို သွေးသားလို ရင်းရင်းချာချာ ချစ်ခဲ့တာဖြစ်သည်။ ဘွားတို့ ဆွေစုမျိုးစုနှင့် ဖေဖေတို့ ဆွေမျိုးစုတို့က ဟိုးယခင် အစဉ်အဆက်ကပင် နှစ်သိုက်နှစ်ဝမ်း အချင်းချင်း ရင်းနှီးစည်းလုံး ချစ်ခင်ကြတာပင်။ ဖေဖေ့ဘဝတစ်လျှောက်ရဲ့ ဖြစ်စဉ်တော်တော် များများမှာ ဘွားတို့ရဲ့ ကူညီစောင့်ရှောက်မှု မကင်းခဲ့ပါ။

ဖေဖေနှင့် မေမေ လက်ထပ်ပြီးတော့လည်း မေမေ့ကို ပါ တူမသားချင်းနှယ် ဆက်လက် ချစ်ခင်ခဲ့ကြသည်။ မေမေက ညဖူးညိုကို မွေးဖွားလာခဲ့တော့လည်း ညဖူးညိုကို ပုလုကွေး ကလေးဘဝကတည်းကပင် ချစ်ခင် တုန်သည်းခဲ့ကြတာပါ။ မေမေက ညဖူးညို ၅ တန်းနှစ်မှာ ကျောက်ကပ်ရောဂါနှင့်ကွယ် လွန်ခဲ့ပါသည်။ မေမေ မရှိကတည်းက အရင်ကထက်ပင် ပိုလို့ စောင့်ရှောက်ပေးမခဲ့ကြတာပါ။

ဖေဖေနှင့် ညဖူး သားအဖနှစ်ဦးနှင့် ပတ်သက်သည့် အဖြစ်အပျက် အကြောင်းကိစ္စ အတော်များများမှာ ဘွားတို့ဆွေမျိုး တစ်စုနှင့် ကင်းရှင်းခဲ့သည်ဆိုတဲ့အရာ အတော်ရှားရှားပါပင်။ ညဖူးတို့ ဆွေမျိုးရင်းချာများက နယ်မြို့တွေမှာ သိုင်းသိုင်းဝိုင်း ဝိုင်း စုစုစည်းစည်း ရှိပေမယ့် ရန်ကုန်မှာတော့ လောက်လောက် လားလား မရှိ။ ပွဲရုံခပ်သေးသေးတစ်ခုနှင့် ဘဝရပ်တည်ခဲ့သော





ဖေဖေ၊ တစ်ကြိမ်မှာ ကုန်အလှောင်များကာ ဆိုးဆိုးဝါးဝါး အရှုံး ပေါ်ခဲ့ပြီး ပွဲရုံပါ ပြုတ်သလောက်နီးနီး ဖြစ်သွားခဲ့ချိန်ဟာ ညဖူး ကိုးတန်းနှစ်မှာပင်။

ဘဝရှင်နှင့် ပြန်တွေ့တဲ့နှစ်ပေါ့။ ပြန်တွေ့ရုံတွေ့ လိုက်ရပြီး မတောက်တခေါက် သံယောဇဉ်လေး ရင့်သန်မျိုးမည် ကြံစဉ် ဘဝရှင် နယ်ပြောင်းသွားတော့ ညဖူးညိုအတွက် မပျော် ရွှင်ရသော ကာလကလေးတစ်ခု ဖြစ်တည် အစပျိုးခဲ့ရပြီး အဲဒီ ကနေ နောက် တောက်လျှောက် အဆင်မပြေမှုတွေ ဆက်တိုက် ကြုံခဲ့ရတော့တာပင်။ ဖေဖေ့အလုပ်အကိုင် ရှုံးနိမ့်အဆင်မပြေတော့ တဲ့အခါ ဖေဖေက နိုင်ငံခြားထွက်ဖို့ ကြိုးစားပါသည်။

အသက်အရွယ်လည်း မငယ်လှတော့တဲ့ သာမန် စီးပွားရေးဘွဲ့ရတစ်ဦးအဖို့ ရေမြေရပ်ခြားမှာ တူတူတန်တန် အလုပ်တစ်ခုရဖို့ မလွယ်ကူခဲ့။ အဲဒီအချိန်မှာ ကိုကိုကြီး ကိုကိုလတ် တို့ရဲ့ အဆက်အသွယ်၊ သူတို့ထောက်ခံချက်တို့ဖြင့် စင်ကာပူက ကုမ္ပဏီတစ်ခုမှာ ဖေဖေ အလုပ်ရခဲ့တာဖြစ်သည်။ သူ့ဒွေးတရုတ် ဟာ ဒီမိသားစုကြီးနှင့် စီးပွားရေး အဆက်အစပ်ရှိနှင့်သူဖြစ်ရာ ဖေဖေ ခိုင်ခိုင်မာမာ အလုပ်တစ်ခု ရရှိပြီး စင်ကာပူသို့ ထွက်ခွာ ရချိန်တွင် ညဖူးညို တစ်ယောက် ဘွားတို့ရဲ့အိမ်မှာ သောင်တင် နေခဲ့ရတော့တာပင်။

ဖေဖေက တစ်ပါတည်း အတူခေါ်သွားလိုပေမယ့် ဘွားတို့က ဆယ်တန်းအောင်ပြီးမှ ဟိုမှာ ကျောင်းသွားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်တဲ့ထိတော့ ဒီမှာပဲဖြေလိုက်ဆိုတဲ့ အကြံဉာဏ် စီမံခန့်ခွဲမှုမျိုးပေးသည်တွင် ဖေဖေကိုယ်တိုင်လည်း မငြင်းသာဘဲ ဒီအစီအစဉ်ကသာ ပိုကောင်းလိမ့်မယ်ရယ်လို့ စိတ်ကူးပြောင်းခဲ့ရတာပင်။

ညဖူးညို့ ဒီအိမ်ကြီးမှာ မိသားစုဝင်တစ်ဦးလို နှစ်နှစ်နီးပါး နေထိုင် ကျန်ရစ်ရပါသည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့ ဖေဖေ့နောက် လိုက်ပါမည့် အချိန်မှာ ဖေဖေဟာလည်း ဟိုမှာ တော်တော်လေး အဆင်တပြေ အခြေတကျ ဖြစ်နှင့်ပြီမို့ အစစအဆင်ပြေကာ ဘွားတို့ကို ကျေးဇူးတင်ခဲ့ရတာလည်း အမှန်ပါ။ ညဖူး Business Management နှင့် ကျောင်းပြီးတဲ့အခါ ချက်ချင်းပဲတန်း၍ အလုပ်ကောင်းကောင်းတစ်ခု ရရှိခဲ့သည်။

ဘဝက ဆက်တိုက်သာယာပြီလို့ထင်မြင်ယူဆခဲ့မိသော်လည်း မမျှော်လင့်ဘဲ ဖေဖေ့မှာ ပြန်ရည်ဂလင်းကင်ဆာဆိုတဲ့ ရောဂါကြီး ကပ်ငြိကျရောက်ခဲ့တော့တာ။ ဘဝရဲ့အချိုးအကွေ့ အလှည့်အပြောင်းတို့က ညင်ညင်သာသာ မရှိခဲ့။ ဖေဖေရော ညဖူးရောဟာ တင့်တင့်တယ်တယ် အလုပ်အကိုင်လေးတွေနှင့် ပြည့်ပြည့်စုံစုံ နေနိုင်ကြပြီ ဖြစ်ပေမယ့် ဖေဖေ့ရောဂါကို နှစ်ရှည်ချီ၍ ဆေးဝါးကုသဖို့ရာတော့ ငွေပိုငွေလျှံ မရှိခဲ့တာ အမှန်ပေ။

တကယ်တော့ ညဖူးက ရန်ကုန်မှာရှိနေတဲ့ သူတို့ရဲ့အိမ်ကို ရောင်းချပြီး ဖေဖေ့ကို ဆေးကုဖို့ ကြံစွယ်ခဲ့သူပါ။





သို့သော် ဤအစီအစဉ်ကို ဘွားတို့ တစ်မိသားစုလုံးရော ဖေဖေရော သဘောမတူခဲ့။

"သမီး … ရှေ့ကို ဘာတွေ ဘယ်လို ဖြစ်မယ်ဆိုတာက ဘာမှ ပြောနိုင်တာ မဟုတ်ဘူး၊ သမီးငယ်ငယ်လေးရှိသေးတာ၊ အိမ်ရောင်းဆေးကုလည်း ဒီရောဂါက အနေးနဲ့အမြန် ဖေဖေ မကြာခင် တစ်နေ့ သေတော့မှာပဲလေ၊ ဖေဖေ မရှိတဲ့အခါ ငါ့သမီးလေး ကိုယ်လွတ်လက်လွတ် ဘာပိုင်ဆိုင်မှုတစ်ခုမှ မရှိတော့ဘဲ မကျန်ရစ်စေချင်ဘူး၊ ဒီအိမ်ကလေး တစ်လုံးပဲရှိတာ၊ ဒါကိုတော့ ရောင်းဖို့ ဖေဖေ သဘောမတူပါဘူး၊ ဒီအိမ်နဲ့မှ ကုရမယ်ဆိုရင်တော့ မကုရလည်း နေပါစေတော့"

နေ့တိုင်း ရက်တိုင်း မျက်ရည်ကျခဲ့ရပါသည်။

"ဒါဆို ဖေဖေ့ကို ဆေးမကုဘဲ ထားရတော့မှာလား၊ သမီး မှမထားနိုင်တာ ဖေဖေရယ်"

"ဒေါ်လေးတို့ ကိုကြီးတို့ ကိုလတ်တို့အစစ စီစဉ်ကူညီပေးနေတာပဲ သမီးရယ်"

"သူတို့က ဆွေမျိုးရင်းချာမှ မဟုတ်တာ ဖေဖေ၊ သူတို့ ကူညီရှာဖွေ စီစဉ်ပေးတဲ့ အလုပ်ကိုရတာ၊ သူတို့အိမ်မှာ ခဏခိုလှုံနေထိုင်တာတွေနဲ့ ဒါနဲ့ မတူဘူးလေ၊ ဟိုအကူအညီမျိုး လက်ခံတာက ကိစ္စမရှိလှဘူး၊ အခုက ငွေအလုံးအရင်းနဲ့ ကုန်ကျရမှာ၊ ဒီအတိုင်းကြီး ဘယ်လိုလက်ခံရမလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးတို့က ဖေဖေ့ကို ဆွေမျိုးရင်းလိုပဲ သဘောထားထားတာပါ"

"ဒါပေမဲ့ အမှန်တကယ်မှ မဟုတ်တာ ဖေဖေ၊ ဆွေမျိုးလို့ သဘောထားတာနဲ့ ဆွေမျိုးအစစ် ဖြစ်တာနဲ့က ကွာခြားမှု အများကြီးပါ"

"ဆွေမျိုးရင်းချာလို သဘောထားတဲ့ သူတွေနဲ့ ဆွေမျိုးတော်စပ်ချင်လည်း တကယ်တော့ အလွယ်လေးပါ သမီးရယ် ငါ့သမီးလေးကို တစ်ယောက်တည်း ဖေဖေ မျက်စိသူငယ် မထားခဲ့နိုင်ပါဘူး၊ စိတ်ချလက်ချ ထားခဲ့ချင်တယ်၊ ဖေဖေ စိတ်အချဆုံး မိသားစုက ဒေါ်လေးတို့ မိသားစုပဲ၊ ငွေရေးကြေးရေးကြောင့် မဟုတ်ဘူး၊ သမီးအပေါ်မှာ မေတ္တာအပြည့်အဝ ထားကြတာကို သိနေလို့ ချစ်ကြတာသိနေလို့ပါ၊ ဒီလိုသိုင်းဝိုင်းတောင့်တင်းပြီး စိတ်ရင်းကောင်းတဲ့ သမီးကိုချစ်တဲ့ မိသားစုကြီးထဲမှာပဲ သမီးကို အပ်နှံခဲ့ချင်တယ်၊ ငါ့သမီးလေးက သိပ်ငယ်သေးတယ်၊ ဒါမှ ဖေဖေ အသွားဖြောင့်နိုင်မယ် ညဖူး"

"ရှင် ... ဖေဖေ ဘာပြောတာလဲဟင်"

ညဖူးသည် တရေးရေးတွေးကာ မျက်ရည်ပေါက်ကြီးများ တရဟော ကျခဲ့ရသည်။

"ကိုကြီးက ဒီကိုလာရင် ဖေဖေ့ကို လေးစားသမှုနဲ့ ဣန္ဒြေသိက္ခာနဲ့ နေပေမယ့် ကိုလတ်လာတဲ့အခါ ကျီစယ်သလိုနဲ့





စကားပေါက်အောင် နားသွင်းတာ နှစ်ခါ သုံးခါ ရှိပြီ သမီး၊ ရန်ကုန်ကို ဖုန်းပြောရင်လည်း ဒေါ်လေးတို့ မမကြီးတို့က စောင်းပါးရိပ်ခြေ ပြောကြတယ်ဆိုတော့ သူတို့အားလုံး စိတ်ထဲမှာ ဒီဆန္ဒ ရှိနေတာ သေချာတယ်"

မျက်နှာလေးကို လက်ဝါးနှင့်အုပ်ကာ သိမ့်သိမ့်တုန်အောင် ငိုခဲ့ရသည်။ ကြားရခိုက်ကလည်း ငို၊ ပြန်တွေးရင်လည်း ငို၊ တစ်ယောက်တည်းလည်း တိတ်တဆိတ် ငို၊ လူသိရှင်ကြားလည်းငို။ ဖေဖေ မကွယ်လွန်ခင်ကပင် မျက်ရည်ဆိုတာကို ခါးသီးမုန်းတီး မပတ်သက်ချင်တော့အောင်ကို ညဖူးညို ငိုကြွေးခဲ့ရသည်။

"ကိုကိုကြီးက ဖေဖေ့ထက် နည်းနည်းပဲ ငယ်တာလေ ဖေဖေ"

ငြင်းဆန်ခြင်းသဘော သက်ရောက်သော စကားမျိုးနှင့်လည်း တိုးလျှိုးခဲ့မိသည်။

"အသက်ကွာလည်း ဘာမှအရေးမကြီးဘူး၊ ကိုယ့်အပေါ် မေတ္တာစေတနာရှိဖို့က အရေးကြီးတာ၊ ကိုကြီးက အားလုံးထဲမှာ အသိမ်မွေ့ အနူးညံ့ဆုံး၊ စိတ်ကောင်းအရှိဆုံး၊ အရိုးဖြောင့်ဆုံးပဲ၊ ပြီးတော့ သူတို့မိသားစုက ဝါစဉ်အရ နေရာရတာ၊ ကိုကြီးက သားအကြီးဆုံး၊ မမကြီးက အကြီးဆုံးပေမယ့် မိန်းမသားလေ၊ ကိုကြီးက သားကြီးဩရသ၊ အိမ်မှာ အချုပ်အချာပိုင်တာ၊ သမီးက သားအကြီးဆုံးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇနီး၊ အမြင့်ဆုံး ချွေးမဖြစ်မှာ၊ အားလုံးကလည်း လိုလားတယ်၊ သမီးကုသိုလ်ကံပဲ”

ကုသိုလ်ကံလား။ ဒါဟာ ကုသိုလ်ကံလား ဖေဖေရယ်။ ညဖူးရဲ့ကုသိုလ်ကံဆိုတာကြီးက ချစ်ခင်နှစ်သက်သူ ဖေဖေနှင့် သေကွဲခွဲရမည့် တစ်ပြိုင်နက်မှာ မချစ်ခင် မနှစ်သက်သူနှင့် ပေါင်းဖက်ရဖို့လား။ ကိုကိုကြီးကို မမုန်းပါ။ အင်မတန် စိတ်ကောင်းစေတနာရှိတဲ့ ကိုကိုကြီးကို ကိုးတန်း ဆယ်တန်း ဤအိမ်မှာ အတူနေရကတည်းက အားလုံးထဲမှာ ညဖူး အချစ်ခင်ဆုံးပါပဲ။ သို့သော် ဒါဟာ လက်ထပ်ဖို့တော့ မဟုတ်။

ညဖူးကို စေတနာ အထားဆုံး ဂရုအစိုက်ဆုံးဟာလည်း ကိုကိုကြီးပါပင်။ ဒါကတော့ ကျန်တဲ့ မမကြီး၊ ကိုကိုလတ်၊ ကိုကိုလေးတို့က သူ့မိသားစုအပေါ် သူဂရုစိုက်ကြတာ ရှိသေးကာ လူပျိုဖြစ်တဲ့ ကိုကိုငယ်က ညဖူး ကိုးတန်း ဆယ်တန်းတုန်းက အသက်နှစ်ဆယ့်ခြောက်–ခုနစ်၊ ရည်းစားတွေ စွံလို့ကောင်းတုန်း၊ အပေါင်းအသင်း မင်လှသူမို့ အပျိုပေါက် ညဖူးကို အလွန်တရာ အရေးတဝင် မရှိလှတာကြောင့်လည်း ပါမည်။

လူပျိုကြီးဖြစ်တဲ့ ကိုကိုကြီးကတော့ ဂရုစိုက်စရာ ကိုယ်ပိုင်မိသားစုလည်းမရှိ၊ အပေါင်းအသင်းလည်း နည်းပါးတာမို့ အလုပ်ပြီးလျှင် အိမ်ကပ်တာများသူလည်းဖြစ်၊ ညဖူးနှင့်လည်း အသက်အရွယ်ကွာတော့ တရင်းတနှီး ဂရုတစိုက် ဆက်ဆံခဲ့တာလည်း ပါပေမည်။ တစ်မိသားစုလုံးကတော့ ပုထုဇဉ်ပီပီ ရှိတတ်





တဲ့ အားနည်းချက်လေးမျိုးကလွဲလျှင် ဘာမှ ပြောစရာမရှိအောင် ချစ်ခင်နှစ်သက်ဖွယ် မိသားစုပါ။

ဖေဖေဆုံးခါနီး နီးကပ်လာသော အချိန်ကာလများမှာတော့ ဘွားကိုယ်တိုင်ကပါ ညဖူးကို တောင်းဆိုနားချခဲ့ပါသည်။ ဖေဖေဟာလည်း မသေခင် နောက်ဆုံးဆန္ဒဆိုတာ သိသာစွာ တတွင်တွင် တဖွဖွ ပြောခဲ့တာ။ ကိုကိုကြီးကတော့ ဤကိစ္စနှင့် ပတ်သက်၍ ညဖူးကို ဖိအားမပေးခဲ့ပါပေ။

“ညဖူးလေး စိတ်ချမ်းသာသလို ဆုံးဖြတ်ပါ ... ဟုတ်လား၊ ငြင်းချင်ရင်လည်း အားမနာပါနဲ့ ဘာမျက်နှာမှ မထောက်ပါနဲ့၊ ကူညီခဲ့တာတွေက မေတ္တာစေတနာ သက်သက်မို့ ဒီအကူအညီ ငွေရေးကြေးရေးတွေနဲ့ ထည့်မဆုံးဖြတ်ပါနဲ့၊ ကိုကိုကြီးကတော့ မေမေ့သားမို့ မေမေ့ဆန္ဒကို လိုက်လျောပေးဖို့ တာဝန်ရှိကောင်း ရှိမယ်၊ ညဖူးလေးမှာ ဒီတာဝန် မရှိပါဘူး”

ဖေဖေ ဆုံးတော့ ညဖူး ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ဒီဆုံးဖြတ်ချက်ကြောင့်လည်း ဖေဖေ့ကိစ္စအဝဝ အပြီးမှာ ညဖူး အလုပ်ပါထွက်ကာ မြန်မာပြည်ကို အပြီးပြန်လာခဲ့ပါသည်။ ပြန်ရောက်ကတည်းက လူငှားတင်ထားတဲ့ ကိုယ့်အိမ်ပေါ် မနေနိုင်ဘဲ ဘွားတို့အိမ်ကြီးပေါ် တန်း၍တက်ခဲ့ရတာပင်။ ဘယ်လိုစဉ်းစားစဉ်းစား ညဖူးမှာ အခြားသော အားကိုး ကိုးကွယ်ရာ သောက်သောက်လားလား ဘယ်သူမှ မရှိပါ။ ဤမိသားစုအပေါ် ၌သာ အလုံးစုံမှီခိုအားကိုးရတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးကူညီထောက်ပံ့ခဲ့မှု ဆိုတာထက်ပို၍ ကျေးဇူး စောင့်သိရမည်က စေတနာမေတ္တာ အထောက်အပံ့ကိုပင်။ ရှားရှား ပါးပါးသော သူငယ်ချင်းလေး နှစ်ယောက်ကတော့ ညဖူးကို နှမြောကြပေသည်။ သို့ပေမဲ့ ညဖူးညိုသည် ထိုအချိန်ကာလတွေ တုန်းက စိတ်ဓာတ်ကျဆင်းကာ ဘာကိုမှ လူခွန်အား စိတ်ခွန်အား သုံး၍ အားထုတ်လိုစိတ် မရှိဘဲ အသင့်ခင်းပြီးသား ဖြူးဖြောင့်နေ သော ရွှေလေှကားထစ်များမှ နင်းတက်၍ ရွှေစံအိမ်ပေါ်တက်ကာ စံမြန်းလိုက်ပါတော့သည်။

အဲဒီအတွက် နောင်တရစရာ ရှိခဲ့ပါသလားဆိုလျှင်…။

နောင်တဆိုတာဟာ ပြီးခဲ့သော ကာလတစ်ခုဆီက လွန်ခဲ့သော ဖြစ်ရပ်တစ်ခုကို "ဤသို့မပြုခဲ့ မဖြစ်ခဲ့သော်ကောင်း သား"ရယ်လို့ ပြင်ဆင်နိုင်ခွင့်၊ ပြင်ဆင်နိုင်စွမ်းရှိလျှင် ပြင်ဆင် လိုသော စိတ်ခံစားမှုကို ဆိုလိုပါသလား။ သို့မဟုတ် တနုံ့နုံ့ ဝမ်းနည်းပက်လက်နှင့် အမှားကြီးတစ်ခုကဲ့သို့ မဖြေနိုင်မဆည် နိုင် ယူကျုံးမရ ဖြစ်နေရတော့ခြင်းကို ဆိုလိုပါသလား။

ညဖူးညိုသည် မိမိ၏ကုသိုလ်ကံကြမ္မာ ဤသို့ပြဋ္ဌာန်း ညွှန်လတ်လာသည်ဟုသာ နှလုံးပိုက်လျက် ဘယ်သို့သော နောင်တ ရခြင်းမျိုးမှ မခံစားမိဘူးပါပေ။

"အခု သမီး အလုပ်ခွင်ဆီ လာလည် ဝင်ထွက်တဲ့ ယောကျ်ားသနာမျိုးလည်း ရှိနေပြီဆိုတော့ နောင်လည်း ရှိလာဦးမှာပဲဆိုတော့ …"





ညဖူး အတွေးစပြတ်ကာ ကြားလက်စ စကားကို အာရုံစူးစိုက်ရသည်။ ဘယ်သူတွေများ ဝင်ထွက်ပါလိမ့်။ ဘာကို များ ပြောတာပါလိမ့်။

"သမီးလေးက အသက်လည်းငယ်ငယ်၊ အရွယ်ကောင်း လေးပဲ ရှိသေးတယ်ဆိုတော့ ဒီလိုအနေအထားနဲ့ ဒီအရွယ် မုဆိုးမလေးတစ်ယောက်မှာ မမျှော်မှန်းနိုင်တဲ့ အန္တရာယ် ဆိုတာ ရှိနိုင်တယ် မဟုတ်လား"

ဘွားက စကားကို နားကာ နားကာ စဉ်းစဉ်းစားစား တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန် ပြောနေပါသည်။ ညဖူးကလည်း မျက်ခုံးကလေးပင်ပင့်ကာ ဂရုစိုက်နားထောင်နေမိသည်။

"အခုချက်ချင်းတော့ မဟုတ်ပေမယ့် သမီးလေးကို လူ မခန့်လေးစား မဖြစ်အောင်ပဲပြောပြော အားကိုးအားထား မားမားမတ်မတ်နဲ့ တင့်တင့်တယ်တယ် ဖြစ်အောင်ပဲပြော ပြော …"

"………"

"………"

ညဖူးညိုသည် အံ့အားတသင့် ပွင့်ဟလာသော နှုတ်ခမ်းကလေးကို ပြန်မစေ့နိုင်။ ရင်ထဲ တလှပ်လှပ် ကတုန် ကယင် ဖြစ်လာသည်။

"အချိန်တစ်ခု စောင့်ပြီးရင် ဘွားကိုယ်တိုင်ပဲ သင့်တော်တဲ့ သူနဲ့ ထပ်ပြီး နေရာချထားပေးဖို့ ရည်ရွယ်ထားတယ် ညကလေး"



www.burmeseclassic.com

www.burmeseclassic.com



"………"

ဘာရယ်လို့ ပြောမပြနိုင်တဲ့ ခံစားချက်တစ်ခုသည် ရင်ဝမှ ဆန်တက်ကာ လည်ချောင်းဝထိတိုင် ဆို့လာသည်။ သေချာသည်ကတော့ ဤစကားကို ဘယ်လိုမှ မနှစ်မြို့နိုင်ခြင်းတည်း။ နောက်တစ်ကြိမ်။ နောက်တစ်ကြိမ် Arranged Marriage လား။ ခေါင်းကလေး ငုံ့ချလိုက်သော ညဖူးညို မျက်ဝန်းမှ မျက်ရည်ပေါက်ကြီးများသည် အောက်မျက်ခမ်းဖျား၌ တွဲလွဲခိုချိန်ဝင်မရဘဲ ကသုတ်ကရက် အလူးအလိမ့် ပြုတ်ကျလာသည်။

"အို ... ညညလေး၊ ဘာဖြစ်လို့ ငိုရတာလဲ သမီးရယ်"

"ဘွား"လို့ ငယ်ကတည်းက နှုတ်ကျိုးခဲ့၍ ခုထိ ဆက်လက်ခေါ်နေမိသော်လည်း တကယ်တမ်း တော်စပ်မှုမှာ ယောက္ခမဖြစ်သူက စိတ်မကောင်းစွာ ရေရွတ်လိုက်ပါသည်။ မမနုက သူထိုင်ရာမှ ထလာကာ ညဖူး နံဘေးကပ်၍ ဝင်ထိုင်လိုက်လျက် ညဖူးကို လက်နှစ်ဖက်လုံးနှင့် ထွေးပိုက်လိုက်ပါသည်။ ထိုအခါမှပင် ပို၍ငိုချင်စရာကောင်းတော့ကာ ညဖူးညို၏ တစ်ကိုယ်လုံးဟာ တသိမ့်သိမ့်တုန်၍ တအစ်အစ် ရှိုက်သံကြီးများကလည်း မချိမဆန့် ထွက်ပေါ်လာရပါသည်။

"အို ... သမီးလေးရယ်၊ မငိုပါနဲ့ သမီးလေးရယ်၊ ခုချက်ချင်းလည်း မဟုတ်ပါဘူး၊ ခုချက်ချင်းကြီးလည်း သမီးကိုကိုကြီးကို သမီး ဘယ်မေ့နိုင်ပါဦးမလဲ၊ ဘွား နားလည်ပါတယ်"





ဩော် ... အတော်နားလည်မှု ရှိတာပေပဲ။ အရုပ်လား။ ညဖူးညိုဟာ အရုပ်လား။ စေတနာ ဆိုသော အရာသည် ယူလက်ခံယူရသော သူ၏စိတ်နှလုံးအတွက် အပေါင်းလက္ခဏာ ဆောင်သော အကျိုးသက်ရောက်မှု ရှိမှသာလျှင် စေတနာအရာ မြောက်လိမ့်မည်လို့ အနည်းအကျဉ်းမျှ မထင်မြင်မိကြတော့ဘူးလား။

ဟိုးတစ်နေ့က ဆေးခန်းရှေ့ ဘဝရှင် ရောက်လာခဲ့တာကလေး တစ်ခုသာ ရှိခဲ့တဲ့အတွက် ဟိုးအပေါ်ထပ်ကနေ မော်မော် မတော်တဆ လှမ်းမြင်တွေ့ကာ အိမ်မှာ ပြန်ပြောဖြစ်သည် ထင်သည်။ မော်မော်က ပေါ့ပေါ့ပါးပါး ခေတ်လူငယ် ယောကျာ်းလေးတစ်ယောက်ဖြစ်၍ တမင်တကာ တကူးတက အတို့အထောင်လုပ်မည့်သူမျိုး မဟုတ်တာ ညဖူး သိသည်။ အမှတ်တမဲ့ ပြန်ပြောမိပါလိမ့်မည်။

ဒါဟာ ဘယ်လောက်တောင် စိုးရိမ်စရာ ဖြစ်နေလို့လဲ။ ဆေးခန်းရှေ့ ကားပါကင်မှာ ဣန္ဒြေရရ တစ်ခဏ စကားရပ်ပြောရုံပါ။ အဲဒီနောက် ဖုန်းတစ်ကြိမ် နှစ်ကြိမ် ဆက်သေးတာတော့ ရှိတာပေါ့။ ဒါဟာ စိုးရိမ်လောက်တဲ့ အနေအထားလား။ သူတို့ချစ်ခင်သော မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဘယ်နှကြိမ် ဘယ်နခါတိုင်အောင် သူတို့ သင့်တော်သည် ကောင်းမွန်သည် ထင်သော ပုံစံခွက်ထဲ သွတ်သွင်းချင်တာပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါ သမီးလေးရယ် ... တိတ်ပါ၊ သမီးလေးက ငိုတော့ ဘွားလည်း စိတ်မကောင်းတော့ဘူး၊ သမီးကောင်း ဖို့ပါကွယ်"

ဘယ်လိုကောင်းဖို့လဲ ဘွားရယ်။ လူတစ်ယောက် ဟာ ပုံမှန်သာမန်ထက်ကော ဘယ်လောက်ထိအောင်တောင် ကောင်းဖို့ လိုအပ်နေလို့လဲ။ ဘွားရဲ့မျက်ဝန်းမှာပါ မျက်ရည်စမ်း စမ်း ဖြစ်လာတာမြင်လျှင် ညဖူးက ထိုင်ရာမှထ,ကာ ...

"ဘွား ... သမီး ခေါင်းကိုက်လာလို့ ခဏသွားနားပါရစေ"

"အေး ... အေး ... သွားပါ သမီးလေး သွားနား"

ကြာကြာဆက်နေပြီး တစ်စုံတစ်ရာ နှုတ်ကထွက်မိ တာမျိုး၊ မပြောသင့်တာမျိုး၊ လူကြီးစိတ်မကောင်းစရာမျိုး ပါသွား မှာမျိုးတို့ကို မဖြစ်စေလို၍ ညဖူးက လူကြီးစုံရာရှေ့က ခပ်သွက် သွက်ကလေးပဲ ပြေးထွက်လာပါသည်။ ညဖူး နောက်က မမနုက အပြေးလေးပဲ ကပ်ပါလာသည်။ အခန်းထဲက ခုတင်ပေါ် ညဖူး ထိုင်ချလိုက်မိလျှင် မမနုက မျက်နှာပျက်ပျက်နှင့်ပင် တံခါးကို ပိတ်ကာ သော့ချရင်း ...

"ဟုတ်ပါရဲ့ကွယ် ... ဒီအချိန် ဒါမျိုးတော့ မပြောသင့် သေးပါဘူး"

ဒါဖြင့် တစ်ချိန်ချိန်တော့ ပြောသင့်တယ်ရယ်လို့ မမနုကလည်း ယူဆထားတာများလား။ ကိုကိုကြီး ဆုံးသွားတာ နှစ်လကျော်ကြာလောက်မှာ မပြောသင့်တဲ့ ဒီစကားကို ဘယ်တော့





လောက် ပြောသင့်တာလဲ၊ ခြောက်လလား ဆယ်လလား တစ် နှစ်လား။

"မမနု"

"ဟင် ... ပြောလေ ညလေး"

"ခုလို ဖွင့်ပြောလာတယ်ဆိုတော့ ဘွားစိတ်ထဲမှာ ညဖူး ကို တစ်ယောက်ယောက်နဲ့ သဘောတူနေတာ ရှိနေပြီလား၊ တွေ့နေလို့လား၊ ဘယ်သူလဲ မမနု သိလား"

"………"

"ဟင် ... ပြောပါ မမနု၊ ညဖူးကို ပြောပါ"

"ဟို ... ကိုငယ်လေးပါ"

"ရှင်"

ကိုကိုငယ် ...။ ခုထိထိုင် လူပျိုဘဝနှင့် ရည်းစား နှင့်လို့ကောင်းနေတုန်း ရှိသေးတဲ့ ကိုကိုငယ်။ ကိုကိုကြီးတုန်းကလို အိမ်ထောင်ပြုပါတော့မလားလို့ ဘွား ပူပန်နေစရာလည်း မလိုတဲ့ ကိုကိုငယ်။ သူ မိန်းမ မယူသေးတာက မယူချင်သေးလို့ မယူ ဘာသာဖြစ်၍ မရလို့မယူတာမျိုးလည်း မဟုတ်၍ ရှာဖွေစပ်ဟပ် နေရာချပေးနေစရာကို မလိုအပ်တဲ့ ကိုကိုငယ်။ လူငယ်စတိုင်နှင့် ဲ နေတတ်ကာ ပေါ့ပါးလွတ်လပ်တဲ့စရိုက်၊ အကောင်းမြင်စရိုက် မျိုးတွေရှိတဲ့ ပျော်တတ်သော ကိုကိုငယ်။

ကိုကိုငယ်ကို ညဖူး ခင်မင်ပါသည်။ ကိုကိုကြီးနှင့် ညဖူးကို နေရာချထားပေးဖို့ သူတို့တောင်းဆိုတိုက်တွန်းကြတော့



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာစိတ်မှ မပါဝင်သော်လည်းပဲ ကိုကိုငယ်ဆိုရင်မှ ညဖူးနဲ့ ဆယ်နှစ်လောက်ပဲကွာကာ သင့်မြတ်သောအရွယ်ဖြစ်ပါလျက် ဘာကြောင့် ဒီလောက်အသက်ကွာတဲ့ ကိုကိုကြီးနှင့်မှ ပေးစားချင်ကြတာပါလိမ့်ဟုတောင် တွေးမိခဲ့ပါသေးသည်။

သူ့ဟာသူ အေးအေးပျော်ပျော်နေကာ ဘဝကို သူကျေနပ်သလို ဖြတ်သန်းနေတဲ့ ကိုကိုငယ်ရော ဒီကိစ္စ သိပြီးပြီလား။ သိပြီးလျှင် ဟားတိုက်၍ ရယ်မောလိမ့်မည် ထင်သည်။

"ဖြစ်မှဖြစ်ရလေ မမနုရယ်၊ ကိုကိုငယ်တဲ့ ...၊ ရွှေနန်းတော်ထဲက မင်းမျိုးနွယ်ဝင်တွေမို့လို့လား ... ဟင်၊ နောင်တော်နတ်ရွာစံလို့ နောင်တော်ရဲ့မိဖုရားကို ညီတော်က ကောက်တော်မူပြီး လက်ဆက်ရအောင်က ဘုရင်ခေတ် ဆွေတော်မျိုးတော်တွေ မို့လို့လား၊ ကိုကိုငယ်က အခု လက်ဖျောက်တီးရင် အခု ဆယ့်ရှစ်နှစ်သမီး ငယ်ငယ်ချောချောလေး ရနိုင်လောက်အောင် စန်းပွင့်နေတာကို မရီးတော်ခဲ့တဲ့ မုဆိုးမကို ယူစရာလား ... အဟက် ဟက် ဟက်"

ညဖူးသည် မျက်ရည်များနှင့် တကယ်ပင် ရူးချင်နှမ်းချင်စိတ်ပေါက်ကာ ရယ်မောမိပါသည်။

"ကိုကိုငယ်ကိုရော ဘွားတို့က ပြောပြီးပြီလားဟင်၊ ဘယ်လိုမျက်နှာမျိုးနဲ့များ ညဖူးက ကိုကိုငယ့်ကို မျက်နှာချင်းဆိုင်ရဲပါ့မလဲ မမနုရယ်"





"သူတို့ သေချာအတိအကျတော့ မပြောရသေးဘူး ထင်ပါတယ်၊ ဒါပေမဲ့ မမနုစိတ်ထင် အရိပ်အမြွက်လောက်တော့ အကဲစမ်း ပြောပြီးမလားပဲ"

"ဒီအစီအစဉ်ကို ပထမဆုံး အကြံရတာ ဘယ်သူဖြစ်မလဲ ညဖူး သိပါတယ်"

မမဆင့်ကလွဲ၍ ဘယ်သူ ဖြစ်နိုင်ပါမည်နည်း။ ဟိုတစ်လောဆီက ကိုကိုငယ်နှင့် တွဲနေသော မိန်းကလေးငယ်ဟာ မမဆင့်တို့ ဆွေမျိုးစုနှင့် မျက်နှာကြောချင်း လုံးလုံးမတည့်တဲ့ မိသားစုထဲက မိန်းမငယ် ဖြစ်နေကာ မထေမဲ့မြင် ခပ်ချေချေ ရိုက်နှင့် မမဆင့်အပေါ် အရိုအသေတန်လှသူလည်း ဖြစ်သေးသည်။ ထိုမိန်းမငယ်နှင့် ကိုကိုငယ် အကြောင်းပါသွားမှာကိုလည်း မမဆင့် အတော်ခါးသီးတာ အားလုံးသိသည်။

ဒါ့အပြင် မုဆိုးမကလေး ညဖူးညို့ဟာ မမကြီး ကိုကိုလတ် ကိုကိုလေးတို့အဖို့ ကရုဏာသက်ကြင်နာဖေးမချင်စရာလေး ဖြစ်နေတဲ့အတွက် မမကြီး ဂရုစိုက်တာက မထောင်းတာသော်လည်း ကိုကိုလတ်တို့ ဂရုတစိုက် ပြုလှတာက မမဆင့်အဖို့ သူ့အသည်း ပုလင်းကွဲရှသလို စပ်ဖျဉ်းဖျဉ်းနိုင်နေတာပဲ ညဖူး ရိပ်မိသည်။ အကြောင်းကတော့ ကိုကိုလတ်ဟာ အတိအလင်း မယားငယ်ရယ် ကီပင်ရယ်လို့ မရှိဘူး ယူဆရပေမယ့် မိန်းကလေးတို့ထံ၌ အာရုံလိုတာထက် ပိုကျတတ်သောဇရှိသူမို့ပင်။ ရုံးက သူ့အာရုံကျသော ဝန်ထမ်းမိန်းကလေးငယ်မျိုးဆို မွေးနေ့တို့ ဘာတို့၌ စိန်ရွှေပင် ချီးမြှင့်တတ်တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



မမဆင့် ကျိုးကန်းတောင်းမှောက် မျက်စိဒေါက်ထောက်ရတဲ့အထဲ ညဖူးညိုကိုတော့ဖြင့် စာရင်းမသွင်းသင့်တာကို မမဆင့် တွေးနိုင်သင့်ပေသည်။

"ညီမလေး ညဖူး၊ ညည်း ချစ်သူလေး ဘာလေး ရှိသွားရင်လဲ တစ်မျိုးငြင်းစရာရသားနော်"

ဒီအချိန်မျိုး ချစ်သူရှိစရာလား မမနုရေလို့ သက်ပြင်းသာ ရှိုက်မိလျက် ရင်မှာတော့ ဒီအသိုက်အမြုံကြီးမှတစ်ပါး အားကိုးအားထားရယ်လို့ မတ်မတ်မားမားမရှိတဲ့ ကိုယ့်အနေအထားကို စိတ်ပျက်ကာ ဘာမှန်းမသိတဲ့ တစ်စုံတစ်ရာကို နာကျင်လေသည်။

✣ ✣ ✣



(၈)

ဆရာကြီးရဲ့ပစ္စည်းတွေ ဆေးခန်းက မိန်းကလေးက သယ်ယူသွားတဲ့နောက် ဆရာကြီးနှင့်အတူ ဘဝရှင်က ကပ်လိုက်လာပါသည်။

"ဒါဆို နက်ဖြန် သန်ဘက်ခါ နှစ်ရက်တော့ ငါ့ဆေးခန်းတွေ ဖုန်းဆက်ဖျက်လိုက်တော့ ဘဝရှင်ရေ၊ နေပြည်တော်က သန်ဘက်ခါညမှ ပြန်ရောက်တော့မှာ သေချာသွားပြီ၊ နောက်တစ်ရက်မှ ငါပြန်ကြည့်နိုင်မယ်၊ မင်းကတော့ လူနာဟောင်းတွေ ဖောလိုးအပ်ပ် ချိန်းထားတဲ့ သူတွေတော့ တစ်ချက်သွားကြည့်ပေးလိုက်ပါ၊ လူနာသစ်တော့ နက်ဖြန် သန်ဘက်ခါ ဖျက်ထားလိုက်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးနောက်က လိုက်ပြီး ဆရာကြီးထိုင်ရာ ဆေးခန်းတွေမှာ ပညာယူ assist လုပ်ခွင့်ရနေတာဟာ ဘဝရှင်



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းလှတာပင်။ နာမည်ကြီးခွဲစိတ်ဆရာဝန်ကြီးနောက်က လိုက်ပါ assist လုပ်ချင်သူတွေ အများကြီးထဲမှာ ဆရာကြီးက ဘဝရှင်ရဲ့အမေနှင့် ငယ်စဉ်က တစ်ရပ်တစ်ကျေးတည်း မောင်နှမတွေလို နေထိုင်လာခဲ့သည့် ခင်မင်ရင်းနှီးမှုကြောင့် ဘဝရှင်ကို ရွေးချယ်ခေါ်ယူထားပါသည်။

ဆရာကြီးထိုင်ရာ ဆေးခန်းတွေနောက် တကောက်ကောက်လိုက်၊ ဆရာကြီးထံမှ ပညာတွေကို မျက်မြင်ကိုယ်တွေ့ လေ့လာသင်ယူ။ ဘဝရှင်ကိုယ်တိုင်လည်း Surgery ကို စိတ်ဝင်စားလှသူ ဖြစ်လေရာ ခွဲစိတ်ကုသ အထူးပြု၍ M.Sc ဆက်တက်ဖို့ Entrance ဖြေထားသည်မှာလည်း အောင်မြင်သွားခဲ့ပါပြီ။ ခုနောက်ပိုင်းမှာ သူဟာ M.Sc(Surgery) ကို သုံးနှစ် ထပ်မံတက်ရောက်ရတော့မှာဖြစ်သည်။

"ကဲ ... သွားပြီ"

ဆရာကြီးကားရဲ့ နောက်ခန်းတံခါးကို ပိတ်ပေးပြီးမှ ဘဝရှင်က ကိုယ့်ကားရှိရာ ခပ်လှမ်းလှမ်းဆီ လျှောက်လာခဲ့ပါသည်။

"တူတူ ... တူတူ ... တူတူ"

ဘဝရှင်က ဖုန်းကိုထုတ်၍ ထူးလိုက်ပါသည်။

"ဟယ်လို"

"ဘဝရှင် ... နင် ငါ့ကို ညနေ ၆ နာရီလောက် ဖုန်းပြန်ဆက်မယ်ဆိုပြီး မေ့သွားပြီ မဟုတ်လား"





"အာ ... နီလာ၊ ငါမမေ့ပါဘူးဟာ၊ ငါ အခုမှ ဆေးခန်းက ထွက်လာတာ၊ ငါ့ဆရာကြီးက နက်ဖြန် နေပြည်တော် အစည်းအဝေးရှိလို့ ဒီနေ့ လူနာတွေအားလုံး လက်ခံ၊ လူကုန်မှပြန်လို့အရမ်းနောက်ကျသွားတာဟ၊ ငါတကယ် အခု ငါ့ကားပေါ်တောင် မရောက်သေးဘူးဟ"

"ခုရှစ်နာရီတောင်ကျော်ပြီ၊ ဒါဆိုလည်း နင်ပင်ပန်းနေရောပေါ့ဟဲ့"

"အေးလေ၊ အဲဒါကြောင့် နို့မို့ရင်တော့ နင်က စကားပြောချင်တာတွေ ရှိတယ် ဆိုတာကို ငါ အရမ်းပဲ စိတ်ဝင်စားနေတာ၊ ဘာတွေလဲ အရမ်းသိချင်နေတာဟ"

"နောက်နေ့မှ ထပ်ချိန်းတာပေါ့ဟာ၊ နက်ဖြန်ညနေရော နင် ဆေးခန်းရှိသေးလား"

"ညနေပိုင်း ဆေးခန်းတော့ရှိတယ်၊ ဆရာကြီးကိုယ်စား သူခွဲထားတဲ့ လူနာတွေ၊ follow up ပြန်ကြည့်ပေးရမယ်၊ ဒါပေမဲ့ ငါ မနက်ပိုင်း အားပါတယ်"

"ဩော် ... နင် မနက်ပိုင်း ဂျူတီမရှိဘူးပေါ့"

"အေး ... ငါ M.Sc(Surgery) ဆက်တက်ဖို့ Entrance အောင်သွားပြီမို့လို့ ဆေးရုံနားထားလိုက်ပြီလေ၊ စာပြန်လုပ်ရတော့မှာ"

"ဟုတ်လား၊ နင်က တော်တယ်နော် ဘဝရှင်၊ ခွဲစိတ်သမားတော် ဖြစ်လာတော့မှာပေါ့၊ မုန့်ကျွေးရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“လိုပါသေးတယ်ယာ၊ ဖြည်းဖြည်းချင်း ကြိုးစားရမှာပေါ့၊ မုန့်ကတော့ ကျွေးမှာပါ အချိန်မရွေး”

“နင် နက်ဖြန်မနက်ပိုင်း အားရင် တွေ့မယ်လေ၊ ငါလည်း နက်ဖြန်အားတယ်”

“အေး ... တွေ့တာပေါ့၊ ဘရိတ်ဖတ်စ် စားမလား”

“အေး ... စားမယ်”

“ဟိုလေ ... နင် ညဖူးညိုကိုပါ ဖုန်းဆက်ပြီး သူ အားလား မေးကြည့်ပါလား၊ သူအားရင် သူ့ပါ နင်ခေါ်လိုက်ပါလားဟာ”

“အင်း ... သူ မအားလောက်ဘူး ထင်တယ်၊ ကဲပါလေ ... အခြေအနေအရပေါ့ဟာ၊ သူ လိုက်ရင်လည်း လိုက်ပေါ့၊ သူ မလိုက်ရင်လည်း ပြီးရောပေါ့”

“အေးပါ ... အေးပါ”

ဘဝရှင်က အပျော်ရှိန်တော့ လျော့သွားပါသည်။ နီလာဟန်ကိုလည်း သူ ခင်ပေမယ့် ခုချိန်မှာတော့ နီလာဟန်နှင့် အဆက်အသွယ်မပြတ် ပိုမိုရင်းနှီး နေလိုခြင်းဟာ နီလာဟန်က တစ်ဆင့် ညဖူးညိုနှင့်ပါ နီးစပ်ဖို့ဆိုတာကို သူ မျှော်လင့်နေမိလို့ပါ။ အ,တယ် တုံး,တယ်ပဲဆိုဆို ညဖူးညိုကို ချိန်းဆိုဖို့မပြောနှင့် ဖုန်းခေါ်ဖို့လောက်ကိုပင် ဘာကို ဘယ်လို အကြောင်းပြရမယ် မသိအောင် သူ သတ္တိနည်းနေတာပါ။ သူ့မှာ မိန်းကလေးသူငယ်ချင်းတွေ ရှိပေမယ့် အချစ်ရေးနဲ့ ပတ်သက်လို့ကတော့ အတွေ့





အကြုံလည်းမရှိတာ အမှန်ပေ။ တစ်ဖက်သားလည်း ရိပ်မိအောင် ဘယ်လိုစတင်ချဉ်းကပ်ရမည်ကို ဉာဏ်နည်းလို့နေတာပင်။

✤ ✤ ✤

စားသောက်ခန်းဝကို ခပ်သွက်သွက်လေး လှမ်းဝင်လာသော ဘဝရှင်ကို နီလာဟန်က လှမ်းကြည့်နေရာက လက်ဘစ်ဖက်မြှောက်ကာ မြင်အောင်လှမ်းပြလိုက်ပါသည်။ နီလာဟန် တစ်ယောက်တည်း ထိုင်နေတာ မြင်သွားတဲ့ ဘဝရှင်ရဲ့မျက်နှာက ဆက်သန်ဖော မျှော်လင့်ရိပ်ယောင်တွေတော့ လစ်ခနဲ လျော့ကျသွားခဲ့လေသည်။

အင်း ... သေချာပါသည်။

နီလာဟန်သည် ဟိုတစ်ရက်က သူ့အလုပ်ခွင် ရုံးဆင်းချိန် အကြိုရောက်နေတဲ့ ညဖူးညို မျက်နှာလေးကို ပြန်ကာ မြင်ယောင်မိသည်။ စိတ်ရှုပ်ထွေးသော ကယောင်ကတန်း မျက်နှာလေးတွင် ကြေကွဲဝမ်းနည်းရိပ်ကလေးများ ထင်ဟပ်နေသလားလို့ ထင်ခဲ့မိသည်။ အဲဒီနေ့က ညဖူးညိုသည် နီလာ့ကို တင်ဆောင်ပြီးသည်နှင့် ဘာမှမပြောဘဲ ကားကိုမောင်းထွက်လာကာ အနီးဆုံး ကားအေးအေးဆေးဆေး ရပ်ထားလို့ရတဲ့နေရာဖြစ်တဲ့ စိမ်းလန်းစိုပြည်ထဲ ကားကိုရိုးချရပ်လိုက်ကာ ကားနောက်ခန်းခုံပေါ်က လှပသော ပန်းစည်းကြီးကို လှမ်းငုံ့ကြည့်လိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီပန်းစည်းကြီး ငါ့ကို ဒီမနက်က ဘဝရှင် ပို့လာတယ် နီလာ”

“ဟုတ်လား ... ဟယ် ... လှလိုက်တာ၊ ဘာအတွက်တဲ့လဲ”

နီလာဟန်က ပန်းစည်းကြီး ဆွဲယူကိုင်ကြည့် မွှေးရှုကြည့်ကာ ဘုမသိ ဘမသိ မေးမိလေသည်။

“ကတ်ပြားလေး ပါတယ်၊ စာဖတ်ကြည့်လိုက်”

“အင် ... မွှေးပျံ့သော နံနက်ခင်းသစ်မှာ စိတ်နှလုံးလန်းဆန်းချမ်းမြေ့ပါစေ၊ ထာဝရ ဘဝရှင်တဲ့၊ ဩော် ... ဒါကို သူ လာပေးတာလား ညဖူး”

“ငါ ဆေးခန်းကိုရောက်တော့ အခန်းထဲမှာ ပန်းစည်းက ရောက်နှင့်နေပြီ၊ အဲဒါ ဘာသဘောမျိုးလို့ နင် ထင်လဲ နီလာ”

နီလာဟန် မျက်လုံးပြူးကြောင်လေးနှင့် ညဖူးညိုကို စိုက်ကြည့် အကဲခတ်နေခဲ့မိသည်။ ညဖူးရဲ့မျက်နှာကလေးပေါ်က အရိပ်အယောင် ခံစားချက်ကို စကားနှင့် ပြောပြရလျှင် အရှည်ကြီး ဖွင့်ဆိုရှင်းပြရမည် ဖြစ်ပေမယ့် နီလာဟန်က ဖျတ်ကနဲပင် အလုံးစုံ နားလည်သဘောပေါက်လိုက်ပါသည်။ ကတ်ပြားလေးကိုလည်း တစ်ကြိမ် ထပ်မံ၍ဖတ်လိုက်မိသည်။

စာသားလေးမှာ ထွေလီကာလီမပါ၊ ရိုးရိုးရှင်းရှင်းကလေးသာ ဖြစ်ပေမယ့် ထာဝရ ဘဝရှင် ဆိုတဲ့ သူ့ကိုယ်သူ ညွှန်းဆိုမှုဟာ အဓိပ္ပာယ်အများကြီး ပါဝင်သည် မဟုတ်လား။





ဘယ်လိုခြေလှမ်းကို စပြီဆိုတာ မပွင့်လင်းသေးဘဲနဲ့ကို မြင်သာနေခဲ့ပြီ မဟုတ်လား။ နီလာဟန် စိတ်မကောင်းသလို ခံစားနေရချိန်၌ ညဖူးညို မျက်နှာကလေးကလည်း စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်း အရိပ်ရောင်တို့ကို ဖုံးကွယ်နေသည့် ကြားထဲကကို သိသာ မြင်သာ နေခဲ့သည်။

“အေး ... ဘာမှ ရှည်ရှည်ဝေးဝေး မပြောကြပါစို့နဲ့လေ၊ နင် သူ့ကို တားလိုက်ပါ နီလာ၊ သူ ရှေ့မတိုးပါစေနဲ့၊ နင် ဘယ်လိုတားရမလဲ နင်ပဲ ဆုံးဖြတ်ပါနော်၊ သိပ်မခက်ခဲပါဘူးဟာ၊ အစကလေးပဲ ရှိပါသေးတယ်။ သူ ဘာမှမသိပဲ ငါ့ကို ဒီထက် သံယောဇဉ်များလာမှာ သနားပါတယ် နီလာ”

ညဖူးညို အသံကလေးက မသိမသာ တုန်ခတ်သွားခဲ့သည်။ သနားပါတယ်တဲ့လား ညဖူးရယ်။ နင် အဲဒီလို ခံစားနေရတာကို ရိပ်မိရတာ ဝမ်းနည်းလိုက်တာလို့ နီလာဟန် စိတ်မကောင်းခြင်းကြီးစွာ တွေးနေမိခဲ့ပါသည်။

“သူ ဖုန်းလည်း ဆက်တတ်တယ်၊ နေ့လယ်တွေ သူ့ဖုန်းလာရင် ငါ အလုပ်များလို့ မကိုင်မိချင်ယောင်ပဲ ဆောင်လိုက်တယ်၊ ဒါပေမဲ့ လုံးဝ ဖုန်းမကိုင်လည်း မကောင်းတော့ ညနေဘက် ညဘက် တစ်ခါတစ်ရံ ဖုန်းကိုင်လိုက်ပါတယ်၊ နှစ်ခါ သုံးခါတော့ ရှိပြီ၊ သူ ဘာမှထူးထူးခြားခြား မပြောပါဘူး၊ အလုပ်အကိုင်အကြောင်း ဘာညာ



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးတွေပဲ မေးမြန်းတာပါ၊ ပြောလည်း သုံးလေးမိနစ်ပဲ၊ သူလည်း ဘာပြောရမှန်း သိပုံမရဘူး၊ ငါကလည်း အာလာပသလ္လာပကို စကားလုပ် မပြောတတ်ဘူး၊ ဒီတော့ ပြောစရာစကား မရှိဘဲ တိတ်တိတ်သွားတယ်၊ အဲဒီလို တိတ်သွားတာကိုက အခြေအနေတစ်ရပ်ကို ခံစားမိစေတယ်၊ ငါကိုယ်တိုင်က ပြောပြဖို့ စကားစရခက်တော့ နင်ပဲ ကူညီပေးပါဟာ၊ သူသိသွားပါစေ၊ သူ ထိန်းလိုက်နိုင်ပါစေ၊ နောက်ဆုတ်သွားပါစေ၊ ဘ၀ရှင်က အင်မတန် လန်းဆန်းတက်ကြွတဲ့ လူငယ်လေးတစ်ယောက် မဟုတ်လား၊ သာယာနေတဲ့ သူ့အခြေအနေကလေး ငါ့အတွက် ဟန်ချက်ပျက်မသွားစေချင်ပါဘူးဟာ”

နီလာဟန်က ခုံဆွဲကာ ဝင်ထိုင်လိုက်တဲ့ ဘ၀ရှင်ကို ပြုံးပြလိုက်ပါသည်။

“ရောက်တာ ကြာပြီလား နီလာ”

“ဆယ်မိနစ်လောက်ပေါ့၊ ငါနဲ့က ပိုနီးတာကိုးဟ”

“ညဖူးညို မပါဘူးလား၊ မလာနိုင်ဘူး ထင်တယ်နော်”

“အေးဟ၊ သူတို့အိမ်က ဘရိတ်ဖတ်စ်နဲ့ ညစာဆိုရင် များသောအားဖြင့် လူစုံအောင် ဆုံစားလေ့ရှိတာကြောင့်ပါ”

ဘ၀ရှင်က ခေါင်းတညိတ်ညိတ်ပြုကာ လာချပေးသော ဒင်းမ်ဆမ်းမ်နီးပေါင်းခွက်ကလေးများကို နီလာ့ဘက်တိုးပေးရင်း သူကြိုက်တဲ့ ဆေးဘဲဥ၊ ဆားငန်ဘဲဥ၊ နံရိုးပေါင်းတို့ကို ထပ်မှာလိုက်ပါသည်။





“စား ... နီလာ၊ ငါ မေ့သွားတယ်၊ စောယုလွင်လည်း ခေါ်လိုက်ရမှာကို”

“ခေါ်ရင်လည်း သူ လာနိုင်မယ် မထင်ဘူးဟ၊ ငါသာ ဒီနေ့ ရုံးအားတာ၊ သူက ရုံးတက်ရမယ်လေ၊ အေးအေး ဆေးဆေး စားနိုင်မှာ မဟုတ်ဘူး”

“ငါ တစ်ခါထပ်ကျွေးဦးမယ်လေ၊ အားလုံး အားအောင် ဒင်နာဖြစ်ဖြစ်ပေါ့၊ နင်ရော စောယုလွင်ရော ညဖူးညိုရော အားလုံးပေါ့၊ ညဖူးညိုတို့အိမ်က ညဘက်တွေ ဘာတွေ လွှတ်လား၊ နင်တို့ပါရင်တော့ လွှတ်မယ် ထင်ပါတယ်နော်”

“အင်း ... အိမ်ကတော့ အရမ်းချုပ်ချယ်တင်းကျပ်တာ မရှိပါဘူး၊ ညဖူးက ထွက်ချင် မထွက်ချင်သာ အဓိကပါ”

“လုပ်ပါဟာ ... နင်တို့ခေါ်ပေးရင်တော့ ညဖူး လိုက်မှာပါ၊ ငါခေါ်ရင်တော့ လာချင်မှ လာချင်မှာပေါ့ ... ဟင်းဟင်း”

ဘ၀ရှင်က အားရပါးရ စားနေရင်း ရယ်မောနေမိပါသည်။ ညဖူးသာ ပါလာရင် သူ ဘယ်လောက်များ ပျော်နေမိမလဲ။ ပါအောင်ခေါ်ပေးဖို့ ပြောရတာကိုပင် လူက ရွှင်သွက်နေမိသေးသည်။ နီလာဟန်ကတော့ အားရပါးရ စားနေသော ဘ၀ရှင်ရဲ့ နံနက်ခင်း ဘရိတ်ဖတ်စ်လေး အရသာပျက်သွားမည်စိုး၍ ဘာကို ဘယ်ကစပြီး ဘယ်အချိန်မှာ ပြောရင်ကောင်းမလဲ ရင်မောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ပြောရဦးမယ်"

"ဘာလဲ"

"ငါ ဟိုတစ်နေ့က ညဖူးညိုဆီ ပန်းစည်းတစ်စည်း ပို့လိုက်တယ် ... အဟင်း"

နီလာဟန်က ခေါင်းလေးညိတ်ရင်း ...

"အင်း ... ညဖူး ပြောပါတယ်"

"သူ တခြား ဘာပြောသေးလဲ နီလာ၊ ပန်းစည်းတစ်စည်း ပို့တယ်ဆိုတာ စိတ်ဆိုးစရာတော့ မဖြစ်လောက်ပါဘူးနော်၊ အဲဒီနေ့ညက ညဖူးကို အဲ ... နင်တို့လည်း ပါတာပေါ့ ဟာ၊ နင်တို့ကို အင်မာဂျဲင်စီမှာ ငါ မမျှော်လင့်ဘဲ ပြန် တွေ့လိုက်တာ နှစ်လပြည့်တဲ့နေ့လေ၊ တစ်လပြည့်တုန်းက တော့ ငါ သူ့ဆီဖုန်းဆက်လိုက်တယ်၊ ညဖူးက ဖုန်းအမြဲ မကိုင်ဘူးဟ၊ ဒါပေမဲ့ အဲဒီနေ့ကတော့ သူ ဖုန်းကိုင်တော့ စကားပြောရပါတယ်၊ ခက်တာကဟာ အဟဲ ... ငါက ညဖူးနဲ့ စကားပြောချင်တာသာရှိတာ၊ တကယ်တမ်းပြော ရင် ဘာပြောလို့ ပြောရမှန်းမသိဘူး၊ ပြောစရာအကြောင်း ကလည်း မရှိဘူး၊ စကားပြောရတာ အဲလောက်ခက်မှန်း ငါ တကယ်မသိခဲ့ဘူးဟာ၊ နောက်ဆုံးတော့ ဘာပြောရမှန်း မသိတာနဲ့ နှစ်မိနစ် သုံးမိနစ်နဲ့ ငါ ဖုန်းချလိုက်ရတာ ချည်းပဲ၊ အဲဒီနေ့ကတော့ ဘာရယ်မဟုတ်ဘူး ပန်းစည်း လေးပို့ပေးချင်စိတ် ပေါ်လာတာနဲ့ တစ်ရက်ကြိုကတည်း





ကမှာထားပြီး အစောကြီးသွားယူ၊ သူ့ဆေးခန်းကို မနက် အစောကြီး ပို့ထားပေးလိုက်တယ်၊ သူ့ကိုသာ လက်ထဲအထိ အရောက်ပေးရရင် ဘယ်လိုများနေမလဲ မသိပါဘူးဟာ၊ သူ မရောက်ခင် သွားပေးခဲ့ရတာတောင် မလွယ်ဘူး၊ ကတုန်ကယင်ကို ဖြစ်နေတာ ... ဟား ဟား၊ ပြီးတော့ သူများ Thank you တွေ ဘာတွေ ဖုန်းဆက်ပြောမလား လို့ မျှော်လင့်နေမိသေးတာ၊ မဆက်ပါဘူးဟာ၊ သူလည်း အံ့ဩနေမယ် ထင်တယ်"

အစားစားရင်းကပဲ စကားကို အမျှင်မပြတ် အရှည် ကြီး ပြောနေတဲ့ ဘဝရှင်ကို နီလာဟန်က ငေးကြည့်နေမိလေ သည်။ ကြည်နူးရိပ်နှင့် ဝင်းစင်လင်းလက်နေတဲ့ ဘဝရှင်ရဲ့အပြုံး မျက်နှာမှာ မျက်ဝန်းတွေက တောက်ပရွှန်းလက်နေလိုက်တာ။ စားနေတဲ့ အစားအစာတို့ပင် နင်လာသလို နီလာဟန်က စိတ်မ ကောင်း ဖြစ်လာမိပါသည်။ အဓိကကျသော စကားလုံးလေးနှစ် လုံး မပါဝင်သေးတာကလွဲလျှင် ဘဝရှင်ရဲ့ရင်ထဲကို ထွင်းဖောက် မြင်သိနေနိုင်ပြီပဲ မဟုတ်လား။ သေချာနေပြီပဲ မဟုတ်လား။

"စားလေဟာ နီလာဟန်"

ဘဝရှင်က နီလာ့ကို တအံ့တဩနှင့် မေးဆတ်ကာ ပြောလိုက်ပါသည်။ နီလာဟန့်မျက်နှာဟာ တစ်မျိုးကြီးပါလား။ နေများ မကောင်းလို့လား၊ ရင်ကယ်နေတာများလားလို့ပင် ထင် မိတာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင် နေကောင်းရဲ့လား"

"ကောင်းပါတယ်ဟာ"

"ဒီမှာ ငါက တစ်အိုးပြီးတစ်အိုး စားနေတာ မနည်းတော့ဘူး၊ ဗိုက်တောင် ပြည့်လာပြီ၊ နင်က ဘာမှလဲ သိပ်မစားပါလား၊ ဘာလဲ ... စိတ်တက်မှာ စိုးလို့လား၊ ဘရိတ်ဖတ်စ်ကတော့ စားပါဟ၊ နောက်ပိုင်းအနပ်တွေမှ လျှော့ချင်လျှော့"

"ငါက မနက်စာစောလည်း သိပ်မစားတတ်လို့ပါ"

နီလာဟန်က အနည်းငယ်စားပြီးနောက် တကယ်ပဲ ဆက်မစားနိုင်ပါ။ ဘဝရှင်ကတော့ နီလာဟန်ရဲ့ စိတ်အတွင်းထဲ ဖြစ်နေတာတွေကို မရိပ်မိပါ။ နောက်တစ်ကြိမ် ညဖူးညိုကိုပါ အတူခေါ်နိုင်အောင် နီလာ့ကို ဘယ်လိုချိန်းခိုင်းရမလဲ ခေါင်းပူအောင် စဉ်းစားနေမိလေသည်။ ဟက်ဟက်ပက်ပက် တက်တက်ကြွကြွ မရှိလှတဲ့ နီလာဟန့် အမူအရာကိုတော့ မသိမသာ ရိပ်မိနေသေးရာ အဲဒီအကြောင်းရင်းကိုလည်း တွေးတောကြည့်နေမိပါသည်။

ညဖူးညိုက လိုက်လိမ့်မယ် မထင်လို့လား။ တစ်ယောက်တည်း ကားမောင်းကာ လှုပ်ရှားသွားလာနေသော ညဖူးညိုဟာ အိမ်က ကွပ်ညှပ်ချုပ်ချယ်ခံရလွန်းတဲ့ ပုံတော့လည်းမပေါက်လေရာ ဘဝရှင်က ခေါ်တဲ့ ဖိတ်တဲ့ဆီကိုမှ လိုက်ချင်ပုံမရတာကြောင့်များလား။ တကယ်တော့ ဘဝမှာ စိတ်လှုပ်ရှား ခံစား





အလွယ်ဆုံးသောအရွယ်၊ ရင်ခုန်သံဖြိုးဖြိုးဖြောက်ဖြောက် စတင်ဆိုးဖောက် အသက်ဝင်တဲ့အရွယ်၊ ဆယ့်ခြောက်နှစ်လောက်ကနေ အသက်အစိတ်လောက်အထိသော ကာလအပိုင်းအခြားတွေမှာ ဘဝရှင်နှင့် ညဖူးညိုတို့ဟာ အဆက်အစပ်ကင်းမဲ့စွာ ဝေးကွာနေခဲ့ကြတာ မဟုတ်လား။

ဒီကြားထဲ ညဖူးညိုမှာ ရင်ခုန်သံ ဇာတ်လမ်းလေး တစ်ပုဒ်တလေရှိနှင့်ပြီး မဖြစ်နိုင်ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ။ အတိုနဲ့လိုရင်း ပြောရရင်တော့ ညဖူးမှာ ချစ်သူရှိရင်တောင် ရှိနေနိုင်သေးတာ။ ကိုယ်တိုင်က ဒီလိုကိစ္စမျိုး လုံးဝမရှိခဲ့ဖူးသေးတော့ ညဖူးဘက်ကိုလည်း သူ ထည့်တွေးဖို့ မေ့ခဲ့သည်။ ပြန်ဆုံတွေ့ရဘာကိုပဲ ပျော်ရွှင်ရင်ခုန် ကျေနပ်နေလိုက်တာ တစ်ဖက်သတ်အတွေးနှင့်သာ။

"နီလာ"

"အင်"

"ငါ တစ်ခုလောက် မေးချင်တယ်၊ ငါတို့ ပြန်တွေ့ကြတာ နှစ်လလောက်ပဲ ရှိသေးပြီး နင့်ကို ဒီမေးခွန်း မေးတယ်ဆိုတာ နည်းနည်းအလောသုံးဆယ် ဆန်နေမယ်ဆိုရင်လည်း ငါ့ကို ခွင့်လွှတ်ဟာ၊ နားလည်ပေးပါ"

"........"

"ည ... ညဖူးညိုမှာ ချစ်သူရှိနေပြီလားဟင်"

"........"



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ပြောဖို့လာခဲ့ပေမယ့် တကယ်ပြောရတော့မည်ဆိုတဲ့အခါ နီလာဟာန် မျက်နှာတွေ ပူရှိန်း၍ အလွန်အင်မတန်မှ ဝန်လေးပင်ပန်းမိပါသည်။

"ရှိနေတာလားဟင်၊ ငါ့ကိုပြောဖို့ အားမနာပါနဲ့ နီလာ၊ ပြောပြပါ"

"ငါ တကယ်တော့ နင့်ကို အဲဒါပြောချင်နေတာပဲ ဘဝရှင်ရဲ့၊ အနေးနဲ့ အမြန်တော့ နင် သိမှာပဲလေ၊ ဒါပေမဲ့ ဘာမှ စကားမစပ်ဘဲနဲ့လည်း ငါ့အနေနဲ့ ဘလိုင်းကြီးပြောဖို့က အဓိပ္ပာယ်မရှိသလိုပဲလေ"

ဘဝရှင်သည် လက်ထဲကတူကို သူ့ရှေ့ကပန်းကန်ကလေးပေါ် အပြီးချထားလိုက်တော့ကာ ကိုယ်ကိုလည်း ခပ်လျှော့လျှော့ ပြင်ထိုင်လိုက်မိသည်။ နီလာ့စကားက သူ့ကိုယ်ထဲက ခွန်အားတွေ လန်းဆန်းတက်ကြွခြင်းကို စုပ်ယူလိုက်သလို သူ့အားပြတ်နှုံးချည့်သွားသလို ခံစားလိုက်ရလေသည်။ ခြောက်သွေ့သွားသော လည်ချောင်းမှဖြတ်ကာ စကားလုံးတချို့က ခြောက်ကပ်ကပ် ထွက်လာသည်။

"ဒါဆို သူ့မှာ ချစ်သူရှိတယ်ပေါ့နော်"

"အဲလို မဟုတ်ဘူး ဘဝရှင်၊ နင် ထင်တာထက် ညဖူးရဲ့ ဘဝမှာ အဖြစ်အပျက် အပြောင်းအလဲတွေ များခဲ့တယ်။ ညဖူးက လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က အိမ်ထောင်ကျခဲ့တယ် ဘဝရှင်"





"ဘာ"

ဘဝရှင်ရဲ့ တစ်ကိုယ်လုံးဟာ တဆတ်ဆတ် တုန်သွားသလား ထင်ရအောင် တုန်လှုပ်အံ့ဩသွားရပါသည်။ လူကပြန်မတ်လာပြီး မယုံကြည်နိုင်သလို ကိုယ်ကို ရှေ့ကိုင်းကာ နီလာဟန့်ကို စေ့စေ့ကြည့်ရင်း ...

"ည ... ညဖူးမှာ အိမ်ထောင်ရှိတယ် ... ဟုတ်လား"

"အိမ်ထောင်ရှိခဲ့တာ"

"ဟင် ... ဘာ၊ ဘာတွေပြောနေတာလဲ နီလာ၊ ရှင်းရှင်းပြောပါဟာ"

"နင်နဲ့ ငါတို့ အင်မာဂျင်စီမှာ မတွေ့ခင် နှစ်ပတ်သုံးပတ်လောက်က ညဖူးရဲ့ခင်ပွန်း ဆုံးသွားတယ်"

"ဘာ ..."

"ညဖူးက အခု မုဆိုးမပါဟာ"

"………"

ဘဝရှင်ရဲ့ နှုတ်ခမ်းများက စေ့မရအောင် ပွင့်ဟလို့နေမိတော့ကာ ဘာကို ဘယ်လိုခံစားလိုက်ရတယ်မသိ။ ရင်ဝထဲမှာ အပူခဲကြီးတစ်ခု ဆို့တက်လာသလို အောင့်ပြီးနင်လျက် ဘာဆို ဘာမှ ထပ်မပြောနိုင်ဘဲ ကြက်သေ သေနေရလေသည်။

"ကိုကိုကြီးက သူ့ထက် အသက်အများကြီး ကြီးတယ်၊ ညဖူးအမေက ညဖူး ငါးတန်းလောက်ကတည်းက ဆုံးသွားတာ၊ ညဖူး စင်ကာပူမှာ ကျောင်းတက်ပြီး အလုပ်ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန် သူ့အဖေလည်း အဲဒီမှာပဲ အလုပ်လုပ်နေတုန်း သူ့အဖေက ကင်ဆာနဲ့ဆုံးပြန်တယ် ဘဝရှင်။ သူ့အဖေ ဆုံးပြီး မကြာခင် သူ ဦးအောင်မင်းနိုင်နဲ့ ယူလိုက်တာပဲ၊ သူ့ဘဝလုံခြုံဖို့ သူ့ဘဝရပ်တည်ဖို့ သူ့ရှေ့ရေး နောက်ကျေးဇူးတရားပေါ့ဟာ ဒါတွေအများကြီး ရောထွေးပြီး ညဖူး လက်ထပ်လိုက်တာပဲ၊ အိမ်ထောင်သက်က တစ်နှစ်ကျော်ပဲ ရှိသေးတာပါ၊ တစ်ခါ ကိုကိုကြီးက ဆုံးသွားပြန်တယ်၊ ညဖူး ဘဝက ငါတို့လို ဖြောင့်ဖြောင့်စင်းစင်း ရိုးရိုးရှင်းရှင်းလေး မဟုတ်ဘဲ အချိုးအကွေ့တွေ များခဲ့တယ်”

ဘဝရှင်သည် တဖျပ်ဖျပ် လှုပ်ခါနေတဲ့ သူ့နှလုံးသား မငြိမ်မသက်မှုကို ဘယ်လိုမှ တည်ငြိမ်အောင် ကြိုးစားလို့မရဘဲ ဖြစ်နေသည်။ နားထင်ဆီ တိုးဆောင့်နေတဲ့ သွေးခုန်နှုန်းနှင့်အတူ ခေါင်းပါကိုက်လာသလို ရှိလေသည်။ လက်ဖဝါးနှစ်ဖက်နှင့် သူ့မျက်နှာပြင်ကို ပွတ်နေမိကာ နှုတ်ကတော့ လုံးလုံးလျားလျား ဆွံ့အနေပါသည်။

“နင်လည်း ဘာပဲဖြစ်ဖြစ် မကြာသေးခင်က ပြန်ဆုံကြတဲ့ သူငယ်ချင်းဟောင်းဆိုတော့ ငါလည်း နင့်ကို ဒါတွေ ပြောပြဦးမယ်လို့ပါပဲ ဘဝရှင်၊ ညဖူးက အခုယောက္ခမ အိမ်မှာ နေတာလေ၊ ယောက်မတွေ၊ မတ်တွေ အားလုံး အတူနေကြတယ်၊ အစ်ကိုအကြီးရဲ့ဇနီး ဖြစ်ပေမယ့် သူက





အားလုံးထက်ငယ်တယ်၊ ယောက်မအကြီးဆုံးရဲ့သား တူတွေနဲ့မှ ရွယ်တူလို ဖြစ်နေတာ၊ သူတို့မိသားစုက ကောင်းကြပါတယ်၊ ညဖူးကိုလည်း သိပ်ချစ်ကြပါတယ်၊ ဂရုစိုက်ကြ ကြင်နာကြပါတယ်၊ ဒါပေမဲ့ ညဖူးမှာ သူ့စိတ် သူ့ကိုယ် သူ့ဆန္ဒ ဆိုတာမျိုးတော့ အင်မတန် ရှားတာပေါ့ဟာ”

ဘဝရှင်သည် စိတ်မကောင်းခြင်းကြီးစွာ ဝမ်းနည်းသိုက်လှဲလာမိသည်။ သတိလက်လွတ် အံကိုကြိတ်ထားမိကာ နှင်ထဲနာကျင် နင့်သည်းလာပါသည်။

“ညဖူး ... သနားပါတယ်ဟာ”

ဒီစကားကိုသာ အားယူ၍ တီးတိုးညည်းညူနိုင်ခဲ့လေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

(၉)

စာကြည့်မျက်မှန်လေးကို ဖြုတ်ကာ ရှေ့က ဖတ်လက်စစာအုပ်ပေါ် ပစ်ချလိုက်ရင်း ဘဝရှင်က သက်ပြင်းအကြီးကြီး ချလိုက်မိပါသည်။ စာကို ဘယ်လိုမှကို စိတ်ဝင်တစား ဖတ်မှတ်လို့မရပါလား ဟရို့။

BURMESE CLASSIC

ဘယ်လိုပဲ ရင်ထဲက ပူလောင်နာကျင်မှုကို သက်ပြင်းနှင့်အတူ မှုတ်ထုတ်ထုတ် အဲဒီခံစားချက်ကြီးက ရင်ထဲက တစစ်စစ် နာကျင်လာသည်။ ရင်ထဲ လေးလေးပင်ပင်ကြီး ဆို့နစ်အနေခက်လှကာ ဒီအကြောင်း ဒီကိစ္စကိုပဲ ခေါင်းထဲ အတွေးထဲ ထပ်ခါတလဲလဲ တွေးမိနေသည်။ ခဏတောင် မေ့ထားလို့မရ နေမရ ထိုင်မရ ခံစားရ ခက်လှပါဘိခြင်း။

သူ ဘာဖြစ်နေတာပါလိမ့်။

အနီးစပ်ဆုံးကတော့ သူ တအားဝမ်းနည်းနေမိတာပင်။ ဒီကြားထဲအချိန်တွေမှာ သူ ဘာကြောင့် ညဖူးညိုနှင့် မဆုံ





စည်းသော ကံကြမ္မာမျိုး ကြုံကြိုက်ခဲ့တာပါလိမ့်။ ဘာကြောင့် အဝေးကြီး ဝေးကွာနေခဲ့ပါလိမ့်။ တော်တော်ဆိုးဝါးတဲ့ ကံကြမ္မာပဲ၊ သူသာ ညဖူးညိုအနား တောက်လျှောက်ရှိနေခဲ့လျှင် ညဖူးညို ဒီလိုအဖြစ်မျိုးတွေ မကြုံကြိုက်ပဲ သူမရဲ့ဘဝလမ်းကြောင်းက တစ်မျိုးများ ပြောင်းသွားခဲ့လေမလား။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတယ် မဟုတ်သေမယ့် သူနှင့် ညဖူးညိုသာ အဆက်မပြတ်သော ဆက်ဆံရေးတစ်ခု ရှိခဲ့လျှင် ညဖူးညို အခက်အခဲ တစ်စုံတစ်ရာ ရင်ဆိုင်ရချိန်မှာ တစ်နည်းနည်းသော အကူအညီ အကာအကွယ်ကို ပေးနိုင်ခဲ့လေမလား။ ညဖူးညိုရဲ့ အရေးပါသော အရေးကြီးသော ဘဝအချိုးအကွေ့ တစ်နေရာရာမှာ အပြောင်းအလဲ တစ်ခုခုကိုများ သူ ဖန်တီးပေးနိုင်ခဲ့လေမလား။ ဒါကိုတွေး၍ ဘဝရှင်က ဘနုံ့နုံ့ ရင်နာနေမိပါသည်။

ငါးတန်းကတည်းက အမေဆုံးပါးသွားခဲ့သတဲ့။

မူကြိုတုန်းက နေ့စဉ်လိုလို ကျောင်းကြိုလာတိုင်းမြင်တွေ့နေခဲ့တဲ့ ညဖူးရဲ့မေမေ။ အင်မတန် သဘောကောင်းကာ သူ့သမီးလေးကို လွန်လွန်ကဲကဲ ဖွဲလမ်းတွယ်တာ ချစ်ခင်သောကောင်ကလေးကို ရယ်ကာမောကာ နှစ်သိမ့်ခဲ့တဲ့ ညဖူးရဲ့မေမေ။ ရုပ်လည်းချော သဘောလည်းကောင်းသော ထိုအန်တီကိုလည်း အမေမရှိတဲ့ ဘဝရှင်က ချစ်ခင်ခဲ့မိပါသေးသည်။ အခုစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လျှင် အခု ခေါင်းထဲကို အမှတ်တရ အဖြစ်အပျက် ပြကွက်ကလေးတွေ ပြန်ပေါ်လာကာ မျက်လုံးထဲမှာလည်း ထိုအန်တီရဲ့ ရုပ်သွင်ကအစ စွဲမြဲမှတ်မိနေဆဲပါပင်။

သူက ဘာရယ်လို့မှ မသိသေးချိန် မမှတ်မိသေးချိန် လူမမယ်အရွယ်လေးမှာကတည်းက မိခင်မဲ့ခဲ့တာမို့ ဆိုးဆိုးဝါးဝါး လွမ်းဆွတ်ဝမ်းနည်းတတ်ခြင်း မရှိခဲ့ပါပေ။ ညဖူးကတော့ ဆယ်နှစ်သမီးလောက်အရွယ် မိခင်ကို အင်မတန်ချစ်ခင် ချွဲနွဲ့တွယ်ကပ်လို့ ကောင်းမည့်အရွယ်မှာ သူ့အမေကို ဆုံးရှုံးလိုက်ရတာ။ လွမ်းဆွေးတတ် ဝမ်းနည်းတတ် တမ်းတတ်နေမယ့်အရွယ်ကျမှ ဆုံးရှုံးလိုက်ရတာမို့ အတော် အားငယ်ဝမ်းနည်း ခံစားခဲ့ရမှာပင်။

သနားလိုက်တာ ညဖူးရယ်။

နောက်တစ်ခါ အဖေကို ထပ်မံဆုံးရှုံးလက်လွှတ်ရပြန်တော့မည့်အခါ အသိုင်းအဝိုင်းအင်အား၊ စိတ်ဓာတ်အင်အား၊ ငွေအင်အားတို့ ဘာတစ်ခုမှ အသေအချာ မပြည့်စုံမည့် ညဖူးလေး ဘယ်လောက်တောင် စိတ်ဒုက္ခရောက်ခဲ့ရမှာပါလိမ့်။ ကူကယ်ရာအဖြစ် အဲဒီမိသားစုကြီး ရှိနေလို့သာ တော်တော့တာပေါ့။ အသက်လည်း ကွာခြားလေသောအခါ ညဖူးရဲ့ "ကိုကိုကြီး" ဆိုတဲ့ ခင်ပွန်းဟာ ညဖူးကို ချစ်ရှာမှာပါပင်။ သနားကြင်နာခဲ့မှာပါပင်။

အဲသလို အားကိုးရာကို ရလိုက်ပြီးပြီ ဆိုရင်လည်းဝဲ ဤအားကိုးရာဟာ ဘဝတစ်သက်တာ တစ်လျှောက်လုံး တည်မြဲ





နေပါတော့လား။ ကံကြမ္မာကြီးက ဘာကြောင့်များ ညဖူးညိုလေးကို အသက်ငယ်ငယ်ကလေးနှင့် မုဆိုးမဖြစ်စေခဲ့ပြန်တာပါလိမ့်။ ဘာကြောင့် ဒီလောက် ကံဆိုးခဲ့ရတာပါလဲ။

ခုလို ညဖူးညိုကို မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ချိန်မှာ ညဖူးဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်နေမယ် ဆိုရင်တောင် သူ ခုလောက်ခံစားနေရမယ် မဟုတ်ပါ။ ဪ ... သူ့အိမ်ထောင် သူ့မိသားစုကလေးနှင့် တည်ငြိမ်အခြေကျနေပြီ ရယ်လို့ နောက်ဆုတ်လိုက်ဖို့ အခက်အခဲရှိမှာ မဟုတ်ပါ။

ခုတော့ ... မုဆိုးမကလေးတဲ့။ သူ ဘယ်လိုများ မခံစားဘဲ ကရုဏာမသက်ပဲ မနာကျင်ပဲ နေနိုင်ပါမည်လဲ။

"သားရေ ... မောင်ရှင်လေး၊ သား ... လာပါဦးကွယ်"

ခပ်ဟဟရှိနေသော အခန်းတံခါးဝမှာ ဒေါ်ကြီးပေါ်လာကာ အလောသုံးဆယ် ခေါ်လိုက်တာမို့ ဘဝရှင်က နေရာမှ ထ,လာခဲ့ကာ ...

"ဒေါ်ကြီး ဘာဖြစ်လို့လဲ"

"မင်းဦးလေးအောင် လက်မားထိလို့ လာကြည့်လှည့်ပါဦးကွယ်"

"ဒါဆို ဆေးဘူးလေး ယူခဲ့ဦးမယ်၊ ဒေါ်ကြီး ခဏ"

ဘဝရှင်က အိမ်မှာ ထိခိုက်ရှနာတဲ့အခါ သုံးတဲ့ ကြက်ခြေနီသေတ္တာဘူးကလေးကို လှမ်းဆွဲယူပြီးမှ အခန်းပြင်ထို



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက် ထွက်ခဲ့ပါသည်။ နောက်ဖေးမီးဖိုခန်းထဲမှာ ကျောက်ပြားခင်းပေါ် ထိုင်ချနေတဲ့ ဦးလေးအောင်ရဲ့ ဘယ်ဘက်လက်မှ သွေးရဲရဲတို့ အတော်ကြီး စီးဆင်းကျနေသည်။ ဘေးမှာတော့ ခပ်ထူထူခင်းထားတဲ့ အဝတ်ဟောင်းတစ်ခုပေါ်မှာ စဉ်းတီတုံးနှင့် ဓားမတို။ နံဘေးမှာက အုန်းသီးစိမ်းနုနုများ သုံးလေးလုံး။

"အား ... ဦးလေးအောင်၊ အုန်းသီးခွဲတာ ဓားထိသွားပြီလား၊ များလား ... ကြည့်ရအောင် ပြပါဦး"

ဘဝရှင်ကလည်း ဆေးသေတ္တာဘူးလေး ဘေးချပြီး ကျောက်ပြားပေါ် ဖင်ထိုင်ချလိုက်ပါသည်။ ဒေါ်ကြီးထံက ရေဇလုံလေးတောင်း၊ ဦးလေးအောင်လက်ကို ရေဆေး၍ ဒဏ်ရာကြည့်ပြီးသော် ...

"တော်ပါသေးရဲ့ အရမ်းကြီး မများဘူး၊ သွေးထွက်များနေတော့ ချုပ်ရတော့မလားတောင် ထင်နေတာ၊ ဓားမနဲ့ဆိုတော့ မိမိရရသာ ခုတ်မိရင် အရိုးပါထိသွားနိုင်တာ တော်ပါသေးရဲ့ ဦးလေးအောင်ရာ"

ဘဝရှင်က လုပ်စရာရှိတာ ခပ်သွက်သွက် လုပ်ပေးနေလိုက်ရင်း ...

"ဘာပဲဖြစ်ဖြစ် တက်တစ်နပ်စ် တစ်လုံးတော့ ထိုးပေးဦးမယ်"

"အာ ... ဆေးမထိုးလို့ မရဘူးလား သားရာ"





"ဟား ဟား ... ဦးလေးအောင်ကလည်း ဓားတောင်ထိပြီးမှ အပ်လေးနဲ့ ထိုးရမှာ ကြောက်နေသေးတယ်၊ မရဘူး ထိုးရမယ်"

မီးဖိုခန်းဝကို ပါပါရောက်လာကာ ...

"ဘာဖြစ်နေကြတာလဲလို့၊ ဟာ ... မောင်အောင် ဓားထိတာလား ဟုတ်လား၊ များသွားလား"

"ဓားက တုံးလို့တော်သေးတယ် ဆရာကြီး၊ အများကြီး ပြတ်မသွားဘူး"

ဒေါ်ကြီးက ဖြေသည်။

"အုန်းသီးစိမ်း ခွဲတာလား၊ မနက်က အုန်းပင်တက်သမားသွားခေါ်လာတာတွေ့တော့ ခြံနောက်က အုန်းပင် အုန်းသီးတွေများ ခြောက်လို့ချရတော့မှာလား ထင်နေတာ၊ အစိမ်းအနုတွေပါလား"

"ဆရာကြီးသားက ခုတလော အစားအသောက် နည်းနေတာလေ၊ ဟင်းတွေချက်ရင် အားအပေးဆုံးလူက သိပ်မစားတော့ တစ်နေ့ တစ်နေ့ ထမင်းတွေကျန် ဟင်းတွေကျန်၊ အဲဒါ မနေ့ကမေးတော့ လူလေးက ခံတွင်းသိပ်မကောင်းလို့ပါ၊ ရင်ကယ်ကယ်နေလို့ပါ ဆိုတာနဲ့ ကိုအောင်က သူ့သား အုန်းစိမ်းရေလည်း သိပ်ကြိုက်တယ်၊ အုန်းစိမ်းရေက ရင်လည်းချောင်တယ် ဆိုပြီးတော့လေ၊ သားကို တိုက်ချင်လို့ အုန်းပင်တက်သမားခေါ်တာ ဆရာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးရဲ့ ရှင်းပြစကားကြောင့် ဦးလေးအောင်ကို ဆေးထည့်ကာ ပတ်တီးစည်းနှောင်ပေးလိုက်သော ဘဝရှင်သည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရပါသည်။

"ဪ ... ဖြစ်ရလေ မောင်အောင်ရယ်"

"အို ... ခါတိုင်းလည်း ဒီလိုပဲ ခွဲနေကျပါ ဆရာကြီးရယ်၊ ဒီနေ့မှ လက်ကချော်သွားလို့ပါ၊ ကိုယ့်ဘာသာ နမော်နမဲ့ ဖြစ်ရတာ၊ မင်းကလည်း သား စိတ်မကောင်း ဖြစ်နေပါဦးမယ်၊ လျှောက်ပြောနေတာ"

ဘဝရှင်က ပြုံးလိုက်ရင်းက ...

"သားဘာသာ ဆက်ခွဲလိုက်ပါ့မယ် ဦးလေးအောင်၊ ဟုတ်တယ် ... အုန်းစိမ်းရည်လေး သောက်ချင်သားပဲ၊ ဒေါ်ကြီးဒါတွေထားနော်၊ ဦးလေးအောင်ကို ဆေးထိုးပြီးမှ သားဘာသာ လာခွဲမယ်"

ဦးလေးအောင်ကို ဆေးထိုးတာ ဘာညာကိစ္စပြီးသော် ဘဝရှင်က ထိပ်ဖြတ်၍ ခွဲလက်စအုန်းသီးစိမ်း လက်ကျန်တို့ကို လာဆက်ခွဲပါသည်။ ခွဲမနေကျသူမို့ မိမိရရမရှိ အလွဲလွဲ အချော်ချော်နှင့်ပင် ဘေးက ဝိုင်းပြောပြ ညွှန်ပြနေကြတဲ့ ကြားထဲမှာ အောင်မြင်စွာ အုန်းသီးထိပ်ဖြတ်လို့ ပြီးစီးသွားလေသည်။

"ဟုတ်တယ် ... မင်း နေကောင်းရဲ့လား သား၊ ပါပါလည်း ကြည့်နေတာ၊ ခုတလော မျက်နှာက တမှိုင်မှိုင်နဲ့နော်၊ သွားနေကျ ဆေးရုံမသွားရတော့ဘဲ စာတွေပြန်စကျက်ရဖတ်ရမို့ စိတ်ဖိစီးပြီး မရွှင်လန်းတာလား၊ ပင်ပန်းလို့လား"

"ဆေးရုံသွားနေရတာလောက် ဘယ်ပင်ပန်းပါ့မလဲ ပါပါရယ်"

"ဒါဖြင့် မင်း တစ်ခုခု ဖြစ်နေသလား သား"

အမြဲတမ်း လန်းဆန်းပျော်ရွှင် တက်ကြွနေတတ်သူမို့ ဘဝရှင် မျက်နှာမကောင်းတာ မှိုင်တွေတာက သိသာလွန်းလှရပါသည်။ ဘဝရှင်က ဘာပြော်ရမယ် မသိ မချိသွားဖြဲသာ လုပ်နေမိသည်။

"လူလေး ဘာဖြစ်နေလဲ၊ ရည်းစားပူများ မိနေသလား ကွယ်"

"အာ ... ဒေါ်ကြီးကလည်း၊ သားမှာမှ ရည်းစားမရှိတာ"

"ရှိပါသော်ကော၊ ရည်းစားရယ်လို့ ခေါ်မရသေးရင်တောင် ဟိုတလောက ပြန်တွေ့တယ်ဆိုတဲ့ မိန်းကလေးလေ၊ ညဖူးညိုလေ၊ အဲဒါ သားရဲ့ တစ်ဖက်သတ်ရည်းစား တစ်ဖက်သတ်ချစ်သူပဲပေါ့၊ ဘာဖြစ်လို့လည်းဟင် သားလေး၊ အဲဒီမိန်းကလေးက ဒေါ်ကြီးတို့သားကို ငြင်းလိုက်လို့လား၊ ဘာပြောလိုက်လို့လဲ"

"မဟုတ်ပါဘူး ဒေါ်ကြီးရာ"

"ခုကိုပဲ ဒီအကြောင်း ပြောလိုက်တာနဲ့ သား မျက်နှာပျက်သွားတာ သိသာလိုက်တာ၊ ဘာဖြစ်တုံး ... ပြော၊ တစ်ခုခု





www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြစ်ကိုဖြစ်တယ်၊ သူက သားစိတ်ညစ်အောင် ဘာတွေများ လုပ်လွှတ်တုံး ... ဟင်၊ ငါတို့သားလေးကဖြင့် သူ့ကိုပဲ ဟိုးငယ်ငယ်ကတည်းက စွဲစွဲမြဲမြဲကို ချစ်နေတာ၊ တက္ကသိုလ်တက်တုန်းတောင် ရည်းစားမထားဘဲ တောက်လျှောက်နေခဲ့တာ၊ သူ ဒီမှာမရှိဘဲ နိုင်ငံခြားမှာဆိုတာ လူလေးသိတော့တောင် ခုလို မျက်နှာပျက်တာမှ မရှိတာ၊ အခုက တစ်ခုခု ဖြစ်လို့သာပေါ့"

ဘဝရှင် ဘာပြောရမည်မသိ သက်ပြင်းရှိုက်မိသည်။

"ဒီကိစ္စမှ ဒီကိစ္စပါပဲ၊ ကျွန်မတို့သားလေး ခုလို မျက်နှာပျက် အစားအသောက်ပါ ပျက်တာမျိုး တစ်သက်နဲ့တစ်ကိုယ် ရှိခဲ့လို့လား၊ နေမကောင်း ဖြစ်ရင်တောင်မှ အစားတော့ မပျက်တဲ့ ကလေးလေ၊ အခု ... အစားမစားတာ ဘယ်နှရက်လောက်ရှိနေပြီလဲ၊ ခု အစားပျက်ကတည်းက သတိထားမိတယ်၊ သူ ခံတွင်းမတွေ့ဘူးလားလို့ သူကြိုက်တာချည်းပဲ မျိုးစုံလှည့်ပတ် ပြောင်းလဲချက်ကျွေးနေတာတောင် ဟုတ်တိပတ်တိ စားမလာဘူး၊ ပြီးတော့ သားရဲ့ သီချင်းတညည်းညည်း အသံတောင် မကြားရတာ ဘယ်လောက်ကြာပြီလဲ၊ ဘာများဖြစ်နေလဲလို့ မေးမလို့ မေးမလို့နဲ့ မမေးဖြစ်သေးတာ၊ ရင်ထဲတော့ ပူနေတာပဲ"

ဘဝရှင်သည် သူ့ကို အင်မတန်မှ ချစ်ကြလွန်းလှတဲ့ လူကြီးသူမ သုံးယောက်ကို တစ်လှည့်စီ ကြည့်မိသည်။ ပါဝါကတော့ ဖခင်ရင်းမို့ ထားပါတော့၊ ဒေါ်ကြီးနှင့် ဦးလေးအောင်ဟာ သူ့အပေါ် ဘယ်လိုချစ်ကြတာ သူ နားလည်သည်။ မိန်းမသားဖြစ်တဲ့ ဒေါ်ကြီးက ပိုပြီးသိသာထင်ရှားလှပါသည်။ သူ့ဝမ်းနှင့် လွယ်မွေးထားရတဲ့အလား မိခင်တစ်ယောက်လို ချစ်ခင်ယုယပြုစုရှာတာပင်။ အခုလည်း သူ မှုပျက်နေတဲ့အတွက် အတော်ပူပန်စိတ်ဆင်းရဲနေပုံရသည်။

ပါပါကတော့ ဘာမှမပြောဘဲ ထမင်းစားပွဲမှာ ထိုင်နေကာ ဘဝရှင်ကိုသာ အကဲခတ်နေပါသည်။

"ဒေါ်ကြီးကလည်းဗျာ၊ သား ကလေးမဟုတ်တော့ပါဘူး၊ တစ်ခါတလေ အဆင်မပြေ စိတ်အနှောင့်အယှက် ဖြစ်ရတာလေးတွေတော့ ရှိတတ်တာပေါ့၊ သား ဖြေရှင်းနိုင်ပါတယ်"

"ဖြေရှင်းနိုင်တာက ဖြေရှင်းနိုင်တာပေါ့ သားရယ်၊ အရင်ဆို ဆေးရုံမှာ အဆင်မပြေတာရှိလည်း လုံးစေ့ပတ်စေ့ သိရတာ၊ ဝေါ်ဒ်ထဲက လူနာတိုင်းစေ့အကြောင်း ပြန်ပြောတတ်လွန်းလို့ သားတို့ဆေးရုံအခြောင်ကို မရောက်ဘူးရုံတမယ်ပဲ၊ ဆေးရုံခန်း တစ်ခုလုံးကို မျက်စိနဲ့တောင် မြင်ယောင်နိုင်တာ၊ ဘယ်လူနာ ဘယ်နားခုတင်ဆိုတာကအစ မှန်းမြင်နိုင်တာလေ၊ ဘယ်သူက ဘာဖြစ်တာ၊ ဘယ်လူနာတော့ လက်လွှတ်လိုက်ရတာ ဆိုတာမျိုး သား ပူဆွေးရင် ပူဆွေး

www.burmeseclassic.com



သလို အိမ်ကနေပါသိပြီး လိုက်ပူဆွေးရတာမျိုး မဟုတ်လား၊ အခုက ဘာမှလဲ မပြောဘူး၊ ပုံစံကိုပြောင်းနေတာ၊ ဒါကြောင့် ဆေးရုံမှာ လူနာတစ်ယောက်ယောက် တိမ်းပါးသွားတာမျိုးထက်တောင် သား ခံစားနေရတာ ဒေါ်ကြီး မှန်းနိုင်တယ်"

"အဲဒီလိုတော့ ယှဉ်ပြောလို့ မရဘူးပေါ့ ဒေါ်ကြီးရာ၊ ခုဟာက တစ်မျိုးပါ"

"အေးလေ ... ဒါကို ပြောပြမှ ဒေါ်ကြီးတို့ အပူသက်သာမှာပေါ့သားရဲ့"

ဘဝရှင်က သက်ပြင်းမှုတ်ထုတ်ကာ ထမင်းစားစားပွဲက ကုလားထိုင်တစ်လုံး ဆွဲထုတ်ချလိုက်ရပါသည်။ သူ့မျက်နှာကို လက်နှစ်ဖက်နှင့် တစ်ချက် နှစ်ချက် ပွတ်လိုက်မိပြီးမှ ...

"ပါပါ"

"အင်း"

"ဟိုကောင်မလေးကလေ ..."

"အင်း ..."

"အခု ... အခု ... မုဆိုးမလေး ဖြစ်နေတယ်"

"ဟင်"

"ဟေ"





"ဟယ်"

လူကြီးသုံးယောက်နှုတ်က အာမေဋိတ် အသီးသီး ထွက်ကျလာကာ ဘဝရှင်ကတော့ မျက်နှာတစ်ပြင်လုံး ညှိုးနွမ်းနေခဲ့ပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ဟော့ကောင် ... မင်း သိပ်အပိုတွေ လုပ်မနေနဲ့၊ မလိုက်ဘူးတွေ ဘာတွေ လုပ်မနေနဲ့ နက်ဖြန် ငါလာခေါ်မယ်"

"ဒါ စာဖတ်စရာရှိလို့ပါ ရဲသွေးရာ"

"ဟော့ကောင် မောင်ရှင်၊ မင်းရယ် ငါရယ် အတူတူပါကွ ငါလည်း M.Sc ပြန်တက်မယ့်ကောင်ပါ၊ မင်းကျမှထူးပြီး လေကြီး မိုးကြီး လုပ်မနေပါနဲ့ကွာ၊ မင်း မနှစ်ကလည်း ဆရာကန်တော့ပွဲ မရောက်ဘူး"

"မနှစ်ကတော့ ငါ ဂျူတီနဲ့ ဘယ်လိုမှ ထွက်မရလို့လေ"

"ဒီနှစ်ကျတော့ရော၊ မင်းကလည်း သူငယ်ချင်းတွေ တစ်ခါတလေ ပြန်ဆုံရတာ၊ မနက်ပိုင်း ဆရာကန်တော့ပွဲရော ညနေပိုင်း မိတ်ဆုံစားပွဲရော တစ်ခုမှ မငြင်းနဲ့၊ ဒင်နာ တစ်ကက်က ငါဝယ်ထားပေးပြီးပြီ၊ ကျော်ကျော်လွင်တို့ စိုးတို့ဖို့ရောပဲ၊ မင်း ပိုက်ဆံပြန်ပေး"





ခုတလော သူ့စိတ်တွေက မပေါ့ပါး မလန်းဆန်း၍ ပျော်ချင် ပါးချင်စိတ်လည်း မရှိသလို ဖြစ်နေတာပါ။ ရဲသွေးဟာ သူနှင့်အထက်တန်းကျောင်းကတည်းက သူငယ်ချင်း။ ကိုးတန်းမှာ ခွဲကွာသွားပြီးတဲ့နောက် ဆေးကျောင်းတက်တော့ ဆေး(၂)မှာ ပြန်ဆုံတွေ့ကြတာဖြစ်သည်။ တောက်လျှောက် ပြန်ပေါင်းဖြစ်ခဲ့တဲ့ သူငယ်ချင်းပါ။ ပို့စတင်ဝင်ကြတော့ ဒေသချင်းမတူ ဆေးရုံချင်းကွဲကာ သူ့အလုပ် ကိုယ့်အလုပ် ရှုပ်လျက် တော်ရုံနှင့် ပြန်မတွေ့အား၊ မဆုံအားပဲ ဖြစ်နေခဲ့သည်။ အခု M.Sc ပြန်တက်ကြတော့တဲ့အခါမှ ပြန်ဆုံတွေ့ဖြစ်ကြတော့တာပါ။

ကျောင်းသားဟောင်းတွေ ဆရာကန်တော့ပွဲကို ဘာဝင် မလာဖြစ်ဘူး ငြင်းလိုက်တာမို့ အိမ်အထိ ရောက်လာကာ အတင်း ခေါ်နေတာပါ။

"ဟော့ကောင် မောင်ရှင်၊ မလာလို့ မရဘူး၊ မင်း ဘာဖြစ်နေလဲ ငါသိတယ်၊ ငါ အကုန်ကြားထားပြီးပြီ"

"မင်းက ဘာတွေ ကြားနေတာတုံး"

"ရဲမင်းလည်း ငါ့ကို ပြောပြတယ်၊ နီလာဟန်လည်း ငါ့ကို ပြောပြတယ်၊ နီလာဟန်ကလည်း သူသိတဲ့အပိုင်းပေါ့ကွာ၊ ရဲမင်းကလည်း သူ့ဘက်က သူသိတဲ့အပိုင်း၊ ဘာလဲ မင်း ဆရာကန်တော့ပွဲသွားရင် မိတ်ဆုံစားပွဲသွားရင် ညဖူးညိုနဲ့ တွေ့မှာစိုးလို့လား"

"မဟုတ်ပါဘူးကွာ၊ ညဖူးညိုက ဟိုးအရင်ကလည်း ကျောင်းသားဟောင်း ဆရာကန်တော့ပွဲ လာတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအရင်က သူ မြန်မာပြည်မှာ မရှိလို့၊ မနှစ်ကကျတော့လည်း ဘာကြောင့်မလာလဲ ငါ မသိဘူး၊ ဒီနှစ်တော့ လာလိမ့်မယ်"

"မင်းက ဘယ်လိုလုပ် သိလဲ"

"နီလာဟန့် ဆီကလေ၊ တကယ်တော့ နီလာဟန်က ဒီနှစ် ဆရာကန်တော့ပွဲကို မရောက်တာကြာတဲ့ ညဖူးညိုကို ပါအောင် သူခေါ်ထားတာမို့ ညဖူးညိုကလည်း လိုက်မယ်ပြောလို့ မင်း မလာအောင် ကြည့်ကျက်တားလိုက်ပြီး ငါ့ကိုပြောတာ၊ အဲဒီတော့မှ ငါလည်း ဘာကြောင့်လဲ မေးရင် အကြောင်းစုံကို သိရတာပါ၊ ဒါပေမဲ့ ငါကတော့ ညဖူးညို လာမှာမို့ကို မင်းကို လာခဲ့ဖို့ ခေါ်နေတာ"

ဘဝရှင်က ရဲသွေးရဲ့ပခုံးကို အသာအယာ တစ်ချက်ထိုးလိုက်ပါသည်။ ရဲမင်းနဲ့ကတော့ ဆေးကျောင်းတက်မှ ခင်ကြပေမယ့် ရဲသွေးကတော့ အထက်တန်းကျောင်းမှာကတည်းက ခင်လာခဲ့သူမို့ ကိုးတန်းနှစ်စတုန်းက ဘဝရှင် ကျောင်းသူသစ်ကို အသည်းအသန် လှုပ်ရှားယောက်ယက်ခတ်ခဲ့တာကို အစင်းသိပါပင်။

"ငါလည်း ညဖူးညို သတင်းကို ခုမှသိတယ်ကွာ၊ ဆယ်တန်းအောင်ပြီးကတည်းက လုံးဝသတင်းအဆက်ပြတ်သွားတာကိုး၊ မင်းနေရာက ငါ စဉ်းစားကြည့်တယ် ဘဝရှင်၊ မင်း သူ့အလုပ်နေရာ ဆေးခန်းကို လိုက်သွားတွေ့တာမျိုး၊ ပန်းစည်းကြီး သွားပေးတာမျိုးတွေ လုပ်ထားတယ်၊ ဒါဟာ ရိုးရိုးသားသား သူငယ်ချင်းရင်းချာ ခင်မင်တာပါဆိုတာရဲ့ အနားသတ်ကို နည်းနည်းကျော်သွားပြီးပြီ၊ အဲဒီနောက်မှ မင်း နီလာဟန်နဲ့ တွေ့တယ်၊ နီလာဟန်ဆီကနေ ညဖူးညိုအကြောင်းတွေ သိရတယ်၊ အဲဒီအချိန်မှာ မင်း ညဖူးညိုကို ဘာကြောင့်ပဲ ဖြစ်ပါစေ မတွေ့အောင် ရှောင်နေလိုက်မယ်ဆိုရင် မင်း သွားပြီပေါ့ကွ"



"အေး ... ငါလည်း အဲဒီဘက်ကလည်း စဉ်းစားမိပါတယ်ကွာ၊ ငါ့စိတ်ထဲမှာ လောလောဆယ် အမှန်တကယ်ရှိနေတာက ညဖူးကို ငါ အရမ်းသနားနေမိတာပဲ၊ ဘာအကြောင်းကြောင့်မှ သူ့စိတ်မှာ အနှောင့်အယှက် မဖြစ်စေချင်တာပါကွာ၊ ငါက အနှောင့်အယှက်တစ်ခု သွားမဖြစ်နေစေချင်တာပါ"

"မဆိုင်ဘူး ဘဝရှင်"

"........"

"မင်းစိတ်ထဲမှာ ညဖူးညိုဟာ အတိုင်းအတာ တစ်ခုထိ အရေးပါတဲ့ အရာရောက်တဲ့ သူငယ်ချင်းဟောင်း တစ်ယောက်အနေနဲ့ မင်း နေပြရမယ်၊ မင်း သူ့ကို ပုံမှန်ဆက်ဆံ ပုံမှန်သွားလာ တွေ့ဆုံရမယ်၊ မရှောင်သင့်ဘူး၊ ဒါဟာ မင်း သူ့ကို နှလုံးသားရေးရာနဲ့ ပတ်သက်လို့ ဘယ်လို ဆက်သဘောထားမယ်၊ မထားဘူး ဆိုတာနဲ့ မဆိုင်ဘူး၊ သတ်သတ်စီပဲ၊ မင်းနှလုံးသားရေးရာက မင်းလုပ်ချင်သလို လုပ် မလုပ်ချင်တာ မလုပ်ရုံပဲ၊ မင်းသဘောပဲလေ ..."





www.burmeseclassic.com

www.burmeseclassic.com



ငါ နီလာဟန်ကိုလည်း ပြောခဲ့ပါတယ်၊ ဘဝရှင် ညဖူးညိုကို ရှောင်နေပေးရမယ်လို့ နင် တွေးနေတာ မှား နေတယ်လို့၊ မင်းအဲလိုနေလိုက်ရင် မင်းရဲ့ Image က အနုတ်လက္ခဏာတွေ ပြသွားလိမ့်မယ် ဘဝရှင်၊ မင်းက ယောကျ်ားတစ်ယောက်၊ ညဖူးက ကံအကြောင်းမလှတဲ့ ငယ်သူငယ်ချင်းလေ၊ ယောကျ်ားလေး တစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို ချစ်သူဆိုတဲ့ ပုံစံခွက်တစ်မျိုး တည်းနဲ့ ပတ်သက်လို့ ရတာမှ မဟုတ်တာ"

သူ အကြိမ်ကြိမ် တွေးနေမိတဲ့ အတွေးတွေဟာ အခု ရဲသွေးပြောနေတဲ့ စကားတွေနှင့် သဘောချင်း ဆင်တူပါပင်။ သို့သော် သူ့ကိုတွေ့နေ မြင်နေကာ ညဖူးညို စိတ်အနှောင့် အယှက်ဖြစ်ရမှာ အနေခက်ရမှာကို သူ တကယ်စိုးရိမ်ပါသည်။ အဲဒါအပြင် ဒီလိုအခြေအနေနှင့် မိန်းကလေးတစ်ယောက်ကို သူ ဘာမှမသိဘဲ မရိုးသားစိတ်မွေးမိတာကို သူ့ဘာသာ အားနာ မျက်နှာပူ ရှက်နေမိတာလည်း ပါပေသည်။

"ငါ သူ့ကို မျက်နှာပူသလို ဖြစ်နေတာလည်း ပါတယ် ကွာ"

"ဘာမျက်နှာပူစရာရှိလဲ၊ မင်း ဘာမှသိတာမှ မဟုတ်တာ"

"ပြီးတော့ နီလာဟန့်ကို ဒီအကြောင်းတွေ ညဖူးညိုကပဲ ပြောခိုင်းလိုက်တာလို့ ငါထင်တယ်"

"ဟုတ်တယ်လေ ... အဲဒီလိုပဲဟာ"





"အဲဒါဟာ သူ ငါ့ကို မီးနီပြလိုက်တဲ့ သဘောပဲ မဟုတ်လား၊ ရုပ်တန်းက ရုပ်ခိုင်းလိုက်တာ မဟုတ်လား ရဲသွေး၊ အဲဒီ သူ့ဆန္ဒကိုလည်း ငါ ဆန့်ကျင်ဖို့ မကောင်းဘူး မဟုတ်လား"

"ဟား ... မင်းက ရိုးလိုက်တာ ဘဝရှင်ရာ၊ ရိုးမှာပေါ့၊ ရည်းစားရယ်လို့ အတွေ့အကြုံကလေး ရဖူးရုံတောင် မင်းက မထားခဲ့တာကိုး၊ ဟိုးတုန်းကတည်းက ငါပြောသား ပဲ"

"အာ ... ရည်းစား မထားတာက ငါ ချစ်တဲ့ မိန်းကလေး မှ မတွေ့တာ၊ မချစ်ဘဲ လျှောက်ထားစရာလား"

"ဩော် ... မောင်ရှင် ... မောင်ရှင်၊ သချိုင်းကုန်းမှာပဲ လူရိုးရှိတယ်ဆိုတာ ဘယ်သူပြောတာလဲ၊ ငါ နားရွက်ဆွဲ ခေါ်ပြီး မင်းကို ပြပေးချင်လို့"

"ဟား ဟား ... ရဲသွေးရာ၊ မင်းကကော ဘယ်လောက်စွံ နေလို့လဲ၊ ရည်းစား ဘယ်နှယောက် ထားခဲ့ဖူးလို့လဲ"

"ဟာ ... ငါက ကရိကထ မများချင်လို့ မထားတာ ဟော့ ကောင်၊ တောင်တန်းကအပျို ယောင်းယမ်းထငိုတဲ့ ညောင် ရမ်းငွတို ရဲသွေးပါကွ ... ဟဲ ဟဲ ဟဲ၊ ရှေ့တစ်လှမ်းတိုး ရင် ဒိန်းဆို သူတို့ကြော့ကွင်းထဲ မိတာမျိုး အဖြစ်မခံနိုင်လို့ ငါက ခြေလှမ်းပြန်ဆုတ်ပစ်လိုက်လို့ပါ၊ ထိထိမိမိ ရည်းစား မဟုတ်တဲ့ တဲတဲကလေးတွေ အများကြီး၊ မင်းလို မဟုတ် ပါဘူး၊ မထားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မင်းကျ မထားချင်လို့၊ ငါကျတော့ ထားချင်ရက်သားနဲ့ မရတာ ကျနေတာပဲ"

"ဟုတ်တယ်လေ၊ မင်း အဲဒီအချိန်က ညဖူးညိုကို ပြန်တွေ့နေရင် ထားချင်မှာပဲ မဟုတ်လား"

"ငါ့စိတ်ထဲမှာ ငါ့ရင်ထဲမှာ သူပဲ တန်းတန်းစွဲ ခိုင်ခိုင်မြဲမြဲ ဖြစ်နေတာကိုးကွ၊ ဘယ်မိန်းကလေးကို ငါ ဘယ်လိုစိတ်ဝင်စားလို့ ရမှာလဲ ရဲသွေးရာ"

ဘဝရှင်က ခပ်ဆွေးဆွေးမြည့်မြည့် ညည်းညူပြောလိုက်မိပါသည်။ ရဲသွေးက ဘဝရှင်ကို စိတ်မကောင်းသလိုကြည့်နေမိသည်။ သူ့သူငယ်ချင်း တကယ့်ကို ညဖူးညို တစ်ယောက်ကိုပဲ တန်းတန်းစွဲနေခဲ့တာ သူ အသိဆုံး မဟုတ်လား။ တစ်နေ့တော့ ပြီးပြီးပျောက်ပျောက်ဖြစ်ကာ နီးစပ်သော အသိုင်းအဝန်းထဲက မိန်းကလေးတစ်ယောက်ယောက်ကို ပြောင်းလဲစွဲလမ်းသွားလိမ့်မည်ဟု ထင်ခဲ့သော်လည်း အဲသလို မဟုတ်ခဲ့။

ဘဝရှင်ရဲ့ ရင်ထဲကို ဘယ်မိန်းကလေးမှ ဝင်မလာနိုင်တော့တာ။ ဆေးမတိုးတော့တာလိုမျိုး ဘယ်မိန်းကလေးမှ မတိုးတော့တာ။ ဒီလိုအစွဲအလမ်းကြီးတဲ့ ရိုးသားလှတဲ့ ဒီသူငယ်ချင်းမှာမှ သူချစ်သော မိန်းကလေးက အိမ်ထောင်ကျခဲ့ပြီးကာ အိမ်ထောင်ပင် ဆုံးပါးခဲ့ပြီးသည့် မုဆိုးမကလေး ဖြစ်နေတဲ့အဖြစ်မျိုး ကြုံကြိုက်ရတယ်လို့။





လောက ကံကြမ္မာကြီးက မယိုင်မလဲ စစ်မှန်ခိုင်မြဲမှုတစ်ခုကို ဂုဏ်ပြုချီးမြှောက်ခြင်း မပြုပါလား။ ခုချိန်မှာ ညဖူးညိုမှာ ပိုင်ရှင်မရှိတော့ပြီ ဆိုသော်လည်း တစ်ချိန်က ပိုင်ရှင်ရှိခဲ့ဖူးသော ခူးဆွတ်ပြီးသား ပန်းနွမ်းကလေးတစ်ပွင့်အဖြစ်နှင့် ဘဝရှင်နှင့် ပြန်လည်ဆုံစည်းရစေရန် ဤကံကြမ္မာကြီးက ဘာကြောင့် ဖန်တီးစေစားရပါသနည်း။

ရိုးသားဖြူစင်သော ဤလူငယ်ကလေးကို ဘာကြောင့် အမွန်မြတ်ဆုံး အလတ်ဆတ် အလန်းဆန်းဆုံး အခြေအနေတစ်ခုကို မပေးအပ်ခဲ့ပါသနည်း။

✣ ✣ ✣

မိန်းကလေးချည်း စုထိုင်နေတဲ့ စားပွဲတွေ၊ ယောကျ်ားလေးချည်း စုထိုင်နေတဲ့ စားပွဲတွေ၊ မိန်းကလေးရော ယောကျ်ားလေးပါ ရောနှောထိုင်နေကြတဲ့ စားပွဲတွေ စသည်ဖြင့် နီးစပ်သလို ရင်းနှီးသလို အလျဉ်းသင့်သလို ထိုင်နေကြပေမယ့် ကိုယ့်စားပွဲမှ ထကာ တခြားစားပွဲတွေဆီ သွားနှုတ်ဆက်ကြ၊ စကားလက်ဆုံကျကြ၊ စားပွဲကူးနေကြကာ မိုးတိုးမတ်တတ် လူတွေက အများကြီး ရယ်မောသံ စကားသံတွေကလည်း ဆူညံနေပါသည်။

သူတို့ရဲ့ မိတ်ဆုံစားပွဲဒင်နာက တီးဝိုင်းပါတဲ့ ရက်စတောရင့်ကြီး တစ်ခုမှာဖြစ်ရာ စင်နိမ့်ကလေးမှ တေးသီချင်း



www.burmeseclassic.com

www.burmeseclassic.com



သံတွေကလည်း အဆက်မပြတ်လေရာ စကားပြောရင်လည်း အော်ပြောနေကြရတဲ့ အခြေအနေ။ ဆိုင်က အဆိုတော်တွေ ဆိုတာလည်း ရှိသလို ကျောင်းသား ကျောင်းသူဟောင်းတွေထဲက လည်း ပွဲတိုင်းကျော် နွဲတိုင်းပျော် ကိုကိုတို့ မမတို့က ကြားဖြတ် တက်ဆိုနေကြတာမျိုးလည်း ရှိပါသည်။

"ညဖူးညို"

ဘဝရှင်ရဲ့ အသံကြောင့် လည်ပင်းလေးလိမ်ကာ တစ်နေရာကို ငေးမိငေးရာ စိုက်ငေးနေသော ညဖူးညိုက ဖျတ်ခနဲ လန့်တုန်သွားသလို လှည့်ကြည့်လာသည်။ ဘဝရှင်က ညဖူးညို ကို ပြုံးပြလိုက်ရင်း လွတ်နေတဲ့ ကုလားထိုင်မှာ ဝင်ထိုင်ကာ ...

"နီလာတို့ ဘယ်ရောက်သွားလဲ"

"ခုနတော့ ဟိုနားမှာ၊ အခု ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး"

ညဖူးညို အသံက ခပ်တိုးတိုး။ အမူအရာလေးက လည်း ခပ်အမ်းအမ်းလေး ဖြစ်နေရှာသည်။ လူတိုင်းပျော်နေတဲ့ ဒီလိုပွဲမှာ ညဖူးညိုကတော့ ပျော်လှပုံ မရပါ။ အစောကြီးကတည်း က ထောင့်စွန်းချောင်ကျကျ စားပွဲတစ်ခုမှာထိုင်ရင်း ညဖူးညို ရှိရာ သို့ သူ မကြာ မကြာ ခိုးကြည့်နေမိခဲ့သည်။ ကြည့်လိုက်ဦးမယ် ဟု တွေးကြံကာ လှမ်းကြည့်တာ မဟုတ်ဘဲ သတိထားမိချိန်တွင် ညဖူးညိုကို လှမ်းကြည့်နေမိပြန်ပါလားလို့ ကိုယ့်ကိုယ်ကိုယ်သိမိ ကာ မျက်နှာလွှဲဖယ်ရသည်။





အစကတော့ ညဖူးညိုတို့ရဲ့ မိန်းကလေးသီးသန့်ဝိုင်း မှာ နီလာဟန်တို့ စောယုလွင်တို့ အတူရှိနေတာပင်။ ခုတော့ တစ်ယောက်မှ မရှိကြတော့။ သူ ဒီတစ်ကြိမ် လှမ်းကြည့်မိတော့ ညဖူးညို တစ်ယောက်တည်း တီးဝိုင်းဘက် လည်ပင်းလေးလိမ် ကာ ငေးကြည့်နေတာ တွေ့ရလျက် အဲဒီစားပွဲမှာလည်း လူနည်း နေတာမို့ ဘဝရှင်က သူ့စားပွဲကနေ ထ,ထွက်လာခဲ့တာပါ။

"အေး ... နင့်ကို ငါ တစ်ယောက်တည်း လှမ်းမြင်လိုက် လို့ လာတာ"

ဘဝရှင်ရဲ့ အေးအေးမှန်မှန်နှင့် ဟန်မပျက် မထူး ခြားသော တရင်းတနှီး စကားတို့ကြောင့် ယောင်အမ်းအမ်းလေး ဖြစ်နေသော ညဖူးညိုက မျက်နှာထားလို့ ရလာသည်။ ဘဝရှင် ကို တွေ့တွေ့ချင်းကတော့ မျက်နှာလေး ဖြန်းခနဲပူကာ ရင်ထဲ မှာလည်း တစ်မျိုးတစ်မည် ခံစားလိုက်ရတာ ...။

"နင် မနက်က ဆရာကန်တော့ပွဲ မလာဘူးလား ဘဝရှင်"

"လာတယ်၊ ငါ ဟိုးနောက်နားမှာ၊ ရောက်တာလည်း နောက်ကျပြီး ပြီးတာနဲ့ ပြန်သွားလို့၊ လူစုံတောင် မကွဲ သေးဘူး ငါပြန်တော့"

"ဪ ... နင် မလာဘူး ထင်နေတာ"

"ငါ နင့်ကို လှမ်းတွေ့ပါတယ်၊ နင် ဇာအင်္ကျီ အဖြူလေး နဲ့လေ"

ညဖူးညိုက ယောင်ယောင်လေး ပြုံးမိသွားကာ ဘဝရှင်ကို မျက်လွှာလေးပင့်၍ ကြည့်လိုက်လေသည်။ ညဖူးညို



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အကြည့်ကြောင့် ဘဝရှင်က တစ်မျိုးဖြစ်သွားရသည်။ အင်္ကျီလေးကအစ မှတ်မှတ်သိသိ ဖြစ်နေတာ ရိုးသားမှုကနေ အစွန်းများ လွတ်သွားလေပြီလား။

"ဟိုဟာလေ၊ ဟိုဒင်း ... ပဝါနက်ပြာလေးနဲ့"

သြော် ... ဒီပါးစပ်ကလည်း ဖာဖာထေးထေးစကားတော့ ထွက်မလာဘဲ ပိုပြီးတော့ကို ဂရုတစိုက် မှတ်မိတဲ့သဘောသာ လွှတ်ခနဲ ထွက်သည်။

"ငါ နင့်ကို မတွေ့ဘူး၊ မတွေ့ဘူး ဆိုတာက နီလာကလည်း နင် မလာဘူး ထင်တယ်ဆိုလို့ ငါလည်းရှာမကြည့်မိတော့ဘူးလေ၊ တကယ်ဆို ငါဒီညဒင်နာလည်း မလာတော့ဘူးလို့ နေတာ၊ စောယုနဲ့ နီလာက အတင်းခေါ်တာနဲ့၊ မနှစ်ကလည်း ငါ မလာဖြစ်ဘူးလေ။ မနှစ်ကတော့ ... မနှစ်ကတော့ အိမ်ထောင်ကျကာစ သိပ်မကြာသေးတဲ့ အချိန်ဆိုတော့လေ၊ ဒီလို ပျော်ရွှင်စရာပွဲတွေ ဘာတွေလဲပဲ သိပ်ပြီး ..."

ညဖူးညိုက ပြောလက်စ စကားကို တိခနဲရပ်လိုက်ပါသည်။ အို ... သူ့စကားက အိမ်ထောင်ကျခါစမှာ သူ မပျော်နိုင်တာကို တစ်ခွန်းတစ်စ ဖော်ပြသလို ဖြစ်သွားမှာ စိုးရိမ်သည်။

ညဖူးညိုရဲ့ အနေအထားကို ဘဝရှင်က ရိပ်မိနားလည်ကာ အရေးတကြီးမဟုတ်သော လေသံပေါ့ပေါ့နှင့် ...





"ဟား ဟား ... အိမ်ထောင်ကျခါစဆိုတော့ ကိုယ့်ဟာနဲ့ကိုယ် ပျော်နေတာနဲ့ပဲ တခြားပျော်စရာ နေရာတွေ သွားဖို့တောင် မလိုအပ်တော့ဘူးပေါ့ ... ဟုတ်လား"

ညဖူးညိုက နှုတ်ခမ်းစေ့ကာ ပြုံးလိုက်ရင်း သူမရှေ့က ကုန်ခါနီးနီး အကပ်အသပ် ကျန်နေတဲ့ အစိမ်းကြော်ပန်းကန်ထဲက ပန်းပွင့်လေးတစ်ဖတ်ကို သတိလက်လွတ် ခက်ရင်းနှင့် လှမ်းထိုးကောက်ကာ ပါးစပ်ထဲ ထည့်လိုက်ပါသည်။ တကယ်တော့ ထမင်းစားလို့ ပြီးနေတာ ကြာတောင်နေပြီ။ စားချင်စိတ်လည်းမရှိ၊ စားဖို့ရည်ရွယ်ချက်လည်းမရှိ။ သို့သော် ဘေးပန်းကန်ထဲက ဘာမှန်းမသိတဲ့ အသားဖတ်လေးတစ်ခုကို ခက်ရင်းနှင့် လှမ်းထိုးကာ ထပ်စားလိုက်မိပြန်ပါသည်။

"အဟင်းဟင်း ... နင်အရမ်းအစားပုပ်တာပဲနော်"

"မပုပ်ပါဘူး ... နင်နော်"

"ဟိုတစ်ခါလည်းလေ တစ်ယောက်တည်း စားနေလိုက်တာ၊ အခုလည်း နင်စားပြီးနေပြီ မဟုတ်လား၊ စားချင်နေသေးတာပဲလား၊ ဗိုက်မပြည့်သေးရင် ငါ တစ်ခုခုထပ်မှာပေးမယ်လေ၊ ဒီအကျန်တွေ မစားနဲ့တော့လေ၊ အေးစက်နေပြီလေဟာ"

"ဟင့်အင်း ... မစားချင်ပါဘူး"

"ဗိုက်မပြည့်သေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မိုက်ပြည့်ပါတယ်၊ ငါ အများကြီး စားထားတာပါ။ ဒါပေမဲ့ နင် သိထား ဘဝရှင်၊ ငါက အပြင်မှာမှ ဒီလို စားတာ၊ အိမ်မှာဆို မစားဘူး"

"ဟင် ... ဘာဖြစ်လို့လဲ၊ အိမ်မှာ ပိုပြီးစိတ်ကြိုက်စားလို့ ရတာ မဟုတ်လား"

"ဟင့်အင်း ... မရဘူး၊ အိမ်မှာဆို အစားအသောက်ပျက် တယ် ဆိုပါတော့"

"အိမ်မှာ ဟင်းချက်မကောင်းလို့လား"

ညဖူးညိုက ပြုံးပြုံးကလေး လုပ်နေပါသည်။ သေချာ တာကတော့ အဲဒီ ပြုံးပြုံးကလေးဟာ ရွှင်လန်းမှု မရှိပါ။

"ညဖူး"

"........"

"ငါ ဟိုတစ်နေ့ကမှ နီလာ့ဆီက သတင်းကြားရတယ်။ ငါ စိတ်မကောင်းပါဘူးဟာ၊ လုံးဝသိမထားတော့ အံ့အား လည်းသင့်မိတယ်၊ ဘာပြောရမှန်းတောင် မသိပါဘူး၊ ငါ တို့ ရွယ်တူတွေ ဆိုပေမယ့် ငါ့စိတ်ထဲမှာ နင့်ကို မိန်းက လေးငယ်ငယ်လေးလို ငါ့ညီမလေးလို အရွယ်လို့ ထင်ယောင် ထင်မှား ဖြစ်နေတာလေ၊ ဘာပဲဖြစ်ဖြစ်ဟာ အပိုတွေမပြော တော့ပါဘူး၊ နင် ဘာပဲ လိုအပ် လိုအပ် ငါ့ကိုပြောလို့ ရပါတယ်၊ အကူအညီတောင်းတယ် ဆိုတာထက် ခိုင်းလို့ လည်း ရပါတယ်"





"Thank You ပါ ဘဝရှင်"

"ဒါထက် ... ဟို ... နင့်အမျိုးသားက ဘာဖြစ်လို့ ဆုံး သွားတာလဲ၊ ဘာရောဂါလဲ ညဖူး၊ နင်နဲ့ အသက်ကွာတယ် လို့တော့ နီလာ ပြောပေမယ့် ဘာပဲဖြစ်ဖြစ် ပုံမှန်ဆိုရင် တော့ ဘဝမှာ နေလို့ကောင်းနေသေးတဲ့အရွယ် မဟုတ် လား"

"သူ ကားအက်ဆစ်ဒဲန့်နဲ့ ဆုံးတာပါ ဘဝရှင်၊ သနားပါ တယ်"

သနားပါတယ်ဆိုတဲ့ မျက်နှာကလေးကို ဘဝရှင် လှမ်းကြည့်မိသည်။ အစစ်အမှန် ကရုဏာသက်ခြင်း အရိပ်ရောင် ဟာ ညဖူးရဲ့မျက်ဝန်းများထဲ အိုင်ဖွဲ့နေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ငါးဆင့်ချိုင့်ထဲကို ချိုင့်တစ်အံမှာ ဟင်းတစ်မျိုး
၍ ထည့်နေသော ညဖူးသည် ဟင်းအိုးနှင့် ချိုင့်အကြား လ
ခုလတ် ကျောက်ပြားခင်း မီးဖိုပေါ်မှာ ကျသွားသော ဆီစက်
မီးဖိုချောင်သုံး တစ်ရှူးလေး ဆွဲယူကာ သုတ်လိုက်ပါသည်
တစ်ရှူးက စုပ်ယူသွား၍ ကျောက်ပြားခုံပေါ် ဘာအပေအစွန်း
သဲလွန်စမကျန်ဘဲ ခြောက်ခြောက်သန့်သန့်လေး ပြန်ဖြစ်သွား
သည်။

လူ့ဘဝမှာတော့ ကိုယ်မရှိချင် မလိုချင်တဲ့ အစွန်း
အထင်းကို အခုလို တစ်ရှူးကလေးနှင့် ပွတ်သုတ်ဖယ်ရှားလို့
နိုင်ပါလားနော်။ ဒီလိုတွေးမိပြီးမှ ကိုကိုကြီးနှင့် လက်ထပ်ခဲ့
သည့် ဘဝအစိတ်အပိုင်းကို ညဖူးက အစွန်းအထင်း တစ်ခု
သတ်မှတ်ထားမိတာလားလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။

ကိုကိုကြီးဟာ လူကောင်းတစ်ယောက် ဖြစ်ပါသည်
ညဖူးညို အပေါ်လည်း အင်မတန်မှ ညှာတာကြင်နာတတ်သူ





လက်ထပ်ဖို့ကို ညဖူး ခေါင်းညိတ်လက်ခံလိုက်ပြီးတဲ့ တစ်နေ့မှာ ကိုကိုကြီးက ညဖူးကို ခေါ်တွေ့ပြီး ဦးခေါင်းထက်မှ ညဖူးရဲ့ ဆံပင်လေးများကို သူ့လက်ဝါးကြီးနှင့် အသာသပ်ကာသပ်ကာ...

"ညဖူးလေး လက်ခံလိုက်တယ်ဆို၊ ငြင်းလို့ရတယ်နော် ကလေး၊ ကိုယ့်မှာ ဆန္ဒမရှိရင် ငြင်းလိုက်ပါတော့လား ကလေးရယ်၊ ကိုယ်က မေမေ့စကားကို ဘယ်လိုမှ မပယ်ရှား မငြင်းဆိုချင်လို့ မေမေ့သဘောပဲလို့ ပြောထားတာ၊ ညဖူးက ငြင်းပါတော့လား ကလေးရယ်၊ မင်း ကိုကိုကြီးကို ချစ်ရင်တောင်မှ အစ်ကိုကြီးလို၊ ဦးလေး သားချင်းလိုသာ ရှိတော့မပေါ့၊ အိမ်ထောင်ဖက် ချစ်သူတစ်ယောက်လို ဘယ်လိုလုပ်ပြီး ချစ်နိုင်မှာလဲ ကိုယ်သိနေတာပဲ"

ထိုစဉ်က ညဖူးညိုသည် ခေါင်းလေးယမ်းရင်း ...

"ဟင့်အင်း ... ညဖူး စဉ်းစားပြီးမှ ခေါင်းညိတ်တာပါ၊ ကိုကိုကြီးကို အိမ်ထောင်ဖက်အဖြစ် လက်တွဲလို့ ညဖူးမှာ ကံဆိုးစရာအကြောင်း မရှိပါဘူးလို့ ယုံပါတယ်၊ ညဖူး သဘောနဲ့ ညဖူး လက်ခံတာပါ၊ ကိုကိုကြီးက လူကြီးလူကောင်းတစ်ယောက်ပဲ"

"လူကြီးလူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတဲ့ တစ်ချက်တည်းနဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ဖို့ရာ လုံလောက်သလား ညဖူး"

"ညဖူး မသိပါဘူး၊ ဒါပေမဲ့ ညဖူး ဆုံးဖြတ်ပြီးပါပြီ၊ ကိုကိုကြီးကို ညဖူး လက်ထပ်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။

အဲဒီတုန်းက ကိုကိုကြီးဟာ လက်မထပ်စေချင် သယောင်ဘက် လုနေသော စကားတွေ ဘာကြောင့်ဆိုနေခဲ့တယ် လို့ ညဖူး မတွေးခဲ့မိပါ။ ညဖူး အတွက် ထည့်တွေးပေးကာ ကြင်နာတတ်တဲ့ သူတစ်ယောက်အဖြစ်ပဲ ယူဆခဲ့ပါသည်။

"သမီးလေး ... ညလေး"

ညဖူးက စတီးငါးဆင့်ချိုင့်ကြီးကို လက်သုတ်ပဝါဖြူဖြူနှင့် ပွတ်သုတ်ဆင့်ထပ်နေရာမှ ဖျတ်ခနဲ လှည့်ကြည့်လိုက် သည်။

"ဘုန်းကြီးကျောင်း သွားတော့မလား"

"ဟုတ်ကဲ့"

"ကိုကိုငယ် လိုက်ပို့ခိုင်း"

"ကိုကိုငယ်နဲ့ ကိုကိုလတ် ခုနပဲ ဂေါ်ဖ်ရိုက်ဖို့ ထွက်သွား ကြပြီ ဘွား၊ မရှိကြဘူး"

"ဒါဖြင့် ကျော်ကျော် ဖြစ်ဖြစ်၊ မော်မော် ဖြစ်ဖြစ် ပို့ခိုင်း ပြော် ... မော်မော် အိပ်ရာက မနိုးသေးဘူး။ ကျော်ကျော် ပို့ခိုင်း၊ ဟဲ့ ... အေးစ၊ မမကြီး သွားပြော၊ ကျော်ကျော် ကို အောက်လွှတ်လိုက်လို့ ဘွားဘွား ပြောတယ်လို့"

"ဟုတ်ကဲ့ပါ"

ညဖူးက ငါးဆင့်ချိုင့်ကိုဆွဲကာ ထမင်းစားပွဲပေါ် လာတင်ရင်း ...





"ညဖူး ဘာသာ မောင်းသွားလိုက်ပါ့မယ် ဘွား၊ ကျော်ကျော် ဘယ်လိုက်ချင်ပါ့မလဲ ဘုန်းကြီးကျောင်းဆိုတော့ သူပျင်းမှာ၊ ညဖူး ဘုန်းဘုန်းတရားလည်း ခဏတော့ နာလိုက်ဦးမှာမို့ ကျော်ကျော့် အားနာပါတယ်"

"အို ... ဘာပျင်းရမှာလဲ၊ သူ့ပဲ ပို့ခိုင်း၊ ကိုယ့်ဦးလေး လ,လည်ကိစ္စပဲဟာ၊ ဘုန်းဘုန်းကို ဘွား မလိုက်လာနိုင်တော့တာ သေချာလျှောက်လိုက်ပါ ညလေးရယ်၊ ဘွား ခုတလော သိပ်နေမကောင်းလို့ပါလို့နော်၊ ဒီမှာ ဘွား ကိုယ်စား ဝတ္တုငွေ လှူခဲ့ပေးပါ သမီး"

ဘွားက ငွေစက္ကူထုပ် ထည့်ထားသော စက္ကူအိတ် ညိုကို စားပွဲပေါ် ချလိုက်ပါသည်။ တစ်လပြည့်တုန်းကတော့ အိမ်ကို ဘုန်းကြီးများပင့်၍ ဆွမ်းကပ်ပါသည်။ နှစ်လပြည့်ကျ တော့ အိမ်မှာ ဆွမ်းမကပ်ဖြစ်တော့ပါ။ ဆွမ်းချိုင့်သာ ဘုန်းကြီး ကျောင်းသို့ပို့ဖြစ်ပြီး ကိုကိုလတ်တို့ လင်မယားနှင့် မမကြီးရော မနုပါ လိုက်ပါခဲ့ကြသည်။ အခု သုံးလပြည့်ကျတော့ ရက်ပြည့် သွားတာကိုပင် မိသားစုဝင်တချို့ မေ့လျော့နေပုံရပါပြီ။ ဘွားနှင့် မမကြီးတို့ကတော့ သတိရပါသည်။ ဆွမ်းချိုင့်ပို့ဖို့ ငါးရံ့အူကို မမကြီး ရှာဖွေဝယ်လာခဲ့ပေးတာ ဖြစ်ပေမယ့် ဒီမနက် သွားစရာ ရှိ၍ သူ မလိုက်ဖြစ်ကြောင်းကိုတော့ မနေ့ကတည်းက ပြောထား ပါသည်။

စကားများများ ရှည်ရှည်ဝေးဝေး ပြောကာ စောဒက မတက်တတ်သော ညဖူးသည် ဘွားကို ဘာမှဆန့်ကျင်မပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျော်ကျော် မလိုက်ချင်လျှင် သူ့ဟာသူ ကြည့်ပြင်းပေလိမ့်မည်။ လိုက်ပို့ချင်လျှင်လည်း ပြီးရောပေါ့။ ခုတလော နောက်ပိုင်းမှာ နေ့စဉ်အလုပ်ဆင်းတာကလွဲလျှင် တခြားအပြင်တစ်နေရာရာသွားမည်ဆိုပါက တစ်ယောက်ယောက်ကို အဖော်ထည့် လိုက်ပို့ခိုင်းတတ်တာမျိုး ပြောင်းလဲလာတာကို ညဖူး သတိပြုမိလျက်ဒါကို စဉ်းစားနေမိသည်။

ညဖူးရဲ့ ပိုက်ဆံအိတ်ရော၊ ယူသွားမည့် လျှူဖွယ်သက်န်းနှင့် စားသောက်ဖွယ်ရာများရော ပဝါလေးပါ အောက်ဧည့်ခန်းမှာ အဆင်သင့် ယူထားပြီးဖြစ်၍ အပေါ်ထပ်က ဆင်းလာသော မအေးစကို ညဖူးက ...

"ဘာတဲ့လဲ မအေးစ၊ ကျော်ကျော်က လိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ... အစ်ကိုကျော်ကျော်က ဆင်းခဲ့မယ်တဲ့ မမညဖူး"

ညဖူးသည် ပစ္စည်း ပစ္စယတို့ကို ကားပေါ်အသင့်တင်၍ ကားထဲက နံဘေးခုံမှာပါ အသင့်ဝင်ထိုင် စောင့်နေလိုက်သည်။ ဆယ်မိနစ် ဆယ့်ငါးမိနစ် အကြာတွင် ကျော်ကျော်က ကားထဲဝင်ထိုင်လိုက်ကာ ...

"ဆောရီး ညဖူး ... ကျွန်တော် လိုက်ပို့ရမယ်ဆိုတာ မသိလို့"

"ရပါတယ် ကျော်ကျော်ရယ်၊ ဟိုမှာ တရားနာဦး ဘာဦးနဲ့ ကြာနေရင်သာ ကျော်ကျော် စောင့်ရမှာ ညဖူး အားနာနေတာ၊ ကိုယ့်ဘာသာ သွားလိုက်လည်း ရပါတယ်"





"အင်း ... ဒါပေမဲ့ ဒီလိုနေ့ဆိုတော့ အိမ်က တခြားမိသားစုဝင်တွေလည်း ပါနိုင်ရင် ကောင်းတာပေါ့၊ အားလုံးက မအားလပ်ကြဘူးဆိုတော့ ညဖူး တစ်ယောက်တည်း ဖြစ်နေတာ၊ အခု ကျွန်တော်ပါတော့ ပိုကောင်းတယ်လေ၊ တကူးတက လိုက်ပို့နေရတယ်လို့ စဉ်းစားမနေနဲ့၊ ကျွန်တော်နဲ့လည်း ဦးလေးတော်တာမို့ ညဖူး အားနာစရာ မရှိပါဘူး"

ပြောရင်း ကျော်ကျော်က ကားကိုမောင်းထွက်လိုက်သည်။ ကျော်ကျော်က သဘောကောင်းပေသည်။ တကယ်တော့ မိသားအားလုံး သဘောကောင်းကြပါသည်။ မမဆင့် တစ်ယောက်လည်းပဲ သတိလေးထား ဆက်ဆံလိုက်ရင်တော့ ဆက်ဆံရလွယ်ကပါ။

"ကျော်ကျော် ဒီနေ့ သွားစရာ မရှိဘူးလား"

ကျော်ကျော်က သူငယ်ချင်းတချို့နှင့် စုပေါင်းကာ ... Chef တစ်ယောက် ငှားရမ်းပြီး ဂျပန်စားသောက်ဆိုင်လေး ဖွင့်ထားပါသည်။

"ညနေမှ ဆိုင်သွားမယ်"

ညဖူးက ခေါင်းလေးညိတ်ကာ ငြိမ်ငြိမ်ငေးငေး ... လာပြီးမှ သူ့အတွေးတွေကို ရင်ဖွင့်ထုတ်ပြောချင်လာသည်နှင့် ...

"ဟိုးတစ်ညက ကျောင်းသားဟောင်းတွေ ရီယူနီယံဒင်နာတုန်းကလည်းပဲ ညဖူးဘာသာ မသွားခိုင်းပဲ ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကို ပို့ခိုင်း၊ ကျော်ကျော့်ကို ပြန်ကြိုခိုင်းတယ်၊ အဲဒါကျ
တော့ရော အခုလို ကျော်ကျော့်ဦးလေး လ,လည်ကိစ္စမျိုး
မဟုတ်တာ”

“အင်း … အဲဒါကျတော့ ညဘက်မို့လို့ ထင်တယ်”

“ခုနောက်ပိုင်းမှာ အလုပ်သွားတာကလွဲရင် ညဖူးကို တစ်
ယောက်တည်း အပြင်ကို မလွှတ်ချင်ဘူးလို့ ခံစားရတယ်”

“………”

“ဒင်နာအပြီး နောက်တစ်ရက်မှာ ဘွားနဲ့ မမဆင့်နဲ့
တို့ကို ခေါ်ပြောတယ်၊ ဟိုတစ်ခါ ပြောပြီးသားကိစ္စကို
ထပ်ပြောတယ်လေ၊ တို့ကို အိမ်ထောင်ချပေးဖို့ စီစဉ်ထား
တဲ့အကြောင်းပေါ့၊ အဲဒါကြောင့် မမျှော်လင့်တာ တစ်ခုခု
ဖြစ်ပျက်သွားရင် အားလုံး စိတ်မကောင်းဖြစ်ကြရမှာမို့လို့
ယောကျ်ားလေး အပေါင်းအသင်းတွေ ဘာတွေ မထားဖို့…”

ကျော်ကျော်က စိတ်ပျက်လက်ပျက် ခေါင်းယမ်း
ပါသည်။ ညဖူး အပေါ် လူကြီးတွေကိုယ်စား မျက်နှာပူမိသည်။
ခုလို နောက်ထပ်တစ်ကြိမ် ညဖူး အိမ်ထောင်ရေးကို စီစဉ်ဦးမည့်
ကိစ္စကို ကျော်ကျော်က ခေတ်လူငယ်ပီပီ သဘောလည်းမကျ
နားလည်းမလည် စိတ်လည်းပျက်သည်။

“ဟိုးတစ်ခါက ဆေးခန်းကို ညဖူးရဲ့ ငယ်သူငယ်ချင်း
ယောကျ်ားလေးတစ်ယောက် လာလည်ဖူးတယ်၊ အဲဒါကို
မော်မော် တွေ့ပုံပဲ၊ ဆေးခန်းကို အဲလို ယောကျ်ားလေး





မိတ်ဆွေတွေ ဘာတွေ လာလည်နေတဲ့အတွက် ညဖူး
မဟုတ်တာ တစ်ခုခု လူအထင်သေးစရာ အဖြစ်မခံနိုင်တဲ့
သဘော ဘွားကပြောတယ်၊ ဆိုတော့ ဒီတစ်ယောက်ပဲ
ဒီတစ်ခါပဲ လာဖူးတယ်ဆိုတော့ မော်မော် ပြန်ပြောတာ
ဖြစ်လိမ့်မယ်လို့ ညဖူး ယူဆမိပါတယ်၊ အခုလည်း …”

“ညဖူး”

ညဖူးက လှည့်မကြည့်ဘဲ ရှေ့တူရူကို ငေးငေးလေး
ငြိမ်ကြည့်နေသည်။

“ဒင်နာညက ကျွန်တော် ပြောမိပါတယ်၊ ပြောတာတော့
မဟုတ်ပါဘူး၊ ဖြေတာပါ၊ ဘွားရယ် မေမေရယ် အန်တီ
ဆင့်ရယ် ဝိုင်းမေးကြလို့ ကျွန်တော်လည်း လိမ်ညာဖုံး
ကွယ်နေစရာ အကြောင်းလည်း မရှိတော့ မြင်တဲ့အတိုင်း
ပြောပြမိပါတယ်၊ ကျွန်တော် လာကြိုတဲ့အချိန် ညဖူးစားပွဲ
မှာ ဟိုဘက်နားလေးမှာ မိန်းကလေးသုံးယောက် စကား
ထိုင်ပြောနေပြီး ညဖူး ဘေးမှာတော့ ယောကျ်ားလေး
လူရွယ်တစ်ယောက်ထိုင်ပြီး နှစ်ယောက်သား စကားပြော
နေတဲ့အကြောင်း …

သူတို့က စေ့စေ့ပေါက်ပေါက် မေးတယ်ဗျာ၊ ကျွန်
တော်က မေးတာတွေကို ဖြေခဲ့တာပါ၊ ဒါပေမဲ့ အဲဒါက
ညဖူးအတွက် အချုပ်အနှောင်အဖွဲ့ တင်းကျပ်ဖို့ ဘက်တွန်း
အားဖြစ်သွားရင် တောင်းပန်ပါတယ်၊ တမင်တကာ တဖူး



www.burmeseclassic.com

www.burmeseclassic.com



တကတော့ ကျွန်တော် ပြန်ပြောစရာ ပြန်တိုင်စရာ အကြောင်းမရှိတာ ညဖူးလည်း နားလည်မှာပါ၊ ဟုတ်တယ်၊ လူကြီးတွေက တဆိတ်တော့ သည်းလွန်းတယ်ဗျာ၊ ညဖူးက ဒီလိုလိုက်လုပ်နေရမယ့် အနေအထားမျိုး မဟုတ်သလို တကယ်တမ်းဆို အဲလိုလုပ်ဖို့ အခွင့်အရေး သူတို့မှာ မရှိပါဘူး"

"ညဖူး နားလည်ပါတယ်လေ၊ သွားပြောတာ မဟုတ်ဘဲ မေးလို့ဖြေရတာ ဖြစ်မှာကိုလေ၊ မော်မော်တုန်းကလည်း ဒီလိုပဲ ဟိုမေး ဒီမေးနဲ့ လွှတ်ခနဲ ပြောမိတာမျိုးပဲ နေမှာ၊ ကျော်ကျော်တို့ မော်မော်တို့ကို ညဖူးက ဘယ်လိုမှသဘောမထားပါဘူး၊ ဒါပေမဲ့ ... တစ်ခုပါပဲ"

"………"

"တို့ ... မွန်းကျပ်တယ်"

တုန်နေတာကို ထိန်း၍ပြောလိုက်တဲ့ အသံလေးကြောင့် ကျော်ကျော်သည် သူပါ အပြစ်မကင်းသလို ခံစားရကာ နေရထိုင်ရ ခက်လှသည်။ ဒီမိသားစု အဝန်းအဝိုင်းထဲမှာ ညဖူး ဘယ်လောက် အနေရကျပ်လိုက်မလဲ တွေးနိုင်ပါသည်။ ကိုယ်ချင်းစာပါသည်။ သို့ပေမဲ့ ဒီအိမ်မှာ သူဟာ လူကြီးဝိုင်းထဲ တိုးမပေါက်သေးသော ကလေးစာရင်းထဲကလူဖြစ်၍ အရေးမပါ အရာမရောက် သူ့စကားသည်လည်း မထိရောက်ပါ။





ဘုန်းကြီးကျောင်းထဲရောက်၍ ဆွမ်းချိုင့်နှင့် ညဖူး ကျောင်းပေါ်တက်သွားတာကို ကားပေါ်ကပဲ စောင့်ကျန်ရစ်ရင်း ညဖူး နေရာမှာဝင်၍ စိတ်ကျဉ်းကျပ်နေမိပါသည်။ ခုလည်းပဲ လေးလေးငယ်နှင့် ပေးစားဖို့ ကြံစည်နေကြပြန်ပြီ။ အစ်ကိုကြီးနှင့် ဆေးစား၊ အစ်ကိုကြီးမရှိတဲ့နောက် ညီငယ်နှင့် ဆက်လက် ထပ်မံဆေးစားရအောင် မြန်မာရာဇဝင်ဘုရင်ခေတ်က နန်းတွင်းသားနန်းတွင်းသူတွေမို့လား။ ဘယ်သူက လက်ခံချင်ပါ့မလဲ။

လေးလေးငယ်လည်းပဲ လက်ခံမည် မထင်ပေမယ့် လေးလေးငယ် တွဲနေတဲ့ ကောင်မလေးကို မေမေတို့ အန်တီဆင့်တို့ လုံးလုံးသဘောမကျကြတာ ကျော်ကျော်လည်း သိပေသည်။ လေးလေးငယ်ကလည်း ဂျစ်ကန်ကန် အေးစက်စက် ကိုယ်လုပ်ချင်ရာလုပ်တဲ့ လူစားမျိုးဖြစ်၍ နားအေးပြီးရော လူကြီးစကားဆက်ခံနားထောင်ပစ်လိုက်ကာ နောက်မှ သူနေချင်သလိုနေမည်ဆိုတာမျိုး အချိုးချိုးလျှင်တော့ ညဖူးအတွက် မလွယ်ပါလား။

ခုချိန်မှာ ညဖူး အသက်ဟာ သူ့ထက်ပင် ခြောက်လယ်သေး၍ သူတောင် ရည်းစားထားလို့ ကောင်းနေတုန်း၊ ညဖူးသည်လည်း ချစ်သူရှိမယ်ဆို ရှိလို့ကောင်းနေသေးတဲ့ အရွယ်ပင်။ သို့ပေမဲ့ အိမ်ထောင်ဖက် ကွယ်လွန်တာ လပိုင်းလောက်အတွင်း သူ့ခမျာ ဘယ်လိုလုပ် ချစ်သူရှိနိုင်ပါ့မလဲ။ လေးလေးကြီးလို့ သူတို့ခေါ်တဲ့ ဦးအောင်မင်းနိုင်နှင့် မယူခင်ကရော ညဖူးမှာ ချစ်သူလေး ဘာလေး မရှိခဲ့ဘူးလား။ ဘယ်လိုတွေးတွေး ညဖူးဟာ သနားစရာလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



ညဖူးက ဘုန်းကြီးကျောင်းပေါ်မှ မိနစ်လေးဆယ်လောက်ကြာမှ ပြန်ဆင်းလာသည်။ ဆံနွယ်တွေ မည်းမည်းဝဲဝဲနှင့် သွယ်လျပို့မြစ်သော ညဖူးညိုဟာ မျက်နှာကလေးကလည်း ငေးဖို့ကောင်းအောင် လှပပါသေးသည်။ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်ခဲ့မှာ သေချာပါသည်။ အဲဒီကြားထဲက အသက်ချင်းများစွာ ကွာခြားလှသော လေးလေးကြီးနှင့် လက်ထပ်ခဲ့ရရှာသည်။

"ကျော်ကျော် … နည်းနည်းကြာသွားလား၊ ကျောင်းပေါ်မှာ ကိုကိုကြီးမိတ်ဆွေ ကိုကြီးသော်နဲ့ တွေ့နေလို့၊ ကိုကိုကြီးလလည်မို့ ကိုကြီးသော်လည်း ဘုန်းဘုန်းဆီ လာလှူတယ် ဘုန်းဘုန်းကလည်း တရားတိုလေးတစ်ခု ဟောပေးနေလို့ပါ ဆောရီးနော်"

"It's ok ပါ၊ သီချင်း နားထောင်နေတာလေ"

ဘုန်းကြီးကျောင်း တည်ရှိရာ ဗဟန်းမြို့နယ် ရွှေ တိုင်ရပ်ကွက်ရဲ့ လမ်းသွယ်လေးတစ်ခုထဲမှ လမ်းမကြီးပေါ်သို့ ချိုးကွေ့လိုက်သည့် ကျော်ကျော်ရဲ့ကားသည် လမ်းသွယ်လေးထဲ လမ်းလျှောက်ချိုးကွေ့ဝင်လိုက်သော လူတစ်ယောက်ကို မရှောင် လင့်ဘဲ ဒုန်းခနဲ ဝင်တိုးမိလျက်သား ဖြစ်သွားလေသည်။

"ဘုရားရေ"

"ဟာ … သွားပြီ"

ညဖူးရော ကျော်ကျော်ပါ နှုတ်မှ အလန့်တကြား ရေရွတ်လိုက်မိကာ ကျော်ကျော်က ကားကိုရပ်လိုက်ရသည်။





ကားထဲက ကက်ဆက်ကိုလည်း ပိတ်ပစ်လိုက်ကာ လူတိုက်မိတယ်ဆိုတဲ့ အသိနှင့် လန့်လည်း လန့်သွားတာမို့ …

"ကျွန်တော် တိုက်မိတာလား၊ သူ ဝင်တိုးတာလား ညဖူး၊ ရပ်ကွက်ထဲမှာ ကားအတိုက်ခံတဲ့လူတွေ ရှိတယ်တဲ့၊ သူ ဝင်အတိုက်ခံတာလား"

စိတ်ကယောက်ကယက် ကမူးရှူးထိုးနှင့် မေးမိသည်။

"မသိဘူး၊ တကယ်တော့ တိုက်မိတာပဲ၊ ဒုန်းခနဲပဲ"

နှစ်ယောက်သား ကားပေါ်မှ ကမန်းကတန်း ဆင်းကြကာ ကျော်ကျော်က လဲနေတဲ့ တီရှပ် ဂျင်းဘောင်းဘီဝတ် လူရွယ်ကို ဟန်ကိုယ့်ဖို့သဏ္ဍာန်နှင့် …

"ဒီမှာ … ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ကားကို တမင်တကာ ဝင်တိုးစရာလား"

"အား … ကျွတ် … ကျွတ် … ဆောရီးဗျ၊ ကျွန်တော်လည်း ကားထွက်လာတာ မမြင်လို့ပါ၊ အား … ခြေထောက်ကတော့ အရမ်းနာသွားပြီ ဆေးခန်းသွားရမယ် ထင်တယ်"

"ကျွတ် … မင်းတို့ကောင်တွေ ဒါပဲ၊ ပြီးရင် ဆေးဖိုးမကလျော်ကြေးတောင်းမယ်လေ၊ ကဲ … ကဲ … ဆေးခန်းပို့ရမယ်ဆိုလည်း ထ၊ မတရားတော့ မတောင်းနဲ့"

လမ်းပေါ်လဲကျနေသောလူက ကျော်ကျော့်ကို မော့ကြည့်လာပါသည်။ အသာအယာ ပြုံးလိုက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"မတောင်းပါဘူးဗျ၊ ဆေးခန်းစရိတ်တောင် မတောင်းပါဘူး၊ ကျွန်တော့်အမှားလည်း ပါပါတယ်၊ ဒါပေမဲ့ ဆေးခန်းအသွားကိုတော့ ကျွန်တော် ကားမောင်းနိုင်တော့မှာ မဟုတ်ဘူးဗျ၊ ခင်ဗျား ပို့ပေးရလိမ့်မယ် ထင်တယ်"

"ဟင် ... ဘဝရှင်"

ညဖူးညိုရဲ့နှုတ်မှ လွှတ်ခနဲ ထွက်သွားလေလျှင် ဘဝရှင်က ဖျတ်ခနဲ လှည့်ကြည့်ကာ ကမန်းကတန်း လက်ထောက် ကြိုးစားထမည့်ဟန်ပြင်ရင်း ...

"ဟာ ... ညဖူးညို၊ နင် ... နင်တို့ ကားလား"

"ဟယ် ... နင် မထနဲ့လေ"

ညဖူးညိုက ဘဝရှင်အနီး ဒူးကွေးထိုင်ချလိုက်ကာ ဘဝရှင်ရဲ့ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်တွဲလိုက်သည်။ မတ်တတ်ရပ်ဆဲရှိသော ကျော်ကျော်က မြင်ကွင်းကို အံ့အားတသင့် ငေးကြည့်နေမိသည်။ အလန့်တကြား ပူပန်ပျာယာခတ်သွားတဲ့ ညဖူးရဲ့မျက်နှာ၊ ညဖူးကို မြင်သည်နှင့် တစ်မျိုးကလေး ပြောင်းလဲ ရီဝေသွားတဲ့ လူရွယ်ရဲ့မျက်လုံးများ။

"ရလား ... အရမ်းနာသွားလား"

"နာတော့ နာတယ်ဟ၊ နင် မတွဲပါနဲ့၊ ငါ့အားကြီး နင် ဘယ်ဟန်နိုင်မလဲ"

"မဟုတ်ဘူးလေ တွဲထမှ ရမှာပေါ့၊ ဆေးခန်းမြန်မြန်သွားလိုက်ရအောင်၊ ကျော်ကျော် ..."





ညဖူးညိုက ကျော်ကျော့်ကို မော့်ကြည့်ကာ ခပ်ဆတ်ဆတ်လေး ခေါ်လိုက်သံက "ဘာလုပ်နေတာတုံး တွဲလေ"ဆိုတဲ့ အဓိပ္ပာယ်ပင်။ ဩော် ... ဟုတ်သားပဲလို့ ကျော်ကျော်က ကမန်းကတန်း ဝင်တွဲထူကာ အနီးဆုံး သူတို့ကားရဲ့ ဘေးထိုင်ခုံဘက် တွဲတင်ကာ ထိုင်စေလိုက်ရသည်။

"ငါ့ကား ပါတယ်ဟ၊ ဟိုမှာလေ၊ ရပ်ထားတာ၊ ငါကိုက ကားရပ်ခဲ့ပြီး လမ်းဆင်းလျှောက် ဝင်မိတာ"

"နင့်ကား ပါပေမယ့် နင်မှ မမောင်းနိုင်တာ။ ကားသော့ပေး"

ဘဝရှင်က ကားသော့ကို ညဖူးညိုလက်ထဲ ယောင်ယမ်းယမ်းနှင့် ပေးလိုက်ပါသည်။

"ကျော်ကျော် ရော့၊ ဟောဟို ကားကိုမောင်းပြီး နောက်က လိုက်ခဲ့"

"ဟုတ်လား"

"ဘာဟုတ်လားလဲ၊ သူမှကားမမောင်းနိုင်တော့တာကို၊ ဒီကားကို ညဖူး မောင်းပြီး ဆေးခန်းအရင်သွားမယ်၊ ပြီးရင် သူ့အိမ်အထိ ကားရော လူရော ပြန်ပို့ရမှာပဲဥစ္စာ၊ သူ့ကားမောင်းပြီး နောက်က လိုက်လာပေါ့"

"ဩော် ... အင်း ... အင်း၊ အိုကေ ... အိုင်ဆီး"

ကျော်ကျော်သည် ဘဝရှင်ရဲ့ကားကို မောင်းရင်း ညဖူးကားနောက်က ပါလာရကာ ခေါင်းထဲမှာ တရစပ် အတွေး



www.burmeseclassic.com

www.burmeseclassic.com



တွေပြေးလွှားနေသည်။ လူတိုင်းမှာ Sixth scence ဆိုတာ ရှိတယ်လေ။ အရေးကြုံရင် ဖျတ်ခနဲ ပေါ်လာတာပဲ။ ဟိုနေ့ည ဒင်နာတုန်းက သူကားပါကင်ထိုးတဲ့နေရာကနေ မြင်နေရသောစားပွဲမှ ညဖူးနံ့ဘေး ထိုင်နေသူကို သဲကွဲစွာ မျက်နှာမမြင် မမှတ်မိပေမယ့် အခု ဒီလူကိုမြင်တော့ အဲဒီညကလူလို့ အလိုလို ထင်မိတာပဲ။

အေးတိအေးစက် ဟန်ပန်မူရာသာ အမြဲရှိတဲ့ ညဖူးညိုထံက ပျာယာခတ်တဲ့ အမူအရာဟာလည်း ကျော်ကျော့်အတွက် အသစ်။ ရဲရဲဝံ့ဝံ့ ပိုင်ပိုင်နိုင်နိုင် ဝင်စီမံခန့်ခွဲလိုက်တဲ့ပုံများ လေးစားလေးစား။ တစ်ခုတော့ တစ်ခုခုကို တစ်ခုခုပဲ။ ဟိုလူရဲ့ မရဲမဝံ့ ဖြစ်သွားတဲ့ ရီဝေသွားတဲ့ ဆွေးငေးသွားတဲ့ ညဖူးကို မျက်လွှာလေးပင့်ပြီး ဖျတ်ခနဲ ဖျတ်ခနဲ ခိုးခိုးကြည့်နေတဲ့ မျက်ဝန်းများရဲ့ ထူးခြားမှုပုံရိပ်ကလည်း အလွန်တရာမှကို တစ်ခုခု။

ကျော်ကျော်သည် အသိလည်းဖြစ်နိုင်၊ သူငယ်ချင်းတွေလည်း ဖြစ်နိုင်သော ထိုနှစ်ယောက်ရဲ့ ပတ်သက်မှုကို အလိုအလျောက်ပင် တစ်ခုခု ထင်နေတော့သည်။

"အရမ်းနာလား ... ဘဝရှင်"

"အင် ... အော် ... နည်းနည်းပဲ နာတာပါ၊ ကိစ္စမရှိပါဘူး၊ အရိုးမကျိုး မအက်လောက်ပါဘူး၊ လိုလိုမယ်မယ် စစ်လိုက်ချင်လို့သာပါ"

"နင် ကားရပ်ပြီး ဘယ်သွားမလို့လဲ၊ မသွားလိုက်ရဘူးပေါ့"





"မသွားရသေးဘူး၊ ငါ အဲဒီလမ်းထဲက ဘုန်းကြီးကျောင်းတစ်ခုကို လာတာ၊ အိမ်ထဲကို ဆွမ်းစားကြွဖို့ လျှောက်မလို့၊ ကိစ္စမရှိပါဘူး၊ ဒီနားရောက်လို့သာ ဝင်လိုက်တာ၊ ဘုန်းဘုန်းဆီ ဖုန်းဆက်လိုက်ရင်လည်း ရပါတယ်"

"အော် ... နင်တို့အိမ်မှာ ဆွမ်းကျွေးလုပ်ဖို့ ရှိလို့လား"

"ဟုတ်တယ် ... လာမယ့် စနေနေ့ကိုဖိတ်မလို့၊ ငါ့အမေဆုံးတာ နှစ်ဆယ့်ခြောက်နှစ် ပြည့်တဲ့နေ့လေ"

"ဟင် ... နင့်အမေက ..."

ညဖူးညိုက အံ့အားတသင့်လေး ရေရွတ်လိုက်မိသည်။

"အင်း ... ငါ့အမေက ငါ့ကိုမွေးပြီး သုံးရက်နေတော့ ဆုံးသွားတာလေ၊ ဒီနေ့က ငါ့မွေးနေ့ပေါ့"

"အော် ... ဒီနေ့ နင့်မွေးနေ့ကိုး"

"အမြဲပဲ ငါ့မွေးနေ့နဲ့ မေမေ့နှစ်လည်က သုံးရက်ပဲကွာပြီး တစ်ပတ်တည်းမှာ ကျတတ်တော့ ငါ့မွေးနေ့ဆို ဘာမှ မလုပ်ဖြစ်ဘဲ မေမေ့မွေးနေ့ကျမှ ဆွမ်းကျွေးဖြစ်တတ်တယ်၊ နင်ကော ဒီလမ်းထဲက ထွက်လာတာဆိုတော့ ဘုန်းကြီးကျောင်းများ လာတာလား၊ ဒီလမ်းသွယ်ထဲမှာ ဘုန်းကြီးကျောင်းတွေချည်းပဲ"

"ဟုတ်တယ် ... ငါ ဆွမ်းချိုင့်လာပို့တာ"

"အော်"

"ဒီနေ့ ကိုကိုကြီး ဆုံးတာ သုံးလပြည့်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီး ... ! ဩော်"

အနီးဆုံးဆေးခန်းကြီးရဲ့ အရေးပေါ်မှာ ခြေထောက်နာတာကို ဝင်ပြပါသည်။ တာဝန်ကျတဲ့ ဆရာဝန်မလေးက ဘဝရှင်နှင့် အတန်းတူသူငယ်ချင်းမလေး ဖြစ်နေသည်။ ခြေသလုံးကို ခတ်မှန်တော့ ရိုက်ကြည့်ဖြစ်ပါသည်။ နောက်ကနေ ရွှေ လိုက်ရှင်းနေသော ကျော်ကျော်ကြောင့် ဘဝရှင် အားနာပါးနာ တားရသည်။

"မလုပ်ပါနဲ့ဗျာ၊ ဘာမှဖြစ်တာမှ မဟုတ်တာ၊ ညဖူးညိုဆီကနေ ဆေးဖိုးယူသလို မဖြစ်ပါရစေနဲ့"

"မဟုတ်ပါဘူး၊ ဒါ ကျွန်တော် ရှင်းတာပါ၊ သူ့ဆီကလည်း မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ဘာမှမဖြစ်တာပဲ ကျွန်တော်လည်း အတော်ဝမ်းသာနေရတာ၊ ဆေးဖိုးတော့ ရှင်းပါရစေ၊ ဘယ်လိုမှ တွေးမနေပါနဲ့၊ သူ့ဆေးခန်း ခေါ်သွားရင်တောင်ရတာ၊ သူ့ဆေးခန်းက ဒီနေရာနဲ့ ဝေးနေလို့"

ပိုင်ပိုင်နိုင်နိုင် ရင်းရင်းနှီးနှီး ပြောဆိုနေသော လူရွယ်ကို ဘဝရှင်ကလည်း အကဲခတ်နေမိပါသည်။ ညဖူးညိုနဲ့ အတော်ရင်းနှီးတာပင်။ နှစ်ယောက်အတူလည်း လာတာမို့ အပတ်အသက် တစ်ခုခုရှိမှာ။ အဲဒီအပတ်အသက်ဟာ အဆန်းတကြယ် ပတ်သက်မှုတော့ ဖြစ်မှာမဟုတ်ဟု ထင်သည်။ သို့ပေမဲ့ ညဖူးညို နံဘေးမှာ ရွယ်တူတန်းတူ ယောက်ျားတစ်ယောက်ကို တွဲ၍မြင်ရတာကိုပင် သူ့ရင်ထဲ ကသိကအောက် ဖြစ်နေပါသည်။





ဆေးခန်းက ပြန်တော့လည်း အလာတုန်းကလိုပင်။ ညဖူးညိုက သူ့အိမ်အထိ ကားမောင်းပို့ပေးကာ ကျော်ကျော်က ဘဝရှင်ကားကိုမောင်း၍ နောက်ကပါလာသည်။ နံဘေးမှန်မှ အပြင်ဘက်ကို ငေးပြီး ညဖူးညိုဘက် လှည့်မကြည့်ဘဲ ငြိမ်သက်၍ ပါလာမိပါသည်။ လူငြိမ်သက်သလောက် စိတ်ထဲ လှုပ်ရှားနေခဲ့ပါသည်။ တကယ်တော့ ညဖူးညိုကို ရှောင်မယ် မရှောင်ဘူးဆိုတာ သူ အတိအကျ ဆုံးဖြတ်ချက် မချနိုင်သေးတဲ့အရာ။ ခဆုံးဖြတ်နိုင်တာဟာလည်း ညဖူးဟာ အိမ်ထောင်ရှိဖူးခဲ့လို့ဆိုတဲ့ အချက်ကြောင့် မဟုတ်ပါ။ ညဖူးဘက်က သူနှင့် နီးစပ်မှုကို ကျဉ်းကျပ်မှာ မလိုလားမှာစိုးလို့ပါ။

သူ့ဘက်ကတော့ ညဖူးဟာ အပျိုကလေးတစ်ယောက် မဟုတ်တော့ဘူးဆိုတာ သိလိုက်ရတဲ့အတွက် အင်သွားတာမျိုး နောက်ကြောင်းပြန်လှည့်ချင်စိတ်မျိုး နည်းနည်းကလေးတောင် ဖြစ်ပေါ်မလာမိခဲ့ပါ။ ညဖူးအပေါ် အခွင့်အရေးယူရာ ခလေးစားရာကျမှာ စိုးရိမ်ကာ မဆိုးမလေးမို့ သူ့အပေါ် နှုတ်လွယ်တယ် အချဉ်းကပ်လွယ်တယ် ဆိုတာမျိုး ညဖူး ထင်သွားမှာလည်း ကြောက်လှသည်။

ရင်ထဲမှာ စိတ်ထဲမှာ ပြောချင်နေတဲ့ စကားတွေ အများကြီးပင်။ ဘာတွေမှန်းတောင် ရေရေရာရာမသိ။ မသင့်ဆော်တာတွေ ပြောထွက်မိမှာစိုး၍ နှုတ်ဆိတ်ပြီး ငြိမ်သက်နေမိတာ။ သူ့ဘက်က ဘာမှမကြိုးစားပါဘဲလျက် အလိုအလျောက်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ဆုံအောင် ဖန်တီးစေစားသော ကံကြမ္မာကိုလည်း အမှတ်မထင် သူ အားကိုးချင်နေမိသည်။

"နင် ဆေးခန်းကို အလုပ်သွားဖို့ နောက်ကျနေတော့မှာပဲ။ ငါ အားနာတယ်"

အတန်ကြာမှ စကားစရှာ ပြောရသည်။

"ကိစ္စမရှိပါဘူး၊ နင်တောင် မွေးနေ့ကြီးမှာ ထိခိုက်ဒဏ် ရာရနေသေးတာ၊ ငါက ပိုအားနာရမှာ"

"ဟိုလူကိုလည်း အားနာတယ်၊ ငါ့ကားကို လိုက်မောင်းဖို့ နေရတာ"

"သူက စပ်ရင် ငါ့တူပါ၊ မမကြီးရဲ့သား၊ ငါ့ထက် လပိုင်း ပဲ ကြီးတာလေ"

"ဩော် ... အမျိုးကိုး၊ ဟိုညကလည်း လာကြိုတာထင် တယ်"

"အင်း ... ဒင်နာညကလည်း လာကြိုတယ်၊ အဟင်း ဟင်း၊ ခုတလော ငါ့ကို ဟိုဟိုဒီဒီသွားရင် လူပိုအဖော် ထည့်ထည့်နေကြတာလေ၊ ငါ့ကို စိတ်မချဘူးလား မသိ ပါဘူးလေ"

"အာ ... နင့်ကို ဘာလို့ စိတ်မချရမှာလဲ၊ နင်က ဘာလုပ် မှာမို့လဲ"

"ဘယ်ပြောနိုင်မလဲ၊ လုပ်ချင်တာ လုပ်မှာပေါ့"

"ဟင်"





"အဟင်းဟင်း ... နင်က ဘာတွေလန့်နေတာလဲ၊ လူတိုင်း က လုပ်ချင်တာ လုပ်နေတာပဲဟာ၊ ငါက မုဆိုးမတစ် ယောက် ဖြစ်သွားပေမယ့် သိပ်ငယ်နေလို့ လူကြီးတွေက စိတ်မချကြတာပေါ့ဟာ၊ သူတို့စိတ်ထဲမှာ ငါက ငယ်သေး တယ်တဲ့၊ ဒီတိုင်းနေလို့လည်း မတင့်တယ်လှဘူးတဲ့၊ မဟုတ် တရုတ်လူတွေနဲ့လည်း တွေ့သွားမှာ စိုးရိမ်တယ်တဲ့၊ ဒီ တော့ ..."

"ဒီတော့ ဘာတဲ့လဲ"

ဘဝရှင်က ခပ်လောလော မေးမိသည်။

"ဒီတော့ ငါ့ကို သူတို့ပဲ အိမ်ထောင်ထပ်ချပေးမယ်ပေါ့ ဟာ"

ဘဝရှင် ရင်ထဲ မီးတောင်တစ်ခု ပေါက်ကွဲသလို ခံစားလိုက်ရပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ထမင်းစားခန်းဘက် ရုတ်ခနဲ ဝင်လာတဲ့ ဇော်မင်းငယ်က သူဝင်လာလျှင် တိခနဲ စကားပြတ် အသံတိတ်သွားတဲ့ လူကြီးများကို လူစုံအောင် ဝေ့ဝဲကြည့်လိုက်ပါသည်။ လက်ထဲက ကားသော့၊ အိုင်ပက်နှင့် ဖိုင်လ်တို့ကို ထမင်းစားပွဲပေါ်တင်ကာ ကော်ဖီတစ်ခွက် သူ့ဘာသာ ငှဲ့လိုက်ရင်း ...

"ဘာလဲ ... ဓာတာတိုက်တယ် စစ်တယ်ဆိုတာ၊ မေမေတို့ ဘာလုပ်နေကြတာလဲ၊ ကျွန်တော် ခုနကြားလိုက်တာ ကျွန်တော်နဲ့ သက်ဆိုင်နေလား"

"ဟဲ့ ... ဟဲ့ ... ကိုကိုငယ်ဖို့ တစ်ပန်းကန် ပြင်ပေးကြစမ်း မြမြတို့"

"ကျွန်တော် မစားတော့ဘူး၊ ကော်ဖီပဲသောက်တော့မယ် မေမေ၊ ကျွန်တော်မေးတာ ဖြေပါဦး၊ ခုနပြောနေတာ မမဆင့်ပဲ၊ မမဆင့် ပြောပါဦး၊ ကျွန်တော့်နာမည် ထည့်ပြောတာလည်း ကြားလိုက်တယ်"





မမဆင့်က ကိုကိုငယ်ထံ မျက်လုံးဆိုင်မကြည့်ဘဲ ဆယာကွမဘက်ကိုသာ မျက်လုံးဝေ့ဝဲ၍ ပြောပြလိုက်ဖို့ မျက်ရိပ်လေး ပြလေသည်။

"ဪ ... ဓာတာတိုက်တာပဲ အဆန်းလုပ်လို့ သားရယ်"

"ဟုတ်ပါတယ်၊ မဆန်းဘူးဆိုလည်းပဲ ကျွန်တော့်ဓာတာဆိုတာကြီးကို ဘာနဲ့ဘယ်လို တိုက်တာလဲ သိချင်လို့ပါ"

မနက် ဘရိတ်ဖတ်စ်ဝိုင်းမှာ ရှိနေကြတဲ့ မိသားစု အစုံနီးပါးဟာ အသံတိတ်နေကြပါသည်။ ဇော်မင်းငယ်က မျက်နှာလေးနီမြန်းကာ နှာသီးဖျားပါ သွေးရောင်လွှမ်းလျက် ငိုချင်တာကို အောင့်ထားရတဲ့ရုပ်နှင့် သနားစဖွယ် ငုံ့ထိုင်နေသော ညဖူးညိုကို တစ်ချက် ကြည့်လိုက်ပါသည်။

"ညဖူးဓာတာနဲ့ ကျွန်တော့်ဓာတာ တိုက်နေကြတာတော့ မဟုတ်ပါဘူးနော်"

"ဪ ... သားရယ်၊ တိုက်ကြည့်တာ မမှားဘူးပေါ့၊ ဘာပဲဖြစ်ဖြစ်တော့ အတိအကျ မလုပ်ခင် ဘက်စုံထောင့်စုံ ကနေတော့ လိုအပ်တာလေ"

"ဘာကို အတိအကျ မလုပ်ခင်လဲ၊ ဘာကိုလဲ မေမေ၊ မေမေတို့က သိပ်ခက်တာပဲဗျာ၊ ကိုလတ်တို့ ကိုလေးတို့က ဘာမှမပြောကြတော့ဘူးလား"

ဇော်မင်းငယ် အသံက ဆတ်လာသည်။ ဇော်မင်းငယ်ဘာ မောင်နှမငါးယောက်ထဲ အငယ်ဆုံးမို့ ဂျစ်တစ်တစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေကိုလည်း ဆိုးနွဲ့ပြောဆိုရဲကာ သူဖြစ်ချင်တာ သူလုပ်ချင်တာ လုပ်တတ်သူပင်။

"ငါက သိတောင် မသိပါဘူး ကိုယ်ရာ၊ ခုမှ ကြားရတာပါ"

ကိုကိုလတ်က ပြောသည်။ ကိုကိုလေးကလည်း ကပျာကယာနှင့် ...

"ငါလည်း ခုမှပဲ နားထောင်နေရတာလေ၊ သြော် ... ဇာတာတောင် တိုက်နေကြပြီဆိုတော့ ပြောပြီးဆိုပြီး မင်းတို့လက်ခံပြီးတာလားလို့ တွေးနေတာ"

"ဘာကို လက်ခံပြီးရမှာလဲ၊ တကယ် စိတ်ရှုပ်တယ်ဗျာ၊ ကျွတ် ... မေမေ ဘာတွေလုပ်နေတာလဲ၊ ကာယကံရှင်နှစ်ယောက်လည်း လူရာသွင်းပါဦး၊ ကျွန်တော့်ကိုတော့ ထားလိုက်ပါတော့၊ ညဖူးကိုတော့ လူရာလေးသွင်းပါဦးလား၊ သူလည်း လူသားပါ၊ စက်ရုပ်မှ မဟုတ်တာ၊ မနေ့တစ်နေ့ကလားမှ ကိုကိုကြီး သုံးလပြည့်တယ် ဆိုတာလေးလည်း ထည့်တွက်ဦးမှပေါ့ဗျာ"

"မေမေကလည်း ခုချက်ချင်းအတွက် စီစဉ်နေတာမှ မဟုတ်တာ မောင်ငယ်လေးရဲ့၊ ကိုယ့်ဘက်က လိုအပ်တာ ကြိုကြိုတင်တင်လေး လုပ်ကြည့်တဲ့ သဘောပါ"

"မမကြီးလည်း အလိုတူ အလိုပါပေါ့ ဟုတ်လား"

"အို ... အဲလို မဟုတ်ပါဘူး၊ ဒါပေမဲ့ အခုဟာက သင့်တင့်လျှောက်ပတ် ..."





"ဘာသင့်တင့်လျှောက်ပတ်တာလဲ၊ မမကြီး ဒီကိစ္စမျိုးစီစဉ်ချင်နေရင် ကျော်ကျော်နဲ့ မော်မော်ကို စီစဉ်လေ၊ ကျွန်တော့်ကို စီစဉ်စရာလား၊ ညဖူးကရော မမကြီးသမီးမို့လား"

"ဟဲ့ ... မင်းက ငါ့ပဲ ဖိမဲပြောနေတော့တာပဲ၊ ငါခေါင်းဆောင် မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူခေါင်းဆောင်လဲ၊ မမဆင့်နဲ့ မမနုပေါ့"

မမဆင့် မမနုတို့ အနည်းငယ် ကိုယ်နေဟန်ထားပျက်ကာ မမနုက မပွင့်တပွင့် အသံလေးနှင့် ...

"အို ... မမနုက အငယ်ဆုံးချွေးမပါ၊ ခေါင်းဆောင်စရာလား ကိုယ်ရယ်"

"အမယ်လေး ... အမယ်လေး ... အားလုံး ခေါင်းရှောင်နောက်ဆုတ်သွားလိုက်ကြတာ၊ မမဆင့် တစ်ယောက်ပဲ ထီးထီးကျန်ခဲ့ပါရောလား၊ မေမေ့မှာ ဒီလိုဆန္ဒရှိနေလို့ ကူညီဆောင်ရွက်ပေးတာပဲ ရှိပါတယ်၊ မမကြီးက အေးတယ် မဟုတ်လား၊ ဒါကြောင့် ဘာကိစ္စမဆို မေမေ့မှာ လိုအပ်ရင် မမဆင့်ပဲ ဖြစ်အောင်ဆောင်ရွက်ပေးနေရတာပါ ကိုယ်ရယ်၊ ဦးဆောင်သူ မဟုတ်ရပါဘူး"

"အင်း ... ဟုတ်တယ်လေ၊ ကိုကိုကြီးနဲ့တုန်းကလည်း မင်္ဂလာကိစ္စ အတက်ကြွဆုံးက မမဆင့်ပဲ၊ ပြေးလွှားဆောင်ရွက်နေတာပဲ၊ ဒါနဲ့ စကားစပ်လို့ မသိလို့ မေးပါဦးမယ်၊ ကိုကိုကြီးနဲ့ ညဖူး လက်ထပ်ခါနီးရော မမဆင့်တို့ ဇာတာ မတိုက်ခဲ့ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ထုံးစံပဲဟာ၊ တိုက်ရတာပဲပေါ့ ကိုယ်ရယ်"

"အဲလို ဓာတာတွေ တိုက်စစ်တုန်းက ကိုကိုကြီးမှာ ဒီလို နှစ်အနည်းငယ်အတွင်း ကံဆိုးဖို့ ဘဝကူးဖို့ ဓာတာပါ တာရော မဟောလိုက်ဘူးလား၊ မသိကြဘူးလား၊ ဓာတာ ချင်းက သင့်မြတ်ခဲ့တာပဲ"

မမဆင့်က မျက်နှာလွှဲမနေတော့ဘဲ ကိုယ့်ကို စေ့စေ့ကြည့်ကာ မေးကလေး ဆတ်ကာ ပင့်ကာနှင့် ...

"ကိုယ် ... ဓာတာတိုက်တယ် ဆိုတာလည်း အသေးစိတ် ခရေစေ့တွင်းကျနဲ့ အတိအကျတော့ ဘယ်ထွက်လာပါ့မလဲ၊ ဒီလူနဲ့ဒီလူ ကံဖက်တယ် မဖက်ဘူးပေါ့၊ ဓာတာချင်းက သင့်မြတ်ခဲ့တာပဲ၊ ဒီလူနှစ်ဦး အိမ်ထောင်ဖက်ရင် ရှင်ကွဲ ကွဲကိန်း၊ အိမ်ထောင်ပျက်ကိန်း မပါဘူး၊ သေကွဲပဲကွဲမယ် သက်ဆုံးတိုင်ပေါင်းရမယ်ပဲ ဟောတာပဲလေ၊ ခုလည်း ကိုကိုကြီး ကံနည်းလို့သာ စောစောစီးစီး ဘဝခြားသွားရ တာ ရှိတာပဲလေ၊ သေတဲ့ထိ ပေါင်းခဲ့ရတာပဲ"

"ဩော် ... ဟော ... ဟော ...။ ဟုတ်တာပေါ့နော်။ သေထိပေါင်းခဲ့ရတာကိုး။ ဓာတာချင်း သင့်မြတ်တယ်ပေါ့၊ ဒါနဲ့ နေပါဦး မမဆင့်ရဲ့၊ လူနှစ်ယောက် လက်ထပ်ဖို့မှာ အိမ်ထောင်ပြုဖို့မှာ ဓာတာချင်း သင့်မြတ်ဖို့ အဓိကလား၊ လူချင်းသင့်မြတ်ဖို့ အဓိလားဗျာ၊ ဓာတာချင်း သင့်မြတ်ဖို့ က ပိုအဓိကကျရင် ဘုတ်တလုတ်တောက်တဲ့လို မျက်စိ





စည်းပြီး မကောင်းသူထိပ် ကောင်းသူထိပ် ထိချင်ရာထိ နှစ်ယောက်ရွေးဓာတာ တိုက်လိုက်လို့ သင့်မြတ်နေရင်ယူ ရမှာပဲလား"

"အို ... ဒါ ... ကိုယ်က စကားကပ်ပြောနေတာပါ၊ ကြုံ ရာလူနှစ်ယောက် ဘယ်သူကရွေးလို့လဲ၊ ကိုယ့်နီးစပ်တဲ့ အသိုက်အဝိုင်းထဲက သင့်မြတ်ပြီးသား အပ်စပ်တဲ့ လူနှစ် ယောက်ကို ကောင်းရာကောင်းကျိုး ရွေးတိုက်တာပဲဟာ"

"မမဆင့် ... ဘာသင့်မြတ်ပြီးတာလဲ၊ ဘာတွေ အပ်စပ် နေလို့လဲ၊ ညဖူးရှေ့ ခုလိုတွေ ပြောရတာ သိပ်မျက်နှာပူ သိပ်ခက်တာပဲ၊ ကျွန်တော် ပြောချင်ပါ့မလား၊ ပြောစရာ ဖြစ်အောင် မလုပ်ကြပါနဲ့၊ ပြောရရင် ညဖူးက ကျွန်တော့် မရီးဟောင်းလေ၊ ဒါ သင့်မြတ်စရာလား"

"သားရယ် ... ညဖူးလေးက ငယ်သေးတယ် မဟုတ်လား"

"ငယ်သေးတော့ ဘာဖြစ်လဲ မမေ"

"ငယ်သေးတော့ မုဆိုးမငယ်ငယ် ချမ်းချမ်းသာသာလေး ကို ချူချင်ချိုင်ချင် သိုက်တူးချင်မယ့်သူတွေ ဘယ်လောက် များမလဲ၊ သားငယ် စဉ်းစားစမ်း"

"ညဖူးက ဦးနှောက်မပါလို့လား မေမေ၊ ဦးနှောက်ရှိရက် နဲ့ မဟုတ်တရုတ် အဆင်ခြင်မဲ့ ရွေးသွားလဲ သူ့ထိုက် သူ့ ကံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညဖူးက မျက်ရည်လည်လာပါသည်။ တော်ပါသေးရဲ့၊ ကိုကိုငယ် ဒီစကားမျိုးတွေ ပြောပေးပေလို့။ တကယ်တော့ မမဆင့် ဘယ်လိုအတွေးမျိုးတွေကြောင့် ကိုယ့်အိတ်ထဲ ကိုယ်ပြန်လှည့်ဖိတ်စေချင်နေသလဲ ညဖူး သိပါသည်။ ဒီမိသားစုကြီး ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝလာပေမယ့် လောလောဆယ် ကိုကိုကြီး ကိုကိုလတ် အတူအုပ်ချုပ်ခဲ့တဲ့ ကုမ္ပဏီလီမိတက်ကြီးဟာ ကိုကိုကြီးအမည်နှင့် ကိုကိုကြီး ပိုင်ဆိုင်ထူထောင်ခဲ့တာဖြစ်ပြီး ကိုကိုလတ်က ရှယ်ယာထည့်ဝင်ကာ ဒါရိုက်တာဖြစ်လာတာ။

ကုမ္ပဏီရဲ့ရှယ်ယာတွေမှာ ကိုကိုလတ် လေးပုံတစ်ပုံသာ။ ကိုကိုကြီးက လေးပုံတစ်ပုံ၊ ညဖူးညီအမည်နှင့် ကိုကိုကြီးလွှဲခဲ့ပေးထားတာ လေးပုံတစ်ပုံ၊ ဘွားက လေးပုံတစ်ပုံ။ ကိုကိုကြီးကွယ်လွန်သောအခါ ကိုကိုကြီးပိုင် နာမည်နှင့် ရှယ်ယာတို့ဟာ ညဖူးပိုင် အလိုအလျောက်ဖြစ်ခဲ့လေရာ ဤကုမ္ပဏီလုပ်ငန်းစုထဲ ညဖူး နောက်တစ်ကြိမ် ထပ်မံရွေးချယ်သည့် အိမ်ထောင်ဖက်ပါလာခဲ့သည်ရှိသော် ဤသူစိမ်းလက်အောက် ကိုကိုလတ် အလိုအလျောက်ရောက်ရမည့် အနေအထားတည်း။

လက်ရှိဆေးခန်းကြီးမှာလည်း ကိုကိုလတ်ရဲ့ ပါဝင်ရင်းနှီးငွေက ကျန်တဲ့မောင်နှမတွေနှင့် တန်းတူ အနည်းအကျဉ်းမျှသာ။ ဤမိသားစုကြီးထဲ ဘိုးဘွားမိဘ အမွေအနှစ်မှလွဲလျှင် ပိုင်ဆိုင်မှုအင်အား အများဆုံးဖြစ်နေသည်မှာ ဒီမုဆိုးမကလေးပဲ မဟုတ်လား။





ဒီလိုပိုင်ဆိုင်မှုအပေါ် မကျေချမ်းနိုင်ဘူး ဆိုရင်ဖြင့် ညဖူးက ရင်နာနာနှင့် ဟားတိုက်ရယ်လိုက်ချင်ပါသည်။ လောကကြီးမှာ မချမ်းသာ မပြည့်စုံချင်တဲ့ သူရယ်လို့တော့ ရှိပါ့မလား။ သို့ပေမဲ့ ဖေဖေ့အတွက် ဆေးဝါးကုသဖို့ရာ ညဖူး အင်မတန် ငွေလိုချင်ချိန်မှာ ဒီမိသားစုကြီးရဲ့ အခရာ သူဌေးမင်းကြီး ကိုကိုကြီးထံမှ ရနိုင်ကောင်းစေ မမျှော်လင့်ခဲ့သလို ရလိုရကြောင်း သိမ်းသွင်းမြှူဆွယ်ခြင်းလည်း မပြုခဲ့ရပါ။

သူတို့က ကိုကိုကြီးနှင့် ထိမ်းမြားလက်ထပ်ဖို့ ဆောင်းရမ်းစကား ဆိုခဲ့ချိန်မှာတောင် ဖေဖေ့ထံပါးမှာ မငြင်းသာငြင်းသာ ကိုယ်ဆန္ဒမပါတာကို ငိုကြွေးဆန့်ကျင်မိသေးတာပါ။ ညဖူးကို စိတ်ချလက်ချ ရှိလိုသော ဖေဖေ့နောက်ဆုံးဆန္ဒတစ်ခုကို ဖြည့်ဆည်းခြင်း အဖြစ်သာ ကိုကိုကြီးကို လက်ခံဖြစ်ခဲ့တာပါ။ ချမ်းသာခြင်းကိုတော့ မက်မောပေမယ့် ဒါဟာ ချမ်းသာသူကို မက်မောခဲ့တာ မဟုတ်ပါပေ။

ဘုမသိ ဘမသိ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရတဲ့ ညဖူးရဲ့အိမ်ထောင်သည်ဘဝကရော တူတူတန်တန် ဇနီးမယားဘဝယောက် ဖြစ်ခဲ့ရပါရဲ့လား။ သူ့ဘက်က အားနည်းချက်တို့ကြောင့် ညဖူးကို အင်မတန် ငဲ့ညှာအားနာ ကြင်နာသောအားဖြင့် ကိုကိုကြီးက အစစအရာရာ နာမည်တွေပါလွှဲကာ ခွဲခြမ်းစိတ်ဖြာ အပ်နှင်းပိုင်ဆိုင်မှု ပေးခဲ့တာ မဟုတ်လား။ ဒါကို မသိကြတာလား၊ မသိချင်ယောင် ဆောင်ကြတာများလား။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ငယ်လေးရယ် ... နောက်မှ အေးအေးဆေးဆေး ဆွေးနွေးပါ၊ ကိုယ့်ရှိုးရှမ်း သွားစရာရှိတာ သွားတော့"

"နောက်မှ ဆွေးနွေးလို့ မရဘူးလေ မမကြီး၊ ဟိုးတစ်ခေါက်ကတည်းက မလုပ်ကြပါနဲ့ဗျာလို့ ကောင်းကောင်း ပြောနေတာကို အခု ဇာတာတိုက်တာတွေ ဘာတွေအထိ ဖြစ်လာပြီလေ၊ ညဖူး ငယ်သေးတာ မှန်တယ်၊ သူ နောက် အိမ်ထောင်ပြုချင်လည်း ပြုမယ်၊ မပြုချင်လည်း မပြုဘူး ပေါ့၊ သူ့ဘဝဟာ သူ့ဆန္ဒအတိုင်း ဖြစ်ပါစေလား ...

သူ အိမ်ထောင်ပြုတော့ရော အပြင်လူ သူစိမ်းချွေး လည်း ဘာဖြစ်လို့လဲ၊ သူ ရွေးချယ်လိုက်တဲ့လူက မကောင်း လို့၊ တားမြစ်ရော ကန့်ကွက်စရာပေါ်လာရင် သဘောမတူ နိုင်ဘူး ဆိုတာက သတ်သတ်၊ ခုဟာက လူကြားရင်တောင် ကွယ်ရာ ဝေဖန်ချင်စရာ အံ့အားသင့်စရာ ရှက်စရာကြီး၊ အများကြားလို့မှမတော်၊ စီစဉ်စရာ လူရှားလားဗျာ၊ ဒီ အစ်ကိုကြီးနဲ့ ဒီညီငယ်နဲ့ မပြောလိုက်ချင်ဘူး၊ ကာယကံ ရှင် မိန်းကလေး သနားကြပါဦး"

ညဖူးနှင့် ခပ်တန်းတန်းသာ နေလေ့ရှိတဲ့ ကိုကိုငယ် ထံက ဤစကားတွေ ကြားရတာ ညဖူး ဝမ်းသာအားတက်လှသည်။ ထိုင်လို့ပင် ရှိခိုးလိုက်ချင်သည်။ ညဖူး ပြောချင်နေသော စကား တွေပါပင်။

"ဆင့်ကလည်း ... ဟုတ်တယ်၊ ကိုငယ် ပြောတာ ဟုတ် သားပဲ၊ သေချာလည်း စဉ်းစားကြည့်စမ်းပါဦး"





"အို ... သေချာစဉ်းစားလို့သာပေါ့ ကိုရယ်"

ကိုကိုလတ်နှင့် ကိုကိုလေးဟာလည်း အတိအလင်း မကန့်ကွက်တောင် ဒီကိစ္စကြီးကို စိတ်ပျက်လက်ပျက် ဖြစ်နေကြ ပုံ ပေါ်ပါသည်။

"မေမေရယ် ... မေမေ့သားတွေ နားမလည်ကြတာ ပြော ပြပါဦး"

"........"

"ကဲပါ မမဆင့်ရယ်၊ မမဆင့် ဇာတ်ဆရာပဲဟာ မမဆင့်ပဲ ပြောပြပါ"

ကိုကိုငယ်က စိတ်မရှည်သလို ပြောလိုက်လျှင် မမဆင့်က မျက်နှာပျက်သွားရပါသည်။

ဘွားကလည်း စိတ်ရှုပ်နေပုံရကာ မမဆင့် ပြောခိုင်း သမယ့် ငြိမ်၍ငိုင်နေတာမို့ မမဆင့်ကပင် ...

"မိသားစု စီးပွားရေး အဆောက်အအုံကြီးတွေကိုလည်း ကြည့်ရ တွက်ရသေးတယ်လေ။ ဒီအသိုက်အမြုံကြီး စီးပွား ကွဲသွားလို့ ဖြစ်ပါ့မလား၊ မမဆင့်ကို ဇာတ်ဆရာလို့မခနဲ့ ပါနဲ့ ကိုငယ်၊ မေမေလည်း ဒီသဘောပါပဲ၊ အားလုံးကောင်း ဖို့ မမဆင့်က လူကြမ်းဖြစ်နေရသလိုပဲ"

"လူကြမ်းမလုပ်ချင်လည်း အသာလေးနေလိုက်လို့ ရတာပဲ မမဆင့်၊ အားလုံးကောင်းဖို့ ကျွန်တော်နဲ့ ညဖူးက ကိုယ့် ဆန္ဒမပါပဲ အနစ်နာခံရမှာလား၊ ဒီကောင်မလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြန်လှန်မပြောဝံ့ရှာလို့ နေမှာပေါ့၊ ကဲ ... ညဖူး၊ နင်လည်း ငါနဲ့ လက်ထပ်ချင်မှာ မဟုတ်ပါဘူး၊ စိတ်ထဲရှိတာ ပြောလိုက်၊ နောင်တစ်ချိန် နင်နောက်အိမ်ထောင်ထပ်ပြုမယ်ဆိုရင်တောင် နင်ကြိုက်တာ နင်ရွေးယူချင်မှာမဟုတ်လား"

"........"

ညဖူးသည် လည်လာတဲ့ မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်၍ နှုတ်ဆိတ်နေသည်။

"ကိုယ် အဲသလို လမ်းခင်းပေးနေတော့ သူကလည်း သူ့ဆန္ဒဆိုတာတွေ ထွက်လာတော့မှာပေါ့"

"ဗျာ ... သူ့ဆန္ဒဆိုတာ ထွက်လာခွင့် မရှိဘူးလား၊ သူက ဆန္ဒမရှိရအောင် လူမဟုတ်ဘူးလား မမဆင့်"

"သူတောင် နှုတ်ပိတ်ငြိမ်နေသေးတာပဲ ကိုယ်ရယ်၊ သူလည်း သူ့အပေါ် သူ့အဖေအပေါ် ပြုခဲ့တဲ့ ဒီမိသားစုကျေးဇူးတွေ သိနေတာပဲ၊ ဒီမိသားစုဒုက္ခရောက်အောင်တော့ ဘယ်လုပ်မလဲ"

ညဖူးသည် မမဆင့်ကို အသည်းနာနာနှင့် တစ်ချက်တော့ မျက်လွှာလှန် ကြည့်မိသည်။ ရင်ဆိုင်၍တော့ ကြည့်နေဝံ့လောက်အောင် အာခံရဲတဲ့ အင်္ဂါရပ်တရား မရှိ၍ မျက်လွှာပြန်ချမိပါသည်။





"အဲလောက် မချုပ်ပါနဲ့ဗျာ၊ သူ ကျွန်တော့်ကို ငြင်းလို့လည်း ဒီမိသားစု ဒုက္ခမရောက်ပါဘူး၊ သူ့အဖေအတွက် ကျေးဇူးကရော ဘယ်နှကြိမ် ဘယ်နှယောက်လောက်အထိ ဆက်ဆပ်နေရမှာလဲဗျာ၊ ကဲ ... မကြာခင် မတော်လို့များ ကျွန်တော် သေသွားရင်ရော နောက်တစ်ခေါက် ကျေးဇူးဆပ်ရဦးမှာပဲလား၊ ဒီတစ်ခါ ဘယ်သူလဲ၊ ကျော်ကျော်တို့ မော်မော်တို့ မမဆင့်သားလေး တိုးတိုးတို့၊ ကျွတ် ... ပြောရင် ရိုင်းရာကျတော့မှာပဲ"

မမဆင့်က ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပါသည်။

"တော်တော့ ကိုယ်၊ မမဆင့်ရဲ့ အားလုံးဥမကွဲသိုက်မပျက်စေလိုတဲ့ စေတနာကို ကိုယ် စော်ကားတာပဲ၊ ဖြစ်စေချင်တုန်းက အားလုံးပဲ၊ ခုတော့ မမကြီးကလည်း အမှန်းမခံဘူး၊ မေမေကလည်း နှုတ်ပိတ်နေတယ်၊ ဆင့်ဆင့်တစ်ယောက်ပဲ ဘီလူးဆိုင်းတီးသလို ဖြစ်ရတယ်၊ ညဖူးဆိုလည်း ကိုယ့်ကို အာခံချင်နေပြီ၊ ခုနကြည့်လိုက်တဲ့ အကြည့်ကို မြင်တယ် ...

ဒီအိမ်မှာ အစကတည်းက မမကြီးက အေးတယ်၊ ကိုကိုကြီး မရှိတဲ့နောက် ကိုကိုလတ်နဲ့ မမဆင့်က ဦးဆောင်စီစဉ်စရာရှိတာ စီစဉ်ရမယ့် ဝတ္တရားရှိတယ်ထင်လို့ ကိုယ့်နေရာ ကိုယ်ယူတာ၊ မလေးမစား ပြန်ဆက်ဆံကြတာခံဖို့ လုပ်တာမဟုတ်ဘူး၊ ဒီအဆောက်အအုံကြီး မပြိုကွဲချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လူတိုင်းပဲ၊ နောက်ဆုံး ခေါင်းခံရတော့ မမဆင့် ဖြစ်နေတယ်၊ ကိုယ်ကလည်း တကယ်ဆို ပြောစရာရှိရင် မမဆင့်နဲ့ တိုးတိုးသက်သာ ဆွေးနွေးလို့ ရပါတယ်၊ ခုလို လူပုံအလယ်မှာ မမဆင့် သိက္ခာကျအောင် မလုပ်သင့်ပါဘူး၊ ကိုယ့်အချင်းချင်း ပြောဆိုညှိနှိုင်းလို့ ရတာပဲဟာကို"

မမဆင့် သဘောကို ညဖူး သိပေသည်။ ညဖူးကို သူက အခရာစာရင်းထဲ ထည့်မထားပါ။ အခု ကိုယ်ပြောသလို ဆန့်ကျင်စကားပြောခွင့်ရှိသူရယ်လို့လည်း မသတ်မှတ်ပါ။ ကိုကိုငယ် ခုလို ညဖူးရှေ့ ဒီစကားတွေ ပြောဆိုတဲ့အတွက် ညဖူး အားခဲရဲလား ရောင့်တက်လာမှာမျိုးကို နည်းနည်းမှ မလိုလားတဲ့ သဘောပါ။

ကြိုးဆွဲရာ ကရမည့် ရုပ်သေးရုပ်ကလေးလို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ပိုင်ခွင့် ရှိသယောင် သတ်မှတ်ထားသည်မှာ ညဖူးရဲ့မာန်မာနမရှိ ကလန်ကဆန်မရှိသော အရိုးစွဲသလိုပုံစံ ဖြစ်နေသည့် နှိမ့်ချပျပ်ဝပ်မှုကြောင့်ပင် ဖြစ်မည်ကို ရင်နာနာနှင့် တွေးလာမိလေသည်။

✣ ✣ ✣





ရွှေပုစွန်ကိတ်နှင့် ဆန္ဒင်းမကင်း၊ ပူတင်းဘူးများပါသည့်အိတ်ကတစ်ဖက်၊ သစ်သီးသုံးလေးမျိုး ပါဝင်သည့် အိတ်ကတစ်ဖက် ဆွဲကိုင်ကာ အိမ်ပေါက်ဝမှာ ရပ်နေသော ညဖူးညို့ကို တစ်အိမ်သားလုံး အံ့အားတသင့် ကြည့်နေမိကြသည်။

ခုနပဲ ဘုန်းဘုန်းတို့ကို ကားနှင့်သွားပင့်ကာ ပြန်ရောက်လာတာမို့ ဘုန်းကြီးများ နေရာယူပြီးရုံသာ ရှိပါသေးသည်။ ခြံတံခါးဖွင့်ထားတဲ့ ခြံဝင်းထဲ ကားဝင်လာသံကြောင့် ဘယ်ဧည့်သည်များ လာပါလိမ့်ဟု မိုးတိုးမတ်တတ် ထွက်ကြည့်မိကြတာ။ အခြားဧည့်သည်တွေရယ်လို့လည်း ဖိတ်မထားဘူး မဟုတ်လား။

ဟိုတစ်နေ့က ခြေထောက်နာနေတဲ့ ဘဝရှင်ကို အိမ်ပြန်လိုက်ပို့တော့ ညဖူးက အိမ်ပေါ်ထိ လိုက်မတက်ဖြစ်ပါ။ ပေါ်တီကိုအောက် ကားရပ်ကာ ဘဝရှင် သူ့ဘာသာ ဆင်းလိုက်ပြီးနောက် ကားပေါ်ကပဲ နှုတ်ဆက်ပြီး ပြန်တာဖြစ်သည်။ သို့ပေမဲ့ ကျော်ကျော်က ဘဝရှင်ကား ထိုခြံထဲ နေရာတကျရပ်ထားနေသေးသည်ဖြစ်ရာ ငါးမိနစ်ခန့်မျှတော့ ကားပေါ်မှာ ညဖူး ငုတ်တုတ်ကလေး ထိုင်စောင့်နေရတာမျိုး။ ဘဝရှင် ခြေထောက် ထိခိုက်လာတာကို စိုးရိမ်တကြီး ထွက်ကြိုကြတဲ့ လူကြီးသူမသုံးယောက်လုံးတို့ဟာ ညဖူးညို့ကို ကွက်ကြည့် ကွက်ကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ညဖူးညို ကားပေါ်က မဆင်း၍ စကားစပြော မပြောဖြစ်သော်လည်း ပြန်သွားလျှင်တော့ အဲဒါ ဘယ်သူလဲဆိုတာ ဘဝရှင်ကို စူးစမ်းမေးမြန်းကြမှာပင်။ သူ ဘယ်လိုဖြေမှာပါလိမ့် ဒီနေ့ ဘုန်းကြီးများအတွက် အချိုပွဲကပ်လို့ရအောင် မုန့်နှင့်သစ်သီး များ လာပို့တဲ့အခါ အံ့ဩတကြီး အကဲခတ်နေကြသော မျက်နှာ များပေါ်မှာ ဟက်ပက်လိုက်လှဲသော ကြိုဆိုဖော်ရွေခြင်းတော့ မရှိကြပါပေ။

"ညဖူး"

ဘဝရှင်က စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်သည်။ ညဖူးသည် ဘဝရှင်နောက်နား ကပ်လျက်မှ စုံတွဲတစ်တွဲနှင့် လှမ်းလှမ်း နောက်နားမှ ဘဝရှင်ရဲ့ အဖေတို့ကို မရဲမဝံ့ အ ရောင် မပါဝင်အောင် တတ်နိုင်သလောက် တည်တည်ငြိမ်ငြိမ် အမူအရာနှင့် လှမ်းကြည့်လိုက်ပါသည်။ ဟိုးနောက်နားက ဘဝရှင် ရဲ့ဖေဖေကို ညဖူး ခုထိ မှတ်မိနေပါကလား။

မူကြိုတက်စဉ်က သူ့သားရဲ့ အပြုအမူတို့အတွက် အမြဲအားနာရယ်မောနေသော မဟာနဖူးပြင်နှင့် ဘဝရှင်ရဲ့ဖခင် နှစ်ပေါင်းများစွာ ကြာတဲ့တိုင် ညဖူး ခုထိ ရုပ်ဖမ်းမိဆဲပါ မှတ်မိဆဲပါပင်။ တွေ့မြင်ခဲ့ဖူးသော ပုံရိပ်တို့ကို ပြန်လည်မြင်ယောင် ကြည့်လို့ရဆဲပင်။

"ရှော့"





"ဒါ ... ဒါတွေက"

"ဘုန်းဘုန်းတို့ အချိုပွဲကပ်ဖို့လေ"

"အားနာစရာကြီး ညဖူးရာ၊ တကူးတကနဲ့ အိမ်အထိ လာပို့ပေးရတယ်"

"ညဖူး"ဆိုသည့် နာမ်စားကြောင့် တွန့်ခနဲဖြစ်သွား သည်က ဒေါ်ကြီးပင်။ ဒေါ်ကြီးသည် ဟိုးတစ်လောလောက်က ပြီး ဘဝရှင်နှုတ်က "ညဖူး"ဆိုသည့် စကားလုံး ထွက်လာလျှင် ဝတ်တစ်ချောင်းနှင့် သူ့ကို ထိုးလိုက်တာလို စူးရှရှ စပ်ဖျင်းဖျင်း ဖြစ်သွားတတ်ပြီ။ သူ အင်မတန် ချစ်မြတ်နိုးတဲ့ လူကလေးကို ဆိုးမလေးဆိုသူနှင့် သူ ဘယ်လိုကြည်ဖြူနိုင်ပါမည်နည်း။

"သြော် ... အချိုပွဲမုန့်တွေက အိမ်မှာ အများကြီးရှိပါတယ် ကလေးမရဲ့"

ညဖူး မျက်နှာကလေး ပျက်သွားရပါသည်။

"ဟုတ်တယ် ညဖူးရဲ့၊ အိမ်မှာလည်း စီစဉ်ထားပါတယ်၊ ဒါပေမဲ့ နင်က ယူလာမှတော့လည်း ကျေးဇူးတင်ပြီး ဝမ်းပန်းတသာ လက်ခံပါတယ်ဟာ၊ နင် ဒီအတွက် သက်သက် လာပို့တာလား၊ လာ ... အိမ်ပေါ်တက်ဦးလေ"

ညဖူးက လက်ထဲက ကြွပ်ကြွပ်အိတ်တို့ကို ဘဝရှင် ကမ်းလိုက်ပါသည်။

"ငါ အိမ်ပေါ်မတက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရောက်မှတော့ တက်ပါဦးဟ၊ ဒါပေမဲ့ ဘုန်းဘုန်းတို့က ခုပဲ တရားတော့ ဟောတော့မှာ၊ တရားခဏနာလိုက်ပေါ့၊ ပြီးရင် ထမင်းစားပြီးမှ ပြန်လေဟာ"

ညဖူးက ခပ်လှမ်းလှမ်းက ဘဝရှင်ရဲ့ဖေဖေကို တစ်ချက် ထပ်လှမ်းကြည့်လိုက်ပါသည်။ ဘဝရှင် ခေါ်တဲ့ "ပါပါ ပါပါ"ဆိုတဲ့ အသံကိုတောင် ပြန်ကြားယောင်လာသည်။ အဲဒီတုန်းက ညဖူးကို ချီပိုးကာ ခေါင်းလေးပုတ်ကာ စသည်ဖြင့် ချစ်စနိုးရှိလှသော "ပါပါ"ဆိုတဲ့ ဒီဦးလေးကြီးဟာ ခုတော့ဖြင့် လေးနက်ငြိမ်သက်သော မျက်နှာနှင့် စူးစိုက်လို့သာ ကြည့်နေလေသည်။

"တော်ပါပြီဟာ၊ ငါသွားစရာလည်း ရှိသေးတယ်၊ နင်းအမေ နှစ်ပတ်လည်ဆိုတာ သတိရနေပြီး မနေ့က မုန့်သွားဝယ်ထားလိုက်တာ၊ အရမ်းလာပေးချင်လို့ လာပေးတာ သက်သက်ပဲ၊ နင်တို့ လုပ်စရာရှိတာ အေးအေးချမ်းချမ်း ဆက်လုပ်ပါ၊ ငါ ပြန်တော့မယ်၊ အားလုံးပဲ ပြန်ပါဦးမယ်ရှင်"

ဘဝရှင် ဘာမှမပြောနိုင်ခင် ညဖူးက နေရာလှည့်ထွက်လိုက်ပါသည်။ ဘာမဟုတ်သော စာဖွဲ့စရာမရှိသော ဤအခြေအနေလေးအတွက် ဘာကြောင့်များ ညဖူးရဲ့ ဘယ်ဘက်ရင်အုံအောက်ထဲ ပူနွေးရှိန်းမြ ဝမ်းနည်းရပါလိမ့်။

"ဩော် ... နင့်ခြေထောက်ရော သက်သာရဲ့လားဟင်"

ညဖူးက တစ်ချက်လှည့်မေးလိုက်သည်။





"ကောင်းပါတယ်၊ သက်သာနေပြီ၊ မနာတော့ဘူး ညဖူး"

နှစ်ယောက်သား အပြုံးကိုယ်စီနှင့် တစ်ခဏအကြည့်ချင်း ရင်ဆိုင်ဆုံစည်းလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"သဇင်ပန်း လိုချင်လို့ပါ"

ဦးလေးအောင်က အပင်တွေ ရေပိုက်နှင့် ရေဖျန်းနေရာက ခမ်းနားတောက်ပသော အဆင်ဒီဇိုင်းနှင့် အမျိုးသမီးကို ငဲ့ကြည့်လိုက်ပါသည်။ ပန်းပင်တွေကို ဝါသနာကြီးကြီးနှင့် အချိန်အားတိုင်းကိုသုံး၍ ပြုစုပျိုးထောင်နေကြတာဖြစ်သော သူတို့ခြံထဲတွင် အဓိက သစ်ခွ၊ ပိန်းပန်းနှင့် သဇင်ပန်းတို့က ဝေဝေဆာဆာ လှိုင်လှိုင်ပွင့်နေတတ်တာ ဖြစ်လေရာ ဘုရားတင်လို့လည်းမကုန်တဲ့ဟာတွေ ဝယ်သူရှိလာလျှင် ရောင်းဖြစ်ပါသည်။ စီးပွားရေးတစ်ခုလို စိုက်တာမဟုတ်ဘဲနှင့် စိုက်မိလို့ ပွင့်သမျှက စီးပွားဖြစ်သလို ဖြစ်နေတာပါ။

အပင်တွေ အများကြီးနှင့် ပန်းတွေဖူးပွင့်ဝေဆာနေတာကို ဖြတ်သွား ဖြတ်လာ မြင်တွေ့သူက ရောင်းပါရန် ပန်ကြားဝယ်ယူသွားဖူးတာမျိုးကနေ တစ်ဆင့်စကား တစ်ဆင့်နားနှင့်





သီတင်းကျွတ်ရဲ့နောက်ပိုင်းကာလမျိုးဆိုလျှင် မင်္ဂလာအခမ်းအနားရှိသူတွေ၊ ပန်းအလှပြင်သူတွေ၊ မိတ်ကပ်သမားတွေ စသည်ဖြင့် ဖွေဖွေရှာရှာ ရောက်လာကာ တကူးတက လာရောက်ဝယ်ယူကြပါသည်။ ကြားအချိန်တွေမှာလည်း ဘွဲ့ယူသမားတို့ အလှူပွဲလမ်းရှိသူတို့ ရောက်လာတတ်တာပင်။

ဒီတော့ ပန်းဝယ်ဖို့လာမေးတာသည် သူတို့အတွက် အဆန်းမဟုတ်။

"ဩော် ... ဘယ်လောက် လိုချင်တာလဲ ခင်ဗျ"

"ရသလောက် အကုန်ပေါ့၊ အဲဒီ တိုင်တွေမှာ ပွင့်နေတာ အကုန်လုံးယူမယ်"

"အဲဒါ အကုန်လုံးတော့ မရနိုင်ဘူးခင်ဗျ၊ မိတ်ကပ်ဆရာတစ်ယောက်က ရှေ့တစ်ပတ် အခက်တစ်ရာ့နှစ်ဆယ် မှာထားလို့ သိပ်တောင် အပိုရှိမယ် မထင်ဘူး၊ တချို့ကမပွင့်သေးဘူး၊ နှစ်ပတ် သုံးပတ်နေမှ ပွင့်မှာ၊ ဘယ်တော့လောက် လိုချင်တာလဲ ခင်ဗျ"

"အခုပဲ လိုချင်တာပါ"

"ဒါဆို ခဏနော်၊ အခက် ရေကြည့်ရဦးမယ်၊ နည်းနည်းတော့ ပိုပါတယ်"

ဦးလေးအောင်က ရေပိုက်ကိုချ၍ ဘုံပိုင်သွားပိတ်လိုက်ကာ ...

"ဟေး ... အိမ်ပေါ်က အဒေါ်ကြီး၊ လာပါဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအောင် ခေါ်သံကြောင့် အိမ်နောက်ဘက်မီးဖိုတံခါးမှ ဒေါ်ကြီးက ဆင်းလာပါသည်။

"ငါ့ကို သဇင်ခက်တွေ လာပိုင်းကူရေပေးစမ်းပါ"

"သဇင်ခက်တွေက ဟိုမိတ်ကပ်ဆရာ ယူမှာလေ"

ဒေါ်ကြီးက ခပ်တောင့်တောင့် ရပ်နေသော အမျိုးသမီး ခပ်ရွယ်ရွယ်နှစ်ယောက်ကို အကဲခတ်ကာ ပြောလိုက်ပါသည်။ ကြည့်လိုက်တာနှင့် သူဌေးသမီး သူဌေးကတော်တွေ ဟန်ပန်ထွက်နေသော အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်ကတော့ ပျော့ပျောင်းသော အသွင်ကိုဆောင်ကာ ကျန်တစ်ယောက်ကတော့ အတန်ထန်သော မျက်နှာထားချိုချိုနှင့် ဒေါ်ကြီးကို လက်ပိုက်ကြည့်နေသည်။

"အေးပါ၊ ဘယ်လောက် လိုသလဲလို့ ရေကြည့်စမ်းပါ။ နင် ဟိုဘက်ခြမ်းတိုင်တွေရေ၊ ငါ ဒီဘက်မှာ ရေမယ်၊ သူတို့က အခုယူမှာ၊ နောက်အပတ် တစ်ရာ့နှစ်ဆယ်ကျန်ရင် ရတာပဲလေ"

ဒေါ်ကြီးက သဇင်တိုင်တွေမှာ အရွယ်အစား စံချိန်မီမီနှင့် လန်းစွင့်နေသော သဇင်ခက်တို့ကို ရေတွက်လေသည်။

"တစ်ခက် ဘယ်လောက်လဲ"

"မိတ်ကပ်ဆရာကို တစ်ခက် ခုနစ်ထောင်နဲ့ ပေးတာပါ။ အဲဒီဈေးနဲ့ပဲ ယူသွားပါ၊ ဒီနှစ်ပွင့်တဲ့ အခက်ရေလည်း နည်းတယ်၊ မိုးကုန်တာ နောက်ဆုတ်လို့ ခြံတိုင်းပဲ သိပ်ကိုမပွင့်ကြသေးတာပါ"





"အမယ်လေး ... သဇင်ပန်းတစ်ခက်ကလည်း ဈေးကခေါင်ခိုက်နေပါလား၊ ပန်းစိုက်စားရတာ တော်တော်တွက်ခြေကိုက်မှာပဲ"

"ကျွန်မတို့ ပန်းစိုက်စားတာတော့ မဟုတ်ပါဘူး၊ စီးပွားဖြစ်လည်း မစိုက်ဘူးရှင့်၊ ဝါသနာပါလို့ စိုက်ရင်းက ပိုလျှံနေတော့လည်း ဝယ်သူရှိရင် ရောင်းလိုက်တာပါ၊ ဝယ်သူမရှိလည်း ဖြတ်ရောင်းမနေဘူး၊ အပင်မှာပဲ ထားလိုက်တာ"

"အဟင်းဟင်း ... အဒေါ်ကြီးက ပန်းသာရောင်းနေရတယ် လေသံက ခပ်တင်းတင်းပဲနော်၊ သူဌေးဈေးရောင်းတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့"

ခနိုးခနဲ့ ရယ်မောသံကြောင့် ဒေါ်ကြီးက ထိုအမျိုးသမီးကို ဇဝေဇဝါနှင့် လှည့်ကြည့်မိသည်။ နေရင်း ထိုင်ရင်း မဲ့ကာရွဲ့ကာ ဘယ်လိုကြောင့် နားဝင်မချိုသော စကားမျိုးတွေ ပြောနေပါလိမ့်။

"ကျွန်မက သူဌေးလည်း မဟုတ်ပါဘူးရှင်၊ တပည့်တပန်းပါ၊ ဒီဘက်ခြမ်း တိုင်တွေမှာ ၈၂ ခက်ရှိတယ် ဦးလေးအောင်၊ ရှင့်ဘက်ခြမ်း ဘယ်လောက်ရှိတုံး၊ သိပ်သေးသေးရင်တော့ ဖြတ်ရောင်းမနေပါနဲ့၊ တချို့ အဖူးတံတွေက နောက်နှစ်ပတ် သုံးပတ်လောက်ဆို အရမ်းလှလာမှာ"

"ဝယ်တဲ့သူက ပိုက်ဆံပေးဝယ်နေတာပဲရှင်၊ ကြီးကြီးသေးသေး ဝယ်သူက ကျေနပ်လို့ယူရင် ပြီးရောပေါ့၊ ရှင်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ဈေး ပေးသွားရင် ပြီးတာပဲ မဟုတ်လား၊ အခု သေးသေးကလေး ရောင်းလိုက်လည်း ဒီဈေးပဲ၊ နောက် သုံးပတ် ကြီးအောင်စောင့်ပြီး ရှင်တို့ရောင်းလဲ ဒီဈေးပဲ ဘာထူးလို့လဲ”

ဦးလေးအောင်နှင့် ဒေါ်ကြီးသည် ထိုအမျိုးသမီးကို နားမလည်နိုင်သလို ဇဝေဇဝါ ငေးကြည့်နေမိလေသည်။ ဘယ့်နှယ်ပါလိမ့်။ ဘာတွေ မချေမငံ တစ်ဖက်သတ် ဖြစ်နေတာပါလိမ့် တွေးမရပါ။

“ဒေါ်ကြီး”

ခေါ်သံတစ်ခုကြောင့် အားလုံးရဲ့အာရုံသည် ခေါ်သံလာရာဆီ လှည့်သွားပါသည်။ အိမ်ထဲကနေ သံပက်လက်ကုလားထိုင်နှစ်လုံးသယ်ကာ ထွက်လာကြသူတွေမှာ ဘဝရှင်နှင့် ရဲသွေး။ စာအတူဖတ်ဖို့ ကျက်ဖို့ ဆွေးနွေးဖို့ ဘဝရှင်အိမ်မှာ ရဲသွေးက လာအိပ်နေနေတာ သုံးလေးရက်ရှိပါပြီ။ ဘဝရှင်က မလှမ်းမကမ်းက သရက်ပင်အုပ်အုပ်လေး နှစ်ပင်အောက်နား သံပက်လက်ကုလားထိုင်ကိုချကာ စာအုပ်တွေချရင်း ...

“သြော် ... ဒေါ်ကြီး ဧည့်သည်ရောက်နေတာလား၊ ကျွန်တော် အိမ်ပေါ်မှာ အဝတ်လျှော်စက် လှည့်ထားခဲ့ပြီ ဒေါ်ကြီး၊ အဲဒါ ပြောတာ”

“ဧည့်သည် မဟုတ်ပါဘူး၊ ပန်းဝယ်သူပါကွယ်၊ သား အကျိုဖြူတွေ အဖျော့တွေ သပ်သပ်ခွဲဖယ်ရဲ့လား၊ အကုန်





ရော ထည့်လိုက်လား၊ ဒေါ်ကြီးလာမှ လုပ်မှာပေါ့၊ ခဏလေး ဆင်းလာတာကို”

“ခွဲထည့်ပါတယ် ဒေါ်ကြီးရယ်၊ အခု အဖြူတွေ အဖျော့တွေပဲ အရင်ထည့်ခဲ့တယ်၊ အရောင်ပါတာတွေက အပြင်မှာ နောက်တစ်သုတ်လျှော်ဖို့ ထားထားပါတယ်”

“ဒီဘက်လည်း ရှစ်ဆယ်ကျော်လောက်ပဲ၊ အဲဒါဆို အခက်သုံးဆယ်ကျော် လေးဆယ်လောက်တော့ ရနိုင်မယ်ခင်ဗျ၊ ဘယ်လောက်ယူမလဲ”

“ရသလောက် အကုန်ယူမယ်လို့ ပြောထားပြီးသားပါ”

ပြန်ဖြေလိုက်သော အမျိုးသမီးရဲ့မျက်လုံးများက မလှမ်းမကမ်းမှ လျှောက်လာနေသော ဘဝရှင်ထံ ကျရောက်နေသည်။ ဘဝရှင် ဒေါ်ကြီးနား ရောက်လာကာ ဒေါ်ကြီးပခုံးကို ချစ်ခင်ယုယစွာကိုင်လျက် စကားပြောနေတာကို မျက်တောင်မခတ် ကြည့်နေပါသည်။

“ဒီမှာခင်ဗျာ၊ အကြီးရော အသေးရော အားလုံးယူမှာလားလို့ ကျွန်တော် မေးနေတာ အစ်မကြီး”

“သြော် ... ဘာပဲဖြစ်ဖြစ် ယူပါမယ်လို့ ပြောနေတာရှင်၊ ကျွန်မစကားထဲမှာ မရှင်းစရာ ဘာပါလို့တုံး၊ ရှင်အမြဲ ဒီပန်းတွေ ရောင်းနေကျပဲ မဟုတ်လား၊ ခုမှ ဘာအဆန်းအကြယ် ဖြစ်နေပါလိမ့်၊ ရှင့်ဟာရှင် ဖြတ်မှာသာဖြတ်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရှုံးရှုံးကျယ်ကျယ် အသံကြောင့် ဘဝရှင်ရော ဒေါ်ကြီးပါ အဲဒီဘက်ကို အာရုံစိုက် လှမ်းကြည့်မိကာ ဒေါ်ကြီးကတော့ ဦးလေးအောင်အနား ဘောက်ဆတ်ဆတ်နှင့် လျှောက်သွားလေတော့ပြီ။

"ကဲ ... ကဲ ... ဦးလေးအောင်ရေ၊ ဘာမှအပိုတွေ ပြောနေပေးနေ လုပ်မနေနဲ့တော့၊ အသေးတွေ မဖြတ်နဲ့ ကျွန်မ နှမြောတယ်၊ အကြီးတွေပဲ ရောင်းလိုက်၊ အခက်သုံးဆယ်ရောင်းလိုက်၊ ကဲ ... ဖြတ် ဖြတ် မြန်မြန်လုပ်"

ဒေါ်ကြီး မကြည့်တော့တာကို ဘဝရှင်က ရိပ်မိကာ အခြေအနေကို ဖြေလျော့ရန်အတွက် အပြုံးနှင့် ရှေ့သုံးလေးလှမ်းကို ဆက်လျှောက်လာခဲ့ပါသည်။ ဦးလေးအောင်ရော ဒေါ်ကြီးပါ ပန်းညှပ်ကတ်ကြေး တစ်ယောက်တစ်လက်စီနှင့် လန်းလန်းစွင့်စွင့် သဇင်ခက်ကြီးကြီးများကို ဥအောက်ခြေ အမြစ်နေရာနားမှ ဖြတ်ကာ ဖြတ်ကာ နှီးဆန်ခါဗန်းထဲ ထည့်နေကြသည်။

"အစ်မတို့ နေပူရင် ဟိုဘက်နေရိပ်နား ခဏထိုင်စောင့်ပါလားခင်ဗျ၊ ခုံလေးနဲ့ထိုင်စောင့်လို့ ရပါတယ်၊ ဒီခြံကို ဘယ်သူများ ညွှန်လိုက်ပါသလဲ ခင်ဗျ"

ဒေါ်ဆင့်ဆင့်က ဘဝရှင်ရဲ့ ဝင်းစင်ရှင်းသန့်နေသော မျက်နှာကို စူးစူးရဲရဲ ကြည့်နေရင်းက ...

"စောယုလွှင် ညွှန်လိုက်တာပါ၊ စောယု သိမှာပေါ့"





"ခင်ဗျာ ... စောယု သိတာပေါ့ အစ်မ၊ အစ်မတို့က စောယု မိတ်ဆွေတွေလား၊ အမျိုးတွေလား၊ ဪ ... ဒါကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် လာဝယ်နေတာကိုး"

"တို့တွေက စောယုနဲ့ ဘာမှမပတ်သက်ပါဘူး၊ စောယုက တို့ယောက်မရဲ့ သူငယ်ချင်းပါ။ ဒါနဲ့ ဒီနေ့ ဆေးရုံမသွားရဘူးလား"

ဪ ... သူ ဆရာဝန်ဆိုတာပါ သိနေတာပဲ။ စောယုကတစ်ဆင့် သူ့ကိုပါ အသေအချာ သိထားကြပုံရသော အမျိုးသမီးနှစ်ယောက်ကို ဘဝရှင်က အံ့အားသင့်စွာ အကဲခတ်ရင်းက ...

"ကျွန်တော် ဆေးရုံမှာ မလုပ်ဖြစ်တော့ပါဘူး အစ်မ၊ M.Sc ဖြေဖို့ လုပ်နေတာမို့လို့ ဆေးရုံအလုပ် နားလိုက်ပါပြီ"

"အကူအညီလိုရင် ပြောလေ၊ ဆရာကြီးတွေနဲ့က အားလုံးနဲ့ ခင်ပါတယ်"

လေသံက ခပ်မြင့်မြင့်ပါလား။ ဒေါ်ကြီးကတော့ အတော်ချဉ်တဲ့ မျက်နှာထားနှင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေပါပြီ။ ဘဝရှင်ကတော့ ဇဝေဇဝါ အံ့အားတသင့်နှင့်ပဲ အမျိုးသမီးကို အကဲခတ်နေရာမှ သူ့စိတ်ထဲ ဆဋ္ဌမအာရုံက အချက်ပေးသလို ဖြစ်လာပါသည်။ အလိုလိုနေရင်း အခြောက်တိုက်နှင့် သူ့ကို ခပ်စီးစီး အကဲခတ်နေသော ထိုအမျိုးသမီးဟာ နောက်နေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်း တစ်စုံတစ်ရာတော့ ရှိမှာမဟုတ်လား။ အဖော် တဲ့ နံဘေးက အမျိုးသမီးကတော့ ဒိုင်ခံစကားပြောနေတဲ့ အမျိုး သမီးလောက် မျက်နှာထားက မချောပါ။ ဘဝရှင်ကိုတော့ တိတ် တဆိတ် အကဲခတ်နေသည်။

"စောယုတို့ နီလာတို့ ညဖူးတို့နဲ့ သူငယ်ချင်းဆိုတော့ ဘာပဲဖြစ်ဖြစ် လိုတာကြည့်ရှုစောင့်ရှောက်ရမှာပေါ့၊ ဘာ လိုအပ် လိုအပ် လာလေ၊ '.........'ကုမ္ပဏီလိမိတက် သိတယ်နော်၊ '.......'Clinic ကတော့ ညဖူးကိုင်တယ် ဆေးလောကထဲကပဲဆိုတော့ လိုတာရှိရင် လာပြောပေါ့"

ဩော် ...။

ဘဝရှင် ရင်ထဲ ဖြာခနဲနေအောင် သတိပေးအချက် ပြမှုတစ်ခုက တဖျပ်ဖျပ် လှုပ်ခတ်သွားသည်။ ဒါ ညဖူးရဲ့ယောက်ျား တွေပဲ။ သူ့ကို ကြည့်ရှုစောင့်ရှောက်မည် ဆိုပါလား ... အဟက် ဟက်။ ကားနဲ့တိုးမိသောနေ့က ညဖူး ညိုးငယ်သော ပြုံးမဲ့မဲ့ မျက်နှာလေးနှင့် ပြောသွားတဲ့ စကားကလည်း နားထဲပြန်လည် ပဲ့တင်ထပ်လာသည်။ နာကျင်နေတဲ့ အသံလေးနှင့် ...

"ငါ့ကို သူတို့ပဲ အိမ်ထောင်ထပ်ချပေးမယ်ဆို ဟာ"တဲ့။

သနားစရာကောင်းတဲ့ မိန်းကလေးကို ဒီလိုအချိန် မျိုးမှာ ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် မပြောနှင့် စိတ်လှု ရှားယောက်ယက်ခတ်မှုမျိုးတောင် မခံစားစေလိုသေးတဲ့ မေတ္တာ





စိတ်၊ စေတနာစိတ်ကြောင့် သူ့ရင်ထဲက ချစ်စိတ်ကို ဖိနှိပ်ချိုးနှိမ် ထားထားခဲ့တာ။ သူလို သူစိမ်းက ဒီလိုစေတနာနှင့် ငြိမ်သက် ဆင်ခြင်နေပေမယ့် မိသားစုကတော့ ဒီလိုနားလည်ပေးခြင်း မရှိ ကြတာပါလား။

"ဩော် ... အစ်မတို့က ညဖူးရဲ့ ယောက်မတွေထင်တယ်"

"ဟုတ်တယ် ... ယောက်မဆိုပေမယ့် လင်ညီအစ်မတွေ၊ ညီအစ်မရင်းချာလိုပါပဲ၊ ခုလိုအချိန်မျိုးကျတော့ အုပ်ထိန်း သူတစ်ပိုင်းလည်း ဖြစ်နေတာပေါ့၊ သူ့ရှေ့ရေးအတွက် လိုအပ်တာ ကြည့်ရှုစီမံပေးရမှာမျိုးလေ၊ ညဖူးက ငယ်သေး တယ် မဟုတ်လား၊ ဒီအသက်ဒီအရွယ်လေးနဲ့ မုဆိုးမက လေး ဖြစ်သွားတော့ သူ့ရဲ့စည်းစိမ်ချမ်းသာနဲ့က စိတ်ချ ချင်စရာ မရှိဘူးပေါ့လေ၊ သိုက်တူးတတ်တဲ့ ယောကျ်ား မျိုးဆိုတာက ဂျိုပါတာ မဟုတ်တော့ ကြည့်ရှုမေးမြန်း စိစစ် စောင့်ရှောက်ရတယ် ...

နီလာတို့ စောယုတို့ကိုလည်း အမြဲထောက်လှမ်း မေးမြန်းနေရတာပေါ့၊ စောယု ဦးလေးတို့ အစ်ကိုတို့က အစ်မတို့ကုမ္ပဏီမှာပဲ လုပ်ကြတာ၊ လက်အောက်ငယ်သား လူရင်းတွေပါပဲ၊ ဘဝရှင် ဆိုတာလည်း ခုနောက်ပိုင်းမှ ကြားလာ သိလာရတာမျိုးဆိုတော့ ဘယ်သူလဲဆိုတာ စောယုတို့ဆီ စုံစမ်းရသေးတယ်၊ ဘယ်လိုမှ သဘောထဲ မထားပါနဲ့၊ ညဖူးညီလေးအတွက်ပါ၊ ဘာပဲဖြစ်ဖြစ် ငယ် သူငယ်ချင်းတွေပါပဲဆိုတော့ စိတ်အေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီလောက် ငြိမ်သက် ခြေစုံရပ် ဆင်ခြင်ချိုးနှိမ်ထားပါလျက် ဤအမျိုးသမီးရဲ့ စကားတို့က အချိုသတ်နှင့်သတိလာပေးနေတာကလွဲပြီး အခြားမရှိပါ။ ဘဝရှင် ရင်ထဲ မခံချင်ခြင်းတို့က တလိပ်လိပ် ရှန်းကြွတက်လာသည်။

"ဩော် ... ဒါဆို လက်စသတ်တော့ ဒါ ဘဝရှင်တို့အိမ်မှန်း သိလို့လာခဲ့တာပေါ့နော်၊ ဒါနဲ့များ သဇင်ပန်းဝယ်ချင်သလိုလို အလကား လုပ်နေရသေးတယ်တော်၊ အခုဘာလဲ သဇင်ပန်းက ယူဦးမှာလား၊ ဖြတ်ပြီးတာတွေလည်း မယူလို့ ရတယ်နော်၊ ဘုရားတင်လိုက်ရင် ကုသိုလ်ရပါတယ်၊ အကုသိုလ် ကင်းသွားတာပေါ့"

စကားအသွားအလာ အကုန်လုံးကို ခြုံငုံသဘောပေါက်ကာ မခံမရပ်နိုင် ဝင်ပြောဖြစ်လိုက်သော ဒေါ်ကြီးကိုဒေါ်ဆင့်ဆင့်က စိတ်ပျက်သလို လှည့်ကြည့်လိုက်ရင်း ...

"ဘဝရှင်တို့က အိမ်ကလူတွေကို တော်တော်မျက်နှာသာပေးထားတာပဲ၊ အိမ်ရှင်မ မရှိတော့ အိမ်ကို ငြိမ်ဝပ် ပိပြားနေအောင် မကိုင်တွယ်နိုင်တာ မဆန်းဘူးပေါ့၊ အဒေါ်ကြီးကျွန်မက သဇင်ပန်းဝယ်ဖို့ လာတာပါ၊ ဖြတ်လို့ရတာအကုန်ယူမယ်၊ အခုတော့ အခက်သုံးဆယ်ရလည်း သုံးဆယ်ပေါ့၊ သူများပွဲ ပန်ဖို့ပါ၊ မကြာခင် အိမ်ကယောက်ျားပွဲ ဖြစ်လာတော့လည်း ဒီထက် ပိုဝယ်ဦးမှာပါ"

"ကျွန်မတို့အိမ် အိမ်ရှင်မ မရှိပေမယ့် အိမ်ရှင်မတွေရှိတဲ့တချို့အိမ်တွေထက် ချစ်ခင်စည်းလုံးပါတယ်ရှင် ဘဝရှင်





ကို ကျွန်မက သားလို စောင့်ရှောက်ပြုစုတာပါ။ ကျွန်မတို့ လူကလေးက ရုပ်ချောသဘောကောင်း ပညာတတ်ဆရာဝန်ကလေး သဘောဖြူအူစင်းလေးဆိုတော့ သူ့အဖေရော ကျွန်မတို့ အိမ်တော်ပါလင်မယားရောက ငုံထားသလိုတန်ဖိုးထားတာရှင့်၊ မိသားစုကောင်း သွန်သင်မှုကောင်းအသိုင်းအဝိုင်းကောင်းက နုနုထွတ်ထွတ် ယင်ဖိုမသန်းအပျိုစင်ကလေးမျိုးနဲ့မှ ပေးစားဖို့ ရည်ရွယ်ထားတာပါ၊ ကျွန်မတို့သား လူပျိုကလေးကို တစ်ခုလပ်တို့ မုဆိုးမတို့နဲ့ ပေးစားဖို့ ကျွန်မတို့က အစီအစဉ်မရှိပါဘူးရှင့်"

"ဒေါ်ကြီး"

"ဒီမှာ ... ရှင် စကားကို ယဉ်ကျေးအောင် ပြောတတ်ရဲ့လား အဒေါ်ကြီး၊ ရှင်က ဒီလိုဝင်ပြောရအောင် ရှင်ကဘာကျွန်မကဘာ ဆိုတာရော နားလည်တတ်ရဲ့လား"

"ရှင်လည်းလူ ကျွန်မလည်း လူလေ၊ ရှင်လည်း ပါးစပ်နဲ့ကျွန်မလည်း ပါးစပ်နဲ့လေ၊ ဒါပေမဲ့ ဟုတ်တယ်၊ ကျွန်မကချိုချိုလေး လှည့်ပတ်သွယ်ဝိုက်တော့ မပြောတတ်တာပါ၊ တောသူဆိုတော့လေ တဲ့တိုးပဲ ပြောတတ်တယ်၊ ကျွန်မစိတ်ထဲ ရှင် ဘယ်လိုပြောပြော၊ ရှင်တို့ သဇင်ပန်းအကြောင်းပြပြီး တမင်တကာ လာအကဲခတ်တယ်၊ သားလေးကိုသတိလာပေးတယ်လို့ပဲ နားလည်လို့ ကိုယ့်သဘောထားတဲ့တိုးပြောပြရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးဟာ သူ့ဘဝထဲ ဘဝရှင်ကလွဲလျှင် ဘယ်သူ့ကိုမှ သည်းခံတတ်သူ မဟုတ်ချေ။ ပါပါ့ကိုပင်လျှင် သူ မမုန်းဘူး မဟုတ်ဘူး ထင်ပါက ဆင်ခြေစောဒကတွေ တက်တတ်သူပင်။ အခုတော့ သူ့အသည်းနှလုံးလို ဖြစ်နေတဲ့ ဘဝရှင်ကို ထိပါး ပြောဆိုတယ် ယူဆလေရာ ကဲကဲဆတ် ဝဲ့ပြန်နေတော့မည်။ ဘာကြီးဖြစ်နေနေ ဒေါ်ကြီးက ဂရုစိုက်မည်မဟုတ်။

"ကျွန်မ ပန်းလာဝယ်တယ်၊ ဘဝရှင်ဆိုတာ ညဖူး ငယ်သူငယ်ချင်းလို့ ကြားထားလို့ သူငယ်ချင်းကောင်းပီပီ သဘောထား စောင့်ရှောက်ဖို့ ပြောတယ်၊ ဒါ ဘာမှားလို့လဲ၊ ကျွန်မစကားမှာ ရိုင်းတာတစ်လုံးမှ မပါဘူး၊ ရှင်ကဘာဖြစ်လို့ အသလွတ် စော်ကား မော်ကား ဝင်ရိုင်းနေရတာလဲ"

"မမဆင့်"

"ကျွန်မလည်း မရိုင်းမိပါဘူး၊ ကျွန်မတို့ လူလေးကို အပျိုစင်နုနုထွတ်ထွတ်မှ သဘောတူ ပေးစားနိုင်မှာဆိုတာ ကိုယ့်သဘောထား ပြောပြတာပဲ၊ အဲဒါ ရိုင်းသွားလို့လား ဘယ်နား ထိသွားလို့လဲ"

"ကဲ ... ကဲ ... ဒေါ်ကြီးလည်း တော်ပါတော့၊ ဒေါ်ကြီး စေတနာ ဒေါ်ကြီးသဘောထားကို ကျွန်တော် နားလည်ပါတယ်"





နုနုကလည်း ပိုက်ဆံကမန်းကတန်း ထုတ်ကာ ဦးလေးအောင် ကြောင်တောင်တောင်ကြီး ကိုင်ထားတဲ့ ငှက်ပျောဖက်လိပ် သဇင်ပန်းတွေကိုယူ ပိုက်ဆံကမန်းကတန်း ထိုးပေးရင်း...

"မမဆင့် သွားကြစို့ ... လာ ... လာ"

ဆင့်ဆင့်ရဲ့ လက်တံတောင်ဆစ်မှ အတင်းဆွဲကာ နုနုက အတင်းထွက်ခွာသည်။ မမဆင့်ဟာ ညဖူးရဲ့သူငယ်ချင်း စောယုရဲ့ ဆွေမျိုးအချို့ ကုမ္ပဏီမှာ ဝန်ထမ်းဖြစ်နေသည့် အခွင့်ကောင်းကိုသုံးပြီး စောယုကို အတင်းအကျပ် ချောင်ပိတ်ကာ ညဖူးထံ ရောက်လာသည့် ပန်းစည်းပိုင်ရှင်အကြောင်း၊ ရီယူနီယံ ဒင်နာမှာ အတူထိုင်စကားပြောခဲ့သူအကြောင်း၊ ဆေးခန်းကြီးကို ရောက်လာခဲ့ဖူးသူအကြောင်း သူ သက်မကင်းသမျှ အစ်အောက် မေးမြန်းသမျှမှာ ဒေါက်တာဘဝရှင်ဆိုတဲ့ လူတစ်ယောက်သာ အဖြေတစ်ခုတည်း ထွက်လာတာမို့ ဘဝရှင်ရဲ့အိမ်ကို စုံစမ်းကာ နုနုကို အဖော်ခေါ်လျက် ပန်းဝယ်ဖို့ အကြောင်းပြ ရောက်လာတာပါ။

နုနုကို ခေါ်လာတုန်းက ဘယ်လိုလူလဲ၊ အသိုင်းအဝိုင်း ဘယ်လိုပုံစံလဲ၊ သွားအကဲခတ်မည်လို့သာ ပြောခဲ့ပြီး ခုတော့ စကားတွေက အစထွက်ကာ အစွန်းမလွတ် ဖြစ်လာသည်မို့ နုနု မျက်နှာပျက် စိတ်ညစ်လှပါသည်။

"ဒီမှာ အဒေါ်ကြီး၊ သတိလာပေးမှန်း ရှင်နားလည်ရင်ပြီးတာပဲလေ၊ စကားပြောရိုင်းတဲ့ ရှင်တို့ကို တရှည်တလျား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေစရာ မလိုအပ်တော့ဘူးပေါ့၊ အဓိက,က ကိုယ် ဘယ်လိုနေရမယ် သဘောပေါက်ဖို့ပဲလေ၊ ညဖူးကို လူကြီး မိဘ စီစဉ်ပေးစားမယ့်သူရှိတယ်၊ ကင်းကင်းနေလိုက်ပါ၊ အဲဒါပဲ”

ဒေါ်ဆင့်ဆင့်က နုနု ဆွဲခေါ်ရာပါရင်းက လှည့်ပြော သွားပါသေးသည်။ ဘဝရှင်ကလည်း ဒေါ်ကြီးကို ပခုံးဖက်ကာ ဝေးရာဘက် လျှောက်လာခဲ့ရင်းက ရင်ထဲမှာ တနုံ့နုံ့ ခံပြင်းခံစား နေရပါသည်။ သူ့ဘက်က ညဖူး အပေါ် ပုံအောသွန်ချထားမိ သည့် မေတ္တာ စေတနာ အကြင်နာနှင့် ငဲ့ညှာလေးစားမှုတို့ သူ သာ အသိဆုံး။ ဒါတွေကြောင့် ညဖူး အနား သူအရောက်မသွား ခဲ့တာ ဖြစ်ပေမယ့် ညဖူးကို ဖြစ်ချင်ရာဖြစ် သူ့ဘဝသူ ကံရယ် လို့ ပေယျာလကန် သဘောမျိုးတော့ သူ နှလုံးမသွင်းနိုင်ပါတည်း။

✣ ✣ ✣



(၁၄)

“သိပ်ရှက်ဖို့ ကောင်းတာပဲ၊ သိပ်အားနာဖို့ ကောင်းတာပဲ၊ ငါ ရှက်လွန်းလို့ မျက်နှာပူလွန်းလို့ သေတော့မယ်၊ မနေ့ ညက နှင် ဖုန်းဆက်ပြီး အရိပ်အမြွက် ပြောကတည်းက စိတ်တွေရှုပ်ပြီး အိပ်မပျော်တာ ခေါင်းတွေလည်း မူးနောက် နေပြီ”

ညဖူးညိုသည် ဘယ်မှညာ ညာမှဘယ် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း ပါးစပ်က တတွတ်တွတ် ရေရွတ်နေရာ မှ မျက်နှာကလေးကို လက်ဖဝါးနှစ်ဖက်နှင့် ပွတ်ပစ်လိုက်ပါသည်။

“ဒါတွေ နင့်ကို ဘယ်သူပြောတာလဲ နီလာ၊ နင် ဘယ်က သိတာလဲ”

“ငါ့ကို ရဲသွေး ပြောတာ၊ အဲဒီအချိန်တုန်းက ရဲသွေးက ဘဝရှင်တို့အိမ်မှာ ရှိနေတယ်၊ ရဲသွေးလည်း ဒေါသတွေ ဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘ၀ရှင်ရောဟင်"

"သူလည်း စိတ်မကောင်း ဖြစ်နေတယ် ပြောတယ်"

"စိတ်မကောင်း ဖြစ်တယ်ဆိုတာ စိတ်ဆိုးတာကို စကား လှအောင် လှည့်ပြောတာလေ၊ သူလည်း ဘာမှမလုပ်ပဲနဲ့ အကြောင်းမဲ့သက်သက် အဲသလို သွားပြောတာ ဘယ် လောက်ရက်ဖို့ ကောင်းထားလဲ၊ ငါ ဘာလုပ်ရမလဲဟင်၊ ရှက်ဖို့ရော အားနာဖို့ရော ကောင်းတယ်"

ညဖူးရဲ့ ကိုယ်ကလေးပင် တဆတ်ဆတ် တုန်လှုပ် နေ၍ ပါးပြင်လေးနှစ်ဖက်က တွတ်တွတ်ရဲနေသည်။ မျက်ရည်တွေ ဝဲနေကာ ကတုန်ကယင် ဖြစ်နေတဲ့ ညဖူးကို နီလာက ဘာပြန် နှစ်သိမ့်ရမည် မသိအောင်ပင်။ ခေါင်းကို စိတ်မကောင်းစွာ ငုံ့ထားမိသော စောယုက ခေါင်းမော့လာကာ ...

"ငါ့ကို ခွင့်လွှတ်ပါ ညဖူးရာ"

"နင့်မှာ အပြစ်မရှိပါဘူး စောယု၊ နင်တို့အိမ်ကိုလာတယ် အဖေ အမေ ဦးလေး အဒေါ် မိသားစုရှေ့မှာ ဒါတွေ အကျုပ်ကိုင်မေးတယ်၊ နင် မဖြေဘဲ ဘယ်လိုနေမလဲ၊ ငါ ကိုယ်ချင်းစာနိုင်ပါတယ်၊ ငါ နားလည်ပါတယ်၊ နင်ပြော တာတွေထဲ အများတွေ အပိုတွေပါတာလည်း မဟုတ်ဘူး စိတ်မကောင်း မဖြစ်ပါနဲ့၊ ငါ စိတ်ပျက်တာ မမဆင့်ကို ပါဟာ၊ အဲဒီနေ့ကတော့ မမနုက မေးသား၊ ဘ၀ရှင် ... တာ ညဖူးနဲ့ ရိုးရိုးသူငယ်ချင်းလား၊ တခြား ပတ်သက်မှု





ရှိသလားတဲ့၊ ဘ၀ရှင်နာမည် ဘယ့်ကသိပါလိမ့်လို့ တွေး ပြီး စိတ်တော့ ထင့်မိသား"

"သူတို့သွားတာ နင့်ကို ပြန်မပြောကြဘူးပေါ့"

"မပြောကြပါဘူး၊ သူတို့ ဘယ်လိုထင်နေလဲ မသိဘူးနော်၊ ငါ့ပတ်ဝန်းကျင်မှာ ယောကျ်ားလေးဆိုလို့ ရင်းနှီးတဲ့သူငယ် ချင်းတောင် အရင်က မကြားဘူးခဲ့တော့ အစလေးတစ်စ ရတာနဲ့ အမြစ်ဖြတ် သုတ်သင်ပစ်ဖို့ စိတ်ကူးတာပဲ၊ ဘယ်သူမှ မရှိတော့ရင် ငါက ကိုကိုငယ့်ကို လက်ခံလိုက် မှာပဲလို့ ထင်နေတာလား၊ ငါ ဘာလုပ်ရမလဲ နီလာရယ်၊ ငါ ဘ၀ရှင်ကိုရော တောင်းပန်စကားပြောဖို့ လိုအပ်မလား"

"တောင်းပန်ဖို့တော့ မလိုအပ်ဘူးလို့ ငါထင်တယ်၊ ဘ၀ရှင် အိမ်က အဒေါ်ကြီးကလည်း မမဆင့်ကို စကားအတင်မခံ ပြန်ပြောတာပဲတဲ့၊ ရဲသွေး ပြောတယ်"

"ဟုတ်လား ... အဒေါ်ကြီးက ဘာပြောတာလဲဟင်"

"ဟိုဟာလေ၊ သူတို့ဘက်ကလည်း ဘ၀ရှင်ကို တော်ရုံ မိန်းကလေးနဲ့ ပေးစားဖို့ စိတ်ကူးမရှိဘူး ဆိုတာမျိုးပေါ့ဟာ၊ ရှင်းရှင်းပြောရင် တစ်ခုလပ်တို့ မုဆိုးမတို့နဲ့ မပေးစားနိုင် ပါဘူးပေါ့"

ညဖူးညိုသည် ဆွမ်းကျွေးနေ့ သူ အချိုပွဲမုန့်များ သွားပေးစဉ်က သူ့ကို ခပ်စိမ်းစိမ်းသာ အကဲခတ်နေတဲ့ မိန်းမ ကြီးကို မြင်ယောင်အမှတ်ရသည်။ မျက်နှာကလေးကလည်း ပြုံး



www.burmeseclassic.com

www.burmeseclassic.com



မဲ့မဲ့လေး ဖြစ်သွားရပါသည်။ ကိုယ့်ဘက်ကစပြီး ခုလိုသွားပြောတော့ ဟိုဘက်က မခံချင်တဲ့အခါ ဒီလိုပြန်အပြောခံရပြီပေါ့။

အဲဒီစကားကြောင့် ဝမ်းနည်းသလိုလည်း ခံစားရသည်။ လူ့လောက အသိုက်အဝန်းရဲ့ သတ်မှတ်ချက်အရ ညဖူးညို ဆိုတဲ့ မိန်းကလေးဟာ ဘယ်သောအခါမှ အပျိုစင်ကလေး ပြန်မဖြစ်နိုင်ပြီပဲ။ ကိုကိုကြီးရေ ... ညဖူးဘဝဟာ ဘယ်လိုကံကြမ္မာမျိုးလဲ။ ကိုကိုကြီး ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကို နားထဲအထပ်ထပ် ပဲ့တင်ပြန်ကြားနေမိသလို ဦးနှောက်ထဲကလည်း မမေ့နိုင်အောင် အချိန်တိုင်း စွဲမြဲနေခဲ့ပါသည်။

"ကိုကိုကြီးကို ခွင့်လွှတ်ပါ ညဖူးရယ်၊ ခွင့်လွှတ်ပေးပါ၊ တကယ်လို့များ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ညဖူးလေးရဲ့ နှလုံးသားနဲ့ထပ်တူ ချစ်ရမယ့် ချစ်သူဆိုတာမျိုး ရှိလာခဲ့ရင် ကိုကိုကြီး ညဖူးကို ကွာရှင်းပေးပြီး ကိုယ်တိုင်ထိမ်းမြားပေးစားပါ့မယ် ကလေးရယ်"

အဲသလို ပြောခဲ့ဖူးတယ်နော် ကိုကိုကြီး။ ဒါပေမဲ့ အများအမြင် အိမ်ထောင်ရှင်မလေးတစ်ယောက် ဘဝမှာ ညဖူးက နှလုံးသားနဲ့ထပ်တူ ချစ်ရမယ့် ချစ်သူဆိုတာ ဘယ်လိုများ ထပ်မံ ရှာဖွေတွေ့ရှိခွင့် ရှိမှာတဲ့လဲ။ ခုတော့ တွေ့ခဲ့ရင်တောင် ကိုကိုကြီး ပေးစားချင်လို့ မရတော့ဘူးနော်။

ညဖူးသည် အံကလေးကြိတ်ထားရင်း ခေါင်းထဲက တိုး၍မူးဝေလာပါသည်။ နဖူးလေးကိုအုပ်၍နှိပ်ကာ ရုံးခန်းထဲ





က ဆက်တီတစ်ခုမှာပဲ ငြိမ်ငြိမ်ကလေး ဝင်ထိုင်မျက်စိမှိတ်ထားလိုက်ရာက လူက အီလည်လည် မူးနောက်နောက်မှ ပျို့ကာအန်ချင်လာသည်။ အအိပ်ပျက် အစားပျက်ခဲ့တာ ဘယ်လောက်တောင် ကြာနေပြီလဲ။ ကိုကိုကြီး ကွယ်လွန်မှ မဟုတ်။ ကိုကိုကြီးရှိနေစဉ်အခါကတည်းကပဲလေ၊ နေ့ဆို အပြုံးရယ်နည်းကာ ညဆိုချက်စိကြောင်တောင် မိုးလင်းခဲ့သော နေ့ရက်တို့ကို ဟိုးတုန်းဟိုးတုန်းကတည်းက ညဖူး ရင်ဆိုင်ဖြတ်ကျော်ခဲ့ရတာ မဟုတ်လား။

ညဖူးက ရင်ညွန့်ကလေးကို လက်နှင့်ဖိလိုက်သည်။

"ညဖူး ... ဘယ်လိုနေလဲဟယ်၊ ခေါင်းသိပ်မူးနေတာလား၊ အိမ်ပြန်နားလိုက်ပါလားဟယ်"

"ခေါင်းကမူးတော့ အန်ချင်လာပြီ"

"ဟင်"

"အွတ်"

ညဖူးသည် တကယ်ပဲ ပျို့တက်ကာ ထိုင်ရာက သွက်သွက်ထပြေးပြီး ရေချိုးခန်းဆီ ရောက်လာကာ ဇေစင်မှာ ခေါင်းလေးငုံ့၍ အန်လာမလား စောင့်နေပါသည်။ အွတ်ခနဲပျို့တာ လေနှင့် တံတွေးသာ ပါလာပြီး အန်တော့ မအန်ပါ။

"ညဖူး ... ညဖူး"

နီလာနှင့် စောယုတို့က နောက်ကပါလာကာ ညဖူးကျောကိုဖိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညဖူး ... ဘုရား ... ဘုရား ... ရရဲ့လားဟင်"

"ရတယ်၊ အိပ်ရေးမဝလို့ စိတ်တွေဖိစီးလွန်းလို့ မူးနောက်ပြီး ပို့လာတာ၊ မအန်ပါဘူး"

"ည ... ညဖူး၊ နင် ... နင့် ... ကိုယ်ဝန်တွေ ဘာတွေ"

ညဖူးက ဘုံပိုင်ဖွင့်ကာ ပါးစပ်ကျင်း ဆေးလိုက်ရာက နီလာ့ကို လှည့်ကြည့်လိုက်ပါသည်။ နီလာရော စောယုပါ မျက်လုံးလေးတွေ ဝိုင်းကာ ညဖူးကို စိုးရိမ်တကြီး စူးစိုက်ကြည့်နေကြပါသည်။

"ကိုယ်ဝန် ! ဟုတ်လား"

"အင်း ... နင် ... နင် ... လေပဲအန်တာ၊ အဲဒါ နင် ကိုယ်ဝန်များ ရှိတာလား"

"ဟက်ဟက် ... ဟား ဟား ဟား ... ပေါက်ကရဟယ်၊ ငါ ကိုယ်ဝန်မရှိပါဘူးဟယ်၊ နင်တို့ပုံတွေကလည်း"

"မဟုတ်ဘူးလေ၊ ဟုတ်တယ်လေ၊ နင် သတိမထားမိဘူးလား၊ ဟို ... ဟိုဥစ္စာရော"

"ဘယ်ဥစ္စာမှ ဘာမှ မထူးခြား မပြောင်းလဲဘူး၊ ကိုယ်ဝန်လည်း မရှိဘူး၊ ငါ့ကိုယ်ငါ အသိဆုံးပါဟယ်၊ တကယ်မရှိတာပါဟယ်"

ညဖူးက ရေချိုးခန်းထဲမှ ဦးဆောင် ထွက်လာခဲ့ပါသည်။ ဆိုဖာဆက်တီတွေပေါ် ပစ်ခွေကာ ပြန်ထိုင်ရင်း ...

"နီလာ ... စောယု"





"အေး ... ဘာလဲ၊ ဘာလုပ်ပေးရမလဲ"

"ဘဝရှင်ကို ငါ တောင်းပန်ဖို့ မလိုအပ်ဘူး ဆိုပေမယ့် နင်တို့တော့ ငါ့ကိုယ်စား တောင်းပန်ပေးပါဟာ၊ တကယ်တော့ ငါကိုယ်တိုင် သူ့ကို ပြောချင်တာပါ၊ သူက သူ့ဘက်က ဘာမှ မလုပ်ရှားပါပဲ ငြိမ်သက်နေပြီး ငါကချည်း လှုပ်ခတ်နေသလို ဖြစ်မှာစိုးလို့သာ ငါ ကိုယ်တိုင် မပြောတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် မမဆင့်တို့ဘက်က အရင်ဦးအောင် သွားကျူးကျော်ခဲ့တာကို ငါ အရှမ်းအားနာပါတယ်၊ နင်တို့ စဉ်းစားကြည့်လေဟာ၊ ဘာအပြစ်အနာအဆာမှ မရှိတဲ့ စင်းလုံးချော လူပျို ဆရာဝန်ကလေးကို ငါလို မုဆိုးမတစ်ယောက်နဲ့ သဘောမတူပါဘူးလို့ သွားပြောတာ ဘယ်လောက်တောင် ခံပြင်းစရာဖြစ်သလဲ"

"အေးပါ ... ငါ ပြောပေးပါ့မယ်၊ ဒါပေမဲ့ ဘဝရှင်ကတော့ နင့်ကို စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ ပြောတဲ့သူကိုလည်း ဒီလောက်ကြီး ဒေါသတွေ ဖြစ်နေမှာ မဟုတ်ပါဘူး၊ သူက ငြိမ်းချမ်းတဲ့ ကောင်ကလေးပါ"

အင်း ... ငြိမ်းချမ်းတဲ့ ကောင်ကလေးရေ။

နင်နဲ့ ငါဟာ ဒီသံသရာမှာ ဆုံတွေ့ကြဖို့ ရေစက်ကလေးတော့ ပါလာခဲ့တယ်နော်။ တွေ့ရုံတွေ့ပြီး ဆုံစည်းကြရဖို့ ကံတရားတော့ဖြင့် ပါမလာခဲ့တာမျိုးလား။ ရင်ထဲမှာ အမြဲအောက်မေ့ သတိရနေတဲ့ အချိန်ကာလတွေကို တမ်းတမ်းတတ ကိုးစိ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်ခဲ့ကြဖူးပြီး တကယ်တမ်း တွေ့ချိန်မှာ ဘာကိုမှ ဖော်ပြဖို့ အခွင့်အရေး မရခဲ့ကြပါလား။

✤ ✤ ✤

ဆေးကုမ္ပဏီကြီးတစ်ခုမှ ပြုလုပ်သော Seminar ပွဲကို တက်ရောက်လာခဲ့တဲ့ ညဖူးသည် ခပ်စောစောကပင် ကိုကြီးသော်ကို မြင်သည်။ ရှပ်လက်ရှည်ပန်းနုရောင်၊ မီးခိုးနက်စတိုင်ဘောင်းဘီနှင့် ကိုကြီးသော်က ကြည့်လိုက်လျှင် အမြဲစမတ်ကျရှင်းသန့်နေပြီး ထုံးစံအတိုင်း။ သို့သော် အရင်ကထက် အများကြီးပိန်သွယ်သွားသော ကိုယ်ခန္ဓာနှင့် လမ်းလျှောက်သွားလိုက်မှသာလျှင် မြင်နိုင် သိနိုင်မည်ဖြစ်သော အနည်းငယ် နိမ့်ဆာသွားသည့်ခြေတစ်ဖက်ကတော့ ပြောင်းလဲသွားခဲ့ပါသည်။

"ညဖူးလေး ... ဒါ ဒေါက်တာမျိုးသော်တာတဲ့"

ပထမဦးဆုံးအကြိမ် ကိုကိုကြီး မိတ်ဆက်ပေးခဲ့က စကားသံကို ပြန်လည်ကြားယောင်မိကာ အဲဒီအချိန်မှာ အသက်ရှူနှုန်းတွေမြန်၊ လက်ဖျားတွေအေးစက်ပြီး ညဖူး ကတုန်ကယင် ဖြစ်နေခဲ့တာကိုလည်း ပြန်လည် အမှတ်ရမိလေသည်။ အဲဒီတုန်းက အေးချမ်းမွန်ရည်တဲ့ မျက်နှာနှင့် မျက်လွှာချထားသော ကိုကြီးသော် မျက်နှာကိုလည်း မမေ့။ အဲဒီနောက်ပိုင်းမှာတော့ ကိုကြီးသော်နှင့်လည်း ညဖူး ရင်းနှီးခင်မင်ခဲ့ရပါသည်။





အခမ်းအနားပွဲ ပြီးဆုံးသွား၍ လူတွေ နေရာမှထကာ ခန်းမပြင် တဖွဲဖွဲထွက်ကြချိန်၌ ညဖူးလည်း ထ,၍ထွက်လာခဲ့သည်။ ညဖူးမှာ အဖော်မပါ။ တစ်ယောက်တည်း ခန်းမပြင်ထွက်လာရာ အပြင်ဘက် ကော်ရစ်ဒါနေရာလေးမှာ ကိုယ်တိုင်ယူသောက်ဖို့စနစ်နှင့် လက်ဖက်ရည် ကော်ဖီ မုန့်အချို့ ခင်းကျင်းထားသော စားပွဲရှည်နားမှာ ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ဆရာဝန်ငယ်လေးတစ်ယောက်က ...

"အစ်မ ... ကော်ဖီသုံးဆောင်ပါဦး ခင်ဗျာ"

ညွှန်ပြပြောလိုက်တဲ့အခါ ပထမတော့ ညဖူးက ငြင်းလိုက်ဦးမလို့ပင်။ သို့သော် မတ်ရပ်စားပွဲသေးလေးတစ်ခုမှာ တစ်ယောက်တည်းရပ်ကာ လက်ဖက်ရည်တစ်ခွက်၊ ကိတ်တစ်ချပ်နှင့် တစ်ယောက်တည်း အထီးကျန် စားသုံးနေသော ကိုကြီးသော်ကို မြင်လျှင် စိတ်ပြောင်းသွားကာ ကော်ဖီတစ်ခွက်နှင့် ပတ်ဖ်တစ်ခုယူပြီး ကိုကြီးသော် ရပ်နေတဲ့ စားပွဲလေးဆီ လာခဲ့သည်။

"ကိုကြီးသော် နေကောင်းရဲ့လား"

ကော်ဖီပန်းကန်ကို စားပွဲမြင့်လေးပေါ် တင်လိုက်ကာ နှုတ်ဆက်လိုက်လျှင် ...

"ဟင် ... ညဖူး၊ ဆဲမ်မီနာ လာတက်တာလား ဟုတ်လား"

"ဟုတ်ကဲ့ ... ခုနကတည်းက နောက်နားကနေ ကိုကြီးသော်ကိုတွေ့တယ်၊ ကိုကြီးသော် နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ကောင်းပါတယ်၊ ညည်းကော"

"ညဖူးလည်း နေကောင်းပါတယ်"

"အမေတို့ရော ကိုလတ်တို့ ကိုလေးတို့ အားလုံး နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ အားလုံး နေကောင်းပါတယ်"

"အေး … အေး … ကိုယ်လည်း အိမ်ဘက်တောင်မရောက်ဖြစ်တော့ဘူး၊ အမေ့ကိုလည်း မေးတယ် ပြောပါ၊ ကျန်းမာရေးကိစ္စ လိုအပ်တာရှိရင် ပြောနော်"

"ဟုတ်ကဲ့ပါ … ဒါနဲ့ ကိုကြီးသော် ဆေးခန်းတွေ ပြန်ထိုင်ပြီလား၊ ဟိုတလောက အကုန်ရပ်ပစ်လိုက်တယ် ဆိုတာ"

" '……' တစ်ခုမှာတော့ ပြန်ထိုင်နေတယ်။ တစ်လလောက်ပဲ ရှိသေးတယ်၊ နှစ်ခု သုံးခုကတော့ လာမေးထားပေမယ့် ငါ စဉ်းစားတုန်းပါပဲဟာ၊ သိပ်အများကြီးလည်း မထိုင်ချင်တော့လို့လေ၊ နားနားနေနေ အေးအေးဆေးဆေးပဲ စာလေးဖတ်လိုက်၊ ဆေးဆောင်းပါးလေး ကျိုးတိုးကျဲတဲ ရေးလိုက်၊ ဂျင်မ်လေး သွားဆော့လိုက်ပေါ့၊ အဲသလိုပဲ နေနေတယ်"

"ကိုကြီးသော် အချိန်ပိုတာရှိရင် ညဖူး ဆီမှာ လာထိုင်ပါလား"

"သြော် … အေး … ညည်းတို့ဆေးခန်းက သမားတော်တွေ နည်းနည်းပါးပါးပဲနော်၊ သိပ်လူမရှုပ်ဘူး၊ အခြေအနေကောင်းတယ် မဟုတ်လား"





"ဟုတ် … ကောင်းပါတယ် ကိုကြီးသော်၊ ဓာတ်ခွဲခန်းဘက်ပိုပြီးဦးစားပေး ပြည့်ပြည့်စုံစုံ လုပ်ထားတာဆိုတော့ သမားတော်တွေ အများကြီးလည်း ချိတ်မထားတော့တာပါ၊ ဒါပေမဲ့ အိုင်းစပယ်ရှယ်လစ်စ် တစ်ယောက်တော့ ရှိချင်တာနဲ့ ကိုကြီးသော်ကို သတိရနေတာ"

"ညည်းတို့ဆေးခန်းက အေးအေးချမ်းချမ်း ပေါ့ပေါ့ပါးပါးနဲ့ လူတွေ ကျပ်သိပ်နေတာမျိုးလည်း မဟုတ်တော့ မဆိုးပါဘူး၊ ညည်း လိုအပ်ရင်တော့ ကိုယ် လာထိုင်ပေးပါ့မယ်"

"ဟုတ်ကဲ့ … ဒါဆိုရင် ကိုကြီးသော်နဲ့ တစ်ရက်ဆုံပြီး အချိန်လေးညှိချင်တယ်နော်"

"အေး … ဖုန်းဆက်လိုက်လေ"

"ခြေထောက်လည်း သက်သာပါတယ်နော် ကိုကြီးသော်"

"ကောင်းပါတယ်၊ ဒီလောက်ကတော့ ကျန်မှာပဲလေ၊ အကောင်းပကတိ ငါ ကျန်ခဲ့မှာနဲ့စာရင် ခုလို သေရာပါ အခြေအနေတစ်ခုနဲ့ ကျန်ခဲ့ရတာ ငါ ပိုဖြေသာတယ်လေ၊ ပိုကျေနပ်စရာ ကောင်းတယ်လေ၊ မဟုတ်ဘူးလား"

"ဒီလိုတော့ မတွေးပါနဲ့ ကိုကြီးသော်ရယ်၊ အားလုံးဟာ ကံတရားအတိုင်းပဲ မဟုတ်လား"

"ညည်းနဲ့ စ,သိသိချင်းတုန်းကလည်း ညည်း ဒီစကားပြောခဲ့ဖူးတယ်နော် ညီမလေး၊ အားလုံးဟာ ကံတရားအတိုင်းပါပဲဆိုတာ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



ညဖူးက ခေါင်းကို အသာအယာလေး ညိတ်ပြလိုက်ပါသည်။

"ကိုသော်ကြီး"

အသံတစ်ခုဟာ သူတို့အနား ဆောလျင်စွာကပ်လာပါသည်။ နှစ်ယောက်လုံး လှည့်ကြည့်လိုက်လျှင် ခပ်သွက်သွက် ရောက်လာသော ဘဝရှင်က အပြုံးတွေ တဝေဝေနှင့် —

"ကိုသော်ကြီး နေကောင်းလားခင်ဗျ"

"ဟေး ... ဘဝရှင်၊ အေး ... ကောင်းတယ်ကွ၊ မင်းဆရာသမားရော"

"ဆရာသမားကတော့ ဆေးခန်းတွေ ကျပ်နေတာလေ ကိုသော်ကြီး၊ အလုပ်အရမ်းများတယ်ခင်ဗျ"

"မင်း သူနဲ့ ဆေးခန်းလိုက်ထိုင်ဖြစ်သေးလား၊ ဒီကောင်နဲ့ မတွေ့တာတောင် ကြာပြီ"

"ဟုတ်ကဲ့ ... တနင်္လာ ဗုဒ္ဓဟူး နှစ်ရက်တော့ လိုက်ထိုင်ဖြစ်ပါသေးတယ်၊ ကျွန်တော် အခု M.Sc ဖြေဖို့ ပြန်လုပ်နေလို့ စာကျက်ဖို့ အချိန်ချန်ထားရတယ်ခင်ဗျ၊ ညဖူး — နေကောင်းတယ်နော်၊ ဆဲမ်မီနာ လာတက်တာလား"

"ဟုတ် ... ဖိတ်စာရောက်တာနဲ့ စိတ်ဝင်စားလို့ လာတက်ကြည့်တာပါ"

"ဩော် ... မင်းနဲ့ ညဖူးညီက သိကြတယ်လား"

"ဟုတ်ကဲ့ ... ဟို ... ငယ်သူငယ်ချင်းတွေပါ ကိုသော်ကြီး"





ဘဝရှင်သည် ညဖူးကို အဝေးကြီးကနေ ရိပ်ခနဲ လှမ်းမြင်လိုက်သလိုရှိကာ လူတွေ တရှန်းရှန်း ထထွက်ကြတဲ့အထဲ ဘယ်ရောက်သွားမှန်းမသိ ပျောက်သွားတာမို့ အပြေးအလွှား ယောက်ယက်ခတ် လိုက်ရှာနေတာပါ။ ကော်ဖီသောက်နေတာ လှမ်းမြင်လိုက်ပြီး အပြေးရောက်လာကာ အနားရောက်မှ သူ့ဆရာကြီးရဲ့သူငယ်ချင်း ဒေါက်တာမျိုးသော်တာကိုပါ လှမ်းတွေ့မိတာဖြစ်သည်။ ဒေါက်တာမျိုးတော်တာဟာလည်း ဘဝရှင်ရဲ့ဆရာကြီးလိုပင်၊ ဘဝရှင်ရဲ့အမေနှင့်ပါ ရင်းနှီးခဲ့ဖူးသော တစ်မြို့တည်း တစ်ရပ်တည်းသားပင် ဖြစ်လေသည်။ သူ့ဆရာကြီးနှင့် ကိုသော်ကြီးတို့ အတူထွက်စားသောက်ကြတဲ့ နေရာမျိုး၊ ဆရာကြီးခေါ်လို့ အကြိမ်ကြိမ်ပါသွားဖူးကာ ရင်းနှီးလာခဲ့ရတဲ့ ဒီဆရာက သူ့ကို ဆရာကြီးခေါ်တာမကြိုက်၊ နာမည်ပဲခေါ်ဖို့သာ ဇွတ်ပြောတဲ့အတွက် သူ့ဆရာက "သော်ကြီး"ခေါ်တော့ သူက "ကိုသော်ကြီး"ဖြစ်ခဲ့ရတာပင်။

"ညဖူးနဲ့လည်း ကိုသော်ကြီး ခင်တာကိုး"

"အင်း ... သိကြတာ တစ်နှစ်ခွဲ နှစ်နှစ်ရှိပါပြီ"

ညဖူးသည် အင်မတန်ကျဉ်းလှတဲ့ ကမ္ဘာလောကကြီး ပေါ်တွင် လူတွေ လူတွေ အချင်းချင်း လှည့်ပတ်ပြီး ပတ်သက်ဆက်စပ်နေပုံကို အံ့အားသင့်ကာနေသည်။ "တိုက်ဆိုင်မှု"ဆိုတဲ့ ခဲလုံးကလေးကို ခလုတ်တိုက်ကာ လူသားတွေ ချိတ်ဆက်သိကျွမ်းနေကြပုံဟာ ဆန်းကြယ်လှတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူငယ်ချင်းနှစ်ယောက် စကားပြောဦး၊ ... တော့ သွားလိုက်ဦးမယ်၊ တစ်နေရာချိန်းထားတာ ရှိ... တယ်"

ဒေါက်တာမျိုးသော်တာက ပြောလည်းပြော၊ ... လည်းခွာ။

"ညဖူးလည်း ပြန်တော့မှာပါ"

ကမန်းကတန်း ပြောလိုက်သော ညဖူးကို မ... တော့ဘဲ လက်တစ်ဖက်ထောင်ပြ နှုတ်ဆက်သွားလေပြီ။ ည... ဘဝရှင်ကို ခပ်အမ်းအမ်း ကြည့်ရင်း ...

"ငါ ပြန်တော့မလို့"

"အေး ... ငါလည်း ပြန်တော့မှာပါ၊ တူတူထွက်ကြ... လေ"

"နင် ကော်ဖီသောက်လိုက်ဦးလေ"

"ကော်ဖီလား ... မနက်အိပ်ရာထတုန်းက သောက်ခဲ့ပြီး... အဟင်း"

နှစ်ယောက်သား ဟိုတယ်ကြီးရဲ့ ခန်းမထဲက ... တွဲကာ ထွက်ခွာလာပါသည်။

"ဘဝရှင်"

"......"

"ဟိုတလောက မမဆင့် လာလုပ်သွားတဲ့ အပြုအမူအ... စိတ်မကောင်းပါဘူး"





"အဲဒါ ... နီလာ ငါ့ကိုပြောပါတယ်၊ မလိုပါဘူးဟာ၊ နင် ကနင် သူက သူပဲ၊ ငါ့အိမ်က ဒေါ်ကြီးကလည်း အဲဒီ အမျိုးသမီးကို နည်းနည်းပါးပါး ပြန်ပြောလိုက်ပါသေး တယ်"

"ပြောပစေ ... ကောင်းတယ်"

ဘဝရှင်က ညဖူးရဲ့ စူမှုန်မှုန် မျက်နှာလေးကို ချစ် ...နှင့် တဟက်ဟက် ရယ်မောလိုက်ပါသည်။ ညဖူးနှင့် ခုလို ...တ်မထင် မမျှော်လင့်ဘဲ ဆုံတွေ့ရတဲ့အတွက် ဒီရက်ပိုင်းတွေ ...ာင်း ညှိုးချုံးထိုင်းမှိုင်းနေသော သူ့စိတ်တွေ လန်းဆန်းကြည်နူး ...ရှင်လိုက်ရတာ။ ရင်တွေ တလှပ်လှပ် လှုပ်ရှားနေကာ လူက ...ကြီးမှာ ခြေထောက်မထိသလို တလျှပ်လျှပ် ပေါ့လွင်နေသည်။

"ကိုသော်ကြီးနဲ့ နင်နဲ့ ခင်တယ်နော်၊ တိုက်ဆိုင်မှုတွေကို ငါ အံ့သြနေတာ"

"ကိုကြီးသော်က ကိုကိုကြီးရဲ့ အချစ်ဆုံးမိတ်ဆွေလေ"

"ဩော် ... သူ့မိတ်ဆွေကိုး"

"ဟုတ်တယ်၊ အရမ်းရင်းနှီးတာ၊ ကိုကိုကြီးဆုံးတဲ့ အက်ဆစ်ဒဏ်မှာ ကိုကြီးသော်လည်း အတူပါတယ်လေ"

"ဟင် ... ဩော်၊ ကိုသော်ကြီး အက်ဆစ်ဒဏ်ဖြစ်တာ အဲဒါကိုး၊ နင့်ကိုကိုကြီးနဲ့ အတူတူကိုး"

"ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့ နေပြည်တော်သွားကြတာလေ၊ အပြန်လမ်းမှာ ဘီးကွဲပြီး ကားမှောက်သွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖြစ်ရလေဟာ၊ ကိုသော်ကြီး ပါသွားခဲ့တာပေါ့ နော်"

"သူတို့ သိပ်ချစ်ကြတယ်လေ၊ သွားအတူ လာအတူ စားအတူပဲ၊ နင့်ကားက ဘယ်မှာလဲ၊ ဒီဘက်မှာပဲ ရပ်ထားလို့လား"

"ပါကင်မရလို့ ငါက ဟိုဘက်လမ်းအထိ သွားရပ်ထားခဲ့တာ၊ နင့်ကားအထိ လိုက်ပို့ပေးမယ်၊ ပြီးမှ ဟိုဘက်ကို ငါ ဆက်လျှောက်သွားရမှာ"

အဲဒီနောက် နှစ်ယောက်သား တိတ်ဆိတ်စွာ ယှဉ်တွဲလျှောက်လာခဲ့ကြပါသည်။ စကားတွေ ပြောနေခဲ့စဉ်က မသိသာမထင်ရှားသော ရင်ခုန်သံသည် တိတ်ဆိတ်ခြင်း၌ သိသာထင်ရှားလှလေသည်။ ဤနှလုံးခုန်သံတို့ဟာ ဘာကြောင့် ဤမျှပဲ့တင်ရသနည်း၊ ဘာကြောင့် ဤမျှအင်အားကြီးမား ပြင်းထန်ရသနည်း။

"ညဖူး"

"ဘဝရှင်"

ရုတ်တရက်မှာ တစ်ယောက်ကိုတစ်ယောက် ပြိုင်တူခေါ်လိုက်မိကြပါသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မလုံမလဲ ပြုံးမိကြရင်း ...

"နင် အရင်ပြော"

"နင်အရင်ပြောပါ ညဖူး"





"ဟင့်အင်း ... ငါက နှုတ်ဆက်မလို့ပါ ကားနားရောက်လို့၊ နင်ပြောပါ"

"ငါ ..."

"........"

"ငါ နင့်ကို စကားပြောချင်တာလေးတွေရှိလို့ တစ်ရက်တွေ့ပါရစေ၊ တစ်နေရာရာပေါ့ဟာ၊ ငါ အေးအေးဆေးဆေး ပြောပြချင်တာတွေ ရှိလို့ပါ"

ညဖူးက ကားနားမှာ ရပ်လိုက်ကာ ဘဝရှင်ကို ခပ်ငေးငေး မော့ကြည့်လိုက်ပါသည်။ ခေါင်းညိတ်ချင်တယ် ... ခေါင်းညိတ်လိုက်မယ် ... ခေါင်းညိတ် ...

"ညဖူး"

ညဖူးက အသံလာရာ ကားရဲ့အနောက်ဘက်ကျကျဆီ ကြည့်လိုက်မိလျှင် လက်ကိုင်အိတ်ချိတ်လျက် ရပ်နေသော မမဆင့်ကို အံ့အားတသင့် တွေ့လိုက်ရပါသည်။ တွေ့စရာအကြောင်းရှိသော နေရာမျိုး မဟုတ်၊ မမဆင့်တို့ လာနေကျနေရာမျိုးလည်း မဟုတ်၍ ညဖူးရဲ့ ခံစားချက်မှာ အံ့အားသင့်ခြင်းမှ တစ်ဆင့်တက်ကာ ဆူဝေလာပါသည်။

"မမဆင့် ဘယ်ကိုလာတာလဲ"

"သားသားက ဒီဟိုတယ်က ကိတ်ခ် စားချင်တယ်ဆိုလို့ လာဝယ်တာလေ၊ ညဖူးကကော ဒီအချိန် ဒီဟိုတယ်ထဲက ဆဲင်မီနာမှာ ရှိနေရမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆဲင်မီနာက သူတို့ သတ်မှတ်ထားတဲ့ အချိန်ထက် စော ပြီးသွားတာလေ မမဆင့်၊ မမဆင့် ... မမဆင့် ညဖူးကို လိုက်ကြည့်တာလား"

"ညဖူးကို မမဆင့်က ဘာကြောင့် လိုက်ကြည့်ရမှာလဲ ကွယ်၊ မတော်တဆ တိုက်ဆိုင်ကြုံကြိုက်သွားတာပါ၊ တကယ်လို့ လိုက်ကြည့်မိရင်တောင် ညဖူးမှာ မကြိုက်စရာ မနှစ်မြို့စရာ အကြောင်းရှိလို့လား"

ညဖူးသည် ဘာမှ မပြောနိုင်ဘဲ အံ့အားသင့် ခံပြင်း နေသည်။ သူ့ကို ဤမျှအထိ လိုက်ချုပ်မည်ဟု ထင်မထားပါ။ သူက အမေလည်းမဟုတ် ဘာမဟုတ်။ ဘယ်လောက်ထိ ညဖူးညို အပေါ် လွှမ်းမိုးခြယ်လှယ်ခွင့် အခွင့်အာဏာ ရှိနေလို့လဲ။ ဒီနေရာ မှာ "ဘွား"ဆိုလျှင်ပင် အုပ်ထိန်းသူ မိဘနေရာက လူကြီးမို့ ဘယ်လိုပင်ဖြစ်စေ အောင့်၍ နားလည်သည်းခံပေးရပါဦးမည်။

မမဆင့်က ဘဝရှင်ကိုလည်း အရိုးခံမဟုတ်သော အပြုံးတစ်မျိုးနှင့် ပြုံးပြကာ ...

"ဘယ်လိုလဲ ဘဝရှင်၊ မင်းအိမ်က လူကြီးသူမတွေကတော့ သိပ်အပြောတင်စီးကြတာမျိုးနော်၊ မုဆိုးမနဲ့ သဘောမတူ နိုင်ဘူးဆို၊အခုလို မင်းမုဆိုးမကလေးနဲ့ လာချိန်းတွေ့နေ တာကိုသာတွေ့ရင် ဟိုအဒေါ်ကြီး ဘယ်လိုနေပါလိမ့်မလဲ သိချင်လိုက်တာ၊ မင်းတို့ဘက်ကစကား မင်းတို့ကပဲမတည် ပါလား"





ဘဝရှင်က နီမြန်းပြီး ပျက်နေတဲ့ စိတ်ထိခိုက်နေပုံ တဲ့ ညဖူး မျက်နှာကြောင့် ဒေါသစိတ်တို့ ဆူဝေလာသလို ခံစား လေသည်။ ဒီအမျိုးသမီးစကားအတွက် သူ ဘယ်လိုမှ မခံစား ပါ။ ညဖူး မျက်နှာကလေးကြောင့် သူခံစားရပါသည်။

"အစ်မ ... အဲဒီစကားက ဒေါ်ကြီးက အစ်မကို ရှာဖွေပြီး လာပြောခဲ့တာ မဟုတ်ပါဘူးဗျာ၊ အစ်မက ကျွန်တော်တို့ ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရှာဖွေရောက်လာပြီး ပြောလာ တဲ့စကားအပေါ် ဒေါ်ကြီးက မခံချင်စိတ်နဲ့ တုံ့ပြန်တာပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ အဲဒါ ဒေါ်ကြီးစကားပါ၊ ကျွန်တော့် စကား မဟုတ်ပါဘူး"

"သူပြောတော့ သူက မင်းအမေလိုပဲဆို"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို ထိရင် သားအရင်းကို ထိခိုက်သလို အမေရင်းအတိုင်း ဒေါ်ကြီးက ခံစားရတတ် ပေမယ့် ကျွန်တော့်ဘဝရဲ့ အရေးပါတဲ့ အခန်းကဏ္ဍတွေ ဆုံးဖြတ်ချက်တွေကိုတော့ ဒေါ်ကြီး မလွှမ်းမိုးနိုင်ပါဘူး ခင်ဗျာ"

"ဒါဆို မင်းက အဲဒီအဒေါ်ကြီးစကားနဲ့ ဆန့်ကျင်ဘက်ကို လုပ်မှာလို့ အတိအလင်း ဆိုလိုတာလား ဘဝရှင်၊ အခု လည်း မင်းတို့နှစ်ယောက် ချိန်းတွေ့ကြတာကို ဝန်ခံလိုက် တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ချိန်းမတွေ့ပါဘူး၊ ဒီဆဲဗင်မီနာကို ကျွန်တော်က အော့ဘ်ဇာဗာတစ်ယောက်အနေနဲ့ လာတက်ရင်း မမျှော်လင့်ဘဲ ညဖူးနဲ့ ဆုံတာပါ၊ ဒါပေမဲ့ တကယ်လို့ ချိန်းတွေ့ခဲ့သည်ရှိသော်လည်း အစ်မနဲ့ မဆိုင်ဘူးထင်တယ်"

"တို့က သူ့အစ်မလေ"

"အစ်မက ညဖူးရဲ့ခင်ပွန်းဟောင်းရဲ့ညီရဲ့ မိန်းမဆိုတာ သိပါတယ်၊ ညဖူးညိုက ဘယ်သူနဲ့တွေ့ရမယ် မတွေ့ရဘူး စကားပြောရမယ် မပြောရဘူး မဆုံးဖြတ်နိုင်တဲ့ ကလေးလေးတစ်ယောက် မဟုတ်ပါဘူး အစ်မ"

"သူ့ကို လက်ထပ်ပေးစားဖို့ စီစဉ်ထားတဲ့သူ ရှိတာရော မင်းသိရဲ့လား ဘဝရှင်"

"အဲဒီစကားကို ညဖူး ပါးစပ်က ပြောရင်တော့ ကျွန်တော် နောက်ဆုတ်လိုက်ပါ့မယ်"

"နောက်ဆုတ်လိုက်ပါမယ် ဆိုတာက ? ? "

"ဟုတ်ပါတယ် အစ်မ၊ အခုတော့ ကျွန်တော် နောက်မဆုတ်တော့ဘူး၊ ကျွန်တော့်ရဲ့ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း အဆုံးအဖြတ်ဟာ ညဖူး စိတ်ချမ်းသာမှု စိတ်ဆင်းရဲမှု အပေါ်ပဲ တည်လိမ့်မယ်ဗျ၊ ညဖူး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ညဖူးကိုတောင် မပြောခဲ့တဲ့ စကားတစ်ခွန်းကို အစ်မရှေ့မှာပဲ တိုင်တည်ပြီး ကျွန်တော်ပြောရတော့မယ်၊ ကျွန်တော်က ညဖူးကို ဟိုးကလေးလေးဘဝကတည်းက





ချစ်ခဲ့တဲ့သူ၊ ဟုတ်တယ်၊ သူ ဘာဖြစ်နေပါစေ သူက ကျွန်တော်ချစ်တဲ့ မိန်းကလေးဗျ၊ ညဖူးကို ကျွန်တော်တစ်သက်လုံး မြတ်မြတ်နိုးနိုး ချစ်သွားမှာ"

ညဖူးသည် ကတုန်ကယင် ဖြစ်လာကာ ကားကို အားပြု၍ လက်နှင့်ထောက်ထိန်းလိုက်ရပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ညဖူးသည် တဖြည်းဖြည်း ရွေ့နေသော ကားတန်းကြောင့် ဖြည်းဖြည်းသာ တရွေ့ရွေ့ မောင်းလာရရင်း အဝေးကပင် ပလက်ဖောင်းပေါ် ရပ်နေသော ဦးလင်းရှင်ကို မြင်ပါသည်။ ဒီနေရာဟာ ကားကျပ်တတ်တဲ့နေရာ ဖြစ်တဲ့အပြင် လမ်းဘေးမှာ ကားထိုးရပ်လို့မရတဲ့ နေရာလည်းဖြစ်ရာ ကားခေါင်မိုးပေါ် လက်လှမ်းထောက်ပြီး စိတ်ရှုပ်အခက်တွေ့တဲ့ မျက်နှာနှင့် ရပ်နေတဲ့ ဦးလင်းရှင်ဟာ ကားပျက်နေတာဖြစ်မှာ သေချာသည်။

ကားတစ်စင်း လမ်းဘေးထိုးပျက်နေတာမို့ နဂိုကပင် ကျပ်လှတဲ့ ထရက်ဖစ်ဟာ ဒီနားမှာ တော်တော်နှင့်မရွေ့တော့ဘဲ လုံးထွေးကျပ်သပ်နေသည်။ အကူညီ လိုအပ်နေမည်ထင်ကာ ဘာလုပ်ရင်ကောင်းမလဲ နောက်က ထိုးကာ ကပ်ရပ်လိုက်လျှင် ကောင်းမလားတွေးကာ ချီတုံချတုံနှင့်ပင် ရှေ့ကိုတဖြည်းဖြည်း ရောက်လာသည်။ ကားကို ရပ်ထားတဲ့ ဦးလင်းရှင်ကား





နောက် ဝင်ထိုးဖို့ အဆင်မပြေတော့တဲ ဘေးချင်းကပ်ကာ ကျော်လာခဲ့လျှင် ဦးလင်းရှင်ရဲ့ စိတ်အိုက်သောမျက်နှာကို ပိုပြီးထင်ထင်ရှားရှား မြင်ရလေသည်။

အို ... လူကြီးတစ်ယောက် အကူအညီလိုနေတာပဲ။ ဘာဖြစ်လို့ မကူညီနိုင်ရမှာလဲ။ ညဖူးညိုသည် ရှေ့နားလေးမှာ အတွင်းဘက် ညာလိုင်းထဲ ယူလိုက်ပြီး ရှေ့နားက ညာဘက်ချိုးသော လမ်းသွယ်ထဲ ချိုးချလိုက်ပါသည်။ လမ်းသွယ်ထဲမို့ ကားရပ်စရာ တစ်နေရာမှာ ခက်ခက်ခဲခဲ ရပြီးလျှင် ကားပေါ်ကဆင်းကာ လမ်းမကြီးပေါ် ပြန်ထွက်လျှောက်လာခဲ့သည်။

"အန်ကယ်လ်"

ခပ်တိုးတိုး ခေါ်သံကြောင့် ဦးလင်းရှင်က လှည့်ကြည့်ပါသည်။

"ကားပျက်နေလို့လား"

"ဪ ... အေးကွယ့်၊ ကားက ဘာဖြစ်မှန်းမသိ ထိုးရပ်သွားတာပဲ၊ ခါတိုင်းမောင်းပို့နေကျ တပည့်ကလည်း မပါ၊ သူကတော့ နည်းနည်းနားလည်သေးတယ်၊ အန်ကယ်လ်ကတော့ ကားလည်း မောင်းခဲတယ်၊ နားလည်းမလည်"

ဦးလင်းရှင်က ဝင်းစင်သန့်ရှင်းနေတဲ့ ညဖူး မျက်နှာကလေးကို အသေအချာ စူးစိုက်ကြည့်ရင်း ...

"သမီးက ညဖူးညိုလား"



www.burmeseclassic.com

www.burmeseclassic.com



ညဖူးရဲ့မျက်နှာကလေးက ပီတိနှင့် ဝင်းပသွားတာရယ်၊ ရှက်သွေး ဖျန်းသလို လျှမ်းခနဲ ပန်းသွေးဆမ်းသွားတာရယ်ကို ဦးလင်းရှင် သတိပြုမိပါသည်။

"ဟုတ်ပါတယ် အန်ကယ်လ် ညဖူးညီပါ၊ သမီး ဘာကူညီရမလဲ အန်ကယ်လ်"

"အန်ကယ်တို့ ပြင်နေကျ ဝပ်ရှော့ပ်တော့ ဖုန်းဆက်ခေါ်ထားတော့ သူတို့ကားနဲ့ လိုက်လာနေပြီတော့ ပြောတယ်၊ သူတို့တော့ ရောက်လာပြီး ကားကို ကြည့်ကြမှာပါ၊ အန်ကယ်လ်က သူတို့ကို စောင့်နေရတာပေါ့၊ တစ်ခုပဲ အန်ကယ်လ် ဘူတာကြီးနား လူကြုံပစ္စည်းထုပ်တစ်ခု သွားပေးရမှာ အချိန်မှ မီပါတော့မလား မသိဘူး"

"သမီး လိုက်ပို့ပေးပါ့မယ် အန်ကယ်လ်"

"အို ... အားနာစရာ သမီးရယ်၊ ဝပ်ရှော့ပ်က အလာကိုလည်း စောင့်ရဦးမှာ"

"သူတို့ကိုစောင့်ပြီးရင် သူတို့နဲ့ကားထားခဲ့ပြီး အန်ကယ်လ်ကို သမီးလိုက်ပို့လို့ရပြီပေါ့ အန်ကယ်လ်"

"သမီး သွားစရာရှိတာတွေ အလုပ်ပျက်နေမလားလို့ပါ"

"ရပါတယ် အန်ကယ်လ်၊ သမီးမှာ အလျင်စလိုအလုပ်မရှိပါဘူး"

သူတို့ စကားပြောနေတုန်းပင် ဝပ်ရှော့ပ်မှ လူနှစ်ယောက် လိုက်လာသောကားက ရောက်လာပါသည်။ ခဏတဖြုတ် စစ်ဆေးကြည့်ပြီးလျှင် ...





"ကျွန်တော်တို့ မောင်းလို့ရရုံ လက်ပူတိုက်ပြီး ဝပ်ရှော့ပ်ကို သယ်သွားတော့မယ်၊ အန်ကယ်လ်တော့ ဒီကနေပဲ ကားငှားပြန်လိုက်တော့ရင် ကောင်းမယ် အန်ကယ်လ်"

"ဒါဆိုရင် အန်ကယ်လ် သမီးနဲ့ လိုက်ခဲ့တော့နော်၊ အန်ကယ်လ်မှာ သွားစရာရှိတာ လိုက်ပို့ပြီး အိမ်ပါပြန်ပို့ပေးပါ့မယ်"

ဦးလင်းရှင်က အားတုံ့အားနာနှင့်ပင် နောက်ဆုံးတော့ ညဖူးညီ မောင်းတဲ့ကားပေါ် ပါလာခဲ့ပါသည်။ ဦးလင်းရှင်က ဘူတာကြီးရှေ့နားက အဝေးပြေးဂိတ်မှာ ညနေထွက်မည့်ကားနှင့် လိုက်ပါမည့် သူတစ်ယောက်ထံ လူကြုံပစ္စည်းထုပ် သွားပေးကာ ညဖူး ကားအနား ပြန်လျှောက်လာရင်း ...

"သမီး အလုပ်ပျက်နေမယ်၊ သွားစရာရှိတာသွားပါ၊ ဒီနားက ကားငှားရလည်း လွယ်ပါတယ်"

"မဟုတ်တာပဲ အန်ကယ်လ်၊ ကားငှားမသွားပါနဲ့၊ သမီးလိုက်ပို့နိုင်ပါတယ်၊ ဘာမှ အပန်းမကြီးပါဘူး"

ဘဝရှင်ရဲ့အဖေကို တိုက်တိုက်ဆိုင်ဆိုင် ကြုံတုန်းဆုံခိုက် တစ်စုံတစ်ရာသော အကူအညီပြုပေးခွင့် ရတာကိုပဲ ညဖူးက ရင်ထဲမှာကျိတ်ပြီး ဖျပ်ဖျပ်ခါ ပျော်မြူးစိတ်လှုပ်ရှားနေမိပါသည်။ အဲဒီ ကိုယ့်စိတ်ကိုလည်း ညဖူး ကိုယ်တိုင် ပြန်သတိပြုမိသည်။ ဘဝရှင်ရဲ့အဖေကို ကားပေါ်တင်လာပြီး လိုရာပို့ပေးရတာကို ဖားချင်နေရာ ကျမလားရယ်လို့ ရှက်စနိုးလိုလို ကြည်နူးတာလိုလို ရင်တဖိုဖိုလည်း ဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဖူးရဲ့စိတ်မှာ ဘဝရှင်ထံက ပန်းစည်းကြီးရ ကလို အုံ့ဆိုင်းမှိုင်းမှုန်သော ခံစားချက်မျိုး မရှိတော့ပါတ အဲဒီတုန်းကတော့ သူ အိမ်ထောင်ကျဖူးတာကို ဘဝရှင် မသိ ဘူးဆိုတဲ့အတွေးက သိမ်ငယ်စေလှတယ် မဟုတ်လား။ အိမ် ကျအပြီး တရားဝင်ခင်ပွန်း ကွယ်လွန်သွားတဲ့ မုဆိုးမလေး ယောက်ဆိုတာသိရင် ဘဝရှင် ယူကျုံးမရ ဖြစ်ရှာမည်၊ မျိုး ထွေးရခက် ဖြစ်ရှာမည်ဆိုတဲ့ စိုးရိမ်ဝမ်းနည်းစိတ်က နှောင့်ခဲ့ လေ။

သိသွားပြီးတဲ့ နောက်မှာလည်း သူ့ဘက်က အေ တိတ်ဆိတ်သွားတယ်လို့ ခံစားရတဲ့အခါ လူဟာ နေရထိုင် မပျော်ရွှင်လိုက်တာမှ။ လေးကန်ထိုင်းမှိုင်းပြီး မပြုံးချင် မရ အောင်။ ဒီကြားထဲ အိမ်ကလူကြီးတွေရဲ့ စီစဉ်ညွှန်ကြား ဖိအားပေးမှုတွေ မျက်စိဒေါက်ထောက် ချုပ်ချယ်စောင့်ကြ တွေကြောင့် နှလုံးစိတ်ဝမ်းဟာ အမြဲလိုပင် ညှိုးချုံးနေခဲ့ရတာ

အခုရက်ပိုင်းတော့ ညဖူး ပျော်ပါသည်။ ဘာကြေ လဲ။ အကြောင်းမရှိပဲကို အလိုလို စိတ်ကြည်လင်ချမ်းသာနေ "……"ဟိုတယ်နံဘေး ကားပါကင်မှာ မမဆင့်ကို တစ်လုံး ပြတ်ပြတ်သားသား ပြောလိုက်တဲ့ ဘဝရှင်ရဲ့စကားသံ စကား တွေကို ပြန်ကြားယောင်လိုက်လျှင် မျက်နှာကလေးကြည် နှုတ်ခမ်းကလေးပြုံးကာ လူက မြောက်ဆွဆွဖြစ်လောက်အော ပေါ့ပါးသွက်လက်လာသည်။





အဲဒီရဲ့နောက်ရက်တွေမှာ ဘဝရှင်ဟာ ညဖူးကို နေ့စဉ်မပျက်မကွက် ပုံမှန်ဆက်သွယ်ပါသည်။ သူ့ရင်ကိုဖွင့်လှစ် ပြီးပြီဖြစ်၍ ညဖူးထံမှ ငြင်းစကား တစ်စုံတစ်ရာ ကန့်ကွက် လာမချင်း သူတို့ချင်း ပတ်သက်မှု ဆက်သွယ်မှု တစ်ခုရှိနေခဲ့ ပြီလို့ သူ ယူဆပုံပါ။ ဤဆက်သွယ်သော ကြိုးကလေးကို ညဖူး ဘက်က မဖြတ်တောက်သရွေ့ ဖွင့်ဟဝန်မခံရသေးရုံတမယ်ဖြစ် သော ပတ်သက်မှုဟာ တည်တံ့နေပါလိမ့်မည်။

ညဖူးကရော ဘာအကြောင်းကြောင့် ဤဆက်သွယ် ချည်နှောင်သည့် ကြိုးကလေးကို ဖြတ်တောက်ရပါအံ့နည်း။ ထို အခါ နေ့ရက်တို့သည် ညဖူးရဲ့တစ်သက် မကြုံစဖူး ထူးကဲသော ကြည်နူးဖွယ် သာသာယာယာ နေ့ရက်များ ဖြစ်ခဲ့ရလေသည်။

"ဟိုတလောကတောင် သမီးရဲ့'……'ဆေးခန်း ရောက် သေးတယ်"

"ရှင် … ဟုတ်လား အန်ကယ်လ်၊ ဆေးခန်းပြတာလား အန်ကယ်လ်၊ သမီးကို ခေါ်လိုက်ရောပေါ့"

"မခေါ်တော့ပါဘူး သမီးရယ်၊ အရေးလည်း သိပ်မကြီး ပါဘူး၊ အိမ်မှာ ဟိုးပထမအကြိမ် ဘီပိုးကာကွယ်ဆေးထိုး ကြတာ ပြန်စစ်တော့ ကျန်တဲ့သူတွေ ဆေးအောင်ပေမယ့် ဘဝရှင်ရဲ့ဦးလေးအောင်က ဆေးမအောင်လို့ နောက်တစ် ကြိမ် အစက ပြန်ထိုးရတယ်လေ၊ ဆေးတော့ ဘဝရှင်ထိုး ပေးပေမယ့် အကြိမ်ပြည့်သွားတော့ တစ်ခါပြန်စစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ အဲဒါ ဒီတစ်ခေါက် သမီးတို့ဆေးခန်းမှာ လာစစ်တာပါ၊ သမီးတို့ ဆေးခန်းက Laboratory examination အပိုင်းမှာ ကောင်းတယ်လို့ နာမည်ကြီးတာလေ၊ ဒါကြောင့်ပါ"

သဘောကောင်း နူးညံ့သော ရယ်သံနှင့် စကားအဆုံး သတ်လိုက်တဲ့ ဦးလင်းရှင်ကြောင့် ညဖူးက ကျေးဇူးတင်သော အပြုံးလေး ပြန်ပြုံးပြလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် အန်ကယ် အဆင်ပြေခဲ့ရဲ့လားရှင့် ဒီတစ်ခေါက် HBS antibody ပေါ့စတစ်ဖ် ဖြစ်သွားပြီလား အန်ကယ်လ်"

"ပေါ့စတစ်ဖ် ဖြစ်သွားပါပြီ၊ သမီးတို့ဆေးခန်းက ဆက်ဆံရေးလည်း တော်တော်ကောင်းပြီး လူနာတွေကို ဂရုလည်း စိုက်တယ်၊ အောင်လည်း အောင်မြင်တယ်၊ ကောင်းတယ် သမီး၊ သမီးလည်း အသက်ငယ်သေးပေမယ့် ဒီလိုဆေးခန်း ကြီးတစ်ခု အောင်အောင်မြင်မြင် စီမံအုပ်ချုပ်နေနိုင်တာ လည်း အန်ကယ် ချီးကျူးပါတယ်"

"အဟင်းဟင်း … အန်ကယ်လ်က ချီးကျူးတော့ သမီး မျက်နှာပူပါတယ်၊ ကလင်းနစ်က ကိုကိုကြီး ရှိတုန်းက တည်းက အရှိန်ရ အောင်မြင်ပြီးသားပါ အန်ကယ်လ် သမီးက လုပ်ရိုးလုပ်စဉ် စီမံခန့်ခွဲမှုလေးတွေ လက်တင်လေး သဘောမျိုး ဆက်လုပ်သွားရုံလောက်ပါပဲ အန်ကယ်လ်"





"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သမီးက တော်တဲ့မိန်းကလေးတစ် ယောက်ပါ၊ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ် ဆိုရင် သမီးအကြောင်းတွေလည်း အန်ကယ်လ် ကြားနိုင် သိနိုင်သလောက် နီးစပ်သလောက်ပေါ့လေ စုံစမ်းခဲ့မိပါ သေးတယ်"

"………"

ညဖူးသည် ထိတ်ခနဲ နှုတ်ဆိတ်သွားရပါသည်။

"ဒါလည်း သမီး ဘယ်လိုမှ သဘောမထားစေချင်ပါဘူး၊ အန်ကယ်မှာက သွေးသားရင်းချာဆိုလို့ ဒီဘဝရှင်တစ် ယောက်ပဲ ကိုယ့်မိသားစု ကိုယ့်သားအဖြစ်ရှိတာဆိုတော့ ဘဝရှင်ဆီက သမီးအကြောင်းလေးတွေ ကြားလာတဲ့အခါ နည်းနည်းပါးပါးတော့ အန်ကယ်လ်လည်း အဖေတစ် ယောက်အနေနဲ့ သိထားသင့်တယ်လို့ ယူဆမိလို့ပါ"

ညဖူးရဲ့ ရင်ခုန်သံတို့က တဒိတ်ဒိတ် လျင်မြန်လာ ရပါသည်။ ညဖူး အကြောင်း စုံစမ်းတယ်ဆိုတဲ့အတွက် ဘယ်လိုမှ သဘောမထားမိပါလေ။ စုံစမ်းရလောက်တဲ့အထိ စိတ်ဝင်စားစရာ နေရာတစ်ခု ရောက်ခဲ့ရတာကိုပင် ရင်ခုန်မိပါသည်။

"လူအယောက်ယောက် အသီးသီး ဘဝအခြေအနေ အမျိုးမျိုး ပိုင်ဆိုင်ကြရတဲ့ အထဲမှာ ကုသိုလ်ကံကြမ္မာရဲ့ စေစားမှု ခြယ်လှယ်မှုက အများကြီး အဓိကကျတယ်၊ မိမိရဲ့ကုသိုလ်ကံကို ကံကြမ္မာကို ဘယ်သူမှ ပြုပြင်လို့မရ

www.burmeseclassic.com



ဘူး သမီးရဲ့၊ မိမိရဲ့အလုပ်ဟာ မိမိရဲ့ကံကို ပုံသွင်းပြဖြင် တယ် ဆိုပေမယ့် ဥပမာ သမီး အခုလို အိမ်ထောင်ကို သေကွဲကွဲပြီး မုဆိုးမကလေးဆိုတဲ့ဘဝ ရောက်ရခြင်းဟာ သမီးအမှား သမီးရဲ့အပြစ် သမီးက မကောင်းမှုလုပ်လို့မှ မဟုတ်ဘဲ၊ ကောင်းအောင်နေ ကောင်းတာလုပ်ပေမယ့် လည်း ကံကြမ္မာက ဒီလိုပဲဖြစ်လာတယ်၊ ဒီခရီးကို သမီး လွှတ်တာလည်း မဟုတ်ဘူး၊ ဒီကားကို သမီး မောင်းတာ လည်း မဟုတ်ဘူး၊ ဒီအဖြစ်မျိုးကို သမီး မျှော်လင့်ခဲ့တာ လည်း မဟုတ်ဘူး၊ ဒါပေမဲ့ ကံအကျိုးပေးက ဒီလိုပေးလာ တဲ့နေ့မှာ သမီး မုဆိုးမကလေး ဖြစ်ခဲ့ရတယ်၊ ဒီအတွက် သမီး အားငယ်ဖို့ သိမ်ငယ်ဖို့ မရှိပါဘူး"

"ကျေး ... ကျေးဇူးတင်ပါတယ် အန်ကယ်"

ညဖူးသည် စကားတစ်လုံးချင်းကို အသေအချာ ဂရုတစိုက် နားထောင်နေမိတဲ့အတွက် အသက်ကိုပင် မျှင်း၍သာ ရှုနေမိပါသည်။

"ဟိုတလောက အိမ်မှာ သမီးရဲ့ယောက်မ၊ အဲ ... လင်ညီ အစ်မ ခေါ်မလား အမျိုးသမီးနဲ့ အိမ်ကဒေါ်ကြီးတို့ စကား အခြေအတင်လေးလို ဖြစ်ကြတယ်၊ သမီးလည်း ခုလောက် ဆို သိပြီးကြားပြီးရောပေါ့၊ အဲဒီအတွက်ကိုလည်း အိမ်မှာ ဒေါ်ကြီးကို တော်တော်ပဲ အန်ကယ်လ် သတိပေးပါတယ်၊ မပြောသင့်တာတွေပြောလို့ သမီးလည်း ဒီအတွက် စိတ်ထဲ မထားပါနဲ့တော့"





"မထားပါဘူး အန်ကယ်လ် ဒေါ်ကြီး ပြောတယ်ဆိုတာ လေးတွေ ပြန်ကြားရပါတယ်၊ သမီး ဘယ်လိုမှ မနေပါဘူး၊ ဒေါ်ကြီးပြောတာ အမှန်တွေပါပဲ၊ တမင်နစ်နာစေမဟုတ်ဘဲ သူ့စိတ်ထဲရှိသလို ပြောတာလို့ပဲ နားလည်ပါတယ်"

"ဘဝရှင်ရဲ့ဘဝက အထီးကျန်တယ်၊ သူ့နှလုံးသားက နူးညံ့တယ်၊ သူ့ကိုမွေးပြီး သုံးရက်အကြာမှာ သူ့အမေ ကွယ်လွန်သွားခဲ့တော့ သိတတ်တဲ့အရွယ်လေး ရောက်လာ တဲ့ အချိန်မှာ အမေဆိုတာ ဘယ်လိုဟာလဲ သူ နားမလည် ရှာဘူး၊ ငယ်ငယ်ကဆိုရင် အမေအရွယ်လောက် အမျိုးသမီး ကိုဆို သူက မသိစိတ်နဲ့ ချစ်ခင်တန်းတန်းစွဲရှာတာ၊ အန်ကယ့်လ်မိတ်ဆွေ မိသားစုတွေက ဇနီးသည်တချို့၊ သူ့ဆရာမ၊ အိမ်နီးနားချင်း အန်တီအရွယ်တွေ စသည် ဖြင့် လိုက်ပြီး တရိုတသေ ချစ်ခင်နေတတ်တာ ...

ခုထိ သူ့သူငယ်ချင်းတွေရဲ့ မိခင်တွေကိုဆိုရင် သူက အမေပဲ လိုက်ခေါ်တာ၊ အဲလို အမေအရွယ်မှမဟုတ် ဘူး၊ ရွယ်တူအပေါင်းအသင်းထဲမှာလည်း ယောကျ်ားလေး မိန်းကလေးမရွေး သူ စွဲမိစွဲရာ ချစ်ခင်နေတော့တာပဲ၊ သံယောဇဉ်ကြီးတော့တာပဲ၊ သမီးကို မူကြိုတုန်းက သူ အင်မတန် တန်းတန်းစွဲတာ၊ ချစ်ခင်တာသာကြည့်၊ သူငယ် ချင်းအနွံအတာဆိုရင် တမုန်းခံတယ်၊ သိပ်သံယောဇဉ်ကြီး တဲ့ကလေး၊ အိမ်မှာ အဖေရယ်၊ အဖော်အလျော်အဖြစ် သူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ ဦးလေးအောင်တို့ ဒေါ်ကြီးတို့ လင်မယားရယ် ရှိပေမယ့် ရွယ်တူမှ မဟုတ်တာ၊ သူ့အတွက် ပြီးပြည့်စုံတဲ့ အဖော်မွန်တော့ မဖြစ်ဘူးပေါ့ သမီး ...

ဒါကြောင့် အန်ကယ်လ်က ဟိုးတုန်းကတည်းက အမြဲပဲ ကြိုတင်စိတ်ကူးယဉ်ထားခဲ့ပါတယ်၊ အထီးကျန်တဲ့ အချစ်ငတ်တဲ့ ငါ့သားလေး၊ တစ်နေ့နေ့ တစ်ချိန်ချိန် သူ သိပ်ချစ်တဲ့မိန်းကလေး တွေ့လာခဲ့သည်ရှိသော် ချစ်ရှာပါစေ၊ ကြိုက်တာ ဆုံးဖြတ်ပါစေ၊ ဘာအကြောင်းကြောင့်မှ မဖျက်ဘူးလို့"

ညဖူးရဲ့အသည်းထဲ အေးခနဲ ခံစားရပါသည်။

"ဘဝရှင်ကသာ တကယ် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရင် မိန်းကလေးကလည်း မိန်းမကောင်းကလေး ဖြစ်ခဲ့ရင် အန်ကယ်လ် ဖျက်ဖို့စိတ်ကူး မရှိဘူးလို့ ဆိုလိုတာပါ၊ ဒီထက် တည့်တည့်ပြောရရင် အမျိုးဖြစ်ခြင်း မဖြစ်ခြင်းဟာ အန်ကယ့်အတွက် အဓိကကျတဲ့ အနှောင့်အယှက် မဖြစ်ပါဘူး၊ ဘဝရှင်သာ စိတ်ချမ်းသာမယ်ဆိုရင် အန်ကယ်လ်က ကန့်ကွက်စရာအကြောင်း မရှိပါဘူး၊ သို့ပေမဲ့ ..."

ဘဝရှင်တို့ရဲ့ အိမ်ခြံဝင်းဝလည်း ရောက်လာပြီမို့ ညဖူးက ကားခေါင်းကို ခြံဘက်ဦးတည်ကာ ဘရိတ်နင်း၍ ရပ်လိုက်ပါသည်။ ဟွန်းသံမပေးရသေးမီပင် ခြံထဲ၌ အသင့်ရှိနေသော ဦးလေးအောင်က ခြံဝကို ရောက်လာကာ တံခါးဖွင့်လိုက်ပါသည်။





"အန်ကယ်လ်တို့ သားအဖဟာ မချမ်းသာပေမယ့် ပြည့်စုံပိုလျှံပါတယ် သမီး၊ ဘဝရှင်ကိုလည်း ကိုယ့်ခြေထောက်ပေါ်ကိုယ် ပြည့်ပြည့်စုံစုံ ရပ်တည်နိုင်မယ့် ပညာရပ်အမွေပေးထားပါတယ်၊ အန်ကယ့်သားဟာ အိမ်ထောင်တစ်ခုကို ဦးစီးဦးဆောင် ထောက်ပံ့နိုင်မယ့် အရည်အချင်း ရှိလာလိမ့်မယ်လို့လည်း အန်ကယ်လ် ယုံကြည်ထားပါတယ်...

ဘဝရှင်ရဲ့ သမီးအပေါ် ထားရှိနေတဲ့ ချစ်ခြင်းမေတ္တာတရားက ဖြူစင်သန့်ရှင်းပါတယ်၊ သူ့ရဲ့ မြတ်နိုးတန်ဖိုးထားမှုက သမီးရဲ့ ဘယ်လိုအားနည်းချက်ကြောင့်မှ အရောင်စွန်း ညစ်ထေးမှာ မဟုတ်ပါဘူး၊ သမီး ဘာဖြစ်နေလဲ၊ ဘယ်လိုဘဝ အနေအထားမှာ ရှိနေသလဲ သူ ဘာမှမသိဘဲ သူ့သက်တမ်းတစ်လျှောက်လုံး သမီးကိုပဲ မျှော်လင့်တမ်းတရင်း ဘယ်သူ့ကိုမှလဲ အလိုအလျှောက်ပဲ အစားမထိုးနိုင်ခဲ့တာဟာ သူ့သစ္စာတရားပါ"

ခြံထဲကွေ့ဝင်လိုက်သောကားက ပေါ်တီကိုအောက် ရပ်နားလိုက်လျှင် ဦးလင်းရှင်က ကားတံခါးကို ဖွင့်လိုက်ပါသည်။

"အန်ကယ်လ် စုံစမ်းလို့ သိရသလောက် သမီးဟာ ပိုင်ဆိုင်မှုတွေ အရမ်းမြင့်မား ကြွယ်ဝနေတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတယ်၊ ခင်ပွန်းသည်ရဲ့ အမွေအနှစ်တွေ အများကြီး ပိုင်ဆိုင်လက်ခံရတယ်လို့ သိရတယ်၊ ပြောရရင် သမီးက အရမ်းချမ်းသာလွန်းနေပါတယ်၊ ဒါကို ဘဝရှင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ ပြည့်ပြည့်စုံစုံ တိတိကျကျ သိချင်မှ သိပါလိမ့်ဦးမယ်၊ သမီး ဘယ်လိုအခြေအနေ အနေအထားဖြစ်ဖြစ် တမြတ်တနိုး ချစ်နေတဲ့ ဘဝရှင်ရဲ့ ချစ်ခြင်းမေတ္တာတွေ သေးနုပ်သိမ်ငယ်သွားပြီး သူတစ်ပါး အထင်မှား အစော်ကားခံရစရာ ဖြစ်မှာမျိုးတော့ အန်ကယ်လ် လုံးဝမလိုလားပါဘူး သမီး၊ သူဌေးမလေးမို့ အန်ကယ့်ဘက်က မကန့်ကွက်ပဲ ကြည်ဖြူပေးလိုက်တယ်လို့ ယူဆမှာမျိုးကို မလိုချင်သလို မုဆိုးမလေးတစ်ယောက်ကို အန်ကယ့်သားက ဖြူဖြူစင်စင်ချစ်တဲ့ အချစ်ဟာ ဒီမုဆိုးမလေးရဲ့ နောက်ခံကြွယ်ဝမှုကြောင့်လို့ သမီးတို့ အသိုင်းအဝိုင်းက နှိမ့်ချသတ်မှတ်မယ့် အခြေအနေတစ်ရပ်ကိုတော့ ဘဝရှင်ရဲ့သိက္ခာတရားကို အန်ကယ်လ်က ရေစုန်မျှောမပေးလိုက်ချင်ပါဘူး ဒါလေးပါပဲ သမီး"

✣ ✣ ✣



(၁၆)

ကလင်ခနဲ အသံမြည်ကာ ဝင်လာသော ဖုန်းမက်ဆေ့ချ်ကို ညဖူးက ဖွင့်ဖတ်လိုက်ပါသည်။

"ညဖူး ...

ဟိုတစ်နေ့က ပါပါနဲ့ တွေ့ကြတော့ ပါပါ ဘာပြောလိုက်လို့လဲဟင် ...

ပါပါက ညဖူးကို စိတ်ထိခိုက်စရာ တစ်ခုခုများ ပြောလိုက်မိလို့လား ...

ပါပါ ဘာပဲပြောပြော ပါပါ့ကို ငါ နားချလို့ တောင်းဆိုလို့ ရပါတယ် ...

ပါပါက အားလုံးအပေါ် နားလည်တတ်သူပါ ...

ငါ့ကို ဒီလို အဆက်အသွယ် မဖြတ်လိုက်ပါနဲ့ဟာ ...

ငါ့ကို ဒီလိုသံယောဇဉ်ဖြတ်ဖို့ မကြိုးစားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညဖူး မျက်ရည်လည်ရလေသည်။ ဒီလိုစာမျိုးတွေ တစ်ပတ်အတွင်း တစ်နေ့ လေး,ငါး,ခြောက်စောင် ဝင်နေတာမို့ ခုဆို အစောင်ပေါင်း လေး,ငါးဆယ်။ နင့်ကို ချစ်စိတ် သနား စိတ်ကြောင့် ဝမ်းနည်းရင်နာရတာကို နင်မသိပါဘူး ဘဝရှင်ရယ်။ အားလုံးကို ရင်ဆိုင်ဖို့ ငါ ကြိုးစားနေပါတယ်။ နင့်ရင်ခွင်ဆီ အပြေးလာနိုင်ဖို့ ငါ ကြံစည်နေပါတယ်။ ဒီကြားထဲ ဘာမှမသေချာ မရေရာနိုင်ခင်လေး အိမ်မှာလည်း မိသားစုအပူဖြစ်နေတုန်း အခိုက် လေး ခဏ စိတ်ရှည်ပေးပါဦး။

"ကလင်"

ဟော ... နောက်တစ်စောင် ဝင်ပြန်ပြီ။

"ညဖူး ...

ငါလာခဲ့မယ်နော်"

သူ ပျာယာခတ်နေမည့် အသွင်သဏ္ဍာန်ကို စာလေး တွေဖတ်ရင်း မှန်းဆနိုင်သည်။ ညဖူးက အချိန်တော်တော်များများ မှာလည်း ဖုန်းကို ပိတ်ထားသေးကာ ဖုန်းဖွင့်ထားချိန်မှာလည်းပဲ လာသမျှဖုန်း မကိုင်မိပါ။ ဒါကြောင့် ပို့လို့ရတဲ့ မက်ဆေ့ချ်တွေပဲ လိုမ့်ပို့နေတာ ဖြစ်မှာပင်။ အိမ်မလာပါနဲ့လို့ တားချင်ပေမယ့် စာလည်း မပြန်ချင်ပြန်ပေ။

"ဆရာကြီး လာပြီ"

မမနုက ခပ်တိုးတိုး ရေရွတ်ကာ ထိုင်ရာမှ သွက် သွက်ထပြီး လေ့ကားထိပ်ရပ်ကာ ဆရာဝန်ကြီးကို ဆီးကြိုလိုက်





ပါသည်။ နောက်က လက်ထောက်ဆရာဝန်လေး ပါလာကာ အဲဒီနောက်မှာ ကျင်ကျင်တို့ မြမြတို့က ဆေးအိတ်ဆွဲကာ လိုက် ပါလာကြပါသည်။ မမနုကို မြင်လျှင် ဆရာကြီးက ...

"အန်တီက ဘယ်လိုဖြစ်ပြန်တုံး၊ ကျွန်တော် ရှိနေရင် အန်တီက အကောင်း၊ ခရီးလေးတစ်ပတ်လောက် ထွက် လိုက်ပါတယ် ဖြစ်ပြီ"

ဘွားကို အမြဲကြည့်ပေးနေကျ ဆရာဝန်ကြီးဟာ ဘွား ရုတ်တရက် နေမကောင်းချိန်မှာ မရှိ၍ သူ့လက်ထောက် စာပည့်ဆရာဝန်ကလေးပဲ လာကြည့်နေရတာပါ။ ဆရာဝန်ကြီးက ဘွားရဲ့အခန်းပြင်ဘက် ဟောလ်က ဆိုဖာဆက်တီကြီးတစ်ခုမှာ ပုံ့ပုံ့ကုပ်ကုပ်ကလေး ထိုင်နေတဲ့ ညဖူးကိုလည်း မေးဆတ်နှုတ် ဆက်ကာ ...

"ညဖူးညို ... ညည်းကော နေကောင်းရဲ့လား၊ မျက်တွင်း တွေညိုပြီး လူက ပိန်ချောင်နေပါလား၊ ကျန်းမာတဲ့ရုပ် မထွက်ပါလား၊ ညည်းရော ဘာဖြစ်တုံး"

"ကောင်းပါတယ် ဆရာကြီး"

ညဖူးက မျက်လွှာလေးချကာ ဖြေမိသည်။ ဆွေလို မျိုးလို ဖြစ်နေတဲ့ ဆရာကြီးဟာ ကိုကိုကြီး ဆုံးခါစက ဒီတစ် အိမ်တည်းမှာပဲ ဘွား၊ မမကြီးနှင့် ညဖူးတို့ သုံးယောက်ကို အပြိုင်ကုသခဲ့ရတာမို့ ညဖူး သွေးအားနည်းတာ၊ ပရက်ရှာကျတတ် တာ၊ နှလုံးအားနည်းတာတို့ကိုလည်း သိထားသူပါပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်းတာတုံး၊ ကောင်းပုံ မပေါ်ပါဘူး ဖြူဖြ
ဖြူရော်နဲ့၊ ထွန်းထွန်းရေ ပြီးရင် သူ့လည်း လိုတာလေး
ကြည့်ပေးဦးမှ"

သူ့တပည့်လေးကို လှည့်ပြောလျှင် ဒေါက်တာ ထွန်းထွန်းဦးက ခေါင်းညိတ်ပြလိုက်ကာ ဘွားအခန်းထဲ ဝင်သွားကြပါသည်။ မမနုက အခန်းဝမှာ ခဏရပ်ကြည့်နေပြီး ညဖူးနံဘေး ပြန်လာထိုင်သည်။ အခန်းထဲမှာ လူများနေတာမို့ ညဖူးတို့ မမနုတို့ မဝင်တော့ပါ။

"ဟုတ်ပါရဲ့ ညဖူး၊ မျက်နှာကို ဖြူရော်နေတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်လုပ်ဦး"

"မလုပ်ချင်ပါဘူး မမနုရယ်၊ ဘွား ဘာမှမဖြစ်ဘဲ ညဖူးသေလည်း အေးတာပဲ၊ ညဖူးက ပတ်ဝန်းကျင်ကို ပြဿနာပေးနေတဲ့ ပြဿနာကောင် ကံဆိုးမပဲ"

"အို ... ဘာလို့ ဒီလိုပြောရတာလဲ ညညရယ်၊ မဟုတ်တာပဲ၊ ဒီလို ကိုယ့်ကိုယ်ကိုယ် အပြစ်မဖို့ရဘူးလေ၊ ကံဆိုတာအလုပ်၊ လူကလုပ်တာပါ ငါ့ညီမရယ်၊ ပြုပြင်လို့ ရပါတယ်"

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ ညဖူး လက်မခံနိုင်ပါဘူး မမနုရယ်၊ ကုသိုလ်ကံကောင်းခြင်း ဆိုးခြင်းဟာ လူကလုပ်တာဆိုရင် ညဖူး ဘာကြောင့် ဒီအရွယ်မှာ မုဆိုးမဖြစ်ရသလဲ၊ ညဖူး ဘာများအမှားလုပ်မိလို့ ကိုကိုကြီး





ဆုံးပြီး ညဖူးက မုဆိုးမ ဖြစ်ရတာလဲ၊ ကံဆိုတာမှာ ညဖူးနားလည်သလောက် အတိတ်ကံနဲ့ အခုဘဝ ပစ္စုပ္ပန်ကံ နှစ်မျိုးရှိတယ်၊ အခုဘဝမှာ ဘယ်လိုပဲ အမှားအယွင်းမရှိပေမယ့် အတိတ်ကံကို ညဖူးတို့ ပြုပြင်လို့ မရပါဘူး၊ အတိတ်ကံဆိုတာ မြတ်စွာဘုရားရှင်သော်မှ ပြုပြင်ပြောင်းလွဲမရလို့ ဘုရားအဖြစ်ကိုမရခင်စပ်ကြား ဘဝမျိုးစုံနဲ့ ပါရမီဖြည့်ရတယ် မဟုတ်လား မမနုရယ်၊ ညဖူးက အတိတ်က အကုသိုလ်ပါလာတဲ့ ကံဆိုးမသက်သက်ပါ"

ပြောရင်းက ညဖူး မျက်ရည်လည်လာပါသည်။

"မမေလည်း ညဖူး ငယ်ငယ်ကတည်းက ဆုံးပါးခဲ့တယ်၊ ဖေဖေ့ကိုလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မယ်ကြံချိန်မှာ ဆုံးရှုံးခဲ့ရပြန်တယ်၊ ညဖူး အိမ်ထောင်ဖက်အဖြစ် ချစ်သူလို အချစ်မျိုး မချစ်နိုင်ခဲ့ဘဲနဲ့ ကျေးဇူးတရားတွေကြောင့် ကိုကိုကြီးကို လက်ထပ်ခဲ့ရတယ်၊ ဘဝတစ်ခုကို ဒီအတိုင်းပဲ ဒုံးဒုံးချပါတော့မယ်လို့ ရည်ရွယ်ဆုံးဖြတ်လိုက်တဲ့ အချိန်မှာ မကြာခင် ခင်ပွန်းသည်ဆုံးပြီး မုဆိုးမဖြစ်ရပြန်တယ်၊ အခုတစ်ခါ ကိုယ်မချစ်နိုင်ဘဲနဲ့ သင့်တင့်လျောက်ပတ်ပါတယ်ဆိုပြီး အိမ်ထောင်ထပ်ပြုဖို့ စီစဉ်နားချခံရပြန်တယ် ...

ကိုယ် တကယ်ချစ်မြတ်နိုးတဲ့သူ တွေ့တာတောင်မှ ခေါင်းညိတ်ရဲ ခေါင်းမညိတ်နိုင်ရတဲ့ဘဝ၊ အရဲစွန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတ္တိမွေးပြီး ဆန့်ကျင်မယ်လို့ ကြိုးစားမယ် ကြံကာမှ သေး ညဖူး စကားကြောင့် ဘွား ခုလို စိတ်ထိခိုက်ပြီး အိပ်ရာထဲ လဲရတယ်။ ညဖူးမှာ ကိုယ်မနှစ်သက်တာကို ငြင်းဖို့ အခွင့်အရေး မရှိဘူးလားဟင်၊ ငြင်းပြန်တော့လည်း ခုလို ဖြစ်ရတယ်၊ ညဖူး အပြစ်ရှိသလား၊ အပြစ်ရှိတယ် လို့လည်း ယူကျုံးမရ ဖြစ်ရသလို အပြစ်မရှိဘူးလို့လည်း ခံယူချင်ပါတယ် ...

ညဖူးရဲ့ ဒီဘဝအကြောင်းကတွေ ဒီလိုဖန်ဖို့ရာ ညဖူး ဘာများမကောင်းတာတွေ လုပ်မိခဲ့လို့လဲ၊ ညဖူး ကောင်းတာပဲ လုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ကံဆ ဆိုးရတာလဲဟင်"

ပါးပေါ်ကို တလိမ့်လိမ့် ကျနေသော မျက်ရည်စတို့ ကို လက်ဖမိုးလေးနှင့် သုတ်လိုက်၊ လက်ဖဝါးလေးနှင့် သိမ်းလိုက်၊ လက်ချောင်းလေးများနှင့် ဖယ်လိုက်၊ မအားနိုင် မနားနိုင်အောင် ရှိတော့သည်။

"ညဖူးရယ် ... ညလေးကို မမနု ကိုယ်ချင်းစာပါတယ် ကွယ်၊ တိတ်ပါ ငါ့ညီမရယ်၊ မေမေက ညဖူးကြောင့်ချည်း ခုလို ဖြစ်ရတာမှ မဟုတ်ဘဲ၊ သူ့ဟာနဲ့သူလည်း တောက် လျှောက် တရှောင်ရှောင်လို ဖြစ်နေတာပါ၊ ဒါကို ကိုလေး တို့ ကိုလေးတို့လည်း နားလည်ကြပါတယ်"





"ခုတော့ ဘွား တစ်ခုခုဖြစ်ရင် ညဖူး ဘယ်လိုဖြေရမလဲ၊ ဘာဆက်လုပ်ရမလဲ၊ မမဆင့်က ညဖူးကို ဆူတာ အပြစ် ပြောတာ မမနု အတွေ့ပဲလေ၊ ကျေးဇူးတရား မသိတဲ့သူတဲ့ လေ၊ အဲဒီကျေးဇူးတရားကို ညဖူး ဆန္ဒမပါဘဲ စာချုပ် တစ်ခုမှာ လက်မှတ်ထိုးလိုက်တဲ့ လက်ထပ်ခြင်း ဆိုတာနဲ့ ညဖူး နိုင်သလောက် ဆပ်ခဲ့တာပဲ မဟုတ်လား၊ အဲဒီလက် ထပ်ခြင်းကြောင့် ညဖူး ဘဝမှာ ဘယ်လိုအဖြစ်အပျက် တွေကို ကြုံခဲ့ ရင်ဆိုင်ခဲ့ရတယ် ဆိုတာ မမဆင့်တို့ မမနု တို့ အလုံးစုံ မသိပါဘူး၊ ဘယ်လိုမှ မသိနိုင်ပါဘူး၊ ညဖူး တစ်ယောက်တည်း မျိုသိပ်ခံစားခဲ့ပါတယ်၊ အခုအချိန်မှာ တော့ ညဖူး ... ညဖူး ... တကယ်ချစ်တဲ့သူကို တွေ့ခဲ့တာ မို့ပါ မမနုရယ်"

"မမနုလည်း စိတ်မကောင်းလိုက်တာ ညီမလေးရယ်၊ ကိုကိုလေးကို မမနု နားချပါ့မယ်၊ အရင်ကတည်းကလည်း ကိုကိုလေးက နားလည်မှုရှိပြီးသားပါ၊ ကိုယ့်ကို ညဖူး လက်မထပ်ချင်တာကို ဖွင့်တိုက်တွန်းလိုတဲ့အထဲ ကိုကိုလေး မပါပါဘူး"

"မမဆင့်က ပြောတယ်လေ၊ ရွှေပုံ စိန်ပုံပေါ် ခုန်တက် လိုက်ရတာကိုပဲ ကျေးဇူးဆပ်ရလေခြင်းဆိုပြီး တန့်နံ့ဖြစ် နေစရာလားတဲ့၊ ကျေးဇူးဆပ်ပြီး ချောက်ထဲခုန်ချရတာကျ နေတာပဲတဲ့၊ ရွှေတွေ စိန်တွေ ညဖူး မမက်ပါဘူး မမနု



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျေးဇူးဆပ်ဖို့ လိုအပ်လာရင် ချောက်ထဲဆင်းဆပ်ဆိုလည်း ညဖူး ဆပ်မယ့်သူပါ၊ မချစ်ပဲ လက်ထပ်ခဲ့တယ်ဆိုပေမယ့် ညဖူး ကိုကိုကြီးကို ရိုးမြေကျပေါင်းပြီး မယားဝတ် ကျေပွန်သွားဖို့ ဆုံးဖြတ်ခဲ့တဲ့သူပါ၊ ဒါပေမဲ့ ... ဒါပေမဲ့ ...”

“ညဖူး”

ညဖူးတို့ ထိုင်နေသော နေရာနှင့် အနီးဆုံးစာကြည့်ခန်းတံခါးက ပွင့်ဟကာ အထဲမှ ကိုကိုငယ် ထွက်လာပါသည်။

“ကိုကိုငယ်”

“ကဲ ... ကဲ ... တိတ် ... တိတ်တော့၊ ငါလည်း အားလုံးကြားနေတယ်၊ တကယ် စိတ်မချမ်းသာဘူး၊ တော်ပါတော့ဟာ”

“ညဖူးကို ဘွားက ကျေးဇူးကန်းတဲ့သူလို့ သတ်မှတ်ပြီး စိတ်ဆိုးသွားပြီလား မသိပါဘူး ကိုကိုငယ်ရယ်”

ညဖူးက ကိုယ့်ကိုမြင်မှ ပိုဝမ်းနည်းလာကာ မျက်ရည်စီးကျရုံ မဟုတ်ဘဲ တသိမ့်သိမ့် ရှိုက်ငိုချလိုက်မိပါသည်။ ကိုယ်က ညဖူး နံဘေး ခုံမှာဝင်ထိုင်လိုက်ပါသည်။

“မေမေ စိတ်ဆိုးသွားတာ မဟုတ်ပါဘူး စိတ်မကောင်းဖြစ်သွားတာပါ ညီမရယ်၊ ညဖူး ပြောတဲ့စကားတွေ ငါလည်း နားထောင်ရတာပဲ၊ ‘ကိုယ့်ကိုတော့ လက်မထပ်ပါရစေနဲ့၊ မိသားစုစီးပွားရေး ဥမကွဲ သိုက်မပျက်ချင်တာ





ဆိုရင် ညဖူး နာမည်နဲ့ ကိုကိုကြီး လွှဲအပ်ပေးထားသမျှ အားလုံး ညဖူး ဘွားကို ပြန်အပ်ပါ့မယ်’ဆိုတာပဲ ညည်းပြောခဲ့တာလေ”

လွန်ခဲ့တဲ့တစ်ပတ် အဲဒီနေ့က ဘွားနှင့်ညဖူး ဆွေးနွေးစကားဝိုင်းကို တစ်လုံးမှ မကြားသိလိုက်ရတဲ့ မမနုက ခုမှပဲ စကားလုံးတို့ကို သိခွင့်ရပါသည်။ ဘယ်လောက်တောင် ဘာတွေပြောလိုက်လို့ ယောက္ခမကြီး အိပ်ရာထဲ လဲသွားပါလိမ့်ဟု သိချင်နေသမျှ သိရတော့လည်း ဘာမှ အထွေအထူး မရှိပါလား။ ထိုနေ့က ထိုစကားများကို ဘွား၊ မမကြီး၊ ကိုလတ်၊ ကိုလေး၊ ကိုယ်နှင့် ညဖူးညီတို့ ခြောက်ဦးသာ တံခါးပိတ် ပြောဆိုဆွေးနွေးခဲ့ကြတာပါ။

“ကိုယ် ... ညဖူး စကားလွန်သွားလားဟင်”

တကယ်တော့ မမနုရှေ့ ကိုကိုငယ် ပြန်ပြောနေသာစကားထဲ စကားလုံးအချို့ ကျန်ရစ်ပါသည်။ ညဖူး တကယ်ပြောခဲ့မိသည်မှာ ...

“ကိုယ့်ကိုတော့ လက်မထပ်ပါရစေနဲ့ ဘွားရယ်၊ မိသားစုစီးပွားရေး ဥမကွဲသိုက်မပျက်ချင်တာဆိုရင် ညဖူးနာမည်နဲ့ ကိုကိုကြီးက နစ်နာကြေး လျော်ကြေးဆိုပြီး လွှဲအပ်ပေးထားသမျှ အားလုံး ညဖူး ဘွားကို ပြန်အပ်ပါ့မယ်၊ ညဖူး ဒါတွေ မမက်ပါဘူး၊ ဒီနစ်နာကြေးတွေလည်း တကယ်မလိုချင်ပါဘူး၊ နစ်နာရလေခြင်းလည်း မမှတ်ခဲ့ပါဘူး၊ ညဖူး တကယ်ချစ်မိတဲ့သူနဲ့သာ လက်တွဲခွင့်ပြုပါ”



www.burmeseclassic.com

www.burmeseclassic.com



ညဖူး စကား အပြည့်အစုံမှာ ဤသို့ ဖြစ်ပါသည်။

တကယ်တော့ ဒီနောက်ကြောင်းတွေ ပြန်လှန်၍ ညဖူး မပြောလိုပါ။ သို့ပေမယ့် ဤပိုင်ဆိုင်မှုတို့ကို ညဖူးကိုယ်တိုင်လည်း အမှန်တကယ် မမက်မောခဲ့သည်ဖြစ်၍ မရလို့လည်း ဘယ်သို့မှ မနေပါ။

ရခဲ့စဉ်ကလည်း ညဖူး ငြင်းခဲ့သည်သာ။ ကိုကိုကြီးက သူတစ်ဦးတည်း ပွားစည်းပိုင်ဆိုင်သမျှတို့မှ ညဖူးကို များစွာ ခွဲဝေလွှဲအပ် နာမည်ပြောင်းချိန်မှာ ခုလိုပဲ မိသားစုကို ရှေ့ထား ပြောဆိုလွှဲအပ်ခဲ့တာပင်။ ဘွား၊ မမကြီး၊ ကိုကိုလတ်၊ ကိုကိုလေး၊ ကိုကိုငယ်။ ထို့နောက် ကိုကိုကြီးနှင့် ညဖူးတို့ နှစ်ဦး။

"အဲလိုမလုပ်ပါနဲ့ ကိုကိုကြီး၊ အဲလိုမလုပ်ပါနဲ့၊ ညဖူး ညဖူး ကိုကိုကြီးကို အပြစ်မတင်ပါဘူး၊ ညဖူး ကျေနပ်ပါတယ်၊ ဒါတွေ မလိုပါဘူး ကိုကိုကြီးရယ်"

အားလုံးရှေ့မှာ မျက်ရည်ပေါက်ကလေး စီးလျော ကျကာ ညဖူး ပြောခဲ့သည်။ မျက်ရည်ကျရသည်မှာ ကိုကိုကြီးကို စိတ်ဆိုးလို့ ဝမ်းနည်းလို့လည်း မဟုတ်ခဲ့။ ဆန်းကြယ်တဲ့ သူ့ဘဝကို အံ့ဩလှိုက်လှဲနာကျင်မိ၍ ဖြစ်ပေသည်။

အဲဒီတုန်းက ဘွားဟာ အသံတိတ်၍ ငြိမ်ထိုင်နေရာမှ ဝုန်းခနဲထပြီး သူ့ဒူးကိုကိုင်၍ တောင်းပန်နေသော ကိုကိုကြီးရဲ့ပါးပြင်ကို ဖြန်းခနဲနေအောင် ရိုက်ချထည့်လိုက်တာ။ ဘွားဟာ စိတ်ထိခိုက်ခဲ့တာနှင့်အမျှ ညဖူးညို ဆိုတဲ့ "ဝါ"အရ အကြီးဆုံး





ချွေးမ၊ အသက်အရ အငယ်ဆုံးချွေးမကလေးကို လိုအပ်သောထက်ပင် ပိုမို၍ ကြင်နာယုယ အလိုလိုက်ခဲ့ပါသည်။

အမှန်အတိုင်း ပြောထွက်ရမည်ဆိုလျှင်ဖြင့် ဒီတစ်မိသားစုလုံးဟာ သူတို့ လုံးဝမဖြစ်စေလိုတဲ့ အခြေအနေတစ်ခု၊ သူတို့လုံးဝမလိုလားတဲ့ ပြဿနာတစ်ခု၊ သူတို့ အထိခိုက်မခံလိုတဲ့ ဂုဏ်သိက္ခာတစ်ခုတို့အတွက် ပြောင်းလဲပြုပြင်လို့ရနိုးနိုး အဖတ်ဆယ်လို့ ရနိုးနိုးသော မျှော်လင့်ချက်ကြီးမျိုးနှင့် "ညဖူးညို"ဟူသော မိန်းကလေးငယ် တစ်ဦးကို အလိုတူ အလိုပါ အသုံးချခဲ့ကြတာပင် မဟုတ်လား။

ဒီအမေနှင့် ဒီသားသမီး ငါးဦးလုံး မသိမဟုတ်၊ သိကြသည်။ သိသိရက်နှင့်ပင် အခြေအနေကြီးတစ်ခု ပြုပြင်ပြောင်းလဲသွားနိုးနိုးဆိုတဲ့ မရေရာလှသော အဖြေထုတ်ခြင်းတစ်ခု အနေနှင့် ညဖူးညိုကို သင်္ချာတွက်ကိန်းတစ်ခုလို ထည့်တွက်ခဲ့ကြတာ။ မပြောလိုသည့်တိုင် ရှင်းရှင်းပြောရလျှင် စတေးလိုက်ကြတာပါပင်။ သို့ပေမဲ့ လက်ထပ်ခြင်း တစ်ခုသာလျှင် အဖတ်တင်ခဲ့ပြီး အခြေအနေကြီးက မပြောင်းလဲခဲ့။

ညဖူးညို ဆိုသည့် မိန်းကလေးသည် စာချုပ်ပေါ်က လက်မှတ်တစ်ခုအားဖြင့် တရားဝင်အအို(Married)ဖြစ်ခဲ့ရသော်လည်း၊ ခန္ဓာဗေဒသဘောအားဖြင့် ယနေ့ဒီအချိန်ထိ အပျိုစင်စစ်စစ်တစ်ယောက်သာ ဖြစ်နေခဲ့သည်ကို သူတို့ တစ်မိသားစုလုံးထက် ပို၍ သိနိုင်သူ ဘယ်မှာရှိနိုင်မည်နည်း။ မမဆင့်၊ မမနုတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်လမ်းကြီးတစ်ပုဒ်ကို ဂဃနဏ သိကောင်းလည်းသိမည်။ သိချင်မှလည်း သိလိမ့်မည်။ မေးခွန်းအဖြစ် ထုတ်မေးစရာစကားအဖြစ် ထည့်ပြောစရာလို့ မသင့်တော်ဘူး သတ်မှတ်၍ ရေငုံနေတာမျိုးလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ညဖူးညို ဆိုတဲ့ မိန်းကလေးဟာ ဒီမိသားစုထဲမှာ မြတ်နိုးခြင်းခံရသော ရုပ်သေးလေးတစ်ရုပ်သာ ဖြစ်ခဲ့လေသည်။

“ကဲ ... ကဲ ... သိပ်လည်း စိတ်မထိခိုက်ပါနဲ့၊ မေမေက လည်း ဆိုးဆိုးဝါးဝါး ဖြစ်သွားနိုင်တဲ့ အခြေအနေမှ မဟုတ်တာ”

ကိုကိုယ်က ခပ်လှမ်းလှမ်းမှ သူ့အမေအခန်းဆီ လျှောက်သွားပါသည်။ ကိုကိုယ် အခန်းထဲအဝင်တွင် မမဆင့်က အခန်းထဲက ထွက်လာသည်။ ညဖူးညို အပြင်လူနှင့် လက်မထပ်ရေးကို ပြောပိုင် ဆိုပိုင် ခန့်ခွဲနိုင်မည့်သူရယ်လို့ ဤယောက္ခမကြီးသာ ရှိသည်ဟု ယူဆသူဖြစ်လေရာ ယောက္ခမအိပ်ရာထဲလဲသွားအောင် ပြောဆိုလေခြင်းရယ်လို့ ညဖူး အပေါ် သားသမီးရင်းတွေထက်ပင် ပို၍မကျေချမ်းနေတာ ဖြစ်ပေသည်။

“အန်တီဆင့် ... ဧည့်သည်လာပါတယ်”

“ဘယ်သူလဲ”

လှေကားထိပ်မှာ လာပြောတဲ့ ကျင်ကျင်က ...

“ဘဝရှင် ... တဲ့”





“ဘာ”

မမဆင့်က တသွက်သွက် ပြေးဆင်းသွားသလို ညဖူးလည်း အထိတ်တလန့် ယောင်ယောင်ယမ်းယမ်းလေး ထရပ်ကာ အောက်ထပ်ကို ကမန်းကတန်း လိုက်လာခဲ့ရပါသည်။ သူ တကယ်လိုက်လာတာပါလားဟု ရင်ဖိုခြင်းတစ်ဝက်၊ စိတ်ရှုပ်ထွေးခြင်းတစ်ဝက်။

“ဘာကိစ္စလဲ ဘဝရှင်”

“ကျွန်တော် ညဖူးနဲ့ တွေ့ချင်တာပါ”

“ညဖူး မရှိဘူး”

ညဖူးမှာ လှေကားတစ်ဝက်ကနေ ဆက်ဆင်းရမလို ပြန်တက်ရမလို တုံ့သွားရပါသည်။ မရှိပါဘူး ပြောနေတာကို ရှိပါတယ်လို့ ဖွင့်ပြောပြီး အရှက်ခွဲဆင်းတွေ့ရမလား၊ မတွေ့ရဘူးလား တွေးရင်း မျက်နှာလေးက နီရဲလာလေသည်။

“သူကလည်း ဘာလာလုပ်တာလဲ မသိပါဘူးနော်”

အရေးထဲ အရာပေါ်မို့ ညဖူးက ညည်းတွားလိုက်မိပါသည်။

“နေဦး ... နေဦး ... မမနု ပြေလည်အောင် ဆင်းပြောပေးပါ့မယ်”

နောက်က ကပ်ပါလာသော မမနုက ညဖူး ပခုံးလေးကို ပုတ်ကာပြောရင်း ရှေ့ကို ကျော်ဆင်းသွားပါသည်။

“ဘယ်သွားတာပါလဲခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မသိဘူးလေကွယ်၊ ကိုယ့်အချင်းချင်း ဖုန်းဆက်မေးပေါ့။ သူက ဖုန်းအဆက်မခံလို့ ဆိုရင်လည်း မဆက်နဲ့ပေါ့"

"သူ ဆေးခန်းမှာ မရှိလို့ပါ၊ ဒီနေ့ မလာဘူးလို့ ပြောလိုက်လို့ပါ"

"မမဆင့်"

မမဆင့်က မမနုကို လှည့်ကြည့်လိုက်ပါသည်။ မမနုက အသံယို့ယို့နှင့်ပင် ...

"ညဖူးက ပြန်ရောက်နေပါပြီ၊ နေသိပ်မကောင်းလို့ပါ ဘဝရှင်၊ ညဖူးတင် မဟုတ်ဘူး၊ မေမေလည်း နေမကောင်းဖြစ်နေလို့ အခုတောင် ဆရာဝန်ကြွနေပါတယ်၊ တစ်ခုခုပြောစရာရှိရင် အစ်မကို မှာခဲ့ပါလားဟင်"

မမနုရဲ့ ပြေပြေလည်လည် လေသံကြောင့် ဘဝရှင်က အားနာသလို အနည်းငယ် ကိုယ်ရှိန်သတ်သွားပါသည်။ လာခဲ့မယ်နော်လို့ လှမ်းခွင့်တောင်းလိုက်ပေမယ့် ညဖူးထံမှ ခွင့်ပြုချက်မရခဲ့ ဘာအကြောင်းမှ မပြန်ခဲ့ သူက ရောက်အောင်လာခဲ့မိတာ မဟုတ်လား။

"နုနု ... ဘာတွေများ မှာခဲ့ခိုင်းနေရတာလဲ၊ ဘာစကားမှ ပါးပေးစရာ အကြောင်းလည်း မရှိပါဘူး၊ ကိုယ့်ဘာသာ အနေအထိုင်တတ်စမ်းပါ နုနုရယ်၊ ဒီမှာ ဘဝရှင်၊ ဘာမှလဲ ပြောမနေ မှာမနေပါနဲ့၊ သေချာပြောပြထားပြီးတာတောင်





မင်း နားမလည်နိုင်ဘူးလား၊ ခုလောလောဆယ် တို့အိမ်မှာ အိမ်ရဲ့အကြီးအကဲ မိခင်ဖြစ်သူက အိပ်ရာထဲလဲနေပြီး ရွှေလား ငွေလား အခြေအနေ ဘာမှမသိသေးဘူး၊ အိပ်ရာထဲလဲရတာလည်း မင်းတို့ကိစ္စပါပဲ၊ မင်း ဘယ်ကမှန်းမသိဘွားခနဲ ပေါ်လာပြီးတဲ့ အချိန်တိုအတွင်း တို့မိသားစုထဲမှာ ဝါးအစည်းပြေ စည်းလုံးမှု ပျက်ပြားရတာပဲ၊ ကဲ ... ပြန်လိုက်ပါတော့ ဘဝရှင်၊ နောက်လည်း ဒီအိမ်ကို မင်းလာလည်စရာ အကြောင်းမရှိပါဘူး ဘဝရှင်၊ ညဖူးညီဖြာသူ့ယောက်ျား မရှိတဲ့နောက် ဒီအိမ် ဒီမိသားစုရဲ့ အုပ်ထိန်းမှုအောက်မှာ မှီခိုပြီး နေနေတယ်ဆိုတာ မင်း သဘောပေါက်ရင် သူ့ကိုလည်း အကျပ်အတည်းထဲ မထည့်ပါနဲ့၊ သူ့ကျေးဇူးရှင် မိသားစုကိုလည်း မစော်ကားမိပါစေနဲ့"

ဘဝရှင်သည် မခံချင်လှသော်လည်း သူ့ခံစားချက် သူ့အပြောအဆို သူ့ဆက်ဆံမှု၊ သူ့စကားလုံးတွေက ညဖူးအတွက် အကျဉ်းအကျပ်ကျရောက်မှာ စိုးရိမ်လေသည် ဖြစ်ရာနှုတ်ခမ်းကိုစေ့ပြီး ဒေါ်ဆင့်ဆင့်ကို ငေးစိုက်လို့သာ ကြည့်နေမိသည်။

"ကဲ ... ပြန်လိုက်ပါတော့ ဘဝရှင်၊ အိမ်မှာလည်း လူမမာနဲ့ပါ"

ဘာသံတစ်ခွန်းမှ ပြန်ထွက်လာတာ မကြားရ၍ ညဖူးရင်ထဲ များစွာစိတ်မကောင်းမိလျက် လေ့ကားအငွေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသက်လာခဲ့ပါသည်။ လှည့်ပြန်တော့ ဟန်ပြင်နေသော ဘဝရှင်သည် နောက်နားမှာ တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်လာနေသော ညဖူးကိုမြင်လျှင် စိတ်သက်သာရာ ရသွားသလို နှုတ်ခမ်းကလေးက ပြုံးလာလေသည်။

အဲဒီအချိန်မှာ ခြံကြီးထဲကို ကားတစ်စင်းက ထပ်ဝင်လာပြန်လေသည်။

"ဘယ်သူ လာပြန်ပြီလဲ၊ ဘယ်သူ့ကားလဲ အဲဒါ၊ အိမ်မှာ ခြေခင်းလက်ခင်း မသာမယာပါဘူးဆိုမှ လူဝင်လူထွက်ကလည်းနော်"

ကားထဲမှ ဆင်းလာသူသည် အိမ်တံခါးမကြီးနားမှာ ရှိနေတဲ့ လူစုစုကို လှမ်းကြည့်လိုက်ကာ ခပ်သွက်သွက်လျှောက်လာရင်း ...

"မဆင့် ... မနု ... ညဖူး ... အမေ နေမကောင်းဘူးဆို"

လူစုစု တွေ့လိုက်၍ အလန့်တကြားတောင် ဖြစ်သွားပုံရသည့် ကိုကြီးသော်က ဇဝေဇဝါ အမောတကော မေးလိုက်ပါသည်။

"ကိုကြီးသော် ဘယ်ကသိလဲ"

"ဟိုတစ်နေ့က ကိုယ်နဲ့တွေ့လို့ အမေနေကောင်းလားမေးတော့ ကိုယ်က နေမကောင်းဘူးတဲ့ ပြောသွားတယ်၊ ဒီမနက် ဆေးခန်းကိုစွပြောဖို့ ညဖူးဆီ ဖုန်းခေါ်နေတာ ဖုန်းမကိုင်ဘူး၊ ဆေးခန်းကိုဆက်တော့ ညဖူးညို ဒီနေ့မလာဘူးဆိုလို့ အမေ တော်တော်နေမကောင်းနေလား စိတ်ပူပြီး လာခဲ့တာ ...

ဘဝရှင် ... မင်း ရောက်နေတာလား၊ လာလေ ... အထဲဝင်လေ၊ အပေါက်ဝမှာ မတ်တပ်ကြီးတွေ မျက်နှာမသာမယာတွေနဲ့ တွေ့တော့ လန့်တောင် လန့်သွားတယ်၊ ဝင်ကြရအောင်"

"ကိုကြီးသော်က သူ့ကို ဘယ်လိုသဘောနဲ့ အိမ်ထဲဖိတ်ခေါ်နေရတာလဲ၊ အိမ်ရှင်က ဆင့်ဆင့်တို့ပါ"

"ဟင် ... Anything wrong ? "

ကိုကြီးသော် ဇဝေဇဝါ နားမလည် ပါးမလည် ဖြစ်နေခိုက် ညဖူးက ငြိမ်မနေနိုင်တော့ဘဲ မမဆင့်ကို အတတ်နိုင်ဆုံး ဒေါသငွေ့မပါအောင် ကြိုးစားထားသည့်အကြည့်နှင့် လှည့်ကြည့်လိုက်ရင်း ...

"မမဆင့် ... ဘဝရှင်က ညဖူး ဧည့်သည်ပါ။ ပြီးတော့ ညဖူးက ခုချိန်ထိ ဒီအိမ်ရဲ့မိသားစုဝင်တစ်ယောက် ဖြစ်နေပါသေးတယ်၊ ညဖူး ဧည့်သည်ကို နေဖို့ ပြန်ဖို့ ညဖူးပဲ ပြောပါရစေ၊ နောက်တစ်ခုက ညဖူးက ဒီအိမ်မှာ အစ်ကိုအကြီးရဲ့ဇနီး မုဆိုးမပါ၊ ညဖူးအပေါ် လိုအပ်တာထက်ပိုပြီး မလွှမ်းမိုးစေချင်ပါဘူး၊ ကျေးဇူးတရားဆိုတာကလည်း အတိုင်းအတာ ရှိသလို တွေ့ကရာ ပတ်သက်ဆက်စပ်နေသမျှ လူအားလုံးကလည်း လူစေ့ တက်စေ့တော့ ကျေးဇူး






www.burmeseclassic.com

www.burmeseclassic.com



ရှင် မဖြစ်နိုင်ပါဘူး။ အခု ဘွား တော်တော်နေမကောင်းလို့ ဘာပြဿနာမှ မရှိချင်လို့ ဘဝရှင်ကို ညဖူး အိမ်ပြန်ခိုင်းဖို့ ဆန္ဒရှိပေမယ့် နောင်တစ်ရက်ရက် တစ်ချိန်ချိန်မှာ အိမ်ရဲ့ ညှော်ခန်းထဲ ညှော်ခံတာမျိုးလည်း ရှိဦးမှာပဲမို့ မမဆင့် နောက်တစ်ကြိမ် ဆိုရင်တော့ နှင်ထုတ်တဲ့စကားမျိုး မပြောဘူးလို့ မျှော်လင့်ပါတယ်"

လုံးဝ မျှော်လင့်မထားသော ညဖူးရဲ့စကားလုံးများကြောင့် ဒေါ်ဆင့်ဆင့်မှာ ပါးစပ်အဟောင်းသားနှင့် မျက်နှာကြီး ရဲရဲနီမြန်းသွားရလေသည်။

✤ ✤ ✤



## (၁၇)

ကန်တော်ကြီးစောင်းမှာ ခြေလှမ်းစည်းချက်မှန်မှန်နှင့် ပြေးနေသော ဘဝရှင်တို့ သားအဖနှစ်ယောက်သည် ဆင်တူ ဆရက်ဆုကိုယ်စီနှင့်။ တစ်ဦးကို တစ်ဦးလည်း အရိပ်တကြည့်ကြည့်ပြုရင်း ...

"ပါပါ ... မောလား"

"မမောပါဘူးကွ၊ မင်းကလည်း မောစရာလား၊ စစ်တိုက်လာတဲ့ ကောင်ပါကွာ"

"ပါပါ ဒီလို ပြေးကျင့် လမ်းလျှောက်ကျင့် မရှိတာကြာလို့ပါ"

"ကြာပေမယ့် တစ်ချိန်လုံး ခြံထဲမှာ အပင်တွေနဲ့ ကိုယ်လက်လှုပ်ရှားမှု ရနေတာပဲလေ၊ တကယ်ဆို စောစောစီးစီး ယူလိုက်ရတဲ့ ဆေးပင်စင်ကလည်း အဆုတ်ကိုကျည်ထိတယ်၊ တာရှည်အချိန်ယူ နားရမယ်ဆိုပြီး အထက်ကပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့သာပါ သားရာ၊ တကယ်တော့ ခုချိန်တောင် ပါပါ့အသက်အရွယ်က ရှေ့တန်းလိုက်လို့ ရနေသေးတဲ့ အရွယ် မကုန်သေးပါဘူး ... ဟား ဟား ဟား"

"အခုက ပါပါ ဆီးချိုရှိလာလို့လေ၊ exercise ကပုံမှန်လေး လုပ်ပေးရမှာမို့ ဖြည်းဖြည်းပြေး၊ လမ်းလျှောက်၊ အမြဲလုပ် ရတော့မယ်၊ ပါပါ မောလည်းပဲ နားနားပြီး ပုံမှန်လုပ်ရ မယ်လို့ သားက ပြောတာပါ"

"လုပ်မှာပေါ့ကွ၊ ခုလို ကန်တော်ကြီးဘက်ထိ လာတာမျိုး တော့ တစ်ခါတစ်ရံပေါ့ကွာ၊ လမ်းလျှောက်တာကတော့ အိမ်နား ရပ်ကွက်နားတင် ပါပါ အမြဲထွက်လျှောက်နိုင် ပါတယ်၊ ငါ့သာ ပြောနေတာ၊ မောနေတာက မင်းအသ ကြီး၊ ညဘက် ညဘက် ညဥ့်နက်အောင် စာလုပ်နေတာ အိပ်ရေးပျက်နေတာ ပါပါ သိတယ်လေ၊ နောက်ပိုင်း သားမလိုက်နိုင်လည်း ရပါတယ်၊ တကူးတက မလိုက်ပါနဲ့"

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ ခြေလှမ်းတွေနှေးပြီး ဖြည်းဖြည်းချင်းသာ ဆက်လျှောက်လာကြရင်းက ...

"ပါပါ ... သားကို ခွင့်လွှတ်ပါနော်"

"ဘာကို ခွင့်လွှတ်ရမှာလဲကွ"

"ပါပါ့အတွက် အကောင်းဆုံး လုပ်မပေးနိုင်တာတွေ ရှိ ရင်လည်း ခွင့်လွှတ်ပါ၊ ပါပါ့ကို စိတ်မသက်သာစေတာ





စိတ်မချမ်းသာစေတာမျိုးတွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ၊ တကယ်လို့များ တစ်နေ့နေ့ သားရဲ့ဆုံးဖြတ်ချက်တစ်ခုခု က ပါပါ သဘောမကျစရာတွေမျိုး ဖြစ်ခဲ့တာရှိရင်လည်း ခွင့်လွှတ်ပေးပါ ပါပါ"

ခေါင်းငုံ့၍ မျက်လွှာချကာ ပြောနေသော ဘဝရှင် ရဲ့ပုံသဏ္ဍာန်က အလေးအနက် တိုးလျှိုးဟန် ပေါက်နေပါသည်။

"ဘာမှ မရှိခဲ့ဖူးပါဘူး သား"

ဘဝရှင်ရဲ့ ဦးခေါင်းက ပြန်မော့လာကာ ...

"ပါပါ ... ညဖူးနဲ့သားကို သဘောတူနိုင်ပါ့မလားလို့ပါ၊ နောက်ပြီး ဟိုတလောက ပါပါနဲ့ ညဖူး မတော်တဆ ဆုံ တွေ့ကြပြီးတဲ့နောက်မှာ ညဖူး ဘက်က တိတ်ဆိတ်သွား ခဲ့လို့ပါ၊ ပါပါ့ကို သား အပြစ်တင်တာလည်း မဟုတ်ပါ ဘူး၊ ပါပါ စိတ်ဆင်းရဲအောင် လုပ်မိတာလားလို့ သား အားနာနေတာပါ ပါပါ"

"သား ... မင်းတစ်သက်လုံး လက်တွဲပြီး အတူနေသွားရ မယ့် လက်တွဲဖော်ကို ပါပါကဝင်ပြီး တိုက်တွန်းတာ ကန့် ကွက်တာ မလုပ်လိုပါဘူး သားရယ်၊ ညဖူးညိုကို ပါပါ စိုးရိမ်မိတာ တစ်ခုပဲ ပြောလိုက်ပါတယ်၊ ဒါကတော့ ငါ့ သားလေးရဲ့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရားကို ညဖူးညို ပိုင်ဆိုင်တဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ယှဉ်တွဲပြီး မျက်မှန်မည်း တပ်ကြည့်ကြမှာ ပါပါ မလိုလားဘူး ဆိုတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝရှင်က အနည်းငယ်မျှ ငိုင်တွေသွားရပါသည်။ ဒါဟာ သူ မလိုလားဆုံးအချက်လည်း ဖြစ်လို့နေသည် မဟုတ်လား။ ပါပါ စိုးရိမ်တာ အလွန်မရှိပါ။ ဒါဟာ ညဖူးညို အတွက် ပြင်ဆင်ရန် စွန့်လွှတ်ရန် ခက်ခဲ့သည့် အခြေအနေတစ်ရပ်လည်း ဖြစ်နေနိုင်ပါသည်။

"ပါပါက ငါ့သားအတွက်ပဲ စိတ်မကောင်းတာပါ၊ ခုတလော အတောအတွင်း မင်းစိတ်တွေ ဘယ်လောက် မရွှင်မလန်း ပင်ပန်းနေလည်း ပါပါ သိတယ်၊ သားက အမြဲပျော်ရွှင် တက်ကြွနေတဲ့ လူငယ်လေးလေ၊ ငါ့သားမျက်နှာမှာ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေတာ ထိုင်းမှိုင်းနေတာ မြင်နေရတာ ပါပါ စိတ်မချမ်းသာပါဘူး သားရယ်၊ မင်းရဲ့အချစ်က စစ်မှန်ရိုးဖြောင့်နေမှတော့ တစ်နေ့ အဆင်ပြေသွားမှာပါ သား"

ဘဝရှင်က ခေါင်းကိုညိတ်ကာ ပါပါ့ကို ပြုံးပြလိုက်ရင်း ရောက်လက်စ နေရာမှာ သွေးဆက်ပူနေအောင် ခပ်ဖွဖွခုန်နေလိုက်ရင်း ဟိုးခပ်လှမ်းလှမ်းက တစ်စုံတစ်ဦးကိုမြင်ကာ လက်တစ်ဖက်မြှောက်ပြ လှမ်းနှုတ်ဆက်လိုက်ပါသည်။ သူတို့ရှိရာဘက် ခပ်မှန်မှန် လမ်းလျှောက်ရင်း နီးကပ်လာသူမှာ ကိုသော်ကြီး။

"ဟေး ... ဘဝရှင်"

"ကိုသော်ကြီး"





ကိုသော်ကြီးက အနားရောက်လာသည်။ သူ့နဖူးစပ်မှာ စို့နေသည့် ချွေးဥတို့ကို အိတ်ထဲက မျက်နှာသုတ်ပဝါ လက်ကိုင်ပဝါငယ်လေးနှင့် ဖွဖွတို့ထိသုတ်ရင်း ...

"မင်းတို့ ဒီမှာ နေ့တိုင်း လာပြေးလား၊ ခါတိုင်းမတွေ့ပါလား"

"ရောက်ခဲ့တယ် ကိုသော်ကြီး။ တစ်ပတ် တစ်ခါလောက်ပဲ၊ အိမ်အနားအနီးမှာပဲ ပြေးတာများတယ်၊ ဒါ ကျွန်တော့် ပါပါလေ၊ ပါပါ ... ဒါ ဒေါက်တာမျိုးသော်တာတဲ့၊ သားတို့ဆရာကြီးရဲ့ ဘက်စ်ဖရဲင်းပဲ၊ မေမေတို့ ဓာတိပဲလေ၊ မေမေ့ကို ကိုသော်ကြီးက ငယ်ငယ်က ခင်မင်ရင်းနှီးတယ်"

"ဩော် ... ဟုတ်ကဲ့၊ မတွေ့တာကြာပြီ အစ်ကိုကြီး နေကောင်းတယ်နော်၊ ကျွန်တော့်ကို မှတ်မိရဲ့လား"

"ကောင်းပါတယ် ဒေါက်တာ၊ မှတ်မိတာပေါ့၊ ကျွန်တော်တို့ မင်္ဂလာပွဲကို လာခဲ့သေးတာပဲလေ၊ ကောင်းကောင်း မှတ်မိပါတယ်ဗျာ၊ သူ့မေမေ ဆုံးသွားလို့သာ နောက်ပိုင်း မတွေ့ဖြစ် မဆုံဖြစ်ကြတာပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း မမနွယ် မရှိတည်းက ရောက်မှ မရောက်ဖြစ်တာ၊ အစ်ကိုကြီးလည်း တပ်တာဝန်နဲ့ ဟိုနယ်ပြောင်း ဒီနယ်ပြောင်းဆိုတော့"

"ဩော် ... ဟော၊ ပါပါနဲ့ ကိုသော်ကြီးက မင်္ဂလာဆောင်ကတည်းက ဆုံဖူးထားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဘဝရှင်၊ မင်းတို့က ပြီးပြီလား၊ ပြန်ကြတော့မလို့လား၊ ခုနရပ်နေတာတွေ့လို့"

"ဟုတ်ကဲ့၊ ပြန်ကြတော့မှာ ကိုသော်ကြီး"

"ကားပါလား"

"ဟုတ်ကဲ့ ... ဒီကို ကားနဲ့လာတာပါ"

"ကိုယ်လည်း ကားနဲ့ ဒီအထိလာရတာပဲ၊ ကားမပါရင် ပို့ပေးမလို့ပါ၊ ဒါနဲ့ ဘဝရှင်၊ မင်းနဲ့ တွေ့ချင်နေတာ၊ စကားပြောချင်နေတာကွ၊ မင်း ဘယ်နေ့အားမလဲ"

"အားပါတယ် ကိုသော်ကြီး၊ ကျွန်တော်က အားတာများပါတယ်၊ ကိုသော်ကြီး အားတဲ့အချိန်သာ ချိန်းလိုက်ပါ"

"ကိုယ်က အခု ညနေဘက်တွေ သိပ်မအားတော့ဘူး၊ ဒါဆို မင်း အခု အားလား၊ အစ်ကိုကြီးတစ်ယောက်တည်း ကားမောင်းပြန်လို့ အဆင်ပြေလား မသိဘူး၊ ဘဝရှင်ကို ကျွန်တော် လက်ဖက်ရည်ဆိုင် ခေါ်သွားပြီး ခဏနေမှ အိမ်ပြန်ပို့ပေးရင် ဖြစ်မလားလို့"

"အာ ... ရပါတယ်၊ ကျွန်တော် ပြန်နှင့်လို့ ရပါတယ် ဒေါက်တာ"

"အိုကေလား ဘဝရှင်၊ စကားလေး ဘာလေး ပြောပြီးမှ ကိုယ် ပြန်ပို့မယ်လေ"

"ဟုတ်ကဲ့ ... ရတယ်လေ ကိုသော်ကြီး"





ပါပါက လမ်းခွဲကာ ကားမောင်း၍ အရင်ပြန်သွားနှင့်ပြီး ဘဝရှင်နှင့် ကိုသော်ကြီးက နီးနီးနားနား မောနင်းစတား လက်ဖက်ရည်ဆိုင်ကို ရောက်လာခဲ့ကြပါသည်။ လက်ဖက်ရည်မှာပြီးတဲ့နောက် ဘဝရှင်က နန်းကြီးသုပ်တစ်ပွဲမှာကာ စားဖြစ်ပေမယ့် ကိုသော်ကြီးက ဘာမှ စားစရာမမှာပါ။ လက်ဖက်ရည်ခွက်ကိုလည်း မတို့ မထိဘဲ စားပွဲပေါ် တံတောင်နှစ်ဖက်လုံးထောက်၍ လက်ဆုပ်ထိုင်ကာ ဘဝရှင် စားတာကိုသာ ကြည့်နေသည်။

သုံးလေးလုပ် စားပြီးသော် ဘဝရှင်က ကိုသော်ကြီးကို သတိပြုမိကာ ...

"ကိုသော်ကြီး သောက်လေ၊ ဘာမှလဲ မစားဘူး"

"ကိုယ် ရင်ပြည့်နေလို့ပါ"

"ကိုသော်ကြီး ဘာပြောမလို့လဲ ပြောလေ"

"မင်းကို ပြောမယ်ဆိုပြီး ဆုံးဖြတ်ထားတာပဲ၊ အခု အမှတ်မထင် ဆုံလိုက်တော့လည်း အခုပဲ ပြောလိုက်တော့မယ်လို့၊ ဒါပေမဲ့ တကယ်တမ်း စကားစပြောမယ်ကြတော့ ဘယ်ကနေ ဘယ်လိုပြောရမယ် မသိအောင်ပါပဲ၊ ပါးစပ်က ထွက်ဖို့ အတော်ခက်ခဲနေတယ်"

"ပြဿနာတစ်ခုခု ရှိလို့လား ကိုသော်ကြီး၊ ကျွန်တော့်ကို အားနာနေတာမျိုး ဆိုရင်တော့ အားမနာပါနဲ့ ပြောပါ"

"မင်းကို အားနာစရာ မဟုတ်ပါဘူးကွာ၊ ဒီစကားပြောဖို့ ငါ့မှာ အခက်အခဲ ရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝရှင်က နားမလည်နိုင်ဘဲ ရှိနေရပါသည်။

"မင်းနဲ့ ညဖူးညို ချစ်သူတွေလား"

"ချစ်သူလို့တော့ ပြောလို့မရသေးပါဘူး ကိုသော်ကြီး။ ကျွန်တော်ကတော့ ညဖူးကို အရမ်းချစ်ပါတယ်၊ ဖွင့်လည်း ပြောပြီးပါပြီ၊ ညဖူးဘက်ကလည်း ကျွန်တော့်ကို တုံ့ပြန်နိုင်တဲ့ ခံစားချက် ရှိတယ်လို့ပဲ ထင်ပါတယ်၊ ဒါပေမဲ့ အခက်အခဲလေးတွေကတော့ ..."

"အဲဒါတွေ ဟိုတစ်နေ့က ကိုယ် ကြားလာတယ်၊ မင်း ပြန်သွားပြီးတော့ အဲဒီအိမ်က ကိုလတ်မိန်းမ ဆင့်ဆင့်နဲ့ ညဖူးညို စကားအခြေအတင် ဆက်ပြောကြတယ်၊ ကိုယ်လည်း ဘေးမှာရှိနေတော့ ကြားလိုက်ရတယ်ပေါ့ကွာ၊ ဆင့်ဆင့်က ပြောတယ်၊ မင်းတို့အိမ်ဘက်က မုဆိုးမနဲ့မပေးစားဘူး အပျိုစင် နုနုထွတ်ထွတ်နဲ့မှ သဘောတူနိုင်မယ် ပြောထားတာတောင် မနာနိုင်ဘူးလားပေါ့"

"အဲဒါက ဒီလိုပါ ကိုသော်ကြီး"

"အေးပါ ... ကိုယ်နားလည်တယ်၊ ထားလိုက်ပါ မရှင်းပြပါနဲ့တော့၊ ဒါ အဆန်းမှ မဟုတ်တာ၊ ဒီလိုပဲ ပြောမှာပေါ့၊ ကိုယ် သဘောပေါက်တယ်၊ အဲဒါကို ကြားတဲ့အချိန်မှာ ကိုယ် ညဖူးညိုကို အရမ်းသနားသွားတယ် ဘဝရှင်၊ ညဖူးညိုလေးက သနားဖို့ ကောင်းပါတယ်၊ စိတ်ကောင်းရှိတဲ့ ဖြူစင်တဲ့ အစွယ်မရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊





သူ အောင်မင်းနိုင်ကို လက်ထပ်လိုက်ရတာ သူ့ခမျာ အများကြီး နစ်နာခဲ့ပါတယ်၊ ဒါပေမဲ့ မင်းကို အမှန်ကန်ဆုံး အခြေအနေတစ်ခုတော့ ပြောပြချင်တယ် ဘဝရှင်၊ ညဖူးညိုဟာ အောင်မင်းနိုင်နဲ့ စာချုပ်ပေါ် လက်မှတ်ထိုး လက်ထပ်လိုက်ရပြီး အောင်မင်းနိုင် ဆုံးသွားတဲ့အတွက် တရားဝင်မုဆိုးမလေးတစ်ယောက် ဖြစ်ခဲ့ရပေမယ့် အခုအချိန်ထိ ညဖူးညိုက ယင်ဖိုမသန်းတဲ့ အပျိုစင်လေး စစ်စစ်ပါ"

"ဗျာ"

ဘဝရှင်က တကယ်ပဲ အံ့အားသင့်သွားရပါသည်။

"ဒါ ... ဒါကို ကိုသော်ကြီးက ဘယ်လိုလုပ် သိတာလဲ"

"ဘယ်လိုသိလဲဆိုတော့ အောင်မင်းနိုင်က ညဖူးညိုကို ဇနီးမယားတစ်ယောက်လို မပေါင်းသင်းခဲ့ဘူးဆိုတာ ငါ အသိဆုံးမို့လို့ပဲ"

"ဗျာ ... ဘာဖြစ်လို့လဲ"

"ညဖူးညိုက သူ့အဖေအတွက် တင်နေတဲ့ ကျေးဇူးတရားတွေကို ဆပ်ဖို့အတွက် အောင်မင်းနိုင်ကို မျက်စိမှိတ် လက်ထပ်လိုက်တာပဲ၊ အစ်က,က အမေ၊ အမေဆိုတာ အောင်မင်းနိုင် အမေကို ငါကလည်း အမေပဲ ခေါ်တာ နှုတ်ကျိုးနေပြီမို့၊ အမေက အောင်မင်းနိုင်ကို အလွန်အမင်း အိမ်ထောင်ပြုစေချင်တယ်၊ အိမ်ထောင်ရက်သား ကျသွား



www.burmeseclassic.com

www.burmeseclassic.com



ရင် အောင်မင်းနိုင်ဟာ ပြောင်းလဲသွားလိမ့်မယ်လို့ သူယူဆခဲ့တယ်နဲ့ တူပါတယ်”

“ဘာပြောင်းလဲသွားမှာကို ပြောတာလဲ ကိုသော်ကြီး”

“အင်း ... ဘာပြောင်းလဲသွားမှာလဲ ဆိုတော့ အင်း ...၊ အောင်မင်းနိုင်က တကယ်တော့ မိန်းမဆိုတာကို စိတ်ဝင်စားတဲ့သူ မဟုတ်ဘူး ဘဝရှင်၊ မိန်းမလည်း မယူချင်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ သူ့အမေ စိတ်ချမ်းသာစေချင်တာနဲ့ သူရဲ့ဘဝမှန်ကို လူမသိအောင် ဖုံးကွယ်ထားချင်ဇောနဲ့ပဲ သူ့မှာရှိခဲ့တယ်၊ အဲဒီနှစ်ချက်ကြောင့် ညဖူးညိုကို လက်ထပ်ဖို့ မငြင်းခဲ့ဘူး၊ တကယ်တော့ အကြီးအကျယ် တစ်ကိုယ်ကောင်းဆန်ခဲ့တာပဲ ဘဝရှင်၊ အမှန်က အောင်မင်းနိုင်ဟာ လိင်တူချင်းပဲ စိတ်ဝင်စားသူပါ”

“ဗျာ”

ဘဝရှင်သည် ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်အောင် ဖြစ်သွားရပါသည်။

“ဒါ ... ဒါ တကယ်လား”

“တကယ်ပေါ့ကွာ”

“ဒါဆို ဒီလူက သက်သက် အကျင့်ယုတ်တာပဲ၊ မပေါင်းနိုင်ဘဲနဲ့ ညဖူးညိုကို ဘာဖြစ်လို့ လက်ထပ်ရတာလဲ၊ သူငြင်းပေါ့၊ ငြင်းလို့ရတာပဲ၊ မယူနဲ့ပေါ့၊ ကိုယ့်အကြောင်း





ကိုယ်သိသိနဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်စရာလား”

“ငါ ပြောပြီကောကွာ၊ အကြီးအကျယ် တစ်ကိုယ်ကောင်းဆန်ခဲ့ပါတယ်လို့၊ သူတို့မိသားစုတွင်း ငွေရေးကြေးရေး စီးပွားရေး စသဖြင့် အမေနဲ့ အောင်မင်းနိုင်ကြားမှာ ချည်နှောင်တာတွေလည်း ရှိတယ်၊ သူ့အမေက သူ့အကြောင်းသိတော့ စိတ်ဆင်းရဲနေတာကိုလည်း သူ အလိုလိုက်ပေးခြင်းအားဖြင့် အမေ ကျေနပ်မှု ရစေချင်တယ်၊ အဲဒါအပြင် သူ့ဘဝ သရုပ်အမှန်ကိုလည်း လူတွေသိမှာ စိုးရိမ်တယ်၊ ငါထင်ပါတယ်၊ သူ့ညီတွေ သိကြရင်တောင် သူ့ညီတွေရဲ့ ဇနီးမယားတွေ မသိကြပါဘူး၊ အဲလောက်ထိ သူက ဝိဝိရိရိ သိုသိုသိပ်သိပ် ရှိခဲ့တယ်”

“ဟာ ... ခွင့်မလွှတ်နိုင်ဘူးဗျာ၊ နောက်တော့ ညဖူး သိသွားတာပေါ့ ဟုတ်လား”

“သိသွားပါတယ်၊ အောင်မင်းနိုင်က ညဖူးညို အပေါ်တော့ အများကြီး ကရုဏာတရားတွေ ထားခဲ့ပါတယ်၊ နစ်နာသွားရရှာတာလည်း သူ ဝန်မခံရင်တောင်မှ သေသေချာချာ သဘောပေါက်ပါတယ်၊ ဒါကြောင့်လည်း သူ ပိုင်ဆိုင်သမျှ လုပ်ငန်းတွေ၊ ပိုင်ဆိုင်မှုတွေထဲက အများကြီး အများကြီးကို ညဖူးညို နာမည်နဲ့ တရားဝင်လွှဲပြောင်းပေးခဲ့တယ်၊ ညဖူးညို ဆိုတဲ့ မိန်းကလေးက သူ့ကိုကိုကြီး အောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပြီး ဒါတွေ မင်းကို ဖွင့်ပြောချင်မှ ပြောပါလိမ့်မယ်၊ အခု ဒါတွေကို မင်းသိရရင် ပြီးတာပဲ၊ ညဖူးဟာ အပျိုစင်ကလေးပါ"

"ညဖူးဘဝက သနားစရာလေးဗျာ ကိုသော်ကြီးရာ၊ လက်ထပ်ဆိုတော့လည်း ခေါင်းညိတ်လက်ထပ်လိုက်ရရှာတယ်၊ သူယူလိုက်တဲ့ ယောက်ျားက ဒီလိုဆိုတာ သိရှာတော့လည်း ငြိမ်နေလိုက်ရှာတာပဲ၊ သူ ဘာတစ်ခွန်းမှ မပြောဘူးလားဗျာ"

"အားလုံးဟာ ကံတရားအတိုင်းပါပဲ တဲ့၊ အောင်မင်းနိုင်က ဒီကိစ္စကို ညဖူးညိုကို ဖွင့်ပြောပြီး ကိုယ့်ကို ညဖူးညိုနဲ့ တွေ့ဆုံမိတ်ဆက်ပေးချိန်မှာ သူ ပြောခဲ့ရှာတာလေ၊ ရိုးသားလွန်းတဲ့ မိန်းကလေးပါ"

✣ ✣ ✣



(၁၈)

"ဘဝရှင် ...
နင့်ကို ဘွားက တွေ့ချင်ပါတယ်
ညဖူးညို"

✣ ✣ ✣

ဘဝရှင် အိမ်တံခါးဝရောက်လျှင် ထွက်၍ကြိုဆိုသူက [illegible] ဆိုသူပါ။

"ညဖူးညိုနဲ့ တွေ့ချင်လို့ပါ ခင်ဗျ"

"ညလေး မှာထားပါတယ်၊ သုံးထပ်ကို လိုက်ခဲ့ပါနော် မောင်လေး"

ဘဝရှင်သည် ကိုသော်ကြီးထံက အကျိုးအကြောင်း ဖြစ်အပျက်တွေ တအံ့တသြ ကြားသိရပြီးကတည်းက [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပူထူဒေါသတွေ ဖြစ်နေမိပါသည်။ ဒီလောက်တောင် သူတို့စေစား ချင်တိုင်းစေစား ခြယ်လှယ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို ခုချိန်ထိ လွတ်လပ်ခွင့် မပေးနိုင်သေးဘူးဆိုလျှင် အဲဒီမိသားစုကို ဘယ်လို ရင်ဆိုင်ရ ရင်ဆိုင်ရ။ အိမ်ပေါ်တက်ပြီး ညဖူးလက်ကို ဖွတ်ဆွဲကာ ခေါ်ချလာရင် ကောင်းမလား အထိ အတွေးတွေ ပရမ်းပတာ ဖြစ်နေသည်။

အမိကတော့ သူ့သားဟာ ဘယ်လိုလူစားဆိုတာ သိသိပါလျက်နှင့် ညဖူးညိုနှင့် လက်ထပ်ပေးခဲ့သော ဦးအောင်မင်း နိုင်ရဲ့အမေ အဘွားကြီးကို အလွန်ခံပြင်း ဒေါသဖြစ်နေမိပါသည်။ သူ့သမီးလေးဆိုလျှင် ဒီလိုလုပ်မလား။ သူတစ်ပါးသမီးပျိုကို ဘယ်လိုပြောရမှန်းတောင် မသိတဲ့ အချုပ်အနှောင် လှောင်အိမ် တစ်ခုအတွင်း အကျဉ်းချသလိုမျိုးပဲလေ။ ကြိုးဆွဲခံရတဲ့ ပုံစံ အတိုင်း ကပြအသုံးတော်ခံနေရတဲ့ ညဖူးရဲ့ဘဝလေးကို ရင်နာ လှပါသည်။

ဒီအကျဉ်းထဲက လွတ်မြောက်ပြီလား ဆိုပြန်တော့ နောက်တစ်မျိုး နောက်တစ်လှောင်အိမ်ထဲ ထပ်ချုပ်နှောင်ဖို့ ကြိုးစား ပြန်သည်။ ဘယ်လို သက်ကြီးရွယ်အိုပဲ ဖြစ်ပါစေ။ မတရား မှု တတာကို လုပ်နေမှတော့ ဘာကို ထောက်ထားပေးရမှာလဲ။ ညဖူးညိုရဲ့နောက်က ပိုင်ဆိုင်မှု ဂုဏ်ပကာသန ငွေကြေးဆိုတာ တွေကိုလည်း စိတ်မဝင်စားပါ။ အားလုံး ထားပစ်ခဲ့တော့ဟု ရှ လက်ဆွဲခေါ်လာဖို့အထိ မိုက်မိုက်ရူးရူး စိတ်ကူးနေမိတာပါ။





“ဒီအခန်း မောင်လေး၊ မမေက သိပ်နေမကောင်းဘူး”

တီးတိုးပြောကာ သုံးထပ်က အခန်းတစ်ခန်းတံခါးကို ဖွင့်ပေးလိုက်တဲ့ အမျိုးသမီးကို ဘာမှပြန်မပြောနေတော့ဘဲ ဘဝရှင်က ရင်ဆိုင်မည့် မျက်နှာထားထန်ထန်နှင့်ပင် အခန်းထဲ ဝင်လိုက်ပါသည်။

“ဘဝရှင်”

ခုတင်ဘေးက ညဖူးက သူ့ကို လှမ်းခေါ်လိုက်လျှင် ခုတင်ပေါ်မှ အဘွားကြီးက မျက်စိဖွင့်လာပါသည်။ ဆရာဝန်တစ် ယောက်မျက်လုံးနှင့် ဒရစ်ပ်ပိုက်၊ အစာရည်သွင်းတဲ့ နှာခေါင်းပိုက်၊ အောက်ဆီဂျင်ပိုက်၊ လက်ထိပ်ဖျားက အောက်ဆီဂျင်လယ်ဗယ် တိုင်း ကိရိယာလေး၊ ဖျော့လုပ်ကာ စိတ်ထောင်း ကိုယ်ကြေ နလန်မထူနိုင်သလို လူနာရဲ့အသွင်အပြင်တို့ကို မြင်လျှင် ဘဝရှင် ရဲ့ မျက်နှာထားက ချက်ချင်း နူးညံ့ပျော့ကျသွားပါသည်။ ဘေး မှာလည်း စပါယ်ရှယ်နာ့စ်နှင့်။

သူဟာ ဆရာဝန်တစ်ယောက်လေ။ ဘယ်လိုအခြေ အနေမျိုးမှာမဆို ဝေဒနာသည် လူနာတစ်ယောက်ကိုမြင်လျှင် သူ့စိတ်နှလုံးတို့ ကြင်နာပျောင်းညွတ်သွားရမြဲပင်။

ဘဝရှင်က ညဖူးညို ညွှန်ပြတဲ့ ခုံကလေးမှာ မတ် မတ်ဝင်ထိုင်လိုက်ပါသည်။

“ဘဝရှင် ဆိုတာလား”



www.burmeseclassic.com

www.burmeseclassic.com



လှူနာထံမှ အသံထွက်လာသည်။ အသံက နွမ်းနယ်နေတာကလွဲလျှင် အင်အားရှိနေပါသေးသည်။ ဘဝရှင်က တွယ်ဆက် တပ်ဆင်ထားသမျှ လူနာအထောက်အကူပစ္စည်းများကို အခြေအနေကောင်းမကောင်း မှန်မမှန် ဇွဲဝဲကြည့် စစ်ဆေးလိုက်ပြီးမှ...

"ဟုတ်ကဲ့ပါ၊ အဘွား နေသာမှ စကားပြောပါ၊ ကျွန်တော် အချိန်ရပါတယ်"

"သားက ညဖူးညို့ရဲ့ ချစ်သူပေါ့"

ဘဝရှင်က ညဖူးညိုကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ မျက်လွှာချနေလိုက်တဲ့ ညဖူးကြောင့် ...

"ဟုတ်ပါတယ် ခင်ဗျ"

"အေး ... သားကို အဘွားပြောစရာတွေ ရှိလို့ပါ၊ ရှင်းပြစရာတွေပါ"

"ဘွား"

ညဖူး အသံလေးက ကတုန်ကယင် ထွက်ပေါ်လာသည်။

"ဒီစကားတွေ ပြောပြစရာ မလိုဘူးလို့ ညဖူး ပြောပြီးပြီလေ ဘွား၊ ဘဝရှင်က ညဖူးကို မေတ္တာစစ်နဲ့ ချစ်တာပါ၊ ဘယ်လို အခြေအနေပဲဖြစ်ဖြစ် မုဆိုးမတစ်ယောက်ကို ချစ်နိုင်လို့ သူ ချစ်ခွင့်တောင်းခဲ့တာပါ ဘွားရယ်"





"ညဖူးလေး ... ဘွားကိုခွင့်လွှတ်ပါကွယ်၊ ဘွားက ဒါတွေကို ပိုတောင် နှုတ်ပိတ်လျှို့ဝှက်ချင်တဲ့သူပါ၊ ဘဝရှင်... ဘွားက ညဖူးကို ဘွားသား အငယ်တစ်ယောက်နဲ့ ထပ်ပြီး ထိမ်းမြားစီစဉ်ချင်တယ် ဆိုတာလည်း ဆင့်ဆင့်တို့ ပူပန်သလို စီးပွားရေး ငွေရေးကြေးရေးတွေကြောင့် မဟုတ်ပါဘူး၊ အပြင်လူကို ညဖူး လက်ထပ်လိုက်တဲ့အခါ ဘွားရဲ့ သားကြီးအကြောင်း အပြင်က တခြားလူတွေဆီ ပေါက်ကြားပြီး မရှိတော့တဲ့ သားကြီး ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းမလားလို့ စိုးရိမ်ပူပန်ခဲ့လို့ပါ"

"... ... ..."

ညဖူးက မျက်ရည်တွေ ကျလာပါသည်။

"အခု ညဖူးက သူပိုင်ဆိုင်သမျှကိုလည်း စွန့်လွှတ်မယ်၊ သားကြီးကိစ္စကိုလည်း သူ ဘယ်တော့မှ ဘယ်သူ့ကိုမှ မသိစေရဘူး၊ တစ်သက်လုံး နှုတ်ပိတ်မျိုချထားပါတယ်လို့ သစ္စာဆိုတယ် ..."

"ဘွား ... တော်ပါတော့ ဘွား၊ ဘွား ဒါတွေပြောမှာဆိုရင် ညဖူး သူ့ကို ခေါ်တောင်မခေါ်ဘူး၊ ဘွားက ညဖူး ချစ်တယ်ဆိုတဲ့ လူငယ်လေးကို မြင်တော့ မြင်ဖူးချင်တယ် ဆိုလို့သာ ခေါ်လိုက်တာ၊ ဒါတွေ မပြောပါနဲ့ ဘွား၊ ကျေးဇူးပြုပြီး မပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



“သမီးလေး အဲသလို ပြောလေ ဘွားက ရင်နာလေး နောင်တရလေ၊ ရှက်လေပဲ၊ လောကကြီးမှာ ဘွား ဘယ်လောက် ထပ်နေနိုင်မယ် မနေနိုင်ဘူး၊ ဘာမှအတိအကျ မပြောနိုင်ဘူးလေ သမီးလေး၊ မသေခင် အားလုံးကောင်းဖို့လေး တစ်ခုတော့ လုပ်ခဲ့ပါရစေ ...

ဘွားက သမီးလေး ပြောပြလိုက်မှာပဲ ထင်ခဲ့တယ် ပြောမှာစိုးရိမ်လို့ ကိုယ်အတွင်းလူနဲ့သာ ထပ်ပေးစားဖို့ ကြံရွယ်ကြိုးစားခဲ့ပြန်တယ်၊ သမီးကတော့ သေတဲ့အထိ ဖုံးပေးသွားဖို့ ရည်ရွယ်ခဲ့တယ်၊ ငါ့သမီးစိတ်ထားက မွန်မြတ်ပြီး ဘွားက လူကြီးဖြစ်ပါလျက် တရားမရှိတဲ့ မမျှတတဲ့ အဘွားကြီး ဖြစ်နေပြီဆိုတာ တစ်နေ့ တစ်နေ့ တွေးရင်း မဖြေနိုင်တော့ဘူး၊ ဒီစိတ်နဲ့ဆို ဘယ်လိုမှ နလန်ထူလာမှာ မဟုတ်တော့ဘူး၊ ပြောလိုက်ရရင် အပြစ်တချို့တစ်ဝက် ကြေသလို စိတ်သက်သာရာ ရမှာမို့ပါ”

ဘဝရှင်က သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ ခုလိုဆိုပြန်တော့လည်း အဘွားကြီးအတွက် ဘဝရှင် စိတ်မကောင်းနိုင်ပြန်ပါ။ ညဖူးရဲ့ယောက္ခမ ဒီအဘွားကြီးဟာ ညဖူးကိုတော့ အင်မတန် ချစ်ခင်ပြီး ညဖူးအပေါ် ကျူးလွန်တာတွေမှန်သမျှ ထောင့်စေ့အောင် အကုန်ပြောစရာမရှိ ကောင်းလှတယ် ဆိုတာလည်း နီလာတို့ထံမှ သူ ကြားရဖူးပါသည်။





“အဘွား ... ကျွန်တော် ပြောပါရစေ”

“.........”

“ညဖူး မပြောလိုတဲ့ကိစ္စကို ကျွန်တော် သိရခြင်း မသိရခြင်းက ကျွန်တော်တို့နှစ်ယောက်ဘဝအတွက် ဘယ်လိုမှ အနှောင့်အယှက်မရှိပါဘူး ဘွား၊ ဘွားကိုယ်တိုင် ဝန်လေးခဲ့တဲ့စကား၊ ညဖူးကို သနားတာကြောင့်သာ မပြောရင် မတရားဘူးလို့ ဘွား ထင်လာတဲ့စကား၊ ဖွင့်ပြောတော့မယ် ရည်ရွယ်ကတည်းက ဘွားဟာ ကြင်နာတတ်တဲ့ စာနာတတ်တဲ့ တရားမျှတတဲ့သူ ဖြစ်သွားပါပြီ ...

ပြောတယ် မပြောဘူး ဆိုတာက ဒီနေရာမှာ ဘာမှ အရေးမကြီး အဓိကမကျတော့ပါဘူး ဘွား၊ ဘွား ဒီလောက် ဝန်လေးခဲ့တဲ့ စကားကို ကျွန်တော်လည်း လုံးဝမကြားရက်ပါဘူး ဘွား၊ မကြားရပါစေနဲ့၊ နားမထောင်ပါရစေနဲ့၊ ဘွား ခုလို ပြောလိုက်လို့လည်း ညဖူး စိတ်မချမ်းသာသွားပါဘူး ဘွား၊ အခု ညဖူး အရမ်းစိတ်ဆင်းရဲနေပြီ၊ ငိုလည်း ငိုနေပြီလေ ...

တစ်ခုခု ထူးခြားပြောင်းလဲသွားမယ် ဆိုရင်တော့ ပြောဖို့ လိုအပ်ကောင်း လိုအပ်ပါမယ်၊ ဘာမှ ထူးခြားပြောင်းလဲမသွားနိုင်ဘဲနဲ့ ဘွားဆန္ဒကိုလည်း ဘွား ပြန်ဆန့်ကျင်ပြီး ကိုကိုကြီးကိုလည်း သိက္ခာထိခိုက်စေပြီး ညဖူးရဲ့ စောင့်ထိန်းတဲ့ သစ္စာတရားကိုပါ အလဟဿဖြစ်စေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကိုမပြောပါနဲ့ ဘွား၊ မလိုအပ်တော့ပါဘူး၊ မပြော ဖို့ တောင်းပန်ပါတယ်”

အဘွားကြီးသည် ခန္ဓာကိုယ် တသိမ့်သိမ့် လှုပ်ရှား လာအောင် ကျိတ်၍ ရှိုက်ငိုရှာပါသည်။

“ဘွား ... မငိုပါနဲ့ ဘွားရယ်၊ ညဖူး ဝမ်းနည်းလို့ပါ၊ ညဖူး စိတ်ထဲမှာ ဘွားတို့ ကိုကိုကြီးတို့နဲ့ ပတ်သက်ပြီး မကျေနပ် တာ ဘာမှမရှိခဲ့ပါဘူး၊ ညဖူး ဘဝပေးကုသိုလ်ကံလို့ပဲ မှတ်ပါတယ်၊ ဘွားကိုလည်း မေတ္တာမပျက်ဘူး၊ အရင်က တည်းက ချစ်တာ၊ ခုထိလည်း အမေလို ချစ်တုန်းပါပဲ ဘွားရယ်၊ ညဖူး လိုချင်တာ တစ်ခုတည်းပါ၊ ဘဝရှင်နဲ့ သဘောတူပေးဖို့ပါ ဘွား”

ညဖူးက တသိမ့်သိမ့် အသံတိတ် ငိုရှာလေသည်။

“သူ့ ... သူ့ကိုတော့ ညဖူး ချစ်မိလို့ပါ၊ သူနဲ့လက်ထပ် ခွင့်ပြုမယ်ဆိုရင် ညဖူးအတွက် အားလုံး ပြည့်စုံပါတယ်၊ ဘွား ကြည်ဖြူပေးမယ်ဆိုရင် ဘွားဘက်က အတိုင်းထက် အလွန် မေတ္တာတွေ ပေးရာကျနေပါပြီ၊ ညဖူး ငွေကြေး ဥစ္စာတွေလည်း မမက်မောပါဘူး၊ တခြား ဘာကိုမှလဲ မလိုအပ်ပါဘူး၊ ဒီမိသားစုနဲ့ ဒေါသအာဃာတမရှိ ဆက် ချစ်နေရင်း ဘဝရှင်နဲ့ လက်တွဲခွင့်လေးပဲ လိုချင်တာပါ ဘွားရယ်”





ဘွား နံဘေး ခုတင်ပေါ် မှောက်ချလိုက်တဲ့ ညဖူး ရဲ့ခေါင်းပေါ် ဘွားရဲ့လက်တစ်ဖက်က အသာအယာ အုပ်ကိုင် လာသည်။ ဝမ်းနည်းကြေကွဲနေတဲ့ ဘွားခမျာ တုန်ယင်သောအသံ နှင့်ပင် ...

“ဘဝရှင်အတွက် ဘွား တကယ်ပဲ ဘာစကားမှ ပြောဖို့ မလိုဘူးလား သမီးလေး”

“မလိုပါဘူး ဘွား”

“မလိုပါဘူး ဘွား”

သူတို့နှစ်ဦးနှုတ်မှ စကားက ပြိုင်တူတစ်ထပ်တည်း ထွက်လာပါသည်။

“ကျေးဇူးတင်ပါတယ်၊ တကယ် ကျေးဇူးတင်ပါတယ်၊ သမီးလေးနဲ့ ဘဝရှင်ကိုလည်း ဘွား ကြည်ကြည်ဖြူဖြူ သဘောတူပါတယ်ကွယ်”

ညဖူးညို့ရဲ့ အကြည့်လေးက မျက်ရည်ပြည့်လျှမ်း လျှက် ဘဝရှင်ဘက် ရွှန်းရွှန်းစိုက်စိုက် ကျရောက်လာပါသည်။ ကြီးစွာသော ကရုဏာ အကြင်နာ မြတ်နိုးခြင်းတို့ဖြင့် ဘဝရှင်က ညဖူးရဲ့ အေးစက်သော လက်ဖျားကလေးများကို ဆုပ်ထွေးထား လိုက်မိပါသည်။

✣ ✣ ✣

လမင်းမိုမို

www.burmeseclassic.com